အထူးထုတ်

## ကိုလိုနီဘဝ

# ရွှေပြည်ရနိုင်

မြထွန်းအောင်

| | | |
|---|---|---|
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၈၄/၉၅(၂) |
| စာမူခွင့်ပြုချက် အမှတ် | - | ၅၃၈/၉၄(၉) |
| စောင်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၈၅ ကျပ် |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်လ | - | ၁၉၉၅-ခု၊ ဇူလိုင်လ |

## - ပုံနှိပ်သူ -

ဒေါ်ခင်ကြွေ(၀၄၇၈၀)၊ ရတနာမဥ္ဇူပုံနှိပ်တိုက်၊
၂၀၇၊ ဝေဇယန္တာလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်း။

## - ထုတ်ဝေသူ -

ဦးရဲမြင့် (၀၁၀၄၉)
တက်လမ်းစာပေ
၉၆၇၊ ပဒေသာရပ်ကွက်၊ စော်ဘွားကြီးကုန်း၊
အင်းစိန်၊ ရန်ကုန်မြို့။



## - ဖြန့်ချီသူ -

ရခိုင်သားကြီးစာပေ
ခ/၅၅ (အေ)၊ ကျွန်းရွှေဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။




# ပန် ကြား လွှာ

- စာပေသည် လူမျိုး၏ ဦးနှောက်
- စာပေသည် လူမျိုး၏ နှလုံး
- စာပေသည် လူမျိုး၏ သွေးကြော ဖြစ်သည်။
- နှုတ်တစ်ရာ စာတစ်ကြောင်း
- စာပေမရှိလျှင် လူမျိုးမရှိနိုင်
- စာပေမြင့်မှ လူမျိုးတင့်မည်
- မိမိစာပေကို တိုးတက်မြင့်မားအောင်
  အခြားလူမျိုးများ လေးစားရှိသေအောင်
  စာပေ၊ သမိုင်း၊ ယဉ်ကျေးမှု အတွေ့အကြုံများကို
  အက္ခရာတင်ထားနိုင်အောင်
  ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ ----။

**ရခိုင်သားကြီးစာပေ**

# မာတိကာ


စာရေးသူ၏ အမှာ .... ၉

ထုတ်ဝေသူ၏ အမှာ .... ၁၁

၁။ '၂၀'ရာစု ဆယ်စုနှစ်(၃)ခုအတွင်း
ထင်ရှားသည့် ရခိုင်အမျိုးသားများ .... ၁၅

၂။ တော်လှန်ရေးစာဆို ဒေးဝန်းကြီး၏ ဘဝမှတ်တမ်း .... ၂၆

၃။ စစ်တွေအမျိုးသားကျောင်း .... ၃၃

၄။ ဦးဥတ္တမနှင့် ဒိုင်အာခီအုပ်ချုပ်ရေး .... ၄၈

၅။ ကုမ္ပဏီခေတ် အုပ်ချုပ်ရေးနှင့် ယင်း၏အမှုထမ်းများ .... ၆၂

၆။ နှစ် (၁၅၀)မြို့စစ်တွေ .... ၈၅

၇။ ဒုတိယကမ္ဘာစစ် ရခိုင်စစ်မျက်နှာ .... ၁၀၀

၈။ စစ်ကြိုခေတ် ရခိုင်ပြည် နယ်ချဲ့ဆန့်ကျင်ရေးနှင့်
လွတ်မြောက်ရေး လှုပ်ရှားမှုများ .... ၁၁၄

၉။ ဗြိတိသျှခွာစစ် .... ၁၃၀

၁၀။ စစ်တွေမြို့ သမိုင်းအကျဉ်း .... ၁၃၇

၁၁။ နှစ်ရှစ်ဆယ်ကျော်က ပညာရည်ချွန်ထောက်ပံ့ကြေး
ကော်မတီ .... ၁၅၆

၁၂။ ရခိုင်ပြည်ထုတ် သတင်းစာများ .... ၁၆၇

၁၃။ 'ဟေး' ၏ ရခိုင်-တရုတ် မီးရထားလမ်း
ဖောက်လုပ်ရေး ကြိုးပမ်းမှု .... ၁၇၆

၁၄။ ရခိုင်စာစောင် မဂ္ဂဇင်းများ .... ၁၈၆

# ကိုလိုနီဘဝ ရွှေဖြည့်ရနိုင်

လူနန့်လူချင်း၊ ဖိနင်းသွီးစုတ်
အမြတ်ထုတ်ဖို့ ကြိုးကုတ်မှုရေ
ကိုလိုနီခေတ် အနိဋ္ဌာရုံ။

လူမျိုးနွယ်ချင်း၊ ဖိနင်းသွီးစုတ်
အမြတ်ထုတ်ဖို့ ကြိုးကုတ်မှုစွာ
ကိုလိုနီခေတ် အတွင်းအာရုံ။

နယ်ချဲ့လက်မာ
ချိန်တွယ်လျှာညှာ၊ ဗလာနတ္ထိ
မဟိမမျှ၊ အားဓမ္မနန့်
အားပြအနိုင်ပြု၊
ကောက်ကျစ်မှုကြောင့်
လူမှုမလှ၊ ကျွန်ရို့ဘဝရေ
တစ်စစီပြုတ်၊ သွီးဆုတ်ယုတ်ခ
တိုက်ထုတ် အောင်ပွဲဆင်ဖို့လို။

စုန်ရီမာမျော
ငိုက်ပနာမောကေ၊
ဒိုက်တောပြင်မာ
ရင်ဆာဆာနန့်၊ နောက်ခါကေမ
မိုက်နောင်တလို့၊ တသမကျီ
နစ်ဖုန်းလီဖို့ ထိုအချိန်။

မီးတောက်တစ်ခု
လောင်ကျွမ်းမှုမှာ၊
တခုထင်းချောင်း
တစ်စုပေါင်းမှ၊
သောင်းသောင်းဖြဖြ
လင်းထိန်ပလိမည့်၊ စစယေမာ
ဒေပိုင်ရာလေ၊ သူငါသင်ကား
စွမ်းပကားတိ၊ ရှိကားဇာပိုင်
ခရီးဖြိုင်ဖို့၊ ရင်ဆိုင်ကြိုးကုတ်
ဇာပိုင်လုပ်ဖို့၊ တက်သုတ်ရွက်ပြင်
ခရီးနှင်ဖို့၊ အမြင်မကွဲ
တစ်သွီးတည်းညီ၊ တိုင်းသားပြည်ရို့
ရီမြီမခွဲ၊ ဒေသစွဲနန့်
သိစွဲမြင်ဟည်း၊ မြို့ကြီးအကျော်
လူမော်အဟုတ်၊ အမြင်ယုတ်တိန်
အားထုတ်မြင်ပြု၊
ကိုယ်ရေးမှုလောက်
ဂရုတစိုက်၊ အပြုမိုက်ပါ
သူ့ခေတ်သူ့ခါ၊ ကျန်လိုက်ပါစီ။

ကမ္ဘာအရေး၊ ငရို့အရေး
ငရို့အရေး၊ ကမ္ဘာ့အရေးတိ
ဆွေးနွေးသမှု၊ ညှိနှိုင်းပြုကတ်
ရာစုသစ်မှီ၊ စုစည်းချီကတ်
ပီပီကျယ်စွာ၊ အမြင်ပါကေ
ဒေခါအောင်ပွဲ၊ လက်ခတ်မလွဲဟု
စွဲမြဲစကား၊ ဖိုးဖီးဖွားရို့
မှာကြားဆုံးမ၊ ကောင်းလီစွ။

**(ဆရာ မြထွန်းအောင်အား ဤကဗျာဖြင့် ဂုဏ်ပြုအပ်ပါသည်)**
**မြင့်ဆွေမောင် (တောင်ကုတ်)**

# စာရေးသူ၏ အမှာ

## စာရှုသူများသို့

ရခိုင်တန်ဆောင်နှင့် ရခိုင်မဂ္ဂဇင်းတို့မှာ ရခိုင်စာပေလောကတွင် သက်တမ်း အရှည်ဆုံးမဂ္ဂဇင်းများ ဖြစ်ပါသည်။ ယင်းမဂ္ဂဇင်း နှစ်စောင်မှာ ငုပ်တစ်ခါ ပေါ်တစ်လှည့် အားသွန်ကြိုးစားဆက် လက်ချီတက်နေဆဲ ဖြစ်ပါသည်။ အခြား ရခိုင်မှ စာစောင်များ၊ မဂ္ဂဇင်းများမှာ တစ်ကြိမ်နှစ်ကြိမ်လောက်သာ ထုတ်ဝေနိုင်ပြီး ရပ်ဆိုင်း ခဲ့ကြရပါသည်။

ရခိုင်နှင့်ပတ်သက်သည့် စာအုပ်စာတမ်းများ ထုတ်ဝေသည်မှာ အလွန် နည်းပါးပါသည်။ သုံးလေးနှစ်ကြာသည့်တိုင် ထွက်မလာ နိုင်ခဲ့ပါ။ ရခိုင်လူငယ်များ က ရခိုင်ရေးရာနှင့်ပတ်သက်သည့် စာအုပ်စာတမ်းများကို ဖတ်ရှုလို၍ မေးမြန်းသည့် အခါ ညွှန်ပြပေး နိုင်သည့် စာအုပ်စာတမ်းများ အလွန်နည်းနေသဖြင့် အားမလို အားမရ ဖြစ်ရပါသည်။

ရခိုင့်တန်ဆောင်၊ ရခိုင်မဂ္ဂဇင်းနှင့် အခြားရခိုင်ထုတ်မဂ္ဂဇင်းများတွင် အခွင့်အခါကြုံတိုင်း ဆောင်းပါးများကို ရေးလေ့ရှိပါသည်။ ကျွန်တော်ရေးသည့် ဆောင်းပါးပေါင်း (၂၀)ကျော် ရှိပါသည်။ ယင်း ဆောင်းပါးများမှာ ဆယ့်ကိုးရာစုနှင့် နှစ်ဆယ်ရာစုနှစ်များအတွင်း ရခိုင်တို့၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အခြားအကြောင်း ရာများကို ရေးသားထားသည့် ဆောင်းပါးများဖြစ်ပါသည်။ အချို့ ဆောင်းပါးများမှာ လွန်ခဲ့သည့် နှစ်နှစ်ဆယ်ကျော်က ထုတ်ဝေခဲ့သည့် စာစောင်များ တွင် ဖော်ပြခဲ့သဖြင့် ယခုအခါ ဖတ်ရှုရန် မလွယ်တော့ပါ။ ကျွန်တော့်ထံမှာပင် မူရင်းစာမူများ မရှိတော့ပါ။

စစ်တွေ၊ အထက အမှတ်(၄)မှ ကျောင်းအုပ်ဆရာကြီး ဦးဗသိန်းနှင့် ဦးလှမြင့်တို့က ကျွန်တော်ရေးခဲ့သည့် ဆောင်းပါးများကို ပြန်ထုတ်ရန် တိုက်တွန်း ကြပါသည်။ ဦးဗသိန်းက သူ့မှာရှိသည် ရခိုင့်တန်ဆောင်နှင့် ရခိုင်မဂ္ဂဇင်းတို့မှ သင့်တော်သည့် ကျွန်တော့် ဆောင်းပါးများကို စုဆောင်းပေးပါသည်။ ဦးလှမြင့်က

တာဝန်ယူ ထုတ်ဝေရန် ပြောသဖြင့် လက်ခံလိုက်ပါသည်။ ယင်းကြောင့် ဆောင်းပါး များကို ရှာဖွေစုဆောင်းပေးသည့် ရေးဖော် ဦးဗသိန်းနှင့် ဦးလှမြင့်တို့အား ကျေးဇူး တင်ရှိကြောင်း ဖော်ပြလိုပါသည်။

ဆောင်းပါးပါ လူပုဂ္ဂိုလ်များနှင့် ယင်းတို့၏ ရာထူးဘွဲ့တံဆိပ် တော်များမှာ ယင်းခေတ်အခါက အခေါ်အဝေါ်များ ဖြစ်သည်ကို သတိပြုရန် ဖြစ်ပါသည်။ ဆောင်းပါးပါ အကြောင်းအရာများကို ပြင်ဆင်ဖြည့်စွက် ထုတ်နုတ်ထားခြင်း မရှိဘဲ မဂ္ဂဇင်းများတွင် ဖော် ပြခဲ့သည့်အတိုင်း ပြန်လည်တင်ပြထားပါသည်။

**မြထွန်းအောင်**
**၁၉၉၄-ခု၊ ဇွန်လ (၁၂)ရက်။**

# ထုတ်ဝေသူ အမှာစာ

ကိုလိုနီဆိုသော ဝေါဟာရကို ငယ်စဉ်ပညာသင်ကြားခဲ့ချိန်မှစ၍ မကြာခဏ ကြားနာမှတ်သားခဲ့ရသည်။ ကိုလိုနီဘဝသို့ တစ်နိုင်ငံလုံး ကျရောက်ခဲ့စဉ်က ကိုလိုနီဘဝလွတ်မြောက်ရေးအတွက် ခက်ခဲနက်နဲ အနစ်နာခံ ကြိုးပမ်းလှုပ်ရှားမှုများသည် လွတ်လပ်ရေး၏ အရင်းအနှီးများပင် မဟုတ်ပါလော။

ကိုလိုနီပြုသော နိုင်ငံတို့၏ အကျိုးအမြတ်ကားများစွာပင်။ ကိုလိုနီပြုခံရသော နိုင်ငံနှင့်လူမျိုးတို့မှာကား ဆုံးရှုံးမှုများစွာပင်။ ကိုလိုနီပြုခံရသော လူမျိုးတို့သည် သူ့ကျွန်ဘဝတွင် ဆုံးရှုံးခဲ့သော အခွင့်အရေးတို့ကို ပြန်လည်ရရှိအောင် ကြိုးပမ်းကြရသည်။

ယင်းကိုလိုနီဆိုသော ဝေါဟာရကို ငယ်စဉ်ကပင် ကျွန်တော် မုန်းတီးသည်။ ပြုသူတို့ကိုလည်း ရွံရှာသည်။ တရားသောနည်းဖြင့် ဥစ္စာရှာလိုသူများ မဟုတ်။ လောဘကြီးသူတို့၏ မတရားလိုချင် တပ်မက်မှုဟု ငယ်စဉ်က သင်ကြားခဲ့ရသော ကျောင်းသင်ခန်းစာတို့မှ ပေးသောအသိကို ရရှိခဲ့သည်။

တစ်နိုင်ငံလုံး ကိုလိုနီဘဝသို့ ရောက်ခဲ့စဉ်က ကျွန်ုပ်တို့ရခိုင် ပြည်သည်လည်း သူ့ကျွန်ဘဝ ရောက်ခဲ့သည်။ သူ့ကျွန်ဘဝတွင် မတရားမှုကို ရက်စက်စွာခံခဲ့ရသည်။ ပြုသမျှ နုခဲ့ကြရသည်။ သူ့ကျွန်ဆိုသော ဝေါဟာရနှင့်အညီ ခါးစည်းခံရသော ဒဏ်ရာတို့ သည် ယနေ့တိုင် မပျောက်ပြယ်နိုင်သေးပါ။ အစစအရာရာတွင် ခေတ်နောက်ကျခြင်း၊ အတွေးအခေါ် အယူအဆ ပျက်စီးခြင်း၊ ခေတ်မမီခြင်း၊ စည်းကမ်းပျက်ခြင်း၊ စည်းလုံးညီညွတ်မှု ကင်းမဲ့ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ စီးပွားရေး ခမတ်ခြုံကျခြင်း စသောစသော အမွေဆိုးများ ရရှိခဲ့သည်။ ထိုဆိုးမွေများနှင့်ဆက်နွယ်၍ သွေးထိုး မှု၊ သွေးခွဲမှုပြုခြင်းတို့၏ ဒဏ်ရာဒဏ်ချက်တို့ကို ယနေ့တိုင် ခံစား နေရဆဲပင် မဟုတ်ပါလား။

သို့သော် ကိုလိုနီခေတ်ကို အလေးထားရေးသားခဲ့ကြသူ ရခိုင်စာရေးဆရာကား ရှားပါးလှ၏။ ဆရာမြထွန်းအောင်ကား ရှာမှရှား၊ တခြားသူများ မလေ့လာမတီးခေါက်မိသော အကြောင်းအရာများကို စေ့စပ်သေချာစွာ လေ့လာရေးသား နိုင်ခဲ့သည်။ နောင်လာ နောက်သားတို့ သိရှိနိုင်ရန် စံပြု(တင်ပြချက်)ပင် ဖြစ်ပါသည်။

ကျွန်တော်သည် ငယ်စဉ်ကပင် ဆရာရေးသော ဆောင်းပါးများကို နှစ်သက်ခုံမင်မိသည်။ မျိုးချစ်စိတ်ရှိမှ တိုးတက်နိုင်မည်ဆို သော စကားရပ်သည် ယခင်လည်း မှန်သည်။ ယနေ့လည်း မှန်သည်။ နောင်လည်း မှန်မည်။ ကိုလိုနီပြုသူတို့သည် ညီညွတ်ခြင်း၊ စည်းရုံးခြင်းကို ကြောက်သည်။ သွေးခွဲရန်အတွက် လာဘ်ကို ပြ တတ်၏။ စကားကြွယ်သည်။ မာယာများသည်။ လှည့်စားတတ်သည်။ မက်လုံးပေးတတ်သည်။ သို့သော် မျိုးချစ်စိတ်ရှိသူတို့အတွက်ကား ယင်းအချက်အလက်တို့သည် ပိန်းကြာဖက်ပေါ် ရေမတင် သကဲ့သို့ အရာမရောက် ခရီးမပေါက်နိုင်ပေ။

ယခု ခက်ခဲစွာ စုရုံးစီစဉ်ထုတ်ဝေသော ဆရာ့ဆောင်းပါးများကို ဖတ်၍ မှတ်၍ နောင်လာနောက်သားများ "တစ်ဦးတစ်ယောက်" မျှလောက်ခန့် ဇာတိသွေး၊ ဇာတိမာန်တက်ကြွပြီး ကိုလိုနီဘဝ ဖြစ် ရပ်မှန်များနှင့် သူ့ကျွန်ဘဝ၏ ဒုက္ခအဝဝကို နားလည်သဘော ပေါက်ကာ မျိုးချစ်စိတ်ဓာတ် ရှင်သန်နိုင်ပါစေဟု ဆုတောင်းမိပါသည်။

ဤဆောင်းပါးများကို စုစည်းပေးသော ကျွန်တော့်ငယ်ဆရာ မောင်ဗသိန်း (စစ်တွေ)အား ဤစာအုပ်ထုတ်ဝေမှုဖြင့် ကန်တော့ပါ သည်။

**ရခိုင်လှမြင့်နှင့်ညီများ**
**(၅-၇-၁၉၉၅၊**
**ဗုဒ္ဓဟူးနေ့)**
**၀၃ း ၅၀ နာရီ။**



(စာပြုစုသူ)
မြထွန်းအောင်

# မြထွန်းအောင်
# (၁၉၄၀)
# (ကိုယ်ရေးအကျဉ်း)

ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး ခေါင်းဆောင်စစ်တွေ၊ ကျောက်တော် အမျိုးသားကျောင်း ကျောင်းဆရာကြီး ဦးအောင်ထွန်းဦး၊ ဒေါ်မမကြီးတို့၏ ဆဋ္ဌမမြောက်သား ဖြစ်သည်။ စစ်တွေမြို့ ဘောင်းဒွတ်သားစု ဇာတိဖြစ်သည်။ အမည် ရင်းမှာ မြထွန်းအောင် ဖြစ်သည်။

ရခိုင်လူမှုရေး အသင်းအဖွဲ့များတွင် ငယ်စဉ်ကပင် ပါဝင်ဆောင်ရွက်ခဲ့သည်။

ရခိုင်စာပေကော်မတီ (ရန်ကုန်)မှ ထုတ်ဝေသည့် ရခိုင်ညွန့်ဖူး ယဉ်ကျေးမှုဆောင်းပါးများ စာအုပ်နှင့် ရခိုင်ညွန့်ဖူးကဗျာများ စာအုပ်ကို စုပေါင်းခေါင်းဆောင်တာဝန်ယူ ထုတ်ဝေခဲ့သည်။ ရခိုင် သဟာယအသင်း (ရန်ကုန်)၏ ငွေရတုစာစောင်တွင် တာဝန်ခံ စာတည်းအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၈-ခုမှ စတင်ပြီး ရခိုင်သမိုင်းရေးရာနှင့်ပတ်သက်သည့် ဆောင်းပါးများကို ရခိုင့်တန်ဆောင်၊ ရခိုင်ညွန့်ဖူးနှင့် ရခိုင်မဂ္ဂဇင်းများတွင် ရေးသားခဲ့သည်။ ရခိုင်သမိုင်းရေးရာ၊ အထူးသဖြင့် ဗြိတိသျှကိုလိုနီခေတ် ရခိုင်တို့၏ အခြေအနေကို အလေးပေး ရေးသားသည်။ မြထွန်းအောင် အမည်ဖြင့် လည်းကောင်း၊ ထွန်းအောင် (ဘောင်းဒွတ်) အမည်ဖြင့်လည်းကောင်း ဆောင်းပါးများကို ရေးသားသည်။

အိမ်ထောင်ရှိသူဖြစ်ပြီး သားနှစ်ယောက် ရှိသည်။ အစိုးရ အမှုထမ်းတစ်ဦးဖြစ်ပြီး ရန်ကုန်တွင်နေထိုင်လျက် ရှိသည်။

# နှစ်ဆယ်ရာစု ဆယ်စုနှစ်သုံးခုအတွင်း ထင်ရှားသည့် ရခိုင်အမျိုးသားများ

## မြထွန်းအောင်

ဗြိတိသျှနယ်ချဲ့သမားတို့သည် (၁၈၂၄ မှ ၁၈၈၅-ခုအထိ) နှစ်ပေါင်း (၆၀) ကျော်အတွင်း စစ်သုံးကြိမ် ဆင်နွှဲပြီး အလောင်းမင်းတရား၊ ဘိုးတော်ဘုရားတို့ သိမ်းပိုက်တည်ထောင်ခဲ့သော မြန်မာနိုင်ငံတော်ကို အပြီးအပိုင် သိမ်းယူလိုက်သည်။ ယင်းမြန်မာနိုင်ငံကို မဟာဝန်ရှင်တော်မင်းကြီးက အမှူးပြု၍ အရေးပိုင်၊ နယ်ပိုင်၊ မြို့အုပ်စသော အရာရှိတို့ဖြင့် အစပထမတွင် အုပ်ချုပ်စေသည်။ သို့ရာတွင် အရာရှိ အုပ်ချုပ်ရေးထက် စစ်အုပ်ချုပ်ရေးသာ ဖြစ် သည်။

၁၈၉၇ ခု၊ မေလ (၁) ရက်နေ့တွင် မြန်မာပြည်ကို အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်လိုက်သည်။ ဒုတိယဘုရင်ခံအား အုပ်ချုပ်စေသည်။ ဒုတိယဘုရင်ခံအား ကူညီတိုင်ပင်ရန် မင်းတိုင်ပင်အမတ်(၉)ဦးပါဝင်သော ဥပဒေပြုအဖွဲ့တစ်ခုကိုလည်း ဖွဲ့စည်းလိုက်သည်။ သို့ရာတွင် ဥပဒေပြုခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း အာဏာတို့မှာ ဒုတိယဘုရင်ခံ၌သာ ရှိသည်။ အတိုင်ပင်ခံ မင်းတိုင်ပင်အမတ် (၉)ဦးမှာ ဘုရင်ခံအား အကြံပေးရုံသာဖြစ်သည်။ ၁၉၁၉-ခုတွင် မင်းတိုင်ပင်အမတ် (၁၅)ဦးဖြင့်လည်းကောင်း၊ ၁၉၂၀-ခုတွင် မင်းတိုင်ပင် အမတ် (၂၈)ဦးဖြင့် လည်းကောင်း၊ ဒုတိယဘုရင်ခံ အတိုင်ပင်ခံ ဥပဒေပြုအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ဗျူရိုကရေစီအုပ်ချုပ်ရေးစနစ်သာ ဖြစ်သည်။

၁၉၁၇-ခုနှစ်လောက်တွင် နိုင်ငံရေးနိုးကြားစပြုလာသည်ဟု ဆိုရပေမည်။ ယင်းနှစ် ဩဂုတ်လ(၂၀)ရက်တွင် မွန်တေဂူ ကြေညာချက် ထွက်ပေါ်လာသည်။ ဝိုင်-အမ်-ဘီ-အေ အသင်းများ၏ လှုပ်ရှားမှုသည်လည်း နိုင်ငံရေးအသွင် တဖြည်းဖြည်းပြောင်းလဲလာ သည်။ ၁၉၁၀-ခု ဒီဇင်ဘာလတွင် ဒုတိယဘုရင်ခံ ဆာအာသာ

ကရက်ဒေါက်က အုပ်ချုပ်ရေးစနစ် (ကရက်ဒေါက်စကင်း)ကို ထုတ်ပြန်ခဲ့ရာ ဆရာတော်ဦးဉတ္တမ အမှူးရှိသော မြန်မာပြည်သူတစ်ရပ်လုံးက ကန့်ကွက်မှုများ ပေါ်ပေါက်ခဲ့သည်။

၁၉၂၀-ခုတွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ဆန့်ကျင်သည့်အနေဖြင့် မြန်မာတစ်နိုင်ငံလုံး ကျောင်းသားသပိတ် ပေါ်ပေါက်ခဲ့သည်။ ၁၉၂၃-ခု ဇန်နဝါရီလ(၂)ရက်နေ့မှစ၍ ဒိုင်အာခီ အုပ်ချုပ်ရေးစနစ်ဖြင့် မြန်မာပြည်ကို ဗြိတိသျှနယ်ချဲ့သမားများက အုပ်ချုပ်သည်။ ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံသူများနှင့် လက်မခံသူများဟူ၍ ကွဲပြားလာပြီး ဂျီစီဘီအေအသင်းမှာလည်း နှစ်ခြမ်းကွဲရသည်။ ဟုမ္မရူးအုပ်ချုပ်ရေးပေးရန် တောင်းဆိုသည့် ကြွေးကြော်သံမှာ မြန်မာပြည်တစ်ဝန်း တုန်ဟည်းလျက်ရှိနေသည်။

၁၉၂၂-ခုနှစ်၊ နိုဝင်ဘာလတွင် ဒိုင်အာခီအုပ်ချုပ်ရေးအတွက် ပထမအကြိမ် မင်းတိုင်ပင် ရွေးကောက်ပွဲကို ပြုလုပ်သည်။ ယင်း ဒိုင်အာခီအုပ်ချုပ်ရေးစနစ်အရ ဥပဒေပြုလွှတ်တော်တွင် မင်းတိုင်ပင်အမတ် (၇၉)ဦး ရှိသည်။ ဘုရင်ခံမှာ ဆာဟာကုတ်ဘတ္တလာဖြစ်သည်။ ဒုတိယအကြိမ် မင်းတိုင်ပင်ရွေးကောက်ပွဲကို ၁၉၂၅-ခုတွင် ပြုလုပ်သည်။ ဒိုင်အာခီလွှတ်တော်အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်နေသည့်အချိန် ဝန်းကျင်တစ်ဝိုက်ကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနှင့် အုပ်ချုပ်ရေး ကဏ္ဍအသီးသီးတွင် ပါဝင်ခဲ့ကြသော ရခိုင်အမျိုးသားများထဲမှ ထင်ရှားသော ပုဂ္ဂိုလ်များ ရှိခဲ့သည်။

ယင်းထင်ရှားသည့် ရခိုင်အမျိုးသားများမှာ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ မဖြစ်မီနှင့် ဖြစ်ပြီးနောက်ပိုင်းကာလအတွင်း ဖွားမြင်ခဲ့သူများ ဖြစ်သည်။ ဖော်ပြခဲ့သော မြန်မာ့သမိုင်းစဉ်တွင် ကဏ္ဍစဉ် တစ်ခုခု၌ ပါဝင်ခဲ့သူများ ဖြစ်သည်။ ၁၉၂၇ခုနှစ် နောက်ပိုင်း ကာလထိ နှစ်ပေါင်း (၄၀)ကျော် (၅၀)ကို ဖြတ်ကျော်ခဲ့သူများဖြစ်ကြသည်။

ယင်းထင်ရှားကျော်ကြားသည့် ရခိုင်အမျိုးသားများ၏ ကိုယ်ရေးမှတ်တမ်းများကို ကြိုးစားပြန်ဆိုတင်ပြပါသည်။ ယင်းသို့ ပြန်ဆိုတင်ပြရာမှာ ပြီးပြည့်စုံအောင် တင်ပြခြင်းမဟုတ်ဘဲ အပိုင်းခွဲပြီး အပိုင်း(၁)အဖြစ် စုစည်းတင်ပြလိုက်ပါသည်။

## ဦးစောလှအောင်

ဥပဒေပြု မင်းတိုင်ပင်အမတ် ဖြစ်သည်။ ရှေ့နေတစ်ဦးဖြစ်ပြီး စစ်တွေမြို့တွင် နေထိုင်သည်။ ၁၈၈၈-ခု၊ ဩဂုတ်လ ၁၄-ရက်နေ့တွင် စစ်တွေမြို့၌ ဖွားမြင်သည်။ စိန့်အန်န့်(စ်)ကော်ဗန်၊ စစ်တွေအစိုးရအထက်တန်းကျောင်းနှင့် ရန်ကုန်စိန့်ဂျွန်းကောလိပ်တို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၁၁-ခုတွင် ရှေ့နေမှတ်ပုံတင်

သည်။ ၁၉၂၁-ခုတွင် စစ်တွေမဲဆန္ဒနယ်မှ ဥပဒေပြုလွှတ်တော် မင်းတိုင်ပင်အမတ်အဖြစ် ရွေးချယ်ခြင်းခံရသည်။ ၁၉၂၆-ခုတွင် ဒုတိယအကြိမ် ဥပဒေပြုလွှတ်တော် မင်းတိုင်ပင်အမတ်အဖြစ် ထပ်မံရွေးချယ်ခံရသည်။ တစ်သီးပုဂ္ဂလမင်းတိုင်ပင်အမတ် ဖြစ်သည်။ အိမ်ထောင်ရှိသူ ဖြစ်သည်။ အမြဲတမ်းနေရပ်မှာ လမ်းမကြီး စစ်တွေမြို့ဖြစ်သည်။

## ဦးစံအောင် (K.S.M, A.T.M)

ဌာနချုပ်လက်ထောက်နှင့် စစ်တွေခရိုင် ရာဘက်တရားသူကြီး ဖြစ်သည်။ ၁၈၇၉-ခု ဩဂုတ်လ (၁၃)ရက်နေ့တွင် စစ်တွေမြို့၌ ဖွားမြင်သည်။ ကွယ်လွန်သူအငြိမ်းစား အထူးလက်ထောက်မင်း ကြီး ဦးစံလှဘော်၏ သားဖြစ်သည်။ စစ်တွေအစိုးရအထက်တန်းကျောင်း၊ စိန့်ဇေဗီးယားနှင့် ကာလကတ္တား ဒေဗီတန်ကောလိပ်တို့တွင် ပညာသင်ကြားခဲ့သည်။

၁၈၉၉-ခု၊ မတ်လ(၂၄)ရက်နေ့တွင် အစိုးရအမှုထမ်းအဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၀၀-ပြည့်တွင် ယာယီမြို့အုပ်အဖြစ်လည်းကောင်း၊ ကိုယ်စားလွှဲအပ်ခြင်းခံရသော ယစ်မျိုးအရာရှိ အဖြစ်လည်းကောင်း၊ မေ(၅)ရက်မှ ၁၉၀၂ခု၊ ဒီဇင်ဘာ(၂၃)ရက်နေ့အထိ တာဝန်ထမ်းဆောင်သည်။ အထူးလက်ထောက်တိုင်းမင်းကြီးအဖြစ်လည်း ၁၉၁၆-ခု၊ စက်တင်ဘာလ(၅)ရက်နေ့တွင် တာဝန်ထမ်းဆောင်သည်။ ယာယီခရိုင်ဝန်အဖြစ် ၁၉၂၀-ခု၊ မတ်လ(၂၇)ရက်နေ့တွင် တာဝန်ထမ်းဆောင်သည်။ အငယ်တန်းအစိုးရအတွင်း ဝန်အဖြစ် ၁၉၂၃-ခု၊ ဩဂုတ်လ(၂၈)ရက်တွင် တာဝန်ထမ်းဆောင်သည်။ ဌာနချုပ်လက်ထောက်နှင့် စစ်တွေခရိုင် ရာဘက်တရားသူကြီးအဖြစ် ၁၉၂၅-ခု၊ အောက်တိုဘာလ(၂၄)ရက်နေ့တွင် တာဝန်ထမ်းဆောင်သည်။

၁၉၁၃-ခုတွင် A.T.M ဘွဲ့ကို လည်းကောင်း၊ ၁၉၂၂-ခုတွင် K.S.M ဘွဲ့ကို လည်းကောင်း၊ ချီးကျူးဂုဏ်ပြုထိုက်သော အမှုထမ်းဆောင်မှုအတွက် အစိုးရ၏ ချီးမြှင့်ခြင်းကို ခံရသည်။ ၁၉၂၆-ခု၊ လွှတ်တော်တွင် ဘုရင်ခံမိန့်ကြားသည့် မိန့်ခွန်း၌ အမည်ထုတ်ဖော် ပြောကြားခြင်း ခံရသူဖြစ်သည်။ အိမ်ထောင်ရှိသူဖြစ်သည်။ ထူးချွန်သော အားကစားသမားတစ်ဦးဖြစ်သည်။

ကာလကတ္တားတွင် ပညာသင်ကြားစဉ်က သေနတ်ကိုင် ကျွမ်းကျင်မှုကြောင့် ဘုရင်ခံချုပ်၏ ဆုတံဆိပ်ချီးမြှင့်ခြင်း ခံရသူဖြစ်သည်။ အမြဲတမ်းနေရပ်မှာ စစ်တွေမြို့ ဖြစ်သည်။

## ဦးရွှေဇံအောင် (B.A, K.S.M, A.T.M)

၁၈၇၁-ခု ဇန်နဝါရီလတွင် စစ်တွေမြို့၌ ဖွားမြင်သည်။ ကွယ်လွန်သူ ခရိုင်ရဲဝန် ဦးရွှေသာ I.S.O, K.S.M, A.T.M ၏သား ဖြစ်သည်။ ၁၈၈၁-ခုတွင် စစ်တွေအစိုးရအထက်တန်းကျောင်း၌ ပညာသင်ကြားသည်။ ၁၈၈၅-ခုတွင် အလယ်တန်းပညာရည်ချွန်ဆုကို ဆွတ်ခူးခဲ့သည်။ ၁၈၉၁-ခုအထိ ရန်ကုန်ကောလိပ်တွင် ဆက်လက်ပညာဆည်းပူးခဲ့သည်။ မစ္စရိုင်းဒေးဗစ်နှင့် ပူးတွဲဘာသာပြန်ဆိုခဲ့သော ဘာသာရေးဆိုင်ရာစာပေများမှာ ဦးရွှေဇံအောင်၏ နိုင်ငံအတွက် မှတ်တမ်းတင်တာဝန်ထမ်းဆောင်ချက်များ ဖြစ်သည်။

ဗုဒ္ဓ၏ နက်နဲခက်ခဲသော သဘောတရားများကို ဘာသာပြန်ဆိုခဲ့သည်။ ဥရောပတိုက်သားများ၏ လေးစားခြင်းခံရသောကျော်ကြားထင်ရှားသည့် ပထမဆုံး မြန်မာအမျိုးသား တစ်ဦးဖြစ်သည်။ သူ၏ဘာသာပြန်ဆိုမှုကြောင့် အနောက်တိုင်းသားများ၏မျက်စိကို ပွင့်စေသည်။ သူ၏ဂန္ထဝင်စာပေမှာ ဗုဒ္ဓ၏အဘိဓမ္မာကို အကျဉ်းချုံးပြီး ရေးသားထားသော The Compendium of Philosophy စာအုပ်ဖြစ်သည်။

ယင်းမှာ အင်္ဂလန်နိုင်ငံ၏ ဗုဒ္ဓစာပေနယ်တွင် လက်ကိုင်ထားရသော စာအုပ်ဖြစ်သည်။ မြန်မာနိုင်ငံသုတေသနဂျာနယ်တွင်လည်း တန်ဖိုးရှိသော ဆောင်းပါး အမြောက်အမြားကို ရေးသားခဲ့သည်။

၁၈၉၂-ခုတွင် ကြေးတိုင်းနှင့် မြေစာရင်းဌာနတွင် အစိုးရအမှုထမ်းအဖြစ်တာဝန်ထမ်းဆောင်သည်။ ယင်းဌာနတွင် နှစ်အတော်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် ၁၉၀၂-ခုတွင် မြန်မာနိုင်ငံ အငယ်တန်းပြည်သူ့ဝန်ထမ်းအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်သည်။ ၁၉၀၇-ခုတွင် တိုင်းအဆင့်ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၁၉၀၉-ခုတွင် မြေကျူးကျော်သူများအား နေရာချထားငှားရမ်းခကိစ္စနှင့် ပတ်သက်၍ အထူးတာဝန် ပေးအပ်ခြင်းကိုခံရသည်။

ယင်းလုပ်ငန်းမှာ ထိုအချိန်ကာလတွင် အလွန်ခက်ခဲသော ကိစ္စတစ်ရပ်ဖြစ်သည်။ ဦးရွှေဇံအောင်၏ ထောက်ခံတင်ပြချက်များကို သက်ဆိုင်ရာက လက်ခံသဘောတူကြရသည်။ သူ၏စာအုပ်ပြာ (Blue Print)မှာ ယခုအချိန်ထိ မှီငြမ်းပြုကိုးကားအားထားရသည်။ ရန်ကုန်မြို့ မြေအရာရှိရုံးတွင် တာဝန်ထမ်းဆောင်စဉ် သူ၏တန်ဖိုးရှိသော တာဝန်ထမ်းဆောင်မှုကြောင့် ၁၉၁၄-ခုတွင် A.T.M ဘွဲ့ကို အပ်နှံခြင်းခံရသည်။ တွံတေးတူးမြောင်းဖောက်ရန် မြေသိမ်းဆည်းရေးအတွက် အလွန်အရေးကြီးသောတာဝန်ကို ၁၉၀၂-ခုတွင် အပ်နှင်းခြင်းခံရသည်။

သန်လျင်မြို့တိုးချဲ့မြှင့်တင်ရန် မြေအသုံးချရေး အထူးစုံစမ်းရေး (ကော်မတီ)တွင်လည်း ၁၉၁၃-ခုတွင် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသည်။ ခရိုင်ခွဲအရာရှိအဖြစ် ကျောက်တန်းမြို့တွင် ၁၉၁၈-ခုတွင် တာဝန်ထမ်းဆောင်စဉ် ဒုတိယအကြိမ်စစ်ချေးငွေ အဖြစ် ငွေကြေးအမြောက်အမြား တိုးမြှင့်ပေးခဲ့သည်။ ဟံသာဝတီ ခရိုင်ဝန်အဖြစ် နှစ်ကြိမ်တိုင် ယာယီတာဝန်ထမ်းဆောင်ခဲ့သည်။ ဘဏ္ဍာတော်မင်းကြီး၏ ယာယီအတွင်းဝန်အဖြစ် ၁၉၂၀-ခုတွင် တာဝန် မထမ်းဆောင်မီကာလ ဖြစ်သည်။ ယင်းနောက် ခရိုင်ဝန်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည့် ထင်ရှားကျော်ကြားသည့် ဝန်ထမ်းတစ်ဦးဖြစ်ပြီး သထုံမြို့သူမြို့သားများ၏ အမြဲသတိရ ချစ်ခင်ခြင်းခံရသူဖြစ်သည်။

ဦးရွှေဇံအောင်မှာ သက်သောင့်သက်သာအချိန်ဟူ၍ မရှိခဲ့။ သို့ရာတွင် စီမံအုပ်ချုပ်ရာတွင် အောင်မြင်ခဲ့သူ ဖြစ်သည်။ ယင်းကြောင့် ၁၉၂၃ ခုတွင် K.S.M ဘွဲ့ကို ချီးမြှင့်ခြင်းခံရသည်။ အိန္ဒိယနိုင်ငံ မြူနီစီပယ် အခွန်စည်းကြပ်ကောက်ခံမှု စုံစမ်းရေးကော်မတီအဖွဲ့ဝင် အဖြစ်လည်း ရွေးချယ်ခြင်းခံရသည်။ ယင်းကော်မတီ၏ ဥက္ကဋ္ဌက ဦးရွှေဇံအောင်၏ တာဝန်ထမ်းဆောင်မှုကို ဖော်ထုတ်ချီးကျူး ပြောဆိုခြင်းကိုလည်းခံရသည်။ ပထမဆုံးမြန်မာအမျိုးသား ယစ်မျိုးမင်းကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်မှာ သူ၏ ဂုဏ် ရည်ထူးခြားပေါ်လွင်မှုပင်ဖြစ်သည်။ နှစ်ပေါင်း(၃၀)ကျော် တာဝန် ၏ဝတ္တရားများကို သစ္စာရှိရှိထမ်းဆောင်ခဲ့သည်။ ယင်းကြောင့် တာဝန်အဆင့်ဆင့် တိုးမြှင့်ခြင်းခံရသည့် ဝန်ထမ်းများတွင် ထိပ်တန်းက ပါဝင်ခဲ့သူဖြစ်သည်။

အစိုးရအမှုထမ်း အရာထမ်းများတွင် ဦးရွှေဇံအောင်၏ ဆွေမျိုးတော်စပ်သူများရှိသည်။ ဒေါက်တာသာနိုး K.S.M, A.T.M မှာ ဦးရွှေဇံအောင်၏ တစ်ဝမ်းကွဲညီအစ်ကိုတော်စပ်သူ ဖြစ်သည်။ ထားဝယ်ရာဘက်တရားသူကြီး ဦးစောလှဖြူနှင့် ရန်ကုန်အထွေထွေဆေးရုံ လက်ထောက်ကြီးကြပ်ရေးအရာရှိ ဒေါက်တာသာဒိုး M.B., Ch.B(Edin) တို့မှာ ဦးရွှေဇံအောင်၏ တူများဖြစ်သည်။ ကွယ်လွန်သူအထူးလက်ထောက် တိုင်းမင်းကြီးဦးထွန်းအောင်၏သမီးနှင့် အိမ်ထောင် ပြုခဲ့သည်။

## ဦးအောင်ကြီး

ရှေ့နေတစ်ဦး ဖြစ်သည်။ ၁၈၆၄-ခု၊ ဧပြီလ ၂၄ရက်တွင် သံတွဲမြို့၌ ဖွားမြင်သည်။ ကာလကတ္တား စိန့်ဂျို့ဇက် အထက်တန်း ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ တက္ကသိုလ်ဝင်တန်း အောင် မြင်ခဲ့သည်။ ၁၈၈၃-၈၄တွင် ပညာရေးဌာန၌ တာဝန်ထမ်းဆောင်သည်။ မြန်မာနိုင်ငံ အငယ်တန်း ပဋိညာဉ်

ခံဝန်ထမ်းအဖြစ် ၁၈၉၁-ခုတွင် ရှေ့နေစာမေးပွဲကို အောင်မြင်သည်။ ကျောက်ဖြူမြူနီစီပယ်အဖွဲ့၏ ဥက္ကဋ္ဌ ဖြစ်သည်။ မြန်မာနိုင်ငံ ဥပဒေပြုလွှတ်တော်မင်းတိုင်ပင်အမတ်တစ်ဦးလည်း ဖြစ်သည်။

ဒေါ်ခင်နှင့် အိမ်ထောင်ပြုခဲ့သည်။ သမီးသုံးဦး၊ သားသုံးဦး ထွန်းကားခဲ့သည်။ ကပ္ပတိန် H.အောင်ခင်၊ I.Ms, B.Wဘထွန်း၊ M.A, LL.B မြန်မာနိုင်ငံတရားရေးဝန်ထမ်းနှင့် လန်ဒန်လင်းကွန်းအင်း ကျောင်းသား P.အောင်ကြီးတို့ဖြစ်ကြသည်။ အပန်းဖြေအားကစားအဖြစ် လမ်းလျှောက်သည်။ အမြဲတမ်းနေရပ်မှာ ကျောက်ဖြူမြို့ ဖြစ်သည်။

## ဦးကျော်ဇံလှ

ဖျာပုံရာဘက်တရားသူကြီးနှင့် စက်ရှင်တရားသူကြီး ဖြစ် သည်။ ၁၈၇၇ခု၊ နိုဝင်ဘာလ(၁)ရက်နေ့တွင် စစ်တွေမြို့၌ ဖွားမြင်သည်။ စစ်တွေမြို့နှင့် ရန်ကုန်ကောလိပ်တို့တွင် ပညာသင်ကြား ခဲ့သည်။ မြို့အုပ်၊ တရားသူကြီး၊ ရန်ကုန် စက်ရှင်တရားသူကြီးအဖြစ် တာဝန်ထမ်းခဲ့သည်။ ရန်ကုန်ရာဘက်တရားသူကြီးနှင့် စစ်ကိုင်းခရိုင်တရားသူကြီး၊ စက်ရှင်တရားသူကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ရန်ကုန်မြို့ ခရစ်လမ်းမှ ဦးဖိုးမင်း၏သမီးနှင့် အိမ်ထောင်ပြုခဲ့သည်။ အပန်းဖြေအားကစားအဖြစ် တင်းနစ်ကစားသည်။ ရန်ကုန် အိုရီယင့်ကလပ်၊ ရန်ကုန်မြန်မာဝန်ထမ်းများကလပ်အဖွဲ့ဝင် ဖြစ်သည်။ နေရပ်မှာ ဖျာပုံမြို့ ဖြစ်သည်။

## ဦးပန်းလှ A.T.M

အထူးလက်ထောက် တိုင်းမင်းကြီး အငြိမ်းစားဖြစ်သည်။ စစ်တွေမြို့ မြူနီစီပယ်အဖွဲ့ဥက္ကဋ္ဌလည်းဖြစ်သည်။ ၁၈၆၂-ခု၊ နိုဝင် ဘာလ(၁၆)ရက်နေ့တွင် စစ်တွေမြို့၌ ဖွားမြင်သည်။ မြေစိုးစား တောင်စံနီကြီး နောက်တော်ပါး သင်းဝန်မှူးဆင်အုပ်ဘွဲ့တံဆိပ်တော်ရ ဦးရဲစံ၏[၁]၏ အဆက်အနွယ်ဖြစ်သည်။ ဦးရဲစံမှာ ရခိုင်ဘုရင်လက်ထက်တော်အခါက ရေတပ်ဗိုလ်ချုပ်ဖြစ်သည်။

---

၁။ **Mre-So-Za-Taung-Zan-Ni-Gri-Nauk-Ba-Thin Winmu-Sin-Ok-Resan.** **ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်။ မြေစိုးစား တောင်ပံနီကြီး နောက်ပါ သင်းဝန်မှူး ဆင်အုပ်ရဲစံဟု ထင်ပါသည်။ တောင်စံ/ဇံနီမှာ တောင်ပံကို အင်္ဂလိပ် အင်္ဂလိပ်အက္ခရာဖြင့် Pan/Ban မှ အရေးချို့ယွင်းမှုကြောင့် Zan ဖြစ်လာဟန်တူပါသည်။ ရခိုင်ဘုရင်များ၏ သူရဲကောင်းဘွဲ့တံဆိပ်တစ်ခု ဖြစ်သဖြင့် သုတေသနပြုသင့်သည့် ကိစ္စတစ်ရပ် ဖြစ်ပါသည်။**

ဦးပန်းလှသည် ဦးစံလှဘော်၏ ဒုတိယသားဖြစ်သည်။ ဦးစံလှဘော်ကို ခရစ်ယာန်အမည် မစ္စတာဂျပ်တော့၊ သို့မဟုတ် ဆရာယာကုပ်ဟု သိကြသည်။ စစ်တွေအစိုးရကျောင်းမှ အင်္ဂလိပ်စာပြ ဆရာဖြစ်ပြီး ဦးကိုလာဖရီ(ကာလာဖြူ)၏ မြေး ဖြစ်သည်။ ဘုရင်အင်ဂျင်နီယာချုပ် ဦးငဒါကြီး၏မြစ် ဖြစ်သည်။ ဦးငဒါကြီး၏ ဖခင်မှာ ဆင်ဦးစီး ကျော်ဇံဝေဖြစ်ပြီး ရေတပ်ဗိုလ်ချုပ် ဖြစ်သည်။ ဦးကျော်ဇံဝေ၏ အဘိုးမှာ အထက်တွင်ဖော်ပြခဲ့သည့် ဦးရဲစံဖြစ်သည်။

ဦးပန်းလှသည် စစ်တွေအစိုးရအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ နှစ်ပေါင်း ၃၆နှစ်တိုင် ဗြိတိသျှအစိုးရထံ အမျိုးမျိုးသော စွဲမှတ်ခံယူနိုင်သော သတ္တိဖြင့် အမှုထမ်းခဲ့သည်။ မြို့အုပ်အဖြစ် နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သည်။ ခရိုင်ခွဲအရာရှိအဖြစ်ဖြင့် ၁၈၉၇-ခုမှ ၁၉၁၁ခုထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ကာလရှည်လျားစွာ သစ္စာရှိရှိတာဝန်ထမ်းဆောင်မှုအတွက် ၁၉၁၁-ခုတွင် ပဥ္စမ မြောက်ဂျော့ဘုရင်ထံမှ ဂုဏ်ပြုမှတ်တမ်းတင် လက်မှတ် ချီးမြှင့်ခြင်းကို ခံရသည်။ ဒေလီမြို့တွင် ဘုရင်မင်းမြတ်၏ ဘိသိက်ခံအခမ်းအနားတွင် ဖြစ်သည်။ အိန္ဒိယ စစ်ချေးငွေနှင့် ပတ်သက်၍ ဦးပန်းလှ၏တာဝန်ထမ်းဆောင်ချက်ကို အသိအမှတ်ပြုသည့်အနေဖြင့် မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ၏ ဂုဏ်ပြုမှတ်တမ်းတင် လက်မှတ်ကို ၁၉၁၇-ခုတွင် ချီးမြှင့်ခြင်းခံရသည်။ ၁၉၁၈-ခု၊ ဇွန်လ(၃)ရက်တွင် အိန္ဒိယ ဘုရင်ခံချုပ်ထံမှ ထင်ရှားသည့် စွမ်းဆောင်ချက်အတွက် **A.T.M** ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသည်။

နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နေရာချထားရေးအရာရှိအဖြစ် ရှစ်ကြိမ်တိုင်အထူးတာဝန် ပေးအပ်ခြင်းခံခဲ့ရသည်။ ယင်းအပြင် ၁၉၁၉-ခုတွင် ယာယီခရိုင်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ စစ်တွေခရိုင်ဝန်၏ ပထမဌာနချုပ်လက်ထောက်အဖြစ်လည်းကောင်း၊ မြေသုံးချစုံစမ်းရေးကော်မတီနှင့်နယ်နိမိတ်အရာရှိ အဖြစ်ဖြင့်လည်းကောင်း၊ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၂၂-ခု၊ ဇန်နဝါရီလတွင် အစိုးရအမှုထမ်းအဖြစ်မှ အငြိမ်းစားယူသည်။ ၁၉၂၄-ခုမှ ၁၉၂၆-ခုအထိ စစ်တွေမြူနီစီပယ် ကော်မတီတွင် ဒုတိယဥက္ကဋ္ဌ အဖြစ်ဖြင့်လည်းကောင်း၊ ၁၉၂၇-ခုတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။ ၁၉၂၄-ခုတွင် စစ်တွေမြူနီစီပယ်ကျောင်းဘုတ်အဖွဲ့၏ နာယကအဖြစ် ရွေးချယ်ခံရသည်။

ဦးပန်းလှမှာ အိမ်ထောင်ရှိသူ ဖြစ်သည်။ စစ်တွေမြို့တွင် နေထိုင်သူ ဖြစ်သည်။

## ဦးမောင်သာထွန်း

ဘဏ်သခင်တစ်ဦး ဖြစ်သည်။ ၁၈၈၃-ခု၊ ဖေဖော်ဝါရီလ(၂)ရက်နေ့တွင် စစ်တွေမြို့၌ ဖွားမြင်သည်။ အငြိမ်းစားအထူးလက်ထောက် တိုင်းမင်းကြီး ဦးမြဦး **A.T.M** ၏ သားဖြစ်ပြီး၊ ကျောင်းဒကာ ဦးကောင်းလှဖြူ၏ မြေးဖြစ်သည်။ စစ်တွေမြို့တွင် မော်ကွန်းကျောက်တိုင်အဖြစ် တည်ရှိနေသည့် ရွှေစေတီနှစ်ဆူကို သူ၏ကိုယ်ပိုင်ငွေဖြင့် တည်ထားကိုးကွယ်ခဲ့သူ ဖြစ်သည်။ ကာလကတ္တားမြို့ ဒေဗီဇန် ကောလိပ်တွင် ပညာသင်ကြားခဲ့သည်။ စစ်တွေဆေးရုံ ကော်မတီ၏ ရွေးချယ် ခန့်ထားသည့် အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ဓာတ်မှန်ကိရိယာတပ်ဆင်ရန်အတွက် အဆောက်အအုံ ဆောက် လုပ်ရာမှာ မိဘများကို ရည်စူးပြီး အလှူငွေ အမြောက် အမြား လှူဒါန်းခဲ့သည်။

အိမ်ထောင်ရှိသူ ဖြစ်သည်။ စစ်တွေကလပ်အသင်းဝင်ဖြစ်သည်။ အမြဲတမ်းနေရပ်မှာ လမ်းမကြီး ရှုပရွာ၊ စစ်တွေမြို့ ဖြစ်သည်။

## ဦးကျော်ထွန်း (Barrister at Law)

စစ်တွေမြို့ ကုန်သည်ဦးထွန်းအောင်၏ သားဖြစ်သည်။ ၁၈၈၉-ခုတွင် စစ်တွေမြို့၌ ဖွားမြင်သည်။ ကာလကတ္တား ဒေဗီဇန်ကောလိပ်၊ ကိန်းဘရီးလ်စိန်း ကက်သရင်းကောလိပ်တို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၁၁-ခုတွင် ဝတ်လုံတော်ရ ရှေ့နေအဖြစ် ဂရေအင်းအသင်းမှ ရယူခဲ့သည်။ ရန်ကုန်မြို့ တရားလွှတ်တော် ရှေ့နေဖြစ်သည်။ နေရပ်မှာ မွန်နီးအဆောက်အအုံ၊ ဇာဖရက်လမ်း၊ ရန်ကုန်ဖြစ် သည်။

## ကပ္ပတိန်ဦးအောင်ခင် MB,CB. B,F.R.C.S(Edin)I.M.S

၁၈၈၇-ခု၊ ဒီဇင်ဘာလ(၈)ရက်နေ့တွင် သံတွဲမြို့၌ ဖွားမြင်သည်။ ရန်ကုန် စိန်ပေါလ်အထက်တန်းကျောင်း၊ အီဒင်ဘာရာတက္ကသိုလ်၊ ရိုတွန်တာဆေးရုံ၊ ဒူလဘင်လန်ဒန်အပူးပိုင်းဒေသ ဆေးကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။

ကပ္ပတိန် ဦးအောင်ခင်သည် စစ်မှုထမ်းအဖြစ် ၁၉၁၅-ခုမှ ၁၉၂၀-ခုအထိ မက်ဆိုပိုတေးနီးယား၊ ပါရှား၊ အာဖဂန်နစ္စတန်နှင့် အနောက်မြောက်နယ်စပ်များ တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၂၂-ခုတွင် ဆေးဘက်ဌာနတွင် တာဝန် ထမ်းဆောင်သည်။

ဥပဒေပြုလွှတ်တော် မင်းတိုင်ပင်အမတ်နှင့် ကျောက်ဖြူ မြူနီစီပယ် ဥက္ကဋ္ဌ ဦးအောင်ကြီးနှင့် ဒေါ်ခင်တို့၏သားဖြစ်သည်။ အပန်းဖြေအားကစားမှာ တင်းနစ် ရိုက်ကစားခြင်း ဖြစ်သည်။

နေရပ်မှာတစ်ဆင့် အထွေထွေ အင်စပတ်တော်၊ ပြည်သူ့ဆေးရုံကြီး ရန်ကုန်မြို့ဖြစ်သည်။

## ဒေါက်တာ ကျော်စိုင် L.M.P

စစ်တွေမြို့ ကုန်သည်ဦးထွန်း၏သား ဖြစ်သည်။ စစ်တွေအစိုးရ အထက်တန်းကျောင်းနှင့် မဒရပ်ဆေးကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ မြန်မာနိုင်ငံဆေးဌာနတွင် အစိုးရအမှုထမ်းအဖြစ် ထမ်းဆောင်သည်။ ယင်းဌာန တွင်(၁၁)နှစ် တာဝန်ထမ်း ဆောင်ပြီး အလုပ်မှနုတ်ထွက်ခဲ့သည်။ စစ်တွေမြို့တွင် ကိုယ်ပိုင် ဆေးခန်းဖွင့်လှစ်ခဲ့သည်။ စစ်တွေသမဝါယမအသင်း ဘဏ်လီမိတက်၏ နာယက ဖြစ်သည်။ စစ်တွေမြို့ မြူနီစီပယ်ကော်မတီအဖွဲ့ဝင် တစ်ဦးလည်း ဖြစ်သည်။

အိမ်ထောင်ရှိသူ ဖြစ်သည်။ အမြဲတမ်းနေရပ်မှာ ထီးတန်းလမ်း၊ စစ်တွေမြို့ ဖြစ်သည်။

## ဦးမောင်ညို

မြန်မာနိုင်ငံ ပင်္ဂျီညာဉ်ခံ ဝန်ထမ်းအငြိမ်းစားဖြစ်သည်။ ၁၈၇၁-ခု ဇူလိုင်လ (၁၅)ရက်နေ့တွင် စစ်တွေမြို့၌ ဖွားမြင်သည်။ ကာလရှည်လျားစွာ သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခြင်းအတွက် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော ဝိတိုရိယ ဘုရင်မ၏ ဂုဏ်ပြုလွှာကို ၁၈၇၇-ခု၌ ချီးမြှင့်ခံရသူ ဦးမောင်ကာလာ၏မြေးဖြစ် သည်။ ဦးမောင်ကာလာသည် ကိုယ်ပိုင်စရိတ်ဖြင့် မင်းပြားမြို့နှင့်ဈေးကို တည် ဆောက်ခဲ့သူဖြစ်ပြီး စစ်တွေမြူနီစီပယ် အဖွဲ့ဝင်ဖြစ်သည်။

ဦးမောင်ညိုသည် စစ်တွေအစိုးရ အထက်တန်းကျောင်းနှင့် ရန်ကုန် ကောလိပ်တို့တါင် ပညာသင်ကြားခဲ့သည်။ ၁၈၉၂-ခုတွင် ဘွဲ့ရရှိသည်။ ၁၈၉၆ခု တွင် ယှဉ်ပြိုင်ဖြေဆိုရသည့် စာမေးပွဲတွင် ပထမတန်း အရွေးချယ်ခံစာရင်းဝင် တစ်ဦးဖြစ်ပြီး ၁၈၉၇-ခုတွင် မြို့အုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၁၄-ခုတွင် လက်ထောက် တရားသူကြီးအဖြစ် ရာထူးတိုးမြှင့်ခြင်း ခံရသည်။ ၁၉၂၅-ခုတွင် အငြိမ်းစားယူသည်။

အိမ်ထောင်ရှိသူ ဖြစ်သည်။ ၁၉၁၁-ခုဌ် ဒေလီဒါဘာ ဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသူ ဖြစ်သည်။ အမြဲတမ်းနေရပ်မှာ မိဇ်ရပ်၊ စစ်တွေမြို့ ဖြစ်သည်။

## အတိုကောက်စာလုံးများ

ဖော်ပြပါပုဂ္ဂိုလ်များ အမည်နှင့် ယှဉ်တွဲ၍ ဘွဲ့၊ ဂုဏ်ထူး၊ တံဆိပ်များကို ဖော်ပြထားပါသည်။ ယင်းတို့ကို ဖော်ပြရာမှာ စာလုံးအပြည့်အစုံ ဖော်ပြထားခြင်း မဟုတ်ဘဲ အကျဉ်းချုပ်ရေးသားဖော် ပြထားသည်ကို တွေ့ရပါသည်။ ယင်းစာလုံး အတိုကောက်များမှာ ယခုခေတ်တွင် အသုံးပြုကြသည့် အတိုကောက်စာလုံးများ မဟုတ်ကြပါ။ ယင်းတို့ကို နားလည်သဘောပေါက်စေရန် စာလုံးပေါင်း အပြည့်အစုံကို တင်ပြလိုက်ရပါသည်။

- A.T.M: Ahmudan Gaung Tazeilk Ya Min
  အမှုထမ်းကောင်း တံဆိပ်ရမင်း၊
- **K.S.M: Kyettaye Zaung Shwe Salwe Ya Min**
  ကျက်သရေဆောင် ရွှေစလွယ်ရမင်း၊
- T.D.M: Thuye Gaung Ngawe Daya Min
  သူရဲကောင်း ငွေဓားရမင်း၊
- I.S.O: Inperial Service Order
- I.S.M : Indian Medical Service
- E.A.C: Extra Assistant Commissioner

ပြန်ဆိုရေးသားတင်ပြခဲ့သော ပုဂ္ဂိုလ်များမှာ ဗြိတိသျှနယ်ချဲ့ သမားများ၏ အမှုတော်ထမ်းများပါဝင်သည်။ ကိုယ်ပိုင်လုပ်ငန်းများဖြစ်သော ရှေ့နေ၊ ဆရာဝန်များလည်း ပါဝင်သည်။ ယင်း အချိန်အခါကဆိုလျှင် တင်ပြခဲ့သော ပုဂ္ဂိုလ်များသည် ရခိုင်အမျိုးသားများထဲမှ ထင်ရှားသည့်ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ စာပေပညာရှင်များ၊ ဆေးပညာရှင်များနှင့် ဥပဒေရေးရာ ပညာရှင်များဖြစ်ကြသည်။

ယင်းတို့၏ လုပ်ဆောင်ချက်များကို လေ့လာပါက တစ်ဆယ့်ကိုးရာစု နှောင်းပိုင်းနှင့် နှစ်ဆယ်ရာစုနှစ် သုံးစုအတွင်းကာလ ရခိုင်အမျိုးသားများ၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ အခြေအနေများကို တွေ့ရှိ မှတ်သားရမည် ဖြစ်ပါသည်။

တစ်နည်းဆိုရလျှင် ရခိုင်အမျိုးသားတို့၏ သမိုင်းကွက်လပ်တစ်ခုကို တင်ပြခဲ့သည့်ပုဂ္ဂိုလ်များ၏အကြောင်းချင်းရာများနှင့် ဆက်နွယ်၍ လေ့လာမှတ်သားဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။ တင်ပြခဲ့သည့်ပုဂ္ဂိုလ်များ၏ ဘဝမှတ်တမ်းများမှာ ပြီးပြည့်စုံသည့် မှတ်တမ်းမှတ်ရာများ မဟုတ်ပါ။ ဆက်လက်လေ့လာဖော်ထုတ်ရန် လိုအပ်နေပါသေးသည်။

ယင်းမှတစ်ဆင့် မကွာဝေးသည့် ကာလအတွင်းက ထင်ရှားခဲ့သည့် ရခိုင်အမျိုးသားစာပေပညာရှင်များ၊ ဥပဒေပညာရှင်များ၊ ဆေးပညာရှင်များနှင့် နိုင်ငံအတွက် အသက်ပေးလှူခဲ့သည့် မျိုးချစ်ပုဂ္ဂိုလ်များ၏ ကိုယ်ရေးသမိုင်းများ ဖော်ထုတ်ရန် အထူးလိုအပ်နေပြီ ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**H.E. Sir Harcourt Butler** ၏ **Who's who in Burma** စာအုပ်မှ ထုတ်နုတ်တင်ပြခြင်း ဖြစ်ပါသည်။

**ရခိုင်မဂ္ဂဇင်း အမှတ်(၁၃)၊**
**၁၉၉၀- ဖေဖော်ဝါရီလ။**

# တော်လှန်ရေးစာဆို ဒေးဝန်းကြီး၏ ဘဝမှတ်တမ်း

## ထွန်းအောင် (ဘောင်းဒွတ်)

၁၈၂၆-ခု၊ ဖေဖော်ဝါရီလ(၂၆)ရက်နေ့မှာ ချုပ်ဆိုသော စာချုပ်အရ တနင်္သာရီတိုင်းနှင့် ရခိုင်တို့ဒေသကို ဗြိတိသျှနယ်ချဲ့သမားများအား ပေးလိုက်ရသည်။ ယင်းသို့ပေးလိုက်ပြီး နှစ်ပေါင်း အတန်ကြာအောင် ရခိုင်တို့ဒေသသည် မငြိမ်သက်သော အခြေအနေမှာ ရှိနေသည်။ ဗြိတိသျှတို့ အုပ်ချုပ်ရေး တည်ထောင်ပြီး(၂)နှစ်အကြာမှာ ရခိုင်မင်းမျိုးမင်းနွယ်များ ဦးစီးပြီး ဗြိတိသျှနယ်ချဲ့သမားများကို တော်လှန်ကြသည်။ ယင်းတော်လှန်ရေးကို ဗိုလ်ချင်းပျံ၏ ယောက်ဖဒေးဝန်းကြီး အောင်ကျော်ရွှီ၊ ဒေးဝန်းကြီး၏တူ မြို့သူကြီး အောင်ကျော်ဇံနှင့် မင်းသားကြီး ရွှေဘန်းတို့က ဦးဆောင်ခဲ့ ကြသည်။ ယင်းခေါင်းဆောင်ကြီးတို့မှာ တစ်ချိန်က ဗြိတိသျှလက်အောက်မှာ အမှုထမ်းခဲ့ကြသည်။

သို့ရာတွင် အခြေအနေအရ ဗြိတိသျှတို့လက်အောက်တွင် အမှုထမ်းခဲ့ရသော်လည်း သူ့ကျွန်မခံလိုစိတ်ထား အမြဲရှိကြသည်။ ယင်းကြောင့် ၁၈၂၇-ခုတွင် ယင်းခေါင်းဆောင်(၃)ဦး ဦးဆောင်မှုဖြင့် ဗြိတိသျှနယ်ချဲ့သမားများကို တော်လှန်ကြသည်။ မင်းသားကြီး ရွှေဘန်းမှာ ထောင်တွင်း၌ ကွယ်လွန်သည်ကို သိရသည်။ ဒေးဝန်းကြီးအောင်ကျော်ရွှီနှင့် မြို့သူကြီး အောင်ကျော်ဇံတို့မှာ ယင်းတော်လှန်မှုကြောင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ်များကို ခံရ သည်။

မင်းသားကြီး ဒေးဝန်းကြီးနှင့် မြို့သူကြီးတို့မှာ လက်ရုံးရည်ကိုသာ အလေးပေးထားခဲ့သည်မဟုတ်၊ စာပေဖြင့်လည်း ဗြိတိသျှ နယ်ချဲ့သမားကိုတော်လှန်ရန် လှုံ့ဆော်ရေးသားခဲ့သေးသည်။ ရခိုင်တော်လှန်ရေးခေါင်းဆောင်များ၏ ရဲတင်းကဗျာများကား ယခုတိုင် ထင်ရှားနေသေးသည်။ ယင်းရဲတင်းကဗျာများကို ကွယ်လွန်သူ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်ရင်က ၁၉၅၀-ခုထုတ် ရန်ကုန်တက္ကသိုလ်ရခိုင်ကျောင်းသားများအသင်း လွတ်လပ်ရေး စာစောင်တွင်

"ရခိုင်တော်လှန်ရေးကဗျာစစ်" ဆောင်းပါးဖြင့် ထို ပုဂ္ဂိုလ်တို့အား ဂုဏ်ပြုထားသည်။ ယင်းဆောင်းပါးတွင် "တကယ့် တော်လှန်ရေးကဗျာများဟူသည်ကား သူတစ်ပါးတို့ ထကြွတော်လှန် ကြပြီးနောက် အာဏာလက်ဝယ်သိမ်းပိုက်ကာမှ ရေးတတ်ကြသော မော်ကွန်းရဲတင်း၊ မြင်းရည်တက် ကဗျာများကို မဆိုလိုပေ။ တော်လှန်ရေး ခေါင်းဆောင် ကိုယ်တိုင်ရေးစပ်ကာ တိုက်လိုခိုက်လို တော်လှန်စေလိုသော အရေးအသား သဘောထားအဓိပ္ပာယ် ကုံလုံပြည့်ဝသည့် ကဗျာကိုသာလျှင် တော်လှန်ရေးကဗျာစစ်၏ အဓိပ္ပာယ်ဟု ဆိုရပေမည်"ဟူ၍ တော်လှန်ရေးကဗျာစစ်၏ အဓိပ္ပာယ်ကို ဖော်ပြပြီး ဆက်လက်၍ ပါမောက္ခချုပ်က-

"သို့သော် ငါတို့ရခိုင်စာဆိုမင်းသားကြီး ရွှေဘန်းကား ထိုသို့ မဟုတ်တုံတကား"ဟု ချီးကျူးပြီးလျှင် မင်းသားကြီး၏ "မင်းသားအမှန် ငါလျှင်ကြုံက" အစချီကဗျာကို ရင့်ကျူးထားသည်ကို တွေ့ရပါသည်။

တစ်ဖန် မြို့သူကြီး အောင်ကျော်ဇံ၏ "ဥဒါန်းမကျေ ဖြစ်ရလေခြင်း" အစချီကဗျာ ဖော်ထုတ်တင်ပြပြီး အောက်ပါအတိုင်း ဆရာက ရေးထားသည်ကို ဖတ်ရှုရပါသည်။

"မြို့သူကြီး အောင်ကျော်ဇံသည် ရခိုင်ပြည်ကြီး ထီးကျိုးစည်ပေါက်၊ သူလက်ရောက်ရသည်မှာ လူတစ်စု၏ သစ္စာမတည်မှု ကြောင့်ဟူ၍ ရတုသွယ်ခဲ့၏။ သို့သော် စိတ်ပျက်အားငယ်ခြင်းကား အလျဉ်းမရှိဘဲ ထပ်မံတော်လှန်နိုင်ရန် လူ့ဘဝကိုသာ တောင့်တခဲ့သတည်း"

မင်းသားကြီး မြို့သူကြီးတို့ကဲ့သို့ ဒေးဝန်းကြီးမှာလည်း စာပေဖြင့် မိမိတို့လူမျိုးများကို သွေးဆွပေးခဲ့သည်။ အားမြှောက်ပေးခဲ့သည်ကို အောက်ပါ ရဲမော်ကွန်းတင်ရတုက သက်သေထူခဲ့လေသည်---

**ပညာနှင့်ဉာဏ်**
**သင့်စွာဖန်၍၊ တာဝန်မပျက်**
**သစ္စာရွက်လျက်၊ အသက်ကို လှီး**
**သွေးချောင်းစီးမှ၊ အပြီးကြံ့ခိုင်**
**နိုင်ငံတိုင်းမြို့၊ အစို့စို့နှင့်**
**ကိုယ့်မြို့ကိုယ့်ပြည်၊ ကိုယ့်ဌာနေကို**
**ရမည်မုချ၊ ဤလောကသည်**
**အောက်ကျမခံချင်သောကြောင့်။ ။**

ယင်းရဲမော်ကွန်းကဗျာကို ဗြိတိသျှနယ်ချဲ့သမားများ၏ အကျဉ်းသားဘဝတွင် ရေးသားပြီး အားတင်းခဲ့သည်။ ရဲသွေးဖြည့်ခဲ့သည်။ ဖတ်ရသူများကို ရဲတင်းစေခဲ့သည်။ ကြက်သီးမွှေးညင်းများကို ထစေသည်။ ဒေးဝန်းကြီးကိုယ်တိုင် ခံစားချက်များနှင့် ထပ်တူ ထပ်မျှ မကျနိုင်သော်လည်း ဖတ်ရသူများ၏ ခံစားချက်မှာ

နယ်ချဲ့သမားများကို မုန်းတီးစိတ်ကား လျော့နည်းမည်ကား မဟုတ်ပါချေ။ ဒေးဝန်းကြီးတို့ ရဲမော်ကွန်းကဗျာများကြောင့် နှောင်းလူငယ်များ၏ စိတ်ဓာတ်သည် တက်ကြွစေခဲ့သည် မဟုတ်ပါလား။

လူများသည် ဝမ်းသာစရာရှိလျှင် ဝမ်းသာမှုကို ခံစားကြသည်။ ဝမ်းနည်း လွမ်းဆွတ်ဖွယ်ကြုံလျှင်လည်း လွမ်းဆွတ်တမ်းတ ကြရသည်ပင် ဖြစ်သည်။ ယင်းသို့ ဆွေးစရာ၊ လွမ်းစရာများကြုံလျှင် လွမ်းရ ဆွေးရသည်များကို ဒေးဝန်းကြီး၏ ရှန်းလိုက်ရတုမှာ တွေ့ရသည်။ ယင်းရှန်းလိုက်ရတုမှာ ဒေးဝန်းကြီး၏ ဘဝမှတ်တမ်း တစ်ရပ်ပင် ဖြစ်သည်။ စာရှုသူများသည် ယင်းတော်လှန်ရေးခေါင်း ဆောင်ကြီး ခံစားချက်များကို ရင်တလှပ်လှပ်နှင့် ခံစားကြရမည်ပင် ဖြစ်သည်။ တစ်ဖက်မှာ လက်ရုံးရည်ကို အလေးပေးခဲ့သော်လည်း နှလုံးသားမှ ခံစားချက်များကို စာပေဖြင့် မှတ်တမ်းတင်ရမည့် တာဝန်ကိုလည်း မလျော့ခဲ့သည်ကို နှောင်းလူများအနေနှင့် အတိုင်းမသိ ကျေးဇူးတင်ထိုက်သည်။ နမူနာ စံတင်ထားရမည့် ကိစ္စတစ်ရပ်လည်း ဖြစ်သည်။

တော်လှန်ရေးသမားတိုင်း၏ ဘဝခရီးသည် ပြေပြစ်လှသည်မရှိ၊ အခက်အခဲအမျိုးမျိုးနှင့် ကြုံရသည်၊ ဆုံရသည်။ ယင်းတို့ကို ကျော်လွှားတွန်းလှန် နိုင်သည်လည်း ရှိသည်။ လမ်းခုလတ်မှာ လမ်းစပျောက်သည်လည်း ရှိသည်။ ရခိုင်တော်လှန်ရေး စာဆိုဒေးဝန်းကြီး အောင်ကျော်ရှို၏ ဘဝမှာလည်း အခက်အခဲ အမျိုးမျိုးနှင့် ပြွမ်း လျက်ရှိသည်။ သနားဖွယ် ရင်နာဖွယ်များလည်း ပြည့်နှက်လျက်ရှိ သည်။

မင်းသားကြီးရွှေဘန်း၊ မြို့သူကြီး အောင်ကျော်ဇံတို့နှင့်အတူ ဒေးဝန်းကြီးမှာ ဗြိတိသျှနယ်ချဲ့သမားများကို တော်လှန်ကြသည်။ သို့သော် အောင်ကုလား၊ စံရဖွေ စသော တစ်ကိုယ်ကောင်းခြောက်ယောက်သောသူများ၏ သစ္စာဖောက်မှုကြောင့် ဗြိတိသျှ နယ်ချဲ့သမားများက တရားစွဲဆိုခြင်း ခံရသည်။ မိယုတ်မာ ဘမဲ့သားသစ္စာဖောက် များ မဟုတ်မတရား သက်သေခံကြသည်။ ယင်းသို့ မဟုတ်မတရား သက်သေခံ ကြပုံကို ဒေးဝန်းကြီးသည် မိမိ၏ဘဝမှတ်တမ်းတင်ရှန်းလိုက်ရတုမှာ ဖော်ပြထား သည်။ ယင်းတို့မှာ---

"မိယုတ်မာ ဘမဲ့သား၊ နောင်သံသရာ ခံဖို့ရာကို ဆံဖြူလွှာ မကွဲငြားဘဲ၊ သူမိုက်များ ဒိဋ္ဌိတွေ၊ ရုံးလျှင်ဆိုမူ ကျွန်ုပ်ပြု၍ တစ်ယောက်တစ်ခုပေတည်း။

အစဉ်ဆက်၍သာ၊ သည်တစ်ခါတွင်၊ သူကောင်းဖြစ်မယ်ဗျာဟု၊ ထင်မှတ် ကာစိတ်ထဲဝယ်၊ ကျမ်းကိုစွဲငြား မုသားပြောသည်၊ သဘောကြားမြင်ပေ၏၊ တစ်ယောက်စီ တစ်ဆင်ခြီ၊ ဟိုတမှာ တစ်ခွန်းမှာ တစ်ခွန်းသည် ငကန်းတောင်ဝှေ့ သည်သို့" ဟူ၍ ရှန်းလိုက် ရတုဖြင့် မှတ်တမ်းသွယ်ခဲ့သည်။

ဒေးဝန်းကြီးကို တရားရုံးမှ စွဲချက်တင်၍ ထောင်ဒဏ် တစ်ဆယ့်လေးနှစ် အပြစ်ပေးသည်။ အမိန့်ချမှတ်ချိန်တွင် မိခင်နှယ်ဟန်မပြားနှမကြီး၊ မောင်၏ ထိပ်တင်သဖွယ်ဖြစ်သော နှမကြီးသည် သည်းအူများ ကြွေပြတ်ကာ ကြောက်မှု ယောင်ယမ်းလျက်နှင့်ပင် ဘဝတစ်ပါးသို့ ပြောင်းရရှာပါသည်။ ယင်းသို့ မိမိ၏ နှမကြီး ရုပ်လောင်းကိုပင် မဖူးတွေ့ရဘဲ သုံးပင်တိုင်၊ ပင်တွမ်းမဆင်၊ တက်မငင် သည့် သင်္ဘောကြီးကိုစီး၍ မွေးရပ်မြေမှ ခွဲခွာခဲ့ရသည်။ ယင်းနောက် ဒေးဝန်းကြီးတို့ လူစုကို ကာလီတင်ထောင်မှာ ချုပ်နှောင်ထားသည်။ တစ်ချိန်တစ်ခါက ဒေးဝန်းကြီး လူစုမှာ စည်းစိမ်ခန်းဝါ နှင့် နေခဲ့ရသူများ ဖြစ်သည်။ ယခုအခါ အနေကျဉ်းကျပ် သည်။ အစားကျဉ်းကျပ်သည်။ သို့သော် မညည်းညူပေ။ ဘုရားတရားကိုသာ ရှုမျှော်၍ နေသည်။ တစ်ရက်စီပေးရိက္ခာ၊ အကြွေးငါးပြားဖြင့် တစ်ထပ်စား၍သာ မိမိတို့အသက်ကို ဆက်နေရှာသည်။

ဒေးဝန်းကြီး၏ ပတ်ဝန်းကျင်မှာလည်း စိတ်မကြည်လင်စရာ များကိုသာ တွေ့နေရပေသည်။ အသားမည်းမည်း သွားကြဲကြဲနှင့် မုတ်ဆိတ်မှာလည်း ရှည်လွန်း သူများဖြစ်သည်။ နှာခေါင်းလည်း မျောက်သည်။ (နှာခေါင်းချွန်သည်) ရင်ဘတ်မှာ လည်း ဆိတ်မှာအမွေးရှိသကဲ့သို့ပင် ထင်ရသည်။ ယင်းသူတို့၏ ခေါင်းမှာတုပ်ပွဲကို ဆောင်းထားကြသည်။ ခါးအောက်ပိုင်းမှာ ဘဒရီ (နံပိုင်းငယ်တစ်မျိုး)ကို ဝတ်ထား ကြသည်။ သူတို့၏ စကားများလည်း မိမိတို့၏ စကားနှင့်မတူ၊ ကျီကျီကျာကျာနှင့်။ ယင်းတို့ကိုမြင်ရလျှင် ကိုယ့်ပြည်ရခိုင်ကို လွမ်းမိသည်။ အောက်မေ့လာသည်။ မိမိ၏ မွေးရပ် ရခိုင်မြေကို နတ်ပြည်တမျှသို့ ထင်မိလာသည်။ သို့နှင့် ဒေးဝန်းကြီးသည် မိမိ၏ ဘဝမှတ်တမ်းမှာ ဤကဲ့သို့ ရတုသွယ်ခဲ့သည် မဟုတ်ပါလား။

ပြန်လို့လို့လဲ့ကြည့်ရာရာ၊ အသားမည်းမည်း၊ သွားကြဲကြဲနှင့်၊ နားလည်း မထိုးပါတည်း၊ မုတ်ဆိတ်သာချက်ရှိ၊ နှာခေါင်းမျောက်ကာ၊ ရင်ဘတ်မှာလည်း၊ ဆိတ်မှာအမွေးရှိသို့၊ ပြောလတ်ဘိကျီကျာကျာ၊ ခေါင်းမှာတုပ္ပိ၊ ဘဒရီကို ကိုယ်စီ ဝတ်ကြပါလျက်၊ မရှုသာသည် မမျှော်ချီ၊ ကျွန်ထိုတိုင်းမြေ၊ ရခိုင်ပြည်ကို၊ နတ်နှယ်ပင် ထင်မိပါ၏" ဟူ၍ ရေးစပ်ထားခဲ့သည်ကို ဖတ်ရှုရပါသည်။

ဒေးဝန်းကြီး ကိုးကွယ်သည့် ဆရာတော်မှာ တောပျော်ရဟန်း ဖြစ်သည်။ သာရလင်္ကာဟူ၍ ပြည်ရွာအနှံ့ သတင်းကျော်ကြားသည်။ ပိဋကတ်ကျမ်းဂန်ကို အာဂုံဆောင် ပုဂ္ဂိုလ်ကျော်တစ်ပါးဖြစ်သည်။ သားရဲတိရစ္ဆာန်များကိုလည်း အမြဲမပြတ် တရားဟောကြားသည်။ စပါးကြီး၊ မြွေပွေး၊ ငန်း၊ ကျား၊ ခြင်္သေ့ စသည် များမှာလည်း ခြေတော်ရင်းမှာ ဦးညွတ်ရိုသေစွာ သုံးလူ့ထွဋ်မှုချာ မြတ်ဓမ္မာကို ယင်း မှာ နာကြသည်။ ထိုကဲ့သို့ ကြည်ညိုနှစ်လိုဖွယ်ကောင်းသော ထေရ်ပုံသံဃာ မင်းသည် သက္ကရာဇ်ဝယ် တစ်ထောင်ဖြစ် တစ်ရာကိုးဆယ်စွန်းသည် ကိုးနှစ်ခုက

ဝါခေါင်လပြည့်ကျော် ဆယ်ရက်နေ့တွင် မနက်အချိန်မှာတည်း၊ လူဘုံမျိုးလေးဖြာ တကာတော်များ တပည့်များကိုပယ်ထား နောက်ခိုင်းပါလျက် အထက်နတ်ရွာသို့ ကြွမြန်းရပြန်သည်။

ယင်းအချိန်မှာ ဒေးဝန်းကြီးသည်ကား ထောင်နန်းစံရချိန် ဖြစ်သည်။ သားကြီးထွန်းအောင်ကျော်တို့ လာရောက်ပြောကြားသဖြင့် သိရသည်။ မိမိ ကိုးကွယ်သည့် ဆရာတော်၏ သတင်းစကားကို ကြားရသည်မှာ ချိုင့်လှောင် ငှက်ငယ်အလား ရေမဲ့ငါးပမာ ခံစားရသည်။ ညှိုးနွမ်းပူပင်မှုအတိ ဖြစ်သည်။ မချိတင်ကဲ ခံစားရသည်။

ဆရာတော်ကို ဒွေးပါဒစုံ ထိပ်စုံတင်၍ ဖူးတွေ့ချင်သည်။ အဝေးက လှမ်း၍သာ ပူဇော်ရသည်။ ကိုယ်တိုင်သွားရောက်၍ ပူဇော်ရန်ကား မစွမ်းနိုင်ပါချေ။ ဆရာတော်ဘုရား နောက်ဆံခံသော ဆရာတော်မှာ သာရမေဓာဆရာတော် ဖြစ်သည်။ ယင်း ဆရာတော်မှာလည်း နှစ်ရာနှစ်ဆယ်ခုနစ်ပါးသော သိက္ခာပုဒ်ကို စောင့်ထိန်းသောသူ ဖြစ်သည်။ ပိဋကတ်ကျမ်းဂန် အရာမှာလည်း နှံ့စပ် ကျော်ကြား သည်။ ယခုအချိန်မှာဆိုလျှင် ဆရာတော်သည် ဒကာလည်းမဲ့အင်လည်း နည်းသည့် ဖြစ်ရပ်နှင့် ကြုံရမည်ကို ဒေးဝန်းကြီး တွေးမိမြင်မိပေသည်။

ဈာပနအတွက် ပြည်သူရှင်လူအများ ကြွရောက်လျက် ရှိချေမည်။ သို့ရာတွင် တကာတော်ရင်းမှာ မရောက်နိုင်သည့်အတွက် ရင်ထုမနာ ပြောကြဟန် များကို စာဆိုရှင် ဒေးဝန်ကြီး၏ မျက်စိတွင် တရေးရေး ထင်လာမိသည်။ ထိုကဲ့သို့ မြင်မိလာသောအခါ သည်းအူကို နုတ်ယူဘိသည့်အလား ခံစားနေရရှာသည်။ ဆရာရှင်ပင် ပွဲတော်ခွင်မှ ရုပ်စုံခြယ်ထားသော ရထားစက်ရှင် ပြာသာဒ်များကို တွေ့ရသည်။ တီးသံ မှုတ်သံများမှာလည်း တညံညံနှင့်ရှိနေမည် ဖြစ်သည်။ ယင်းဘုန်းတော်ကြီးပျံပွဲကို မောင်နှံစုံများ တင့်ရာရာကို ရွေးချယ်ဝတ်၍ လာကြ သည်။ မိခင်ပမာ အခြားသော ဒေးဝန်းကြီး၏ မိထွေးတော်မှာလည်း ပန်း ပေါက်ပေါက်များနှင့် ဆရာတော်အား ပူဇော်ရန် သွားချေမည်။

ဖခင်ရင်သွီး အရင်မွီးသည့် လှပန်းသွင်၊ ဖခင်၏ သည်းပွတ်ပမာ ချစ်ခင် ရသော သားလတ်ထွန်းဦး၊ စံလှသွေ့နှင့် လှမိုးသူရို့ အဘောင်မ(အဘွား)နှင့် လိုက်ဖို့ ပြင်ကြပေမည်။ ယင်းအခါ မိခင် မျက်ရှုအသက်စုဖြစ်သော ကျော်ဇောဝေလည်း အဘောင်မထဘီကို ကိုင်ဆွဲကာ ငါ့ကိုသာ ရွက်ရမည်ဟု ငိုလျက်ပြောသဖြင့် အဘောင်မက ခေါ်ရပေမည်။ ဖခင်မရှိ၍ ညှိုးနွမ်းပျောင်းရိပူဆာပုံ၊ များတကာ ကဲ့သို့ ဆင်ယင်ဝတ်စားခြင်း မရှိနိုင်ဘဲ နွမ်းပါးမှုများရှိနေမည်ကို ဒေးဝန်းကြီး၏ စိတ်အစဉ်မှာ ထင်တရေးရေးနှင့် မြင်ယောင်ရှိရှာပေမည်။

သားထွေးဖြစ်သောကျော်ဇောဝေမှာလည်း ဖခင်မရောက်သဖြင့် လမ်းမ တစ်လျှောက်ရပ်စောက် ရှုမျှော်ပြီး မပီတစ်ခွန်း ပီတစ်ခွန်းနှင့် အဖမည်သည့်အချိန်မှ ရောက်မည့်အကြောင်းကို မေးချေမည်။ မေးသည်ကို မဖြေနိုင်သော အဘောင်မမှာ မြေးကို ဖက်ရမ်း ငိုနေပုံများကို တွေးရင်းမြင်ယောင်လာပေမည်။

"ကျော်ဇောဝေ သားထွေးသာ၊ ဖခင်မရောက်၊ လမ်းကို လျှောက်လျက်၊ ရပ်စောက်မျှော်ရှုပါ၏၊ဘယ်နိခါ ရောက်ပါမည်။"

မပီတွတွ ပီတွတွသည်၊ အဖကိုချည်း မြည်လျက်ရှိ လတ်သည့်အခါ၊ မြေးနှင့်ဘောင်မ ဖက်ရမ်းကြ၍၊ ရှုတကျွန်ကို ရှာလျက်တန်း၊ ယန်းကာရှိလိမ့်မည်" ဟူ၍ ခံစားချက်များကို မွှန်းပြီး ရတုဆန်းကို မှတ်တမ်းတင်ခဲ့ ပေသည်။

အချိန်မှာ တန်ဆောင်မုန်းလဆန်းစအချိန် ဖြစ်သည်။ ကစ္ဆပနဒီ မြောက်ဟေဝန္တာက စုံလီ(လေ)တိုက်ခတ်လာချေပြီ။ တစိမ့်စိမ့်နှင့် ဆောင်း၏အချမ်း ကို ခံနေရသည်။ သလွန်မွေ့ရာထက်မှာ လွမ်းတင်ဆိုကာ ကျွန်ရို့အရှင့်သား ဖခင်ကို အလျင်အမြန် ဖူးတွေ့ချင်ပါသည်။ မျက်ရည်များယိုကာ ညဥ့်တိုင်းပင် မှေးစက်မပျော် နိုင်ဘဲ လက်ဆယ်ဖြာကို ခေါင်းထိပ်တင်လျက် ဓာတ်မွေရှင်စရွှတ် ကိုယ်စား ရှင်တော်မဟာကို စောင့်ရှောက်နေကြကုန်သော အရှင်နတ်များအား နေ့မခြားလျှောက်တင်နေသော သားဖြူမိခင် သက် လုံးကြင်ကိုလည်း ထင်တရေးနှင့် မြင်ယောင်လာသည်။

ရွှေနို့ရှင်မွေးမိ၏ ချွေးမတော်နှင့် ဒေးဝန်းကြီးတို့ နတ်ဟန်မပြားအတူ ရှိနေစဉ်အခါ ပျော်မွေ့ခဲ့ကြသည်။ ယခုအခါမှာ ယင်းသို့ မဟုတ်ပါချေ။ မောင်က မေ့ကိုတမ်း၍ မေကမောင့်ကိုလွမ်းနေရသည့် အချိန်ပင် ဖြစ်နေသည်။ သားဖြူမိခင် သက်လုံးကြင်နှင့် နို့ရှင်ချွေးမတော်၏ တမ်းတမျှော်မှန်း၍ လွမ်းဆွေးရပုံကို---

"တန်ဆောင်လျှင် ဆန်းလတ်ခါ၊ ကစ္ဆပနဒီမြောက်ဆီ ဟေဝန္တာက သွန်ချ လာသည် စုံလီပြင်း၊ စိမ့်စိမ့်ချမ်းကာ မွေ့ရာသလွန်းတွင်း၌ လွမ်းတင်းတည် တကာ ကာ တစာစာသည် ကြမ္မ ငှက်ပမာသို့ ဘယ်နန့်ခါရောက်ပါမည် ကျွန်ုပ်တို့အရှင် သားဖခင်နှင့် အလျင်ဖူးချင်ပါသည်ဟု စီးမျက်ရည်ယိုကျကာ ညဥ့်ပင်မစက်၊ လက်ဆယ်ဖြာကို ပေါင်းလျက်ဦးတင်ပါ၏။ ဓာတ်မွေတော် ရှစ်စရွှတ် ကိုယ်စား ရှင်တော်မြတ်မဟာကို စောင့်ကာ ရှင်နတ်မြတ်အား နေ့မခြားလျှောက်လျက်သော် သားဖြူမိခင် သက်လုံးကြင်နှင့် နို့ရှင်ချွေးမတော်တို့ တမ်းမျှော်ကြရှိလိမ့်မယ်" ဟူ၍ ကြင်ဖော်သက်ထားကို လွမ်းတင်းသွယ်ခဲ့ရသည်မှာလည်း တော်လှန်ရေးစာဆို ဒေးဝန်း ကြီး၏ ဘဝမှတ်တမ်း တစ်ရပ်ပင် ဖြစ်တော့သည်။

တစ်ဖက်မှာလည်း ဗြိတိသျှနယ်ချဲ့သမားများ၏ သတ်မှတ်ထားသော တရားဥပဒေဘောင်အတွင်းမှ ဒေးဝန်းကြီးတို့ လွတ်မြောက်ရေးကို ကြံဆနေကြသူ

များလည်း ရှိကြသည်။ ယင်းသူတို့ မှာ သမက်ရန်မျိုးအောင်၊ ခယ်မငယ်၏ခင်ပွန်း အောင်ဖြူ၊ ညီထွေး မောင်လှဘော်နှင့် သားကြီးထွန်းအောင်ကျော်တို့ပင် ဖြစ်သည်။

မင်းခစားရှေ့နေအောက်ကျီ ကုလားများနှင့် တိုင်ပင်၍ ဒေးဝန်းကြီးတို့ လူစု လွတ်မြောက်ရေးအတွက် ဗြိတိသျှနယ်ချဲ့သမားများ၏ ရုံးတော်သို့ လျှောက်ထား ကြလေသည်။ ယင်းလျှောက်ထားချက်အရ ဒေးဝန်းကြီးမှာ ဆံခြည်ခြမ်းရှိ ပြစ်မရှိဘဲ ချုပ်နှောင်ဖမ်းဆီးခြင်းမှ လွတ်မြောက်ခဲ့ရလေသည်။

ယင်းသို့မဟုတ် မတရားသစ္စာဖောက်များကြောင့် ခံခဲ့ရသော ဒေးဝန်းကြီး ကား အောင်ကုလား၊ စံရဖွေစသော တစ်ကျိပ်ခြောက်တို့ကို အပြစ်မဆိုပါချေ။ မကောင်းမှုသည် မကောင်းကြံသူတို့ထံ မကြာမီပင် ပြန်လည်တတ်သည်။ ယင်းသို့ ဝိဘတ်ပြန်လည်တည်ပုံကို ပြည်သူပြည်သား သားစဉ်မြေးဆက်တိုင်အောင် ပြောစရာ မှတ်စရာ သင်ခန်းစာယူစရာတစ်ခုအဖြစ်သာ ထောက်ပြခဲ့ပါသည်။

ဟုတ်မှန်သည့်စကားကိုသာ ပြောဆိုကြပြီး မာန်မာနရှိမ့်ချ ကြရန်ကိုသာ တိုက်တွန်းသည်။ ရှေးက ဘုရားလောင်းမဟောသဓာ တို့ကို ပုံခိုင်း၍ မိမိမှာလည်း ယင်းနည်းတူစွာ ကျင့်ဆောင်ကြောင်းကို စာဆိုရှင်ဒေးဝန်းကြီးက ဖော်ပြမှတ်တမ်း တင်ခဲ့ပေသည်။

ဒေးဝန်းကြီး၏ စိတ်ထားကား မြင့်မြတ်ပါပေသည်။

**ထွန်းအောင်(ဘောင်းဒွတ်)**

**ရခိုင်တန်ဆောင်မဂ္ဂဇင်း၊**
**အတွဲ-၁၃၊ အမှတ်-၁၃၊ ၁၉၇၃-၇၄ မှ။**

# စစ်တွေအမျိုးသားကျောင်း

## မြထွန်းအောင်

ပဒေသရာဇ်အုပ်ချုပ်မှုအောက် ရခိုင်ပြည်ပညာရေးစနစ်မှာ ဘုန်းကြီးကျောင်းကို အခြေခံသောစနစ်ဖြစ်သည်။ ဗြိတိသျှနယ်ချဲ့သမားများ ရခိုင်ကို သိမ်းယူပြီး အတော်ကာသည်အထိ အရှိန်ကောင်းတုန်း ဖြစ်သည်။ ၁၈၆၆-ခုတွင် ဆာအာသာဖယ်ယာသည် ပညာရေးစီမံကိန်းတစ်ရပ်ကို အကောင်အထည် ဖော်သည်။

ယင်းစီမံကိန်းကို အကောင်အထည်ဖော်ပြီး နှစ်ပေါင်း (၅၀) ကျော်သည် အထိ ရခိုင်ပြည်တစ်ပြည်လုံး အစိုးရအထက်တန်းကျောင်း(၂)ကျောင်းသာ ရှိသေးသည်။ တစ်ကျောင်းမှာ အင်္ဂလိပ်- မြန်မာ အထက်တန်းကျောင်းဖြစ်သည်။ နောက်တစ်ကျောင်းမှာ တိုင်းရင်းမြန်မာ အထက်တန်းကျောင်းဖြစ်သည်။ ၁၈၉၀ခု တွင် ခရစ်ယာန်သာသနာပြုအဖွဲ့က တည်ထောင်သော အထက်တန်း ကျောင်းတစ်ကျောင်းရှိသည်။ ယင်းအထက်တန်းကျောင်းအားလုံးမှာ စစ်တွေတွင် ရှိသည်။

ရန်ကုန်တက္ကသိုလ် မတည်ထောင်မီ ရန်ကုန်ကောလိပ်နှင့် ယုဒသန် ကောလိပ်ဟူ၍ ကျောင်းနှစ်ကျောင်းသာ မြန်မာတစ်နိုင်ငံလုံးမှာ ရှိသည်။ ယင်း ကောလိပ်နှစ်ကျောင်းမှာ ကာလကတ္တားတက္ကသိုလ်လက်အောက်ခံ ကောလိပ်များ ဖြစ်သည်။ အထက်တန်းကျောင်းများ၏ တက္ကသိုလ်ဝင် စာမေးပွဲများကိုလည်း ကာလကတ္တားတက္ကသိုလ်မှ ကြီးမှူးကျင်းပသည်။ ယင်းစာမေးပွဲများတွင် မြန်မာစာကို ဒုတိယဘာသာအဖြစ် သတ်မှတ်သည်။ မြန်မာစာကို မဖြေဘဲ နေနိုင်သည်။

ကျောင်းများတွင် သင်ကြားသည့် စာများမှာ အုပ်စိုးသူ ဗြိတိသျှတို့အား အထင်ကြီးစေပြီး မိမိတို့ရိုးရာဓလေ့ထုံးစံများကို အထင်သေးအောင် သင်ကြားသော စာများသာ ဖြစ်သည်။ အလယ်တန်းနှင့် အထက်တန်းများတွင် ဗုဒ္ဓဘာသာ သင်ခန်းစာများကို မသင်ကြရ၊ အင်္ဂလိပ်သမိုင်းကို အဓိကသင်ကြားရသည်။ ယင်းကြောင့် ရိုးရာယဉ်ကျေးမှုနှင့် ကင်းကွာလာသည်။

## ဝတ်ကျေတန်းကျေ ပညာရေး

ဗြိတိသျှနယ်ချဲ့သမားများချမှတ်သည့် ပညာရေးစနစ်တွင် ဥရောပ တိုက်သားကလေးများနှင့် ကပြားများအတွက် ပညာရေး၊ မြန်မာတိုင်းရင်းသားများ အတွက် ပညာရေးဟူ၍ နှစ်မျိုးခွဲခြားထားသည်။

ကျောင်းသားများအသိဉာဏ်ပွင့်လင်းစေမည့် စာအုပ်စာတမ်းနှင့် သတင်း စာများဖတ်ခွင့်မပြု။ အင်ပါယာသစ္စာတော်ခံ အတွေးအခေါ် ကော်မတီ (Imperial Idea Committee) မှ ချမှတ်ပေးသည့် အတွေးအခေါ်များကို ကျောင်းသားများ အား ရိုက်သွင်းပေးသည်။ ဗြိတိသျှအင်ပါယာအတွင်းရှိ ကိုလိုနီနိုင်ငံများအနေနှင့် လူမျိုးဘာသာကွဲပြားစေကာမူ အင်ပါယာမပြိုကွဲရေးအတွက် တညီတစ်ညွတ်တည်း စုပေါင်းဆောင်ရွက်အံ့ဟူသော အတွေးအခေါ် ဖြစ်သည်။

အစိုးရက တာဝန်ယူဖွင့်လှစ်သော ကျောင်းချင်းတူသော်လည်း ဥရောပ တိုက်သားကလေးများအတွက် ဖွင့်လှစ်သော ကျောင်းများမှာ အခွင့်အရေးပိုမိုရရှိ သည်။ ပညာရေးအသုံးစရိတ် သက်သာစေရန် ဒေသန္တရအဖွဲ့အစည်းများအား တာဝန်ခွဲယူစေသည်။ ယင်းကြောင့် ဗြိတိသျှနယ်ချဲ့သမားများ၏ ပညာရေးဝါဒမှာ ဝတ်ကျေတမ်းကျေ စာသင်ပေးရေးသာ ဖြစ်သည်။ အုပ်ချုပ်ခံ တိုင်းရင်းသားများ ကျွန်သက်ရှည်စေသော ပညာရေးစနစ်သာ ဖြစ်သည်။

ယင်းသို့ ပညာရေးစနစ် မညီမျှမှုနှင့်ပတ်သက်၍ ၁၉၁၂-ခု၊ စက်တင်ဘာ လတွင် မြန်မာဘုရင်က ကြီးမှူးကျင်းပသော အင်္ဂလိပ်-မြန်မာ ပညာရေး ကွန်ဖရင့် တွင် ဝတ်လုံတော်ရ ဦးစံရွှေ* က အောက်ပါအတိုင်း တင်ပြဆွေးနွေးခဲ့သည်။

---

*** ဝတ်လုံဦးစံရွှေ**

**၁၈၈၂ခု ဧပြီလ (၂၆)ရက်တွင် စစ်တွေမြို့၌ ဖွားမြင်သည်။ အဘဦးစံလှ အောင်(လယ်ပိုင်ရှင်) အမိ ဒေါ်သူနန္ဒာဖြစ်သည်။ စစ်တွေမြို့ အစိုးရအထက်တန်း ကျောင်းမှ ၁၈၉၇-ခုနှစ်တွင် ကာလကတ္တား တက္ကသိုလ်ဝင် စာမေးပွဲကိုအောင်မြင် သည်။ ရန်ကုန်ကောလိပ်နှင့် Emmenual College Cambridge တို့မှ (B.A) ကို ၁၉၀၄ခုတွင် အောင်မြင်သည်။ ဝတ်လုံဘွဲ့ကို (Grey's Inn) မှ ၁၉၁၀ခုတွင် ရရှိသည်။ ပြည်အစိုးရအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး (Inspector of School Pegu Circle)အဖြစ် ၁၉၁၆-ခုတွင် ထမ်းဆောင်သည်။ စစ်တွေ အစိုးရအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးအဖြစ်နှင့် (Inspector of Schools Akyab Circle)အဖြစ် ၁၉၁၇ခုမှ ၁၉၂၁ခုအထိ ထမ်းဆောင်သည်။ ယင်းနောက် အလုပ်မှနုတ်ထွက်သည်။ ဝတ်လုံအဖြစ် ဆောင်ရွက်သည်။ သက်ကြီး တက္ကသိုလ် တည်ထောင်ခဲ့သူ ဖြစ်သည်။ သက်ကြီးတက္ကသိုလ် တည်ထောင်သည်မှ လုပ်သားကောလိပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ပညာရေးလောကတွင် ထင်ရှားသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ဆရာကြီးဦးစံရွှေသည် ၁၉၇၃-ခု စက်တင်ဘာလ (၁၇)ရက်နေ့တွင် ကွယ်လွန်သည်။**

"ရခိုင်ခရိုင် စစ်တွေမြို့၌ တည်ဆောက်ထားသော အင်္ဂလိပ်-မြန်မာနှစ်ဘာသာအစိုးရကျောင်းတစ်ကျောင်းတွင် ကျောင်းသား ဦးရ (၇၀၀)အထိရှိ၍ မေမြို့၌ တည်ထောင်ထားသော ဥရောပတိုက်သားကလေးငယ်များအတွက် အစိုးရစာသင်ကျောင်း၌မူ ကျောင်းသားအရေအတွက်(၁၂၀)မျှသာရှိကြောင်း၊ သို့သော် မေမြို့ကျောင်းအတွက် အကုန်အကျခံသောစရိတ်ကြေးငွေမှာ စစ်တွေမြို့ကျောင်းအတွက် ကုန်ကျသော စရိတ်များထက်(၂)ဆ ကျော်(၃)ဆမျှ ပိုမိုများပြားကြောင်း၊ ထို့အပြင် စစ်တွေမြို့ စာသင်ကျောင်းတွင် ဓာတ်ခန်းရုံတစ်ရုံဆောက်လုပ်လိုကြောင်းနှင့် လျှောက်ထားသောအခါ မိမိတို့ထံ၌ ငွေကြေးမရှိသေးဟု အစိုးရက ပြောဆိုလေသည်။

မေမြို့စာသင်ကျောင်း၌မူ ဓာတ်ခန်းရုံဆောက်လုပ်၍ ထားစေလေသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် မျက်နှာလိုက်သည်မည်၏။ အင်္ဂလိပ်-မြန်မာနှစ်ဘာသာကျောင်းများအတွက် မည်သည့်အရာကိုမဆို လို၍တောင်းလျှင် မိမိတို့ထံ၌ ငွေကြေးမရှိသေးဟု အကြိမ်ကြိမ်အဖန်ဖန် ပြန်ကြားခဲ့ဖူးလေသည်။ သို့ရာတွင် မေမြို့၌ ထီးနန်းသဖွယ် (စာသင်ကျောင်း)အဆောက်အအုံကြီးများ ဆောက်လုပ်ရန်အတွက်မူ ၎င်းတို့ထံ၌ ငွေကြေးရှိကြပေသည်"ဟု ဗြိတိသျှနယ်ချဲ့သမားများ၏ ပညာရေးနှင့် ပတ်သက်၍ တစ်ဖက်စောင်းနင်းရှိပုံများကို မဉ္ဇူမတာထုတ်ဖော်ဝေဖန်ထားသည်။ ယင်းတို့၏ ပညာရေးစနစ် ဘက်လိုက်မှုများကို ပေါ်လွင်စေသည်။

## တက္ကသိုလ်ဥပဒေကို အတည်ပြုခြင်း

ဗြိတိသျှနယ်ချဲ့သမားများ ပညာရေးစနစ်ကိုချမှတ်ပြီးသည့်အချိန်မှ ရာစုနှစ်တစ်ဝက်ခန့်အထိ မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခုမျှ မရှိသေး၊ ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်များသာ ရှိသေးသည်။ တက္ကသိုလ် ဖွင့်လှစ်ရေးအတွက် မြန်မာနိုင်ငံရှိ အသင်းအဖွဲ့များက အစဉ်တစိုက် တောင်ဆိုခဲ့ကြသည်။

တစ်ဖက်မှာလည်း ၁၉၂၀-ခုတစ်ဝိုက်တွင် ဆရာတော် ဦးဥတ္တမနှင့် ဝိုင်အမ်ဘီအေခေါင်းဆောင်များ၏ စည်းရုံးလှုံ့ဆော်မှုကြောင့် နိုင်ငံရေးအရှိန်အဟုန်မြင့်မားလျက် ရှိနေသည်။ တစ်ချိန် တည်းမှာ ဗြိတိသျှနယ်ချဲ့သမားများသည် ပထမကမ္ဘာစစ်ဒဏ်ကြောင့် လက်အောက်ခံကိုလိုနီနိုင်ငံများ၏ အငြိုးအငြင်ကို မခံလို။ လက်အောက်ခံ ကိုလိုနီနိုင်ငံများတွင် ပြုပြင်ပြောင်းလဲရေးများ ပြု လုပ်လာရသည်။

ယင်းကြောင့် ၁၉၂၀-ခု၊ ရန်ကုန်တက္ကသိုလ် အက်ဥပဒေ အကြမ်းကို ပညာမင်းကြီး မစ္စတာမတ်ဟန့်ကားသည် မြန်မာနိုင်ငံ ကောင်စီအစည်းအဝေးသို့

၁၉၂၀-ခု၊ ဩဂုတ်လ ၁၂ ရက်တွင် တင်သွင်းသည်။ ယင်းဥပဒေကို မြန်မာပြည်သူ တစ်ရပ်လုံးက ကန့်ကွက်ကြသည်။ သတင်းစာများကလည်း ကန့်ကွက်ရေးသားကြ သည်။ ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ မော်လမြိုင်၊ စစ်တွေအစရှိသော မြို့ကြီးများတွင် အစည်းအဝေးများ ကျင်းပ၍ဆန္ဒပြကြသည်။ ယင်းသို့ ကန့်ကွက်ဆန္ဒပြနေသည့် ကြားမှ မြန်မာနိုင်ငံဘုရင်ခံနှင့် အိန္ဒိယဘုရင်ခံချုပ်တို့ သဘောတူညီချက်ဖြင့် ယင်းဥပဒေကို မြန်မာနိုင်ငံ အစိုးရသည် ၁၉၂၀-ခု၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် အတည်ပြုလိုက်သည်။

## ပညာရေး အံစော်ချက်များ

ယင်းအတည်ပြုလိုက်သော ရန်ကုန်တက္ကသိုလ် အက်ဥပဒေအရ တက္ကသိုလ်မှာ ရန်ကုန်တွင်ရှိရမည်။ ရန်ကုန်မှအပအခြားမြို့များ၌ ကောလိပ် ကျောင်းများမရှိ။ မန္တလေး၊ စစ်တွေ၊ မော်လ မြိုင်၊ ပုသိမ်မြို့များကဲ့သို့ ပညာရေးတွင် ဗဟိုကျသောမြို့များ၌ ကောလိပ်ကျောင်းထားရှိရန် ပြည်သူလူထုက လိုလားသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသော်လည်း တက္ကသိုလ် ပညာကို သင်ကြားခွင့်မရသေး။ တက္ကသိုလ်ပညာကို သင်လိုပါက နောက်ထပ်တစ်နှစ်သင်ရန် (ခွတန်း)ကို ယင်းဥပဒေအရ ထားရှိသည်။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး သူတိုင်း တက္ကသိုလ်ဝင်ခွင့်ပေးရန်လိုလားသည်။ ယင်းအပြင် မြန်မာစာကိုယူ၍ တက္ကသိုလ်စာမေးပွဲကို ဖြေဆိုခွင့်ပြုရန် လိုလားကြသည်။ အစိုးရ ကျောင်းချင်းတူ သော်လည်း အဆင့်အတန်းခွဲခြားမှုကို မလိုလားကြ၊ တန်းတူရည်တူ အခွင့်အရေးကို တောင်းဆိုကြသည်။ ယင်းအပြင် အလွတ်ပညာသင်ကြားသူများအတွက်လည်း စာမေးပွဲရှိသင့်သည်ဟု ယူဆကြသည်။ အောက်ခြေဖြစ်သော အခြေခံပညာရေး စနစ် ကို တိုးတက်စေရန် ဆောင်ရွက်သင့်သည်ဟု ထင်မြင်ကြသည်။

လက်တွေ့အသုံးချနိုင်သော ပညာရေးစနစ်ကို တောင်းဆိုကြသည်။ လက်ရှိပညာရေးစနစ်မှာ အတန်းစာမေးပွဲ အောင်မြင်ရေးကိုသာ အဓိကထား သည်။ ကျောင်းသားတို့၏ ဘဝအခြေအနေ နှင့် မဆီလျော်မအပ်စပ် ဖြစ်နေသည်။ တက္ကသိုလ်ပညာရေးတွင် အသက်မွေးဝမ်းကျောင်းပညာရပ်နှင့် မြန်မာပြည်အတွက် လိုအပ်နေသော သိပ္ပံပညာရပ်ကို အားပေးသင့်သည်။ တက္ကသိုလ်စာမေးပွဲတွင် နှုတ်ဖြေစစ်ဆေးခြင်း၊ ဝိဇ္ဇာသိပ္ပံ ဂုဏ်ထူးတန်းသားများ စာမေးပွဲကိစ္စ၊ ဥပဒေပညာ သင်ကြားရေးကိစ္စ၊ အောင်မြင်ပြီးသော ဘာသာရပ်များကို ထပ်မံဖြေဆိုရန် မလိုဘဲ ကျရှုံးသည့်ဘာသာရပ်များကိုသာ ဖြေဆိုခွင့်ပြုရေးကို အလေးပေးပြီး ပြည်သူများ တောင်းဆိုကြသည်။ သို့ရာတွင် ပြည်သူတို့၏ လိုလားချက်နှင့် မကိုက်ညီသော တက္ကသိုလ်အက်ဥပဒေကို ဗြိတိသျှနယ်ချဲ့သမားများက အတည်ပြုပေးခဲ့သည်။

ယင်းအက်ဥပဒေမှာ ပြည်သူတို့ လိုလားချက်နှင့် မကိုက်ညီသော ပညာရေးအံချော် ချက်များသာ ဖြစ်တော့သည်။

## ကောလိပ်သပိတ်

ယင်းသို့ ပြည်သူတို့မလိုလားသည့် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို အတည်ပြုလိုက်သဖြင့် ဦးဘဦး (B.A အထက်တန်းသံတွဲ) ဦးဆောင်သည့် (၂၆)ဦး ကော်မတီကရှေ့ဆောင်ပြီး ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်တို့ကို ၁၉၂၈ခု၊ ဒီဇင်ဘာလ(၅)ရက်နေ့တွင် သပိတ်မှောက်လိုက်ကြသည်။ ဒီဇင်ဘာလ (၂၃)ရက် နေ့ကို နောက်ဆုံးထား၍ ကျောင်းဝင်ရန်နှင့် ယင်းသို့ဝင်ရောက်ခြင်းမရှိ သူများကို ကျောင်းထုတ်မည်ဟု တက္ကသိုလ်အာဏာပိုင်တို့က ကြေညာသည်။

ဒီဇင်ဘာလ(၂၀)ရက်တွင် သပိတ်မှောက်ကောင်စီကကြီးမှူး၍ ကျောင်း တော်ရာ ရွှေကျင်ကျောင်းတိုက်၌ သပိတ်မှောက် ကျောင်းသားထုက အစည်းအဝေး ကို ကျင်းပသည်။ ယင်းအစည်းအဝေးမှ အာဏာပိုင်တို့က အပြုအမူကို မကျေနပ်၊ ဆန္ဒပြသည့်အနေဖြင့် ကျောင်းဝင်စာရင်းမှ နုတ်ပယ်ရန် ဆုံးဖြတ်အတည်ပြုကြ သည်။ ယင်းသပိတ်မှောက်ကောလိပ်ကျောင်းသားများတွင် အောက်ဖော်ပြပါ ရခိုင် ကျောင်းသားများလည်း ပါဝင်ထောက်ခံ ကြသည်။ ယင်းကျောင်းသားများမှာ-

**B.A အထက်တန်း** ။ ဦးဘဦး(သံတွဲ သပိတ်မှောက်ကျောင်းသားဥက္ကဋ္ဌ)၊ အမျိုးသားကျောင်းဆရာဦးသာနို့(မြူနီစီပယ်)၊ ဦးလှထွန်းအောင် (ဦးလှထွန်းဖြူ M.A, B.L ၏ညီ)၊ ဦးသာနို့(မက်ခေါင်)၊ ဦးရဲကျော်အောင်(သံတွဲ)၊ ဦးသာဒိုးဦး၊ ဦးကျော်ဇ(တောင်ကုတ်)၊ ဦးသာနို့ (တရားသူကြီး)၊ ဦးဖထော်ဦး(Bar at Law)၊ ဦးအောင် ထွန်းဦး (ဆရာဝန်ဦးစောမြ အောင်၏အစ်ကို)။

**B.Sc အထက်တန်း** ။ ဦးဘရှင် (B.E., Eng)၊ ဦးကျော်မြ (ရှေ့နေ)၊ ဦးစောဦး (စဥ့်အိုးတန်း)။

**B.A အောက်တန်း** ။ ဦးသာနို့အောင် (ရှေ့နေ)၊ (အမျိုးသား ကျောင်းဆရာ) ဦးသာဒိုး၊ ဦးသာထွန်း အောင် (မြို့ဟောင်းမြို့အုပ်)။

**B.Sc အောက်တန်း** ။ ဦးထွန်းအောင်ဇံ (စက်ရှင်တရားသူကြီး)၊ ဦးစံသာ။

**I.A အထက်တန်း** ။ ဦးရွှေထွန်း (အမျိုးသားကျောင်းဆရာ)၊ ဦးလှအောင်၊ ဦးသာနို့ (အမျိုးသားကျောင်း ဆရာ)၊ ဦးလှထွန်းကျော် (အိုင်စီအက်-ဦးကျော်ခင်၏အစ်ကို)၊ ဦးသာကျော်

အောင်(ကျောက်တော်)၊ ဦးကျော်မင်း(ဘီလူး)၊ ဦးလှဖော်ဇံ(လယ်ယာစိုက်ပျိုးရေး)၊ ဦးမောင်မြဦး (ရခိုင်ကောလိပ်ကျောင်းသားများ သပိတ်မှောက်ရေးကို အဓိကလှုံ့ဆော်သူ၊ စစ်တွေအမျိုးသားကျောင်း ပထမဆုံး ကျောင်းအုပ်)။

**I.Sc, အထက်တန်း** ။ ဦးမောင်ဘု (အမျိုးသားကျောင်းဆရာ)၊ ဦးအေးချမ်း (အမျိုးသားကျောင်းဆရာ၊ ရှေ့နေ)၊ ဦးမောင်မြအောင်၊ ဦးအလန်(အင်းစိန် အင်ဂျင်နီယာကျောင်းအုပ်)၊ ဦးဖိုးညွန့်(ပက္ကပ်စု)။

**I.A အောက်တန်း** ။ ဦးစောလှ(အမျိုးသားကျောင်းဆရာ၊ ရှေ့နေ)၊ ဦးဖိုးမြစိန် (အမျိုးသားကျောင်းဆရာ၊စစ်တွေအစိုးရ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး)။

**I.Sc အောက်တန်း** ။ ဦးစံထွန်းအောင် (အမျိုးသားကျောင်းဆရာ၊ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးမင်းကြီး)၊ ဦးစံထွန်းဦး၊ ဦးစိန်ညိုထွန်း(I.C.S)

## ယုဒသန်ကောလိပ်

**I.A အောက်တန်း** ။ ဦးစံထွန်းအောင်၊ ဦးကျော်ဦး (ရှေ့နေ)တို့ ဖြစ်ပါသည်။

# စစ်တွေကျောင်းသားသပိတ်

၁၉၂၀-ခု ကျောင်းသားသပိတ်မှာ ရန်ကုန်ကောလိပ်နှင့်ယုဒသန်ကောလိပ်ကျောင်းသားများ အရေးသာမက မြန်မာတစ်နိုင်ငံလုံး ကျောင်းသားများ၏အရေးဖြစ်သည်။ ကျောင်းသားထုတစ်ရပ်လုံး၏ လက်ငင်းခံစားနေရသော အရေးကိစ္စ ဖြစ်သည်။ မြန်မာပြည်အနှံ့ ကျောင်းသားများသည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ကြသည်။ သပိတ်မှောက်ကြသည်။

ရခိုင်တစ်ပြည်လုံးတွင် ယင်းအချိန်က အင်္ဂလိပ်မြန်မာ အထက်တန်းကျောင်း တစ်ကျောင်းတည်းသာရှိသည်။ ဗြိတိသျှ နယ်ချဲ့သမားများ၏ ပညာရေးစနစ်အောက်တွင် ဖိနှိပ်မှုအမျိုးမျိုးကို ခံစားနေရသည်။ ကောလိပ်သပိတ်သည် မိမိတို့ခံစားချက်နှင့် တသားတည်းဖြစ်သည်။

ယင်းကြောင့် ဦးအောင်ထွန်းဦး (စစ်တွေအမျိုးသားကျောင်းဆရာ၊ ကျောက်တော်အမျိုးသား ကျောင်းဆရာကြီး ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး ခေါင်းဆောင်)၊ ဦးစံအောင်၊ ဦးညိုဘူး၊ ဦးအောင်ကျော်ဦးစသည့်

ကျောင်းသားခေါင်းဆောင်များ ဦးဆောင်ပြီး ကောလိပ်သပိတ်ကို ထောက်ခံသည့် အနေဖြင့် စစ်တွေအထက်တန်းကျောင်းကို သပိတ်မှောက်လိုက်ကြသည်။ ဤသည်မှာ သမိုင်းပေးတာဝန်ကို ဦးလည်မသုန်ထမ်းဆောင်လိုက်ခြင်း ဖြစ်သည်။ စစ်တွေ အစိုးရကျောင်း၏ သမိုင်းမှတ်တိုင်ကို စိုက်ထူ လိုက်ခြင်း ဖြစ်သည်။

ကောလိပ်ကျောင်း သပိတ်မှောက်ပြီး တစ်ပတ်ခန့်အကြာမှာ စစ်တွေ အစိုးရကျောင်းသားများသည် သပိတ်လက်နက်ကို ဆွဲကိုင်ပြီး ဗြိတိသျှနယ်ချဲ့သမားများ၏ ပညာရေးစနစ်ကို ဆန့်ကျင်လိုက်ခြင်းဖြစ်သည်။ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးရင်ပြင်ကို သပိတ်စခန်းအဖြစ် အသုံးပြုကြသည်။ ယင်းသပိတ်ကို မြို့မိမြို့ဖများက ထောက်ခံအားပေးကြသည်။ စားရေး၊ သောက်ရေး ကိစ္စအဝဝကို ကူညီကြသည်။ ထောက်ပံ့ကြသည်။

ယင်းအားပေးထောက်ခံမှုသည် သပိတ်ခေါင်းဆောင်များ၏ စွမ်းအားကို ထက်မြက်စေသည်။ ကောလိပ်သပိတ်မှောက် ကျောင်းသားများလည်း ပူးပေါင်းအားဖြည့်ကြသည်။ ကျောင်းသားအားလုံးသည် ကျောင်းမှအပြီးအပိုင် သပိတ်မှောက် ထွက်လာသူများဖြစ်သည်။ အစိုးရနှင့်အစိုးရအထောက်အပံ့ခံ ကျောင်းများသို့ မည်သည့်အခါမှ ပြန်မတက်ရန် ဆုံးဖြတ်ကြပြီးဖြစ်သည်။

## အမျိုးသားကျောင်း တည်ထောင်ခြင်း

မြန်မာတစ်ပြည်လုံး သပိတ်မှောက်ထားကြသော မြို့နယ်အသီးသီးရှိ ကျောင်းသားများနှင့် မိဘပြည်သူများသည် မိမိတို့အင်အားဖြင့် တိုင်းရင်းသားကျောင်းများ အမြန်ပေါ်ပေါက်အောင် ကြိုးစားအားထုတ်ကြသည်။ စစ်တွေမှလည်း ကျောင်းသားခေါင်းဆောင်များနှင့် မိဘပြည်သူများသည် သပိတ်မှောက်ကျောင်းသား၏ ပညာရေးကို စီစဉ်ရသည်။ စာသင်မပျက်စေရန် အမျိုးသားကျောင်းကို တည်ထောင်ကြသည်။

သဃ်ရာဇာကျောင်း၊ ပညာလင်္ကာရကျောင်းနှင့် ရွှေစေတီဘုန်းကြီးကျောင်းများတွင် စာသင်ခန်းများအဖြစ် ယာယီဖွင့်လှစ်ထားကြရသည်။ ကျောင်းရုံးခန်းကို ရွှေစေတီဘုန်းကြီးကျောင်းမှာ ထားရှိသည်။ ကောလိပ်ကျောင်းသား ဘွိုင်ကော့တာများက (BoyCotters) ဝင်ရောက်ကူညီသင်ကြားပေးကြသည်။

ကျောင်းအုပ်ဆရာကြီးအဖြစ် ဘွိုင်ကော့တာ ဦးမောင်မြဦး* (IA အထက်တန်း)က ဆောင်ရွက်သည်။ ကျောင်းစတင်ဖွင့်က (၈)တန်းမှ (၁၀)တန်း

---

*** အမျိုးသားကျောင်း၏ ကျောင်းအုပ်ကြီးမှာ ဦးထွန်းအောင်ဖြစ်သည်ဟု စာရေးသူ၏ စစ်တွေမြို့ သမိုင်းအကျဉ်း (၁၈-၄-၁၉၄၇အထိ)တွင် ဖော်ပြဖူးပါသည်။ အမှန်မှာ ဘွိုင်ကော့တာ ဦးမောင်မြဦး (IA အထက်တန်း) ဖြစ်ပါသည်။**

အထိ ဖွင့်လှစ်သည်။ နောက်ပိုင်းတွင် သူငယ်တန်းမှ (၁၀)တန်းအထိ ထားရှိသည်။ ကျောင်းဆရာများမှာ ကောလိပ်ကျောင်းသား ဘွဲ့ကြိုကော့တာများနှင့် အထက်တန်းကျောင်း သပိတ်မှောက်ခေါင်းဆောင်များဖြစ်သည်။ ကျောင်းဖွင့်ပြီး မကြာမီ ကျောင်းသားဦးရေ(၇၀၀)အထိ ဖြစ်လာသည်။ ကျောင်းဖြစ်မြောက်ရေးအတွက် မြို့မိမြို့ဖများက ငွေ၊ လူ၊ စိတ်ဓာတ်အဖက် ဖက်မှ ကူညီအားပေးကြသည်။ ရဟန်းသံဃာတော်များကလည်း မိမိတို့ကျောင်းများကို စာသင်ခန်းအဖြစ် ကြည်ဖြူစွာ အသုံးပြုခွင့် ပေးကြသည်။ ယင်းကြောင့် ၁၉၂၁-ခု ဇွန်လအတွင်းမှာ စစ်တွေ အမျိုးသားကျောင်းကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ကြသည်။

## ကိုယ်စားလှယ် စေလွှတ်ခြင်း

မြန်မာပြည်တစ်ပြည်လုံးရှိ အစိုးရကျောင်းသားများသည် ကောလိပ်ကျောင်းသပိတ်ကိုထောက်ခံပြီး သပိတ်မှောက်ကြသည်။ မိဘပြည်သူများ၏ အားပေးထောက်ခံမှုဖြင့် အမျိုးသားကျောင်းများကို တည်ထောင်ကြသည်။ သပိတ်မှောက်ကျောင်းသားများ တစ်စည်းတစ်လုံးတည်းရှိဖို့ ယင်းအချိန်အခါတွင် လိုအပ်နေသည်။ ယင်းကြောင့် ၁၉၂၁-ခု ဧပြီလ၊ (၁၀)ရက် တနင်္ဂနွေနေ့တွင် ဗမာနိုင်ငံလုံးဆိုင်ရာ သပိတ်မှောက်ကျောင်းသားကြီးများ (All Burma Senior Boy cotter's Conference) ညီလာခံကို ရန်ကုန်မြို့တွင်ကျင်းပသည်။ စစ်တွေ သပိတ်မှောက်ကျောင်းသားများ၏ ကိုယ်စားလှယ်အဖြစ် ဦးအောင်ထွန်းဦး (စစ်တွေ အစိုးရ အထက်တန်းကျောင်း သပိတ်မှောက် ကျောင်းသားခေါင်းဆောင်၊ စစ်တွေ အမျိုးသားကျောင်းဆရာ၊ ကျောက်တော် အမျိုးသားကျောင်းဆရာကြီး၊ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးခေါင်းဆောင်) ဦးစံအောင် ဦးစံထွန်းအောင် (I.Sc အောက်တန်း)တို့ ယင်းညီလာခံ သို့ တက်ရောက်ခဲ့ကြသည်။

ယင်းညီလာခံမှ ဆုံးဖြတ်ချက် ၁၅-ချက်ကို ချမှတ်ကြသည်။ အမျိုးသားကျောင်းဆရာများအရေး အစိုးရထံမှ နှစ်စဉ်သုံးစွဲနေသော ဘဏ္ဍာငွေမှ အချိုးကျရရှိရေး၊ ရန်ကုန်တက္ကသိုလ် သပိတ်မှောက်ကျောင်းသားများ သမဂ္ဂဖွဲ့စည်းပုံ စည်းမျဉ်းရေးဆွဲ၍ ပြန်လည်ဖွဲ့စည်းရန်၊ ကျောင်းသုံးစာအုပ်နှင့် အခြားသင့်လျော်သော စာအုပ်များပုံနှိပ်ရောင်းချရန်၊ တန်ဆောင်မုန်းလဆုတ် (၁၀)ရက်နေ့ကို အမျိုးသားကျောင်းများ၊ အမျိုးသားကောလိပ်များ၏ ကျောင်းပိတ်ရက် သတ်မှတ်ရန်၊ သပိတ်မှောက်အရေးတော်ပုံအမျိုးမျိုး နှောက်ယှက်ဟန့်တားမှုများကို ကျူးလွန်သည့် ဗမာနိုင်ငံအစိုးရအား ပြင်းထန်စွာ ကန့်ကွက်ကြောင်း၊ ဒေသန္တရအရာရှိများ၏ နှောက်ယှက်မှုများသည် ဗမာနိုင်ငံအစိုးရနှင့် ပြည်သူများဆက်ဆံရေး အထင်အမြင်လွဲမှားစေနိုင်သဖြင့် ယင်းအပြုအမူမျိုး ဆက် မလုပ်ရန်၊ ဆရာတော် ဦးဥတ္တမ၏

စွမ်းဆောင်မှုများကို မှတ်တမ်းတင်ရန် စသည့်ဆုံးဖြတ်ချက်၊ ကန့်ကွက်ချက်၊ မှတ်တမ်းတင်ခြင်းများကို ညီလာခံမှချမှတ်ခဲ့ကြသည်။

အမျိုးသားကျောင်းများ သပိတ်မှောက်ကျောင်းသားများ၏ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးခဲ့ကြသည်။ ယင်းသပိတ်မှောက် ကျောင်းသားကြီးများ၏ ညီလာခံသည် အမျိုးသားပညာရေးအောင်လံကို မြင့်မားစွာလွှင့်ထူပေးခဲ့သည့် ညီလာခံတစ်ရပ်ဖြစ်သည်။ မြန်မာပြည်တစ်ပြည်လုံးရှိ ကျောင်းသားများ၏ တစ်သားတည်း စည်းရုံးညီညွတ်မှုကို ရရှိခဲ့ပေသည်။

## ကျောင်းအုပ်ချုပ်ရေး ကော်မတီ

စစ်တွေအစိုးရအထက်တန်းကျောင်း သပိတ်မှောက်ကျောင်းသားများ စာသင်ချိန် မပျက်ရေးအတွက် စာသင်ခန်းများကို ယာယီအားဖြင့် ဘုန်းကြီးကျောင်းများတွင် ဖွင့်လှစ်ထားပြီးဖြစ်သည်။ ရေရှည်တွင် ငွေရေးကြေးရေးကိစ္စ၊ ကျောင်းအဆောက်အအုံများကိစ္စ၊ ဆရာများထောက်ပံ့ကြေး၊ စည်းကမ်းထိန်းသိမ်းရေးကျောင်း စီမံအုပ်ချုပ်ရေးအတွက် စီစဉ်အုပ်ချုပ်ရန် အဖွဲ့အစည်းတစ်ရပ် လိုအပ်လာသည်။

ယင်းကြောင့် စစ်တွေအမျိုးသားကျောင်းအုပ်ချုပ်ရေးကို မြို့မိ မြို့ဖများ၊ မြို့မျက်နှာဖုံး လူကြီးများ ပါဝင်သည့် ကျောင်းအုပ်ချုပ်ရေး ကော်မတီတွင် ဦးအိုး၊ ဦးရွှေသာ၊ ဦးဇော်ဂေါင်၊ ဦးမောင်သာ ထွန်း၊ ဦးထွန်းအောင်၊ ဦးမောင်မြထွန်း၊ ဦးစောလှအောင်နှင့် အမျိုးသားကျောင်းဆရာများ ပါဝင်သည်။ ယင်းကော်မတီသည် ကျောင်းအဆောက်အအုံရရှိရေး၊ ဆရာများ လစာပေးရေးစည်းကမ်း ထိန်းသိမ်းရေးစသည့်ကိစ္စရပ်များကို ဆောင်ရွက်ကြသည်။

## ကျောင်းရန်ပုံငွေ ရှာဖွေခြင်း

သဃ်္ဃရာဇာ၊ ပညာလင်္ကာရနှင့် ရွှေစေတီကျောင်းများတွင် ရေရှည်အားဖြင့် စာသင်ခန်းများထား၍ မဖြစ်၊ ကျောင်းအဆောက် အအုံတစ်ခုခု ရရှိရန်လိုသည်။ တစ်ဖက်မှာလည်း ကျောင်းပရိဘောဂနှင့် ဆရာများအတွက် ထောက်ပံ့ရန် ငွေကြေးလိုအပ်လာသည်။ ယင်းကြောင့် ကျောင်းရံပုံငွေရရှိရေးအတွက် ကပွဲတစ်ရပ်ကို စစ်တွေမြို့ရှိ JACCOB ရုပ်ရှင်ရုံတွင် ပြုလုပ်သည်။ ယင်းကပွဲမှာ အမျိုးသားကျောင်းကို လူမျိုးပေါင်းစုံက အားပေးထောက်ခံကြောင်း သရုပ်ဖော်ကပြကြသည်။ ဦးစံထွန်းအောင် (အမျိုးသားကျောင်းဆရာ၊ ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးမင်းကြီးက) ဗမာအမျိုးသား၊ ဦးညိုဘူးက တရုတ်အဖြစ် သရုပ်ဆောင်သည်။ ဦးအောင်ကျော်ဦး (သပိတ်မှောက်ကျောင်းသားခေါင်းဆောင်)က ရခိုင်အမျိုးသား

အဖြစ် သရုပ်ဆောင်သည်။ ဦးဖိုးအေး၊ ဦးကျော်ထွန်း စသည်တို့က ပွဲကြည့် ပရိသတ်များအား ဘားကွမ်းဖြင့် ပါဝင်ကူညီဖျော်ဖြေပေးကြသည်။ စစ်တွေမြို့လုံး ကျွတ် ရုံပြည့်အောင် လာရောက်ကြည့်ရှုအားပေးကြသည်။ ယင်းကပွဲမှ ရရှိသော ငွေဖြင့် စစ်တွေမြို့ ပြည်လုံးချမ်းသာဘုရားကြီး၏ အနောက်စက်ရုံလမ်းနှင့် ဦးဥတ္တမ လမ်းထောင့်၊ ယခုတောင်တန်းသာသနာပြုကျောင်းနေရာတွင် ဝါးကျောင်းကို ယာယီကျောင်းအဖြစ် ဆောက်လုပ်ကြသည်။ ဝါးကျောင်းဆောက်ပြီး တစ်နှစ်ခွဲခန့် ကြာမှ အုတ်ခံအထက်ထပ် သစ်သားအဆောက်အအုံကို ဆောက်လုပ်ပြီးစီးသည်။ ယင်းအပြင် စစ်တွေမြို့ပေါ်ရှိ ငွေကြေးတတ်နိုင်သူများနှင့် စေတနာရှင်များက တတ်အားသရွေ့ အမျိုးသားကျောင်းရံပုံငွေအတွက် စိတ်အားထက်သန်စွာထည့်ဝင် လှူဒါန်းကြသည်။ အစည်းအဝေးများပြုလုပ်ကာ အမျိုးသားကျောင်း တည်ထောင် ရန် ဆုံးဖြတ်ပြီး အမျိုးသားပညာရေး ရန်ပုံငွေအတွက် အောက်ပါအတိုင်း ထည့်လှူ ကြသည်။

"ဦးရဲကျော်သူ၏သား ဝတ်လုံတော်ရရှေ့နေ ဦးရွှေသာ ကျပ် ၂၀၀၀ဝိ၊ ဦးပေါ်ထွန်းအောင်၏သား ဝတ်လုံတော်ရ ရှေ့နေဦးသတိုး ကျပ် ၁၀၀၀ဝိ၊ ဦးပေါ်ထွန်းအောင်၏သား ကုန်သည်ကြီး သူကောင်းပြုရာဇဝတ်တရားသူကြီး ဦးထွန်းပေါ် ကျပ် ၁၀၀၀ဝိ နှင့် အခြားထည့်ဝင်သူများ အရပ်ရပ်စာရင်းပေါင်း တစ်သိန်းငါးသောင်းကျော် လက်ငင်းစာရင်းပေါက် ရရှိလေသည်" ဟု ၁၉၂၁-ခု ဇန်နဝါရီလ (၁၈)ရက်ထုတ် သူရိယနေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းသို့ အမျိုးသားပညာရေးအတွက် အားတက်သရော ကူညီအား ပေးကြသည်မှာ ယင်းအချိန်အခါက ခေတ်အခြေအနေကို မီးမောင်းထိုးပြလိုက် ခြင်း ဖြစ်သည်။

ယင်းသို့အမျိုးသားကျောင်းအတွက် အလှူငွေထည့်ဝင်ငွေများအပြင် ရေရှည်အတွက်လည်း ကျောင်းအုပ်ချုပ်ရေးကော်မတီဝင်များက ဆောင်ရွက်ကြရ သေးသည်။ ကျောင်းရန်ပုံငွေ အမြဲတမ်းဖြည့်တင်းရန် အဖိတ်နေ့တိုင်း အမျိုးသား ကျောင်းဆရာများနှင့် ကျောင်းအုပ်ချုပ်ရေး ကော်မတီလူကြီးများသည် စစ်တွေ တစ်မြို့လုံးသို့ အလှူခံထွက်ကြရသည်။ အချို့အိမ်များက အလှူငွေရက် ရက်ရော ရော ထည့်ဝင်ကြသည်။ အချို့ကလည်း မခံနိုင်လောက်သော စကားဖြင့် အလှူ ကောက်ခံသူများအား ပြောဆိုပြုမူကြသည်။ သို့ရာတွင် စဉ်ဆက်မပြတ် အဖိတ်နေ့ တိုင်း အလှူခံထွက်ခဲ့ကြသည်။ ယင်းသို့ ရန်ပုံငွေကို မြို့မိမြို့ဖများက တတ်သရွေ့ ကူညီအားပေး ခဲ့ကြသော်လည်း ရန်ပုံငွေမှာ လုံလောက်ပြည့်စုံမှု မရှိခဲ့သဖြင့် ဆရာ များ၏လစာများမှာ ပြည့်ပြည့်စုံစုံ ရရှိခြင်း မရှိခဲ့ပေ။

## ကျောင်းအဆောက်အအုံများ

စစ်တွေအမျိုးသားကျောင်းဖွင့်စတွင် ဘုန်းကြီးကျောင်းများမှ အစပြုခဲ့ရသည်။ ယင်းနောက် ယခုတောင်တန်းသာသနာပြုကျောင်းတည်ရာနေရာကို မြို့လူထုကဝယ်ယူပြီး ယာယီဝါးကျောင်းကို ဆောက်လုပ်ကြသည်။ ကျောင်းအဆောက်အအုံပုံမှာ အင်္ဂလိပ် အက္ခရာ (L)ပုံ ဖြစ်သည်။ ကျောင်း၏မျက်နှာစာသည် စက်ရုံလမ်းအတိုင်း တောင်-မြောက်တန်းနေပြီး အရှေ့ဘက်သို့ မျက်နှာမူထားသည်။ အနောက်မျက်နှာစာမှာ ဦးဥတ္တမလမ်းအတိုင်း အရှေ့အနောက် တန်းနေပြီး မြောက်ဘက်သို့ မျက်နှာမူထားသည်။ ဝါးကျောင်းဆောက်လုပ်ပြီး တစ်နှစ်ခွဲခန့်ကြာမှ အောက်မှ အုတ်ခံ၊ အထက်မှ ပျဉ်စီပျဉ်ထောင်နှင့် နှစ်ထပ်ကျောင်းကို ဆောက်လုပ်သည်။ ယင်းအဆောက်အအုံကို ဦးဇော်ဂေါက ဦးဆောင်လုပ်သည်။ ဆောက်လုပ်ခ မယူဟု သိရသည်။ ကျောင်းအဆောက်အအုံလမ်းတစ်ဖက် (ဦးဥတ္တမလမ်းတစ်ဖက်)မှာ ကျောင်းအိပ်ကျောင်းစားများ၏ အဆောက်အအုံ ရှိသည်။ ပျဉ်ထောင်အဆောက်အအုံဖြစ်ပြီး ကျောင်းအိပ်ကျောင်းစား (၂၀)ခန့် ရှိသည်။

## အမျိုးသားကျောင်းဆရာများ

စစ်တွေအမျိုးသားကျောင်း၏ ပထမဆုံးကျောင်းအုပ်မှာ ဦးမောင်မြဦး ဖြစ်သည်။ ဦးစိန်ထွန်းအောင်လည်း ကျောင်းအုပ်အဖြစ်ဆောင်ရွက်ခဲ့သည်။ ယင်းနောက် ဦးထွန်းအောင် (ရှေ့နေ၊ မင်း တိုင်ပင်အမတ်)က ဆောင်ရွက်သည်။ မစ္စတာ ဇော်နဒင် (Mr. Zau Nuddin) မှာ ဒုတိယကျောင်းအုပ် ဖြစ်သည်။

အိန္ဒိယအမျိုးသားကျောင်းသားများနှင့် ဆက်ဆံရေးအဆင်ပြေရန် အတွက် မစ္စတာဇော်နဒင်အား ယင်းတာဝန်ကို ပေးခြင်းဖြစ်သည်။ စည်းရုံးရေး အတွက်လည်း ဖြစ်သည်။ ယင်းအပြင် ကျောင်းအုပ် ဦးထွန်းအောင် မင်းတိုင်ပင် အစည်းအဝေးသို့ တက် ရောက်နေချိန်တွင် ကျောင်းကို တာဝန်ယူ အုပ်ချုပ်ရသည်။ သူငယ် တန်းမှ (၁၀)တန်းအထိ ပြသသည့်ဆရာ (၂၄-၂၅)ယောက်ခန့် ရှိသည်။

ယင်းဆရာများမှာ ဦးမောင်သာနို၊ ဦးရွှေထွန်း၊ ဦးသာထွန်းအောင်၊ ဦးအောင်သာဦး (သမိုင်းသုတေသီ)၊ ဦးဖိုးမြစိန် (စစ်တွေအစိုးရအထက်တန်း ကျောင်း ကျောင်းအုပ်ဆရာကြီး)၊ ဦးစံထွန်းအောင် (ဘိုဒိန်ဆရာ၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး မင်းကြီး)၊ ဆရာဦးကျော်ဇံ၊ ဦးသာကျော်၊ ဦးအသိပ်၊ ဦးအောင်ကျော်ဦး၊ ဦးအောင်ထွန်းဦး (ကျောက်တော်အမျိုးသားကျောင်းဆရာကြီး)၊ ရှေ့နေဦးအောင်ထွန်းဦး၊ ဦးမောင်သာနို၊ ရှေ့နေဦးအေးချမ်း၊ ရှေ့နေဦးစောလှ၊

ဦးမောင်ရွှေသာ(လယ်ယာစိုက်ပျိုးရေးဝန်)၊ ရွှေနေ ဦးသာနို့အောင်၊ ဦးနီအောင်ဖြူ ဦးမောင်လုံး၊ ဦးအောင်ဘုနှင့် ဆရာယာဆိန်းတို့ ဖြစ်ကြသည်။

ကျောင်းအိပ်ကျောင်းစား ကျောင်းသားများကို တာဝန်ယူ အုပ်ချုပ်ရသော ဘိုဒိန်ဆရာများအဖြစ် ဦးစံထွန်းအောင်၊ ဦးအောင် ကျော်ဦး၊ ရမ်းဗြဲမှ ဦးယာဆင်း၊ ဦးလှဖြူသန်း၊ ဦးစိန်လှအောင် (ဌာနအုပ်)၊ ဦးထွန်းသာဝေ (လူဝင်မှုဌာန)တို့က ဆောင်ရွက်ခဲ့ကြသည်။

ဆရာများ၏လစာမှာ အတိအကျသတ်မှတ်ထားချက်မရှိ၊ ကောက်ခံရရှိသော ရန်ပုံငွေကို ကျောင်းဆရာများက အညီအမျှ ခွဲဝေယူကြသည်။ အစိုးရထံမှ အထောက်အပံ့ယူပြီးသည့်နောက်တွင် ဆရာတစ်ဦးလျှင် (၂၀ဝိ) ရသည်ဟု ဆိုရသော်လည်း အပြည့် အဝရသည်ဟု မရှိခဲ့။ သတ်မှတ်နှုန်း၏ သုံးပုံနှစ်ပုံခန့်သာ လစာအဖြစ် ရရှိသည်။ ကျန်ငွေကို လျော့ပစ်ရသည်။ အထောက်အပံ့ မယူမီကဆိုလျှင် ဆရာတစ်ဦးလျှင် (၃ဝိ) ဖြစ်သည်။ ဆရာကြီး၏ လစာမှာ (၃၀ဝိ) ဖြစ်သည်။

## ကျောင်းသားစာမေးပွဲနှင့် ကျောင်းလခ

စစ်တွေမြို့ခံ ကျောင်းသားများနှင့် နယ်မှလာရောက် သင်ကြားကြသည့် ကျောင်းသားများရှိသည်။ နယ်မှလာနေကြသော ကျောင်းသားများမှာ ကျောင်းအိပ်ကျောင်းစားနေကြသည့်အပြင် အသိမိတ်ဆွေ၊ ဆွေမျိုးများ အိမ်တွင်နေပြီး တက်ကြသည့် ကျောင်းသားများလည်း ရှိကြသည်။ ကျောင်းဖွင့်စက ကျောင်းသား (၇၀၀) ခန့် ရှိသည်။ ဒုတိယကမ္ဘာစစ် ဖြစ်ခါနီးတွင် ကျောင်းသား (၄၀၀) ခန့်သာ ရှိတော့သည်။ သူငယ်တန်းမှ (၁၀)တန်းအထိရှိသည်။ (၇)တန်းနှင့်(၁၀)တန်း စာမေးပွဲများကို အမျိုးသားပညာရေးအဖွဲ့ချုပ်က မတ်လတွင် စာမေးပွဲများကို ကြီးကြပ်ကျင်းပသည်။ ကျန်အတန်းများကို ကျောင်းစစ်စာမေးပွဲအဖြစ် စစ်ဆေးကြသည်။ ကျောင်းလခကို အတိအကျမည်ရွေ့မည်မျှ သတ်မှတ်ခဲ့သည်ကို မသိရ။ သို့ရာတွင် ဆင်းရဲနွမ်းပါးသူများအား ကျောင်းလခ လွတ်ငြိမ်းခွင့် ပြုခဲ့ကြောင်း သိရသည်။

ကျောင်းစတင်ဖွင့်လှစ်သည့် ၁၉၂၁-ခု ဇွန်လမှ ဒုတိယကမ္ဘာ စစ်ဖြစ်ပွားလာသည်အထိ ကျောင်းသက်တမ်းမှာ (၂၀)နှစ်ခန့် ရှိ သည်။ ယင်း (၂၀)နှစ်အတွင်း ကျောင်းသားဦးရေ တစ်နှစ်ပျမ်းမျှ (၅၀၀)ဦးနှင့်တွက်လျှင် ကျောင်းသားတစ်သောင်းခန့်ကို ပညာသင်ကြားပေးနိုင်ခဲ့သည်။ အမျိုးသားပညာရေးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ အမျိုးသားကျောင်းသည် နယ်ချဲ့ဆန့်ကျင်ရေး၊ ကိုလိုနီပညာရေးကို ဆန့်ကျင်ရာမှပေါ်လာသောကျောင်းဖြစ်သည်။

ကျောင်းရှိ ဆရာများသည်လည်းကောင်း၊ ကျောင်းသားများသည်လည်းကောင်း နယ်ချဲ့အင်္ဂလိပ်ကို ခါးသီးစွာ ရွံရှာမုန်းတီးသူများ ဖြစ်ကြသည်။ နောင်အခါ နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုဖြစ်လာမည့် အမြုတေများကို ဤကျောင်းမှ မွေးထုတ်ပေးလိုက်သည်ဆိုက မှားမည်မထင်ပါ။

စစ်တွေအမျိုးသားကျောင်းမှ ပညာသင်ကြားမွေးထုတ်ပေးလိုက်သည့် ကျောင်းသားတစ်သောင်းကျော်တွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များလည်းပါဝင်ပေသည်။ ယင်းတို့မှာ-

ဆရာဝန်ဦးကျော်ဖလှ၊ ဆရာဝန် ဦးကျော်ဒင်၊ ဦးကျော်နု (နိုင်ငံဂုဏ်ရည် ဒုတိယအဆင့်)၊ ဦးလှကျော်ဖြူ (ဒု-ညွှန်ချုပ်၊ စာတိုက်နှင့်ကြေးနန်းဌာန)၊ ဦးကြိုင်သာအောင် (နယ်ပိုင်)၊ မျိုးချစ် ဦးကျော်ဦး၊ ဆရာဝန် ဦးကျော်လှ၊ ဦးကျော်ထွန်း (အတွင်းဝန်)၊ ဦးကျော်ဇံဦး (တရားလွှတ်တော်ချုပ် တရားသူကြီး)၊ ဦးစောသာ (အတွင်းဝန်)၊ ဆရာဝန် ဦးစံထွန်းအောင်၊ ဦးစော (မန္တလေးရဲ ကျောင်း)၊ ဆရာဝန် ဦးဖိုးသိန်း၊ ဦးရွှေမြ (I.C.S အတွင်းဝန်ချုပ်)၊ ဦးလှဖော်သူ (ပညာအုပ်)၊ ဦးသာကျော် (နိုင်ငံတော်ကောင်စီဝင် နိုင်ငံဂုဏ်ရည် ပထမအဆင့်)၊ ဦးသာကျော် (ဘုံပေါက်၊ နိုင်ငံဂုဏ်ရည်ဒုတိယအဆင့်)၊ ဦးဘကျော် (ဗဟိုတရားရုံးရှေ့နေ)၊ ဦးဦးသာကျော် (ပါမောက္ခချုပ်၊ ပညာရေးတက္ကသိုလ်)၊ ဦးသာဇံ (အငြိမ်းစား စက်ရှင်တရားသူကြီး)၊ ဒုတိယဗိုလ်မှူးကြီး အောင်ဇံ(အမှတ်-၂ စစ်ဆေးရုံအုပ်ကြီး)၊ ဦးဦးမောင် (တိုင်းတရားသူကြီး)၊ ဆရာဦးအောင်ဘန်း စသည်တို့ ဖြစ်ကြသည်။

## မစ္စတာနေရှူးနှင့် အိန္ဒိရာဂန္ဒီ ရောက်ရှိခြင်း

စစ်တွေအမျိုးသားကျောင်းသို့ နိုင်ငံရေးခေါင်းဆောင်များ မကြာခဏ ရောက်ရှိကြသည်။ အမျိုးသားလွတ်မြောက်ရေးကိစ္စများအတွက် ဖြစ်သည်။ အိန္ဒိယ ကွန်ဂရက်ခေါင်းဆောင် မစ္စတာနေရှူးနှင့် သမီးအိန္ဒိရာဂန္ဒီတို့သည် အမျိုးသား ပညာရေးနှင့် အမျိုးသားလွတ်မြောက်ရေးအင်အားစုများစုစည်းရာ စစ်တွေအမျိုးသားကျောင်းသို့ ဝင်ရောက်လည်ပတ်သည်။ ယင်းသို့ ရောက်ရှိလာသော မစ္စတာနေရှူးအား နိုင်ငံတကာအရေးအခင်း၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု၊ အမျိုးသားကျောင်းအပေါ် ထင်မြင်ချက်၊ ဘင်္ဂလားနယ်ရှိ ရခိုင်အမျိုးသားရေး၊ တိုးတက်လာသည့် သိပ္ပံပညာနှင့် ပတ်သက်သည့် မေးခွန်းပေါင်း (၁၀)ကျော်ကို မေးမြန်းကြသည်။ မစ္စတာနေရှူးက အမျိုးသားကျောင်း တည်တံ့ရေးအတွက် ကြိုးစားသင့်ကြောင်းများကို ပြောပြသည်။ ဘင်္ဂလားနယ်ရှိ ရခိုင်အမျိုးသားများကို ကူညီစောင့်ရှောက်သွားမည် ဖြစ်သည်။ ယခု အချိန်မှာ သိပ္ပံပညာ တိုးတက်နေသည်။ လူသတ်လက်နက်များ ထွန်းကာလာသည်။ လူသားများ အကျိုးရှိအောင် သိပ္ပံပညာကို အသုံးပြုသင့်ကြောင်းများကို ဖြေကြားခဲ့သည်။

## ကျောင်းပိတ်လိုက်ရခြင်း

စစ်တွေအမျိုးသားကျောင်းကို ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီး ၁၉၄၁-ခုနှစ် အကုန်ထိ ဖွင့်လှစ်ခဲ့သည်။ အမှတ်(၁၅)ဂျပန်တပ်မတော်၏ အုပ်ချုပ်မှုအောက်တွင်ရှိသော ဗိုလ်ရန်အောင် ဦးဆောင်သည့် ရခိုင်ချီ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ၊ အိုင်၊ အေ)က ၁၉၂၄-ခု၊ မေလ (၇)ရက်တွင် စစ်တွေမြို့ကို သိမ်းယူသည်။ နောက်ပိုင်းတွင် စစ်တွေမြို့တစ်ခုလုံးသည် ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် ပြာပုံအတိ ဖြစ်ခဲ့ရသည်။ အမျိုးသားပညာရေး၊ အမျိုးသားလွတ် မြောက်ရေး အမှတ်အသားဖြစ်သည့် အမျိုးသားကျောင်း အဆောက်အအုံမှာလည်း စစ်ဒဏ်မှ မလွတ်ခဲ့။ ပျက်စီးခဲ့ရသည်။ ယင်းကို စစ်ပြီးကာလတွင် ပြန်လည်ထူထောင်နိုင်ခြင်း မရှိတော့ချေ။ စစ်ဘေးစစ်ဒဏ် ကင်းရှင်းပြီး စစ်တွေမြို့သူမြို့သားများအား ပြန်လည်၍ မိမိတို့နေရာရပ်ကွက်များတွင် နေထိုင်ခွင့်ပြုလိုက်သည့်အခါ အမျိုးသားကျောင်း နေရာတွင် တောင်တန်းသာသနာပြု ဘုန်းကြီးကျောင်းအဖြစ် တည်ထောင်ဆောက်လုပ်နေရာယူလျက်ရှိပေသည်။

**မြထွန်းအောင်**
**(၃၀-၈-၁၉၈၁)**

## ကျမ်းကိုး

စစ်တွေအမျိုးသားကျောင်းဆရာများဖြစ်ကြသော ဆရာကြီး ဦးအောင်သာဦး (သမိုင်းသုတေသီ)၊ ဦးစံထွန်းအောင် (ဒီမိုကရေစီ ဒေသန္တရ အုပ်ချုပ်ရေးမင်းကြီး)တို့အား တွေ့ဆုံမေးမြန်းချက်များနှင့် စာရေးသူ၏ မိခင်ဒေါ်မမကြီး၏ ပြောပြခဲ့ချက်များကို အခြေခံပြီး အောက်ပါစာအုပ်စာတန်းများကို ကိုးကားရေးသားပါသည်။


(၁) အမျိုးသားနေ့နှင့် အမျိုးသားပညာရေး လှုပ်ရှားမှု သမိုင်းအကျဉ်း (အမျိုးသားနေ့ ရွှေရတုသဘင်အထူးထုတ်) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၊ စည်းရုံးရေးဗဟို ကော်မတီဌာနချုပ် (နိုဝင်ဘာလ ၁၉၇၀ပြည့်နှစ်)

(၂) မြန်မာနိုင်ငံ အမျိုးသားပညာရေးသမိုင်း၊ ဦးဇကျော် မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာပြုစုသည် (ပုလဲပန်းစာပေ ၁၉၇၀)

(၃) စစ်တွေမြို့ သမိုင်းအကျဉ်း (၁၈၂၄-၁၉၄၇ အထိ) မြထွန်းအောင် (ရခိုင်ညွန့်ဖူး ယဉ်ကျေးမှုဆောင်းပါးများ ၁၉၆၈-ဇူလိုင်)

(၄) ဗြိတိသျှခေတ် ရခိုင်ပြည်ပညာရေး၊ မြထွန်းအောင် ရခိုင်မဂ္ဂဇင်း (၁၉၇၆-ခုနှစ်၊ စက်တင်ဘာလ)

(၅) Who's who in Burma 1961,
People's Literature Committee and House,
546 Merchant Street,
Ragoon, Ragoon August 1, 1861.


**ရခိုင်မဂ္ဂဇင်း အမှတ်(၈)**

# ဦးဥတ္တမနှင့် ဒိုင်အာခီအုပ်ချုပ်ရေး

## မြထွန်းအောင်

၁၈၈၅-ခု၊ နိုဝင်ဘာလ (၁၄)ရက်တွင် စတင်ဖြစ်ပွားသည့် တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲသည် (၁၄)ရက်မြောက်နေ့မှာ မန္တလေးမြို့ကို သိမ်းယူခြင်းဖြင့် ပြီးဆုံးသည်။ အိန္ဒိယဘုရင်ခံချုပ် လောဒ်ဒါဖရင်သည် ဝိတိုရိယဘုရင်မအတွက် နှစ်သစ်ကူးလက်ဆောင်အဖြစ် ၁၈၈၆-ခု၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် မြန်မာပြည် တစ်ပြည်လုံးကို ဗြိတိသျှတို့ သိမ်းယူကြောင်း ကြေညာသည်။

မြန်မာပြည်ကို အိန္ဒိယနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်သည်။ မဟာဝန်ရှင်တော်မင်းကြီးက အကြီးအမှူးလုပ်ပြီး အရေးပိုင်၊ နယ်ပိုင်၊ မြို့အုပ်၊ သူကြီးစသော အရာရှိတို့ဖြင့် အုပ်ချုပ်သော စနစ်ကိုကျင့်သုံးသည်။ သို့ရာတွင် ၁၈၉၇-ခုအထိ ဗြိတိသျှနယ်ချဲ့သမားတို့ ကျင့်သုံးသော အုပ်ချုပ်ရေးစနစ်မှာ "စစ်အုပ်ချုပ်ရေး" ဖြစ်သည်။

၁၈၉၇-ခု၊ မေလ (၁)ရက်နေ့မှစ၍ မြန်မာပြည်ကို အိန္ဒိယနိုင်ငံပြည်နယ် တစ်ခုအဖြစ် သတ်မှတ်သည်။ ဒုတိယဘုရင်ခံတစ်ဦးကို တိုးချဲ့ခန့်ထားသည်။ အတိုင်ပင်ခံအမတ်(၉)ဦးကို ဒုတိယဘုရင်ခံ၏ သဘောအတိုင်းခန့်ထားသည်။ ၁၉၀၉-ခုတွင် အတိုင်ပင်ခံ အမတ် (၁၅)ဦး၊ ၁၉၂၀-ခုတွင် အတိုင်ပင်ခံအမတ် (၃၀)ဦးကို ဒုတိယဘုရင်ခံတို့က စိတ်ကြိုက်ရွေးချယ်ခန့်ထားခဲ့ကြသည်။ ယင်း အတိုင်ပင်ခံ အမတ်များမှာ ဥပဒေပြုအာဏာ မရရှိပေ။ ဒုတိယ ဘုရင်ခံအား အကြံပေးရန်သာ ဖြစ်သည်။ အကြံပေးချကကို လက်ခံခြင်း၊ ပယ်ချခြင်းများကို ဒုတိယဘုရင်ခံမှာ ပြုလုပ်နိုင်သည့် အာဏာရရှိထားသည်။ ယင်းအုပ်ချုပ်ရေး စနစ်မှာ ပြည်သူ့ဆန္ဒမပါဘဲ အထက်အရာရှိ အရာခံများ၏ စိတ်တိုင်းကျ အုပ်ချုပ်သော "ဗျူရို ကရေစီ" အုပ်ချုပ်ရေးစနစ် ဖြစ်သည်။ မြန်မာပြည်သူလူထုမှာ အဖိနှိပ်ခံဘဝနှင့် အမှောင်ထုအတွင်းကျရောက်နေသည့် ကာလဖြစ်သည်။

## ပထမကမ္ဘာစစ်၏ အကျိုးသက်ရောက်မှု

၁၉၁၄-ခုတွင် ပထမကမ္ဘာစစ် စတင်ဖြစ်ပွားသည်။ ယင်း စစ်ကြောင့် ဗြိတိသျှနယ်ချဲ့သမားများမှာ အကျပ်အတည်း ဖြစ်ပေါ်စေသည်။ လက်အောက်ခံ ကိုလိုနီနိုင်ငံများမှ အကူအညီရရှိရန်လိုလာသည်။ ငြိမ်ဝပ်ပိပြားရေးလည်း လက်အောက်ခံ ကိုလိုနီနိုင်ငံများတွင် မဖြစ်မနေရရှိရန် လိုအပ်နေသည်။

ယင်းအချိန်တွင် အိုင်ယာလန်သည် ဗြိတိသျှတို့ထံမှ "ဟုမ်းရူး" တောင်းဆို နေချိန်ဖြစ်သည်။ အိန္ဒိယကွန်ဂရက်၏ ဦးဆောင်မှုဖြင့် ဗြိတိသျှဆန့်ကျင်ရေး လှုပ်ရှားမှု အရှိန်အဟုန်မှာ အိန္ဒိယနိုင်ငံတစ်ဝန်း မြင့်မားလျက်ရှိသည်။ ကိုယ်ပိုင် အုပ်ချုပ်ရေး "ဟုမ်းရူး" တောင်းဆိုသံများသည် တစ်နိုင်ငံလုံး ပဲ့တင်ဟည်းလျက် ရှိနေသည်။

တစ်ဖက်မှာလည်း ဖြစ်ပေါ်လာသော စီးပွားရေး ကျပ်တည်းမှုသည် ဗြိတိသျှနိုင်ငံနှင့် ကိုလိုနီနိုင်ငံများ၏ ဆက်ဆံရေးကို ထိခိုက်စေသည်။ ကိုလိုနီ နိုင်ငံများ၏ မကျေမနပ်မှုများကို ကြီးထွားစေသည်။ စီးပွားရေးကျပ်တည်းမှု အခြေအနေသည် မြန်မာပြည်ကိုလည်း ရိုက်ခတ်လာသည်။ အိန္ဒိယနိုင်ငံ၏ ဟုမ်းရူးတောင်းဆိုသံများသည် မြန်မာပြည်သူလူထုအတွက် အားဆေးတစ်ရပ် ဖြစ် ပေါ်စေသည်။

ယင်းကဲ့သို့ အခြေအနေမျိုးတွင် အမှောင်ထုတွင်း ကျရောက်နေသည့် မြန်မာပြည်သူလူထုအား လွတ်လပ်ရေး မီးရှူးတန်ဆောင်ဖြစ်သော ဆရာတော် ဦးဥတ္တမသည် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ပြီး နိုးကြားရေးတရားများကို ဟောကြားလျက်ရှိသည်။ ပြည်သူလူထုအား လွတ်လပ်ရေးအတွက် အလင်းရောင် ကို ထွန်းလင်းပေးလျက်ရှိနေသည်။ ပြည်သူတို့၏ ရဲသွေးရဲမာန်ကို ဖော်ထုတ် မြှင့်တင်ပေးလျက် ရှိနေသည်။ ယင်းကြောင့် ဆရာတော်၏ ဟောပြောစည်းရုံးမှုဖြင့် ပြည်သူလူထုနှင့် ဆရာတော်မှာ တသားတည်း ဖြစ်နေသည်။ ဆရာတော်၏စကား သည် ပြည်သူလူထုအတွက်အား ဆရာတော်၏ လှုပ်ရှားမှုသည် ပြည်သူလူထု အတွက် စွမ်းပကားတစ်ရပ်။

## ကရက်ဒေါက် စီမံကိန်း

အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန်မစ္စတာ မွန်တေဂူ (Mr. Montegu)သည် ၁၉၁၇-ခု၊ ဩဂုတ်လ (၂၀)ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။ ပထမကမ္ဘာစစ်၏ ဆိုးကျိုးဒဏ်များကို နှစ်သိမ့်စေသည့်သဘောဖြစ်သည်။ ယင်းကြေညာချက်အရ မွန်တေဂူချမ်း (စ)ဖို့ စုံစမ်းရေး ကော်မရှင်ကို ဖွဲ့စည်းပြီး၊

အိန္ဒိယနိုင်ငံကို အုပ်ချုပ်ရေးပြုပြင်ပေးရန် အစီရင်ခံစာတစ်ရပ်ကို ၁၉၁၈ ခုတွင် ထုတ်ပြန်လိုက်သည်။

မြန်မာပြည်သူလူထုကလည်း အိန္ဒိယကို အုပ်ချုပ်ရေးပြုပြင် ပြောင်းလဲပေးသကဲ့သို့ ပေးစေလိုသည်။ ပြည်သူတို့ ဆန္ဒကိုထုတ် ဖော်လာကြသည်။ ယင်းကြောင့် မြန်မာပြည်သူလူထုကို လှည့်စား ရန် ဒုတိယဘုရင်ခံ ဆာအာရ်ကရက်ဒေါက် (Sir Regnald Creddock)သည် ပြည်သူလူထုဆန္ဒ လုံးဝမပါဘဲ ကရက်ဒေါက်စီမံကိန်း (Creddock Scheme)ကို ၁၉၁၈-ခု၊ ဒီဇင်ဘာလတွင် ထုတ်ပြန်လိုက်သည်။ အိန္ဒိယနိုင်ငံအတွက် မွန်တေဂူချမ်း(စ်)ဖို့ အစီရင်ခံစာအရ ကျင့်သုံးမည့် အုပ်ချုပ်ရေးစနစ်သစ်ကို အိန္ဒိယနိုင်ငံတွင် မကျင့်သုံးမီ ထွက်ပေါ်လာခြင်းဖြစ်သည်။ ကရက်ဒေါက်စီမံကိန်းမှာ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်နှင့် လုံးလုံးလျားလျား ခြားနားသည်။ မွန်တေဂူချမ်း(စ်)ဖို့ အစီရင်ခံစာအရ အိန္ဒိယတွင် ကျင့်သုံးမည့် "အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေး" ဖြစ်သော ဒိုင်အာခီ အုပ်ချုပ်ရေးထက်ပင် ညံ့သေးသည်။

ယင်းကြောင့် ကရက်ဒေါက်စီမံကိန်းကို မြန်မာပြည်သူလူထုက လက်မခံလို၊ ပြည်သူလူထု လက်မခံလိုသော အုပ်ချုပ်ရေးစနစ်ကို ကရက်ဒေါက်ကအစားထိုးအသုံးပြုလိုသည်။ တစ်နည်းအား ဖြင့် ပြည်သူလူထုနှင့် တသားတည်း ဖြစ်နေသော ဆရာတော် ဦးဥတ္တမနှင့် ပြည်သူလူထုအား ဒုတိယဘုရင်ခံ ကရက်ဒေါက်က သူ၏စီမံကိန်းနှင့် သွေးတိုးစမ်းကြည့်ခြင်း ဖြစ်သည်။ ဤသည်မှာ ပထမဆုံးအကြိမ် ပြည်သူအားကို နယ်ချဲ့သမားများက အကဲစမ်းခြင်းပင် ဖြစ်သည်။ သို့ရာတွင် ပြည်သူ့စွမ်းအားကြောင့် ကရက်ဒေါက်မှာ တပ်ခေါက်လိုက်ရသည်။ ပြည်သူတို့နှင့်အတူ ဆရာတော်သည် အောင်ပွဲကို ပထမဆုံးအကြိမ် ရယူလိုက်ခြင်းပင်ဖြစ်သည်။

## ဝှိုက်ကော်မတီကို ကန့်ကွက်ခြင်း

မွန်တေဂူချမ်း(စ်)ဖို့ အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွက် အုပ်ချုပ်ရေးကိစ္စကို ချန်လှပ်ထားခဲ့သည်။ ယင်းကြောင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ကို နှစ်ကြိမ်တိုင် အင်္ဂလန်သို့စေလွှတ်ပြီး မြန်မာပြည်သူတို့ လိုလားချက်ကို တင်ပြတောင်းဆိုခဲ့သည်။ ပထမအကြိမ်တွင် တိကျသောအဖြေကို မရရှိခဲ့ကြ။ ၁၉၁၉ခု အိန္ဒိယဥပ ဒေ (Government of India Act of 1919) တွင် မြန်မာနိုင်ငံအတွက် ထည့်သွင်းပေးမည်ဟု အိန္ဒိယအတွင်းဝန် မစ္စတာမွန်တေဂူက ဒုတိယအကြိမ်ကိုယ်စားလှယ်အဖွဲ့အား အင်္ဂလန်တွင် ကတိပေးသည်။ ထောက်ခံချက်ပေးသည်။ ယင်းထောက်ခံချက်အရ ဒိုင်အာခီ အုပ်ချုပ်ရေးအတွက် စုံစမ်းရန် ဆာအေအက်စ်ဝိုက် (Sir.A.S White) ကြီးမှူးသည့်) ဝှိုက်ကော်မတီက မြန်မာပြည်သူလူထုဆန္ဒကို လာ ရောက်စုံစမ်းစေသည်။ အဆိုပါ ကော်မတီထံ အစစ်ခံခြင်းမပြုဘဲ

သပိတ်မှောက်ရန်နှင့် ယင်းကော်မတီတွင်ပါဝင်ဆောင်ရွက်သူများလည်း သပိတ်မှောက်ရန် ၁၉၂၁-ခု၊ အောက်တိုဘာလ (၂၁)ရက်မှ (၂၄)ရက်ထိ မန္တလေးတွင် ပြုလုပ်သော နဝမအကြိမ် ဂျီစီဘီအေ ညီလာခံမှ ဆုံးဖြတ်သည်။

ဝှိုက်ကော်မတီ လာရောက်စုံစမ်းခဲ့စဉ် ဆရာတော်ဦးဥတ္တမမှာ ထောင်ထဲတွင်ရှိနေသည်။ ထောင်မှလွတ်လာပြီး ဂျီစီဘီအေအသင်းချုပ် အစည်းအဝေးကို ၁၉၂၂-ခု၊ ဇူလိုင်လ (၁၅၊ ၁၆)ရက်များတွင် ပြုလုပ်သည်။ ယင်းအစည်းအဝေးတွင် ဝှိုက်ကော်မတီအား သပိတ်မှောက်ခြင်းကို ဆရာတော်က ဒိုင်အာခီ သပိတ်တရား ဟောကြားရာတွင်-

"ဝှိုက်ကော်မတီကို တညီတညွတ်တည်း ဘွိုက်ကော့လုပ်ခြင်း၌ ကောင်းမွန်စွာ အောင်မြင်ခြင်းကြောင့် ဝှိုက်ကော်မတီတွင်ဝင် ရောက်စွက်ဖက်ဆောင်ရွက်ခြင်းထက် အကျိုးကြီးမားကြောင်းကို ဆရာတော်က နှစ်ထောင်းအားရ မိန့်ဆိုခဲ့သည်ကို တွေ့ရပေသည်။ ဒိုင်အာခီကို မလိုလားသော မြန်မာပြည်သူလူထုသည် ဒိုင်အာခီ အုပ်ချုပ်ရေး၏ ရှေ့ပြေးဆောင်ရွက်ခဲ့သော ဝှိုက်ကော်မတီ"ကို သပိတ်ဆန့်ကျင်ကြသည်။ ဤသပိတ်မှောက် ဆန့်ကျင်ခြင်းမှာ ဒိုင်အာခီအုပ်ချုပ်ရေးကို မြန်မာပြည်သူလူထုက မလိုလားကြကြောင်းကို ဖော်လိုက်ခြင်း ဖြစ်သည်။ ဝှိုက်ကော်မတီ၏ ဆောင်ရွက်မှုလုပ် ရပ်များ မအောင်မြင်ခြင်းသည် ဗြိတိသျှနယ်ချဲ့သမားများအတွက် နောက်တစ်ကြိမ် အရေးရှုံးနိမ့်ခြင်းပင် ဖြစ်သည်။ ကိုယ်ပိုင်အုပ်ချုပ်ရေး (ဟုမ်းရူး) သာလျှင် ပြည်သူတို့၏ လိုလားချက်ဖြစ်ကြောင်း ဖော်ထုတ်လိုက်ခြင်း ဖြစ်သည်။

## ဒိုင်အာခီအုပ်ချုပ်ရေး အနှစ်သာရ

အစိုးရနှင့် ပြည်သူတို့ တာဝန်ခွဲဝေအုပ်ချုပ်သော စနစ်ဟုဆိုကြသည်။ ကိုယ်ပိုင်အုပ်ချုပ်ရေး တစ်စတစ်စ ကျွမ်းကျင်စေခြင်းငှာ အုပ်ချုပ်ရေးအချို့ တစ်ဝက်ကို ပြည်သူလူထုအား အုပ်ချုပ်စေခြင်းဖြစ်သည်။

ဒိုင်အာခီအုပ်ချုပ်ရေးစနစ်မှာ ရှမ်းပြည်နှင့် တောင်တန်းဒေသများအတွက် သက်ဆိုင်ခြင်းမရှိ။ ဘုရင်မင်းမြတ်ကိုယ်စား အိန္ဒိယပဋိညာဉ်အဖွဲ့မှ ဘုရင်ခံကို ရွေးချယ်ခန့်ထားသည်။ ယခင် ဒုတိယဘုရင်ခံအစား ဘုရင်ခံအဖြစ် တစ်ဆင့်တိုး ခန့်ထားသည်။ ဘုရင်ခံသည်-

(၁) မြန်မာအစိုးရ အရာရှိထဲမှ ဝန်ကြီးချုပ်တစ်ဦး။

(၂) အိန္ဒိယပဋိညာဉ်ခံဝန်ထမ်းထဲမှ ဝန်ကြီးချုပ်တစ်ဦး။

(၃) ဥပဒေပြုမင်းတိုင်ပင်အမတ်ထဲမှ ဝန်ကြီးချုပ်(၂)ဦးကို ဘုရင်ခံ၏ သဘောအတိုင်း ခန့်ထားရသည်။ ဒိုင်အာခီအုပ်ချုပ်ရေး ဥပဒေအရ

မင်းတိုင်ပင်အမတ် (၁၀၃)ဦးအနက် မင်းတိုင်ပင်အမတ် (၇၉)ဦးကို မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ခွင့်ရသည်။ အစိုးရကတိုက်ရိုက် (၂၄)ဦးကို ပြည်သူတို့ဆန္ဒမပါဘဲ ရွေးချယ်ခန့်ထားရသည်။ မင်းတိုင်ပင်အမတ်များကို (၃)နှစ်တစ်ကြိမ် ရွေးကောက်တင်မြှောက်ရသည်။

ဝန်ကြီးချုပ်(၄)ဦးမှာ ဘုရင်ခံကို တာဝန်ခံရသည်။ ဘုရင်ခံသည် မင်းတိုင်ပင် အစည်းအဝေး ပါလီမန်ကို တာဝန်ခံရသည်။ ဘုရင်ခံမှာ မင်းတိုင်ပင်အစည်းအဝေးကို တာဝန်ခံရသည်ဆိုသော်လည်း အာဏာအရှိဆုံးသူပင် ဖြစ်သည်။ ဗီတိုအာဏာကို သုံးရသည်။

မင်းတိုင်ပင် အစည်းအဝေး (ပါလီမန်)မှ ရှမ်းပြည်နှင့်တောင်တန်းဒေသကို ချန်လှပ်၍ နိုင်ငံငြိမ်ဝပ်ပိပြားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းနိုင်ခွင့်ရှိသည်။ သို့ရာတွင် ဘုရင်ခံချုပ်၏ ကြိုတင်ခွင့်ပြုချက်မရဘဲ လွှဲအပ်ထားသော အခွန်တော်များမှတပါး အခြားအခွန်တော်သစ်များ ပြုပြင်ခန့်ခွဲရန် ဥပဒေဘုရင်ခံချုပ်၏ အမိန့်အရကောက်ခံသော အကောက်အခွန်နှင့် အခြားအခွန်တော်များကို ထိခိုက်သော ဥပဒေ၊ စစ်တပ်နှင့်ဆိုင်သည့် ဥပဒေ၊ ဗဟိုအုပ်ချုပ်ရေးကို တစ်စုံတစ်ရာပြုပြင်ရန် ဥပဒေ၊ အိန္ဒိယလွှတ်တော်က အတည်ပြုရမည့် ဥပဒေ၊ ဘုရင်ခံ၏ အခွင့်အာဏာကို ထိခိုက်စေမည့် ဥပဒေ၊ ရာဇဝတ်တရားမနှင့် သက်သေခံစသည့် ဥပဒေများကို ပြင်ဆင်ဖျက်သိမ်းရန် ဥပဒေများနှင့် အခြားနိုင်ငံတကာဆိုင်ရာ ဥပဒေများကို မင်းတိုင်ပင်အစည်းအဝေးမှ ဥပဒေတစ်ရပ်အနေနှင့် တင်သွင်းအတည်ပြုနိုင်ခွင့်မရှိ။ တစ်နည်းအားဖြင့် ဗြိတိသျှနယ်ချဲ့သမားများ၏ အကျိုးစီးပွားများကို ကာကွယ်ပေးထားသည့် ဥပဒေများကို ဖျက်သိမ်းခြင်း၊ ပြုပြင်ခြင်းများကို ဒိုင်အာခီအုပ်ချုပ်ရေးမှ ပေါ်ထွက်သည့် မင်းတိုင်ပင် အစည်းအဝေး (ပါလီမန်)မှ လုံးဝ မပြုလုပ်နိုင်ချေ။

ယင်းအပြင် မင်းတိုင်ပင်အစည်းအဝေး (ပါလီမန်)မှ အများသဘောတူ ပြဋ္ဌာန်းလိုက်သည့် ဥပဒေကို ဘုရင်ခံက သဘောတူ ပြဋ္ဌာန်းလိုက်သည့် ဥပဒေကို ဘုရင်ခံက သဘောတူ အတည်ပြုပေးရသည်။ အိန္ဒိယဘုရင်ခံချုပ်ကလည်း သဘောတူမှသာအတည် ဖြစ်သည်။ ယင်းအများသဘောတူထားသော ဥပဒေကို ပြင်ဆင်ရန်လိုသည်ဟု ထင်မြင်ယူဆလျှင် ထပ်မံစဉ်းစားဆုံးဖြတ်ရန် ပြန်ပို့လိုက ပြန်ပို့နိုင်သည်။ ပယ်သင့်သည်ထင်ကလည်း ဘုရင်ခံက ပယ်ချနိုင်သည်။

အစိုးရ တာဝန်ယူထားသော ဌာနများနှင့် စပ်လျဉ်းသော ဥပဒေ တစ်စုံတစ်ရာကို မင်းတိုင်ပင်အစည်းအဝေး (ပါလီမန်)က သဘောတူပယ်လျှင် ဘုရင်ခံက ယင်းဥပဒေသည် မိမိတာဝန်ခံ ဆောင်ရွက်ရန်အလို့ငှာ အရေးကြီးသည်ဟု

သက်သေခံလက်မှတ်ပေး၍ ယင်းပယ်ချခဲ့သော ဥပဒေကို ဘုရင်ခံက အတည်ပြု ပေးနိုင်သည်။

ယင်းအပြင် အစိုးရတာဝန်ယူထားသော ဌာနများအတွက် လိုငွေများကို မင်းတိုင်ပင်အစည်းအဝေး (ပါလီမန်)လျှော့ချလိုက်သော်လည်းကောင်း၊ ပယ်ချလိုက်လျှင်သော်လည်းကောင်း ဘုရင်ခံက မိမိတာဝန်ခံဆောင်ရွက်ရန် ယင်းငွေကို လိုသည်ဟု သက်သေခံ သတ်မှတ်ပေးလျှင် မင်းတိုင်ပင်အစည်းအဝေး (ပါလီမန်)က ပေးသကဲ့သို့ စာရင်းတင်သွင်း အသုံးပြုနိုင်သည်။

တစ်နည်းဆိုရလျှင် ဝန်ကြီးချုပ်များသည်လည်းကောင်း၊ မင်းတိုင်ပင် အမတ်များသည်လည်းကောင်း ဘုရင်ခံ၏ သဘောအမိန့် အာဏာကို လွန်ဆန်၍ မည်သို့မျှ မဆောင်ရွက်နိုင်ချေ။ အများသဘောတူ အတည်ပြုထားသော ဥပဒေ ရသုံးမှန်းခြေ ငွေစာရင်း များကို ဘုရင်ခံသည် သူ၏တစ်ချက်လွှတ် ဗီတိုအာဏာဖြင့် ပယ်ချနိုင်ခွင့်ရှိသည်။ ဤသည်မှာ ဘုရင်ခံသည် ဒိုင်အာခီစနစ်တွင် အခွင့် အာဏာ အရှိဆုံးသူတစ်ဦးအဖြစ် ဗြိတိသျှနယ်ချဲ့သမားများ၏ အခွင့်အရေးကို ကာကွယ် ပေးနေခြင်းပင် ဖြစ်လေသည်။

## မြူနီကရေစီ အုပ်ချုပ်ရေး

ဒိုင်အာခီအုပ်ချုပ်ရေးသည် ပြူရိုကရေစီ အုပ်ချုပ်ရေးကို အသွင်ပြောင်း ထားသော အုပ်ချုပ်ရေး ဖြစ်သည်။ ဘုရင်ခံသည် အာဏာအရှိဆုံးသူဖြစ်သည်။ ငွေရှင်ကြေးရှင်များနှင့် အမိန့်အာဏာကို မပယ်နိုင်သူများသာ ဆန္ဒမဲပေးပိုင်ခွင့် ရရှိသည်။ ဆင်းရဲသား ကျေးရွာမွဲများမှာ ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးမရကြ။ ရွေးကောက်ပွဲတွင် အရွေးခံရသူ မင်းတိုင်ပင် အမတ်များမှာလည်း မည်သို့မျှ ပြည်သူ့ အကျိုးကို ဆောင်ရွက်ခြင်းမရှိ။ ဆောင်ရွက်လိုလျှင်လည်း ဗီတိုအာဏာဖြင့် ဘုရင်ခံက ပယ်ချမည်သာ ဖြစ်သည်။ မင်းတိုင်ပင် အစည်းအဝေး (ပါလီမန်)မှာ ဘုရင်ခံ၏ သဘောကျ ဆောင်ရွက်နေရခြင်းသာဖြစ်သည်။ ဧကရာဇ်မင်းမြတ် အကျိုးစီးပွား၊ ဘုရင်ခံချုပ် အကျိုးစီးပွားခံစားရမည့် အခွင့်အရေးဖြစ်စေ ဘုရင်ခံက အတည်ပြုပေးမည် မဟုတ်ချေ။ ဗြိတိသျှအင်ပါယာ၏ အကျိုး၊ ဗြိတိသျှနယ်ချဲ့ သမားများ၏ ကုမ္ပဏီများနှင့် ငွေရှင်ကြေးရှင်များကိုသာ ဘုရင်ခံက ကာကွယ်ပေး နေသည်။ ဝန်ကြီးချုပ် (၄)ဦးမှာလည်း ဘုရင်ခံ၏ သဘောကို ဆန့်ကျင်ပြီး မည်သို့ သော အမှုကိစ္စကိုမျှ မဆောင်ရွက်နိုင်ချေ။

မင်းတိုင်ပင်အစည်းအဝေးမှ မည်သို့ပင် အတည်ပြုဆုံးဖြတ်သော်လည်း ဘုရင်ခံနှင့် ယင်း၏လက်အောက်အမှုထမ်း ကြီးငယ်တို့၏ သဘောအတိုင်းသာ အုပ်ချုပ်နေခြင်းသာ ဖြစ်သည်။ ဝန်ကြီး ဝန်ငယ်အရာရှိကြီးငယ်တို့မှာ ဗြိတိသျှ

အင်ပါယာ အကျိုးအတွက် ဆောင်ရွက်ပေးနေရသူများသာ ဖြစ်သည်။ ယင်းတို့ ချယ်လှယ်သမျှကို မြန်မာပြည်သူလူထု ခံနေရသည်။

ပြည်သူတို့၏ စည်းရုံးမှုအင်အားကို ဖြိုခွဲရန် ဒိုင်အာခီအုပ်ချုပ်ရေးမှာ ဗြူရိုကရက်များ၏ လှည့်ကွက်တစ်ရပ် ဖြစ်သည်။ ရာထူး၊ ငွေကိုလိုလားသူများသည် ဗြူရိုကရက်တစ်ဖြစ်လဲ ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံကာ ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကာ ရာထူးလက်ခံသွားသူများ ရှိသည်။ ပြည်သူတို့ ဆန္ဒမပါဘဲ ဗြူရိုကရေစီစနစ်ကို ဒိုင်အာခီအုပ်ချုပ်ရေးက အသက်သွင်းပေးခြင်း ဖြစ်သည်။ ယင်းကြောင့် ဒိုင်အာခီအုပ်ချုပ်ရေးကို လုံးဝလက်မခံရန် ဟုမ်ရူးသာလျှင် ပြည်သူတို့ ရရှိရမည့် အောင်ပန်းဖြစ်သည်။ ပြည်သူတို့ ရွေးချယ်ရမည့်လမ်းဖြစ်သည်။ လျှောက်ရမည့်လမ်းဖြစ်ကြောင်းကို ပြည်သူ့ဦးသျှောင်ဆရာတော် ဦးဥတ္တမက မီးမောင်းထိုးပြခဲ့သည်။

## အသျှင်ဦးဥတ္တမ၏ ဒိုင်အာခီဆန့်ကျင်ရေး

ပြည်သူ့ဦးသျှောင် လွတ်လပ်ရေးမီးရှူးတန်ဆောင် အသျှင်ဦးဥတ္တမသည် ဒိုင်အာခီအုပ်ချုပ်ရေးကို စိုက်စိုက်မတ်မတ်ဆန့်ကျင်ခဲ့သည်။ ဗြိတိသျှနယ်ချဲ့ သမားများနှင့် မစေ့မတမ်း အသက်ခန္ဓာရှိသရွေ့ တိုက်ပွဲဝင်ခဲ့သည်။ ဖိနှိပ်ညှင်းဆဲ အမျိုးမျိုးခံကာ ဗြူရိုကရေစီတစ်ဖြစ်လဲ ဒိုင်အာခီအုပ်ချုပ်ရေးကို လက်မခံရန် ပြည်ရွာအနှံ့ လှည့်လည်ဟောပြောခဲ့သည်။ ဒိုင်အာခီအုပ်ချုပ်ရေးသည် ပြည်သူ့ ဆန္ဒမပါဘဲ အသေဖွားသော "လျှောမွေးအုပ်ချုပ်ရေး"သာ ဖြစ် ကြောင်းကို ၁၉၂၂ခု ဇူလိုင်လ (၁၅၊ ၁၆)ရက်က ပြုလုပ်သော ဂျီစီဘီအေ အစည်းအဝေးတွင် -

> "ဗြူရိုကရက်တစ်စနစ်တွင် အစိုးရတို့က ပြည်သူကို မတိုင်ပင်၍သော် လည်းကောင်း၊ ပြည်သူ့ဆန္ဒကို မယူ၍သော်လည်းကောင်း၊ အစိုးရတို့ အလိုရှိရာပြုမူလုပ်ကိုင်နိုင်သည်။ ဒိုင်အာခီစနစ်မှာ ပြည်သူအသက်ဝိညာဉ် မရှိသော ရုပ်တို့၏ တည်ထားပြရုပ်ပြုပြီးလျှင် အစိုးရအရာရှိတို့ စီမံ ဆောင်ရွက် ခြင်း၌ ပြည်သူတို့အလို ထူထောင်ခွင့်ပြုသော ပရိယာယ်ဆောင် သော စည်းစနစ် ဖြစ်ချေသည်" ဟူ၍လည်းကောင်း။
>
> "ဒိုင်အာခီသည် အသက်မပါဘဲ အသေဖွားသော သားနှင့်တူလေ သည်။ မွန်တေဂူချမ်းစ်ဖို့ စီရင်ပြုလုပ်သော ဒိုင်အာခီ အုပ်စိုးနည်းစနစ် တို့သည် အင်္ဂလန်ပါလီမန်က ပြုပြင်ဆင်ယင်၍ ပေးလိုက်သောအခါကပင် အသေဖွားသောသားကဲ့သို့ အသက်ပါလာသည်မရှိ။ နာမ်မရှိသော ရုပ်အလောင်းကဲ့သို့ပင် ဖြစ်ဘိ၏" ဟူ၍ လည်းကောင်း။ ဒိုင်အာခီ အုပ်ချုပ် ရေးသရုပ်ကို ပေါ်လွင်အောင် ပြည်သူလူထုအား မီးမောင်း ထိုးပြခဲ့သည်။

ဒိုင်အာခီအုပ်ချုပ်ရေးသည် ဗြိတိသျှနယ်ချဲ့သမားများ၏ အကျိုးစီးပွားနှင့် ယင်းတို့၏ သစ္စာတော်ခံ အိန္ဒိယပဋ္ဌိညာဉ်ခံ ဝန်ထမ်းများကိုသာ ကာကွယ်ပေးသည့် စနစ်ဖြစ်သည်။ ယင်းတို့၏အခွင့်အာဏာ အကျိုးစီးပွား ထိခိုက်မှုမှန်သမျှကို မည်သည့်အခါမျှ ခွင့်ပြုမည်မဟုတ်။ ဗြူရိုကရေစီ အုပ်ချုပ်ရေးသမားများ၏ တန်ခိုးတေဇာကို ကြီးထွားအောင် လုပ်ပေးသောစနစ် ဖြစ်သည်။ ယင်းအခွင့်အရေးများကို မည်သည့်နည်းနှင့်မျှ ရုပ်သိမ်းသွားမည် မဟုတ်ကြောင်းကို---

"အိန္ဒိယပဋ္ဌိညာဉ်ခံ ဝန်ထမ်းအရာရှိအဖွဲ့ကိုကား မည်သည့်အခါမျှ ဆုတ်ယုတ်အောင် လုပ်လိမ့်မည်လည်းမဟုတ်၊ နှောင့်ယှက်လိမ့်မည်လည်း မဟုတ်၊ ထိုအဖွဲ့သည် ဗြိတိသျှအစိုးရ၏ တေဇာတန်ခိုး၊ ဖွံ့ဖြိုးအောင် ပြုလုပ်သောအဖွဲ့ဖြစ်ကြောင်း၊ ထိုသူတို့၏ခံစားခွင့်များကို ပြန်၍ရုပ်လိမ့်မည် မဟုတ်ပေ"ဟူ၍ ဆရာတော်က ဒိုင်အာခီအုပ်ချုပ်ရေးစနစ် အခြေခံ တစ်ရပ်ကို ဖော်ထုတ်ပေးခဲ့သည်။

လက်အောက်ခံကိုလိုနီနိုင်ငံဖြစ်သော အိန္ဒိယပြည်၊ မြန်မာပြည်ကို မည်သည့်နည်းနှင့်မျှ ဗြိတိသျှနယ်ချဲ့သမားများက လက်လွှတ်ပေးမည် မဟုတ်၊ နယ်ချဲ့သမားများပေးသော အုပ်ချုပ်ရေးစနစ်မှာ ဗြူရိုကရက်များအတွက်သာဖြစ်သည်။ သူတို့ အလိုရှိသမျှ စီမံဆောင်ရွက်နိုင်ရန်အတွက်သာ ဖြစ်ကြောင်းကို--

"အိန္ဒိယ ပဋ္ဌိညာဉ်ခံ ဝန်ထမ်းတို့၏ အဖွဲ့အတွက်သာလျှင် စီမံပေးခြင်း ဖြစ်သည်။ အိန္ဒိယပြည်ကို လွတ်လပ်ပေးလို၍ မဟုတ်ကြောင်းမှာ ထင်ရှား လေသည်။ ဒိုင်အာခီအုပ်ချုပ်ရေးမှာ အစမ်းပေးခြင်းမျှသာဖြစ်၍ ဗြိတိသျှ လူမျိုးတို့၏သဘော အလိုရှိသမျှသာလျှင် အိန္ဒိယပြည်က ခံစားနိုင်ရန် ရှိတော့ သည်" ဟူ၍ ၁၉၂၂ ခု၊ ဩဂုတ်လ(၂)ရက်နေ့က ဂျူဗလီဟောတွင် ပြုလုပ် သည့် ဂျီစီဘီအေအစည်းအဝေးတွင် ဆရာတော်ဦးဥတ္တမက ဩဝါဒစာတမ်း မှာ ထည့်သွင်း ဟောကြားခဲ့လေသည်။

အစိုးရက တိုက်ရိုက်တာဝန်ယူထားသော ဌာနများမှာ ကာကွယ်ရေးဌာန၊ ပုလိပ်ဌာန၊ ရာထူးခန့်ထားရေးဌာန၊ တရားရေးရာဌာနများနှင့် ဘဏ္ဍာရေးဌာနများ ဖြစ်သည်။ ပြည်သူတို့နှင့်တာဝန် ခွဲဝေအုပ်ချုပ်ရေးနစ်ဟု ဆိုသော်လည်း ကာကွယ် ရေး၊ ပြည်ထဲရေး နှင့် ဘဏ္ဍာရေးစသော ဌာနများကို ဘုရင်ခံ၏ တိုက်ရိုက်ချုပ်ကိုင် မှုအောက်မှာ ရှိနေသည်။ ပြည်သူ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး (ဟုမ်းရူး)မဟုတ်၊ ယင်းသို့ အစိုးရလက်အောက်တွင် အဆိုပါဌာနများရှိနေသမျှ ပြည်သူတို့၏ လွတ်လပ်ရေး မဟုတ်ပေ။

ယင်းအကြောင်းများကို ၁၉၂၂-ခု၊ ဇူလိုင်လ (၁၅၊ ၁၆)ရက်များတွင် ပြုလုပ်သော ဂျီစီဘီအေအစည်းအဝေးကြီးတွင် ဒိုင်အာခီ သပိတ်တရားအဖြစ် ဆရာတော်က အောက်ပါအတိုင်း ထည့်သွင်းဟောကြားခဲ့ပါသည်. . . .

"ပုလိပ်ဌာန၊ အစိုးရရာထူးခန့်ထားရေးဌာန၊ တရားရာဇဝတ်ရေး ဌာနတို့ကို အစိုးရလက်ရှိထား၍ (ရီဇာဆဗ္ဗဂျက်)ခေါ် သီးသန့်ခွဲခြားထား သောဌာနများ၌ ပါဝင်နေသမျှ ကာလပတ်လုံး ပြည်သူတို့အား တာဝန်ခွဲဝေ ပေးရန် စီမံစေခြင်းသည် အထမမြောက် မအောင်မြင်နိုင်၊ တာဝန်လွှဲပေးရာ ကျ၍ ပြည်သူတို့၏ လွတ်လပ် ချမ်းသာရေး မတိုးတက်နိုင်ဘဲ ရှိနေလိမ့်မည်။

ယင်းကြောင့် ပြည်သူတို့၏ အကျိုးမပါသော နယ်ချဲ့သမားများ၏ အကျိုးကို ကာကွယ်သော ဗြူရိုကရက်တို့၏ အခွင့်အရေးကို ကာကွယ်ပေး သော ဒိုင်အာခီအုပ်ချုပ်ရေးကို လက်မခံရန်ပင်ဖြစ်သည်။ ကိုယ်ပိုင် အုပ်ချုပ် ရေး(ဟုမ်းရူး)ကိုသာရယူရန် ဖြစ်သည်။ ဒိုင်အာခီမင်းတိုင်ပင်အမတ်ရွေးပွဲတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဆန္ဒမဲပေးခြင်းများ မပြုလုပ်ရန်၊ ဖိနှိပ်အုပ်ချုပ်ရေး မှုများ အကြားမှ ပြည်သူ့ရှေ့ဆောင် ဆရာတော်ဦးဥတ္တမက မကြောက် မရွံ့ ပြည်သူလူထုအား တိုက်တွန်းနှိုးဆော်ခဲ့သည်။

ယင်းတိုက်တွန်းလှုံ့ဆော်ချက်များအနက် ၁၉၂၂ခု နိုဝင်ဘာလ(၉)ရက် နေ့က သရက်မြို့၌ကျင်းပသည့် ဒသမအကြိမ်မြောက် ဂျီစီဘီအေ ညီလာခံ အစည်းအဝေးတွင် မိန့်ကြားသော ဆရာတော်၏ ဩဝါဒမှ ကောက်နုတ်ဖော်ပြရ ပါလျှင်-

"မြန်မာပြည်ရှိ လူဦးရေတစ်ရာလျှင် (၉၀)မျှတို့က ဒိုင်အာခီအမတ် ရွေးကောက်ပွဲတွင် တစ်စုံတစ်ရာဝင်စွက်လျက် ဆန္ဒမဲပေးခြင်း၊ အမတ်အဖြစ် နှင့် ရွေးကောက်ခြင်းတို့ကို မပြုလုပ်ကြကြောင်းဖြင့် ဆုံးဖြတ်ကြပြီးဖြစ်၍ ထိုအမတ် ရွေးကောက်ပွဲသို့ မဝင်မပါ၊ မဆောင်ရွက်ကြစေရန် ဟောပြော နှိုးဆော်ပါဟု ဦးပဥ္ဇင်းက မေတ္တာရပ်ခံပါသည်"ဟု တွေ့ရပါသည်။

ဤသည်မှာ လွတ်လပ်ရေး မီးရှူးတန်ဆောင် ဆရာတော် ဦးဥတ္တမသည် ဗြိတိသျှနယ်ချဲ့သမားများအား အလံမလဲ ဒူးမထောက် အရှုံးမပေးဘဲ ပြည်သူတို့၏ စွမ်းအားကို ယုံယုံကြည်ကြည်နှင့် နှလုံးရည်တိုက်ပွဲဝင်ခဲ့ခြင်းပင် ဖြစ်သည်။

## ပြည်သူတို့စွမ်းအားကို လေးစား

ပြည်သူသည် အရာရာကိုဆုံးဖြတ်သည်။ ပြည်သူတို့၏စွမ်းအားကို မည်သူ မျှ မလွန်ဆန်နိုင်၊ ပြည်သူတို့၏ စွမ်းပကားသည် ကြီးမားသည်။ ပြည်သူတို့၏ စွမ်းအားကို ဆရာတော်ယုံကြည်လေးစားသည်။ ယင်းကြောင့် ပြည်သူတို့စိတ်အား ကို အခွင့်အခါ အမျက်ကျတိုင်း ဖော်ကျူးခဲ့သည်။ စည်းလုံးခြင်း အကျိုးကျေးဇူးကို အမြဲ ဖော်ထုတ်ခဲ့သည်။

"စိတ်ဝမ်းမကွဲ၊ ကျောက်ခဲသံတိုင်ကဲ့သို့ ကျင့်ယူဆောင်ရွက်၍ လာခဲ့ကြသည့်အတွက် တစ်ကမ္ဘာလုံးရှိ ဗိုလ်ခြေအပေါင်းတို့က အံ့ဩမကုန်နိုင်ဘဲရှိကြလေပြီ။ ဤကဲ့သို့ ကြံ့ခိုင်တည်ကြည်နိုင်ကြခြင်းမှာ 'သမဂ္ဂါနံတပေါသုခေါ'ဟု ဆိုအပ်သည့် 'စည်းလုံးညီညွတ်ခြင်းတည်းဟူသော သမ္မာသမ္ဗိသ၏ သုခပင်တည်း' ဟူ၍ ပြည်သူတို့၏ အောင်ပွဲကို 'ဒိုင်အာခီသပိတ်တရား' ခေါင်းစဉ်ဖြင့် မအူပင်ထောင်မှ လွတ်လာပြီး မရွှေ့ မနှောင်း ၁၉၂၂-ခု၊ ဇူလိုင် (၁၅၊ ၁၆)ရက်တွင် ပြုလုပ်သည့် ဂျီစီဘီအေအစည်းအဝေးတွင် ဆရာတော်က မိန့်ကြားခဲ့ပါသည်။

နယ်ချဲ့သမားများ၏ဖိနှိပ်မှုသည် မည်မျှပြင်းထန်စေကာမူ ပြည်သူတို့၏ စည်းလုံးမှုကို မခံနိုင်၊ ပြည်သူသာ အောင်ပွဲခံရမည် ဖြစ်သည်။ စည်းလုံးညီညွတ်မှုဖြင့် ဖိနှိပ်မှုကို တွန်းလှန်ရယူဖို့ ဖြစ်သည်။ ယင်းကို အထက်ပါ 'ဒိုင်အာခီသပိတ်တရား' မိန့်ခွန်းတွင် ဆရာတော်က မိန့်ဆိုခဲ့သည်မှာ-

"အစိုးရဟူသည် မည်မျှပင်ရက်စက်စေကာမူ၊ ပြည်သူတို့၏ တစ်လုံးတစ်ဝတည်း ပေါင်းစည်းကြံစည်၍ လွတ်လပ်ရေးရှာကြတော့မည်ဟူသော အဓိဋ္ဌာန်ဖြင့် လုပ်ကြံခြင်းကို တာရှည်စွာမခံ မရပ်နိုင် ဖြစ်ချေသည်"ဟူ၍ ပြည်သူတို့၏ အရေးပါပုံကို ဆရာတော်က မိန့်ဆိုလမ်းညွှန်ခဲ့ပေသည်။

တစ်ဆက်တည်းမှာ "လွတ်လပ်ရေးသည် ပြည်သူတို့၏ လက်ထဲမှာရှိသည်။ လွတ်လပ်ရေးကို နယ်ချဲ့သမားများထံမှ ရှိခိုးတောင်းပန်၍ မရနိုင်။ ယင်းအကြောင်းများကို ဆရာတော်က အဆိုပါဒိုင်အာခီသပိတ်တရားမှာ ထည့်သွင်းမိန့်ချက်ကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်"။

"လွတ်လပ်ရေးအောင်ဆုကိုရနိုင်ရန်အခြေသည် ဒါယိကာ ဒါယိကာမတို့၏ လက်တွင်း၌ပင် ရှိပေသည်။ ဒူးပဆစ်တုပ်၍ လက်စုံမိုးလျက် ရှိခိုးပန်ထွာ တောင်းဆိုရာသည်မဟုတ်၊ ထိုသို့ ခယတောင်းဆိုခြင်းဖြင့်လည်း မရနိုင်ပေ"ဟု လွတ်လပ်ရေးအတွက် လျှောက်ရမည့်လမ်း၊ ရွေးချယ်ရမည့်လက်နက်မှာ ပြည်သူတို့၏ စည်းရုံးညီညွတ်ခြင်းသာလျှင်ဖြစ်ကြောင်း ဆရာတော်က ဖော်ထုတ် လမ်းညွှန်ခဲ့သည်ကို တွေ့ရသည်။

## မပွးပေါင်းရေး

ပြည်သူလူထုသည် ဆရာတော်၏ ဦးဆောင်မှုဖြင့် ဒိုင်အာခီ အုပ်ချုပ်ရေးကို ဆန့်ကျင်တိုက်ပွဲဝင်နေစဉ်မှာ ဗြိတိသျှနယ်ချဲ့သမားတို့သည် ၁၉၂၃-ခု၊ ဇန်နဝါရီလ(၂)ရက်တွင် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို စတင်အကောင်အထည်ဖော်သည်။ ၁၉၂၁-ခုတွင် အတည် ပြုသည့် (The Burma Rural Self Government

Act 1921) အရ ပြုလုပ်သည့် ဒီစကြိတ်ကောင်စီရွေးကောက်ပွဲများနှင့် ဒိုင်အာခီ ရွေးကောက်ပွဲများကိုသာ သပိတ်မှောက်ရန် ဂျီစီဘီအေအဖွဲ့က ဆုံးဖြတ်သည်။

ဦးဘဘေ ခေါင်းဆောင်သော (၂၁)ဦးအဖွဲ့က ယင်းရွေး ကောက်ပွဲများ တွင် ဝင်ရောက် အရွေးခံကြသည်။ ယင်း(၂၁)ဦးသည် ဂျီစီဘီအေမှ ခွဲထွက်ကာ ရွေးကောက်ပွဲများဝင်ကြခြင်း ဖြစ် သည်။ ပူးသတ်ရေးဟု (၂၁)ဦးက ဆိုကြသည်။ ပူးသတ်ရေးဆိုသည်မှာ မဖြစ်နိုင်ကြောင်းကို ဆရာတော်နှင့် ဂျီစီဘီအေ ခေါင်းဆောင်များက ခံယူကြသည်။ ယင်းကြောင့် ဂျီစီဘီအေမှာ စတင်ကွဲတော့ သည်။ ပြည်သူ့ဘက်တော်သား ဗြိတိသျှနယ်ချဲ့သမားများနှင့် မစေ့စပ်စတမ်း တိုက်ပွဲဝင်ခဲ့သော ဆရာတော်ဦးဥတ္တမသည် သပိတ်မှောက် ဂျီစီဘီအေဘက် အမြဲ ရပ်တည်ခဲ့သည်။

အစိုးရနှင့် မဆက်ဆံရေး (Non Co-operation) မူအတိုင်း ရွေးကောက်ပွဲ မဝင်ကြရန် အမြဲပင်ဆရာတော် လှုံ့ဆော်ခဲ့သည်။ တိုက်တွန်းခဲ့သည်။ ယင်းနှင့် တစ်ဆက်တည်းမှာပင် နိုင်ငံခြားဖြစ်သော ဝတ္ထုပစ္စည်းတို့ကို လော်လီသုံးစားခြင်းမှ ရှောင်ကြဉ်နိုင်ခဲ့သော် ဟုမ်းရူးကိုယ်ပိုင်အုပ်ချုပ်ရေးကို မနှေးစောလျင်စွာ ရကြ မည်ဖြစ်ကြောင်း ဆရာတော်က လမ်းပြနည်းပေးခဲ့သည်။

ဒိုင်အာခီလွှတ်တော်တွင် မင်းတိုင်ပင်အမတ် (၁၀၃)ဦးအနက် မဲဆန္ဒဖြင့် ရွေးကောက်သော မင်းတိုင်ပင်အမတ် (၇၉)ဦး အတွက် ၁၉၂၂-ခု၊ နိုဝင်ဘာလ (၂၁)ရက်တွင် ရွေးကောက်ပွဲ ပြုလုပ်သည်။ ယင်းရွေးကောက်ပွဲတွင် မဲပေးသူ (၆. ၉၂)ရာခိုင်နှုန်းမျှသာရှိသည်။ တစ်နည်းဆိုသော် မဲဆန္ဒရှင် တစ်သန်းခုနစ်သိန်း ကျော်တွင် လူတစ်ရာလျှင် (၇)ယောက်မျှသာ မဲဆန္ဒပေးကြသည်။ လူ (၁၀၀)လျှင် (၉၃)ယောက်မှာ ဒိုင်အာခီစနစ်ကို မလိုလားကြောင်း ဖော်ထုတ်လိုက်ခြင်းပင် ဖြစ်သည်။ ဤသည်မှာ အစိုးရနှင့် မပူးပေါင်းရေး၊ မဆက်ဆံရေး မူဝါဒအောင်မြင်မှု ကို ပြသလိုက်ခြင်းပင် ဖြစ်သည်။

၁၉၂၃-ခု၊ ဇန်နဝါရီလ (၂)ရက်နေ့တွင် စတင်သော ဒိုင်အာခီအုပ်ချုပ် ရေးသည် ၁၉၃၇-ခု၊ ဧပြီလ (၁)ရက်တွင် ရုပ်သိမ်းလိုက်သည်။ တစ်နည်းအားဖြင့် ၁၅နှစ်တိုင်အောင် ပြည်သူတို့နှင့်အတူ ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သော ဆရာတော်၏ မပူးပေါင်းရေးမူဝါဒ အောင်မြင်မှု သမိုင်းမှတ်တိုင် တစ်ခုပင်ဖြစ်သည်။ မြန်မာ့ သမိုင်း၏ အလှည့်အပြောင်းကို ဆရာတော်သည် ပြည်သူတို့နှင့်အတူ မှတ်တမ်းတင် ရေးသားနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

# ဆရာတော်၏ နှစ်(၂၀)စရိုး

ပြည်သူ့ရှေ့ဆောင် လွတ်လပ်ရေး၏ မီးရှူးတန်ဆောင် ဆရာတော် ဦးဥတ္တမသည် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အမြဲဆန့်ကျင်ခဲ့သည်။ ဒိုင်အာခီ အုပ်ချုပ်ရေးစနစ် အစပျိုးမည့် မွန်တေဂူကြေညာချက် ထွက်ပေါ်လာသည့်အခါ ကပင် စတင်တိုက်ပွဲဝင်ခဲ့သည်။ ဟုမ်းရူးကိုသာ အစဉ်တစိုက် တောင်းဆိုခဲ့သည်။ ပြည်သူတို့ဘက်မှ အသက်ခန္ဓာတည်သရွေ့ ရပ်တည်ခဲ့သည်။

ဆရာတော်၏ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများသည် ၁၉၁၇-ခုမှ၊ ၁၉၃၇-ခုအထိ နှစ်ပေါင်း (၂၀)အတွင်း အထင်အရှား ရှိခဲ့သည်။ ယင်းနှစ်ပေါင်း (၂၀)အတွင်း မြန်မာ့သမိုင်းဖြစ်စဉ်များသည် တစ်နည်းမဟုတ် တစ်နည်း ဆရာတော်၏ လှုပ်ရှားမှုများနှင့် ပတ်သက်နေသည်ကို တွေ့ရသည်။

(၁) ဒိုင်အာခီဆန့်ကျင်ရေး အနှစ်(၂၀)ကာလအတွင်း ဗြိတိသျှနယ်ချဲ့ သမားများက ပုဒ်မ ၁၂၄(က)အရ၊ ၁၉၂၂-ခုနှစ်တွင် ပထမအကြိမ် အဖြစ် မအူပင်ထောင်တွင် (၁)နှစ် ဆရာတော်အား အပြစ်ပေးသည်။

(၂) အမျိုးသားပညာရေးအတွက် ပထမအကြိမ် သပိတ်တိုက်ပွဲကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့သည်။ ယင်းသပိတ်ပွဲ၏ နောက်ဆက်တွဲ အဖြစ် အမျိုးသားကောလိပ်၊ အမျိုးသားကျောင်းများ ရပ်တည်ရေး ဆောင်ရွက်မှုများ အစိုးရထံမှ အထောက်အပံ့မခံရေးအတွက် လုပ်ဆောင်ချက်တွင် ဆရာတော်၏ လှုပ်ရှားပါဝင်ခဲ့သည်မှာ အထင် အရှားဖြစ်သည်။

(၃) ဆရာတော်၏ ဦးဆောင်ဆန့်ကျင်မှုကြောင့် ကရက်ဒေါက် စီမံကိန်း မှာ တပ်ခေါက်ခဲ့ရသည်။

(၄) ဝှိုက်ကော်မရှင် ရှေ့မှောက်တွင် အစစ်မခံသပိတ်မှောက် ခြင်းမှာ အောင်မြင်သည်။

(၅) ဝေလမင်းသား (ဝင်စာမြို့စားကြီး) မြန်မာပြည်သို့ ကြွရောက် လာသည့်အခါ ပြည်သူလူထုက မကြိုဆိုဘဲ သပိတ်မှောက်ခဲ့ကြ သည်။

(၆) ၁၉၂၄-ခု၊ ဩဂုတ်လ (၁၆)ရက်တွင် ဆရာတော် မန္တလေးသို့ ကြွရောက်လာသည့်အခါ ဆရာတော်အား ကြိုဆိုကြသည်။ ဂျီစီ ဘီအေ ဂိုဏ်းသားများနှင့် (၂၁)ဦး ဂိုဏ်းသားများ အဓိကရုဏ်းဖြစ် သည်။ ယင်းအဓိ ကရုဏ်းတွင် ဆရာတော်ဦးစန္ဒိမာ ပျံလွန်တော်မူ သည်။

(၇) ၁၉၂၄-ခုတွင် ပုဒ်မ ၁၂၄(က)အရ ဆရာတော်အား ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီး ဆစ်ဆလာရုံးတွင် အမှုစစ်ဆေးစဉ်အမှု လာရောက် နားထောင်သူများကို ပုလိပ်တို့က မြင်းနှင့်တိုက် နံပါတ်တုတ်ဖြင့်ရိုက်မှုများ ဖြစ်ခဲ့သည်။ ဆရာတော်အား ပြည်သူလူထု၏ လေးစားမှုများကို ယင်းဖြစ်ရပ်များက ဖော်ထုတ်လိုက်ခြင်းဖြစ် သည်။

(၈) ၁၉၂၄-၂၅ခုတွင် လူခွန်နှင့် သဿမေးခွန်များ မပေးဘဲ အချို့ ခရိုင်များတွင် သပိတ်မှောက်ကြသည်။

(၉) ၁၉၂၉-ခု၊ ဇန်နဝါရီလ (၂၉)ရက်တွင် ဆိုင်မွန်ကော်မရှင် ရန်ကုန်သို့ ရောက်လာသည်။ ယင်းကော်မရှင်ထံ အစစ်မခံဘဲ သပိတ်မှောက် ကြသည်။

(၁၀) ၁၉၂၉-ခု၊ စက်တင်ဘာလ (၁၀)ရက်နေ့တွင် ဆရာတော်ဦးဥတ္တမ၏ သာသနာအာဇာနည် အရှင်ဦးဝိစာရ သည် ထောင်တွင်(၁၆၆)ရက် အစာငတ်ခံ၍ ပျံလွန်တော်မူသည်။

(၁၁) ၁၉၃၀-ခုတွင် ဆရာစံ ဦးဆောင်သည့် လယ်သမား အရေးတော်ပုံ ပေါ်ပေါက်သည်။ ယင်းထကြွမှုတွင် ဆရာတော်နှင့် ဦးစိုးသိမ်း ဂျီစီဘီအေ၏ လှုံ့ဆော်မှုကြောင့်ဖြစ်သည်ဟု ဗြိတိသျှအာဏာပိုင်များ က ယူဆသည်။

(၁၂) ၁၉၃၆-ခုတွင် ဒုတိယအကြိမ် ကျောင်းသားသပိတ် ပေါ်ပေါက်ခဲ့ သည်။

(၁၃) တွဲရေးခွဲရေးအတွက် တစ်ပြည်လုံး ဆန္ဒယူပွဲတွင် တွဲရေးဘက်မှ အသာရရှိသည်။ ဆရာတော်သည် တွဲရေးဘက်မှ ရပ်တည်ခဲ့လေ သည်။ သို့ရာတွင် ဗြိတိသျှ နယ်ချဲ့သမားများက ခွဲရေးမူအရ အိန္ဒိယနှင့်မြန်မာပြည်ကို ၁၉၃၇-ခု၊ ဧပြီလ(၁)ရက်တွင် ခွဲခွာခွင့်ပေးလိုက် သည်။ ယင်းနေ့မှာပင် ဒိုင်အာခီအုပ်ချုပ်ရေးကို ဖျက် သိမ်းလိုက်သည်။ ယင်းနေ့မှာပင် ဒိုင်အာခီအုပ်ချုပ်ရေးကို ဖျက်သိမ်းပြီး ၉၁-ဌာနအုပ်ချုပ်ရေးကို စတင်သည်။

(၁၄) ဒိုင်အာခီအုပ်ချုပ်ရေးကို ဆန့်ကျင်ရာတွင် တပ်ဦးဖြစ်သော ဂျီစီ ဘီအေမှာ ဒိုင်အာခီအုပ်ချုပ်ရေး ရုပ်သိမ်းချိန်တွင် အကွဲကွဲဖြင့် ဇာတ်သိမ်းခဲ့ရသည်။

(၁၅) အခွင့်အရေးရှာသမားများသည် ဆရာတော်၏ အရှိန်အဟုန်ကို အသုံးချပြီး ရာထူးများယူကြသည်။ ဆရာတော်မှာ ယင်းအခွင့် အရေးများကို ဖယ်ခွာပြီး အစားဆင်းရဲ၊ အနေဆင်းရဲ အမျိုးမျိုးကို ပျံလွန်သည်အထိ ခံခဲ့ရသည်။

## ဆရာတော်၏ နောက်ဆုံးစရိုး

အမှောင်အတွင်းကျရောက်နေသော မြန်မာပြည်သူလူထုအား ဆရာတော်သည် အနစ်နာခံပြီး လွတ်လပ်ရေးလမ်းစကို စတင်ဖော်ပေးခဲ့သည်။ အသက်ခန္ဓာ ရှိသရွေ့ ပြည်သူတို့အကျိုးကို ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ဆရာတော်၏ ဘဝ ဇာတ်သိမ်းကား မကောင်း၊ ဆရာတော်၏ အရှိန်အဟုန်ကြောင့် ငါးဖွင့်ဆိုင်အဖွဲ့ သည် မင်းတိုင်ပင်အမတ် (၄၅)ဦးကို ရရှိသည်။ ဒိုင်အာခီဥပဒေပြု လွှတ်တော် (မင်းတိုင်ပင်အစည်းအဝေး)တွင် အင်အားအရှိဆုံး ဖြစ်ခဲ့သည်။

ဆရာတော်အား ယင်းအဖွဲ့ဝင်များသည် စွန့်ခွာခဲ့ကြသည်။ လျစ်လျူရှုခဲ့ကြသည်။ သို့ရာတွင် ဆရာတော်မှာ မတုန်လှုပ် ဆင်းရဲဒုက္ခခံကာ ၁၉၃၉-ခု၊ စက်တင်ဘာလ (၆)ရက် စနေနေ့တွင် ဆီးချိုရောဂါဖြင့် ရန်ကုန်ဆေးရုံကြီးတွင် ပျံလွန်တော်မူလေသည်။

**မြထွန်းအောင်**
**၁၉၇၉-ခု၊ စက်တင်ဘာလ (၉)ရက်။**

## <u>မှီငြမ်းပြုသည့် စာအုပ်များ</u>


၁။ သခင်လွင်-ဗမာ့လွတ်လပ်ရေး မီးရှူးတန်ဆောင် ဆရာ တော်ဦးဥတ္တမ လက်ရွေးစင် မိန့်ခွန်းနှင့် ဆောင်းပါးများ (၁၉၆၇-ခု)
၂။ သခင်လွင်- အာဇာနည်အရှင်ဦးဝိစာရ (၁၉၇၁-ခု)
၃။ ဦးလေးမောင်- မြန်မာနိုင်ငံရေးသမိုင်း (ပ-ဒု တွဲ) (၁၉၇၃-၇၄-ခု)
၄။ မိုးကြိုးဦးအုန်းခင်- မြန်မာပြည် ဇာတ်လမ်းရှုပ်သမျှ (၁၉၇၃-ခု)
၅။ သတင်းစာဆရာကြီး တိုးတက်ရေး ဦးသန်းထွန်း-မြန်မာ နိုင်ငံရေး ရှင်းတမ်း (၁၉၇၄-ခု၊ ဒုတိယအကြိမ်)
၆။ ဖေဘီယန် ဦးဘခိုင်- မြန်မာပြည်နိုင်ငံရေးရာဇဝင် (၁၉၆၄-ခု၊ ဒုတိယအကြိမ်)
၇။ ပင်စင်စား အရေးပိုင်မင်း ဦးဘအေး၊ "ပြည်ရေး ပြည်ရာပညာ" (၁၉၃၄-ခု)
၈။ လူထုဦးလှ- ကျွန်တော်သတင်းထောက် (၁၉၇၁-ခု)

# ကုမ္ပဏီခေတ်အုပ်ချုပ်ရေးနှင့် ယင်း၏အမှုထမ်းများ

## မြထွန်းအောင်

သက္ကရာဇ် ၁၁၄၆-ခု၊ ပြာသိုလပြည့်ကျော်(၇)ရက်၊ စနေနေ့တွင် ဘိုးတော်ဘုရား ရခိုင်ပြည်ကို သိမ်းယူသည်။ ယင်းနောက် ဓညဝတီ၊ ရမ္မာဝတီ၊ မေဃဝတီနှင့် ဒွါရဝတီမြို့များတွင် မြို့ဝန်တစ်ဦးစီခန့်ထား၍ ရခိုင်ပြည်ကို အုပ်ချုပ်စေသည်။ မြို့ဝန်များအုပ်ချုပ်သဖြင့် ယင်းခေတ်ကို မြို့ဝန်ခေတ်ဟု ခေါ်ဆိုကြသည်။

မြို့ဝန်ခေတ်သည် နှစ်ပေါင်း(၄၀)ကြာသည်။ ဘိုးတော်ဘုရားနှင့် ဘကြီးတော်မင်းနှစ်ပါး အုပ်ချုပ်ခဲ့သည်။ မြို့ဝန်ကိုးပါးတို့ တာဝန်ထမ်းဆောင်ခဲ့သည်။ မြို့ဝန်များအနက် ဓညဝတီမြို့ဝန်မှာ ရာထူးအဆင့်အမြင့်ဆုံး ဖြစ်သည်။ ဓညဝတီမြို့ဝန်ကို (The Rajah of Arakan) ရခိုင်ဝန်ကြီးဟု ခေါ်ကြသည်။ ရခိုင်ဘုရင်ခံ (Governer of Arakan) ဟုလည်း အင်္ဂလိပ်မှတ်တမ်းများတွင် ဖော်ပြလေ့ရှိသည်။

မြို့ဝန်ခေတ်တစ်လျှောက်လုံးသည် ပြည်ရွာမငြိမ်မသက်၊ ကသောင်းကနင်းရှိသည်။ ရခိုင်သား ထောင်ပေါင်းများစွာတို့သည် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီပိုင် စစ်တကောင်းနယ်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။

ဘိုးတော်ဘုရား ရခိုင်ကိုသိမ်းယူပြီးနောက် အင်္ဂလိပ်အရှေ့ အိန္ဒိယကုမ္ပဏီပိုင် အန္ဒိယနှင့်နယ်နိမိတ်ထိစပ်လျက် ရှိစေသည်။ ယင်းသို့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိခြင်းကြောင့် မြန်မာမင်းများနှင့် ကုမ္ပဏီအစိုးရတို့သည် နယ်နိမိတ်ပြဿနာကို ဖြစ်ပေါ်စေသည်။ ယင်းကြောင့် ၁၈၂၄-ခု၊ မတ်လ(၅)ရက်တွင် ပထမအင်္ဂလိပ် မြန်မာစစ်ပွဲ ဖြစ်ပွားခဲ့သည်။

## အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ

ခရစ်နှစ် ၁၆၀၀ပြည့်နှစ်တွင် ပထမအယ်လိဇဘတ်ဘုရင်မ လက်ထက်တွင် အင်္ဂလိပ်အရှေ့အိန္ဒိကုမ္ပဏီကို တည်ထောင်သည်။ အစုငွေပေါင်း သုံးသောင်းကျော်နှင့် မတည်တည်ထောင်ခဲ့သည်။ (၁၇)ရာစုတွင် စာချွန်တော်ရှစ်ခုကို ထုတ်ပြန်ပြီး အင်္ဂလိပ်ဘုရင်များက ယင်းကုမ္ပဏီ၏လုပ်ပိုင်ခွင့်များကို ပေးခဲ့သည်။ ကူးသန်းရောင်းဝယ်မှုအပြင် ငွေစက္ကူဒင်္ဂါးထုတ်ပိုင်ခွင့်၊ မဟာမိတ်ဖွဲ့ပိုင်ခွင့်၊ စစ်ကြေငြာပိုင်ခွင့်၊ စစ်ပြေငြိမ်းပိုင်ခွင့်၊ တရားဥပဒေဆိုင်ရာ အရေးယူပိုင်ခွင့်နှင့် အာဏာလွှဲပြောင်း အုပ်ချုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်သည့် အခွင့်အရေးများကို ရရှိခဲ့သည်။ စာချွန်တော်များ ဗြိတိသျှချာတာ အက်ဥပဒေများအရ အဆိုပါကုမ္ပဏီမှာ အကန့်အသတ်မရှိသော တန်ခိုးအာဏာများကို ရရှိခဲ့သည်။

၁၇၇၄-ခု အက်ဥပဒေဖြင့် အိန္ဒိယနိုင်ငံ ကြီးကြပ်ရေးဘုတ် အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ပေါင် ၂၀၀၀တန် ရှယ်ယာပိုင်ဆိုင်သူသည် ကုမ္ပဏီဒါရိုက်တာအဖြစ် အရွေးခံပိုင်ခွင့် ရှိသည်။ ကုမ္ပဏီတွင် ဒါရိုက်တာ (၂၄)ဦး ရှိသည်။ သို့ရာတွင် အိန္ဒိယနိုင်ငံ ကြီးကြပ်ရေးဘုတ်အဖွဲ့ရှိသော်လည်း လက်တွေ့မှာ ကုမ္ပဏီဒါရိုက်တာများကသာ ချုပ်ကိုင်ချယ်လှယ်ခဲ့သည်။ ကုမ္ပဏီဒါရိုက်တာများမှာ အမြတ်အစွန်းရရှိရေးနှင့် နယ်ပယ်ချဲ့ထွင်ရေးကို အလေးထား သူများဖြစ်ကြသည်။

မြန်မာနိုင်ငံနှင့် (၁၇)ရာစုအစပိုင်းကပင် ယင်းကုမ္ပဏီနှင့် ဆက်ဆံမှုရှိခဲ့သည်။ ၁၆၆၆-ခုတွင် ရခိုင်တို့ လက်လွှတ်ခဲ့ရသော စစ်တကောင်းနယ်ကို ၁၇၂၇-ခုတွင် အင်္ဂလိပ်အရှေ့အိန္ဒိယ ကုမ္ပဏီက သိမ်းယူခဲ့သည်။ (၁၉)ရာစု နှစ်ဦးပိုင်းတွင် အိန္ဒိယတစ်နိုင်ငံလုံးနီးပါးကို ယင်းကုမ္ပဏီက သိမ်းယူပြီးဖြစ်သည်။ ယင်းသိမ်းပိုက်ပြီး နယ်အသီးသီး၌ ဘုရင်ခံများကို ခန့်ထားအုပ်ချုပ်စေသည်။ ဘုရင်ခံချုပ်မှာ ဘင်္ဂလားနယ် ကာလကတ္တားမြို့မှနေ၍ အိန္ဒိယနိုင်ငံ၏ အုပ်ချုပ်ရေးနှင့် စစ်ရေးများကို တာဝန်ယူအုပ်ချုပ်သည်။

၁၈၃၃ခု အက်ဥပဒေအရ ၁၈၃၄-ခု၊ ဧပြီလ (၁၂)ရက်နေ့မှစ၍ အဆိုပါကုမ္ပဏီသည် တစ်ဦးတည်း ကုန်သွယ်မရတော့ချေ။ နှစ်ပေါင်းများစွာ တစ်ဦးတည်း ကုန်သွယ်ခွင့်ရခဲ့သော အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီသည် အခြားကုမ္ပဏီများအား စီးပွားရေးလုပ်ငန်းများကို ၁၈၃၄-ခုမှစ၍ အိန္ဒိယတွင် ပါဝင်လုပ်ဆောင်ခွင့်ပေးခဲ့ရသည်။ ကုမ္ပဏီ၏အုပ်ချုပ်ရေးညံ့ဖျင်းသဖြင့် ၁၈၅၇-ခုမှာ အိန္ဒိယတွင် ပုန်ကန်မှုပေါ်ပေါက်ခဲ့သည်။ ၁၈၅၇-ခု ကုမ္ပဏီပိုင်နယ်မြေအားလုံးကို အင်္ဂလန်ရှိ ဗဟိုအစိုးရက လွှဲပြောင်းယူလိုက်သည်။ ယင်းအချိန်မှစ၍ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ အုပ်ချုပ် ရေးသည် အိန္ဒိယနိုင်ငံတွင် ဇာတ်သိမ်းတော့သည်။

အင်္ဂလိပ်အရှေ့အိန္ဒိယ၏ သိမ်းပိုက်ခံနယ်တစ်နယ်ဖြစ်သော ရခိုင်ပြည်မှာလည်း ၁၈၅၇-ခုမှစ၍ ကုမ္ပဏီ၏ ကိုလိုနီနယ်တစ်နယ်အဖြစ်မှ ဗြိတိသျှတို့၏ ကိုလိုနီလက်အောက်ခံနယ်တစ်နယ်အဖြစ် ရောက်ရှိသွားတော့သည်။ ယင်းကြောင့် ကုမ္ပဏီခေတ် ရခိုင်ပြည် အုပ်ချုပ်ရေးမှာ ၁၈၂၆ခုမှ ၁၈၅၇ခုအထိ နှစ်ပေါင်း (၃၀)ကျော် ရှည်ကြာခဲ့သည်။

## ကုမ္ပဏီခေတ် အုပ်ချုပ်ရေး

စစ်ကြေညာပိုင်ခွင့်၊ စစ်ပြေငြိမ်းခွင့် အပါအဝင်အခွင့် အာဏာအကန့်အသတ်မရှိ ရရှိခဲ့သော အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီသည် နယ်စပ်အရေးအခင်းများကြောင့် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားခဲ့သည်။ မြန်မာတို့ ရှုံးနိမ့်ခဲ့သည်။ ယင်းကြောင့် ၁၈၂၆-ခု၊ ဖေဖော်ဝါရီလ(၂၄)ရက်တွင် ရန္တပိုစာချုပ်ကို ချုပ်ဆိုခဲ့ရသည်။ ရခိုင်နှင့်တနင်္သာရီဒေသများကို ယင်းစာချုပ်အရ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီက သိမ်းယူရရှိသည်။

ရခိုင်ကိုသိမ်းပိုက်ပြီးနောက် အုပ်ချုပ်ရေးအတွက် အမှုထမ်း အရာထမ်းများ လိုအပ်လာသည်။ ယင်းကြောင့် အရှေ့အိန္ဒိယကုမ္ပဏီ အာဏာပိုင်တို့သည် မြို့ဝန်ခေတ်အုပ်ချုပ်ရေးနေရာတွင် အုပ်ချုပ်ရေးတစ်ရပ်ကို အစားသွင်းအုပ်ချုပ်စေသည်။ ယင်းအုပ်ချုပ်ရေး၏ အထက်အာဏာပိုင်ရာထူးကို မြို့ဝန်အထက်နေရာများတွင် ကုမ္ပဏီအမှုထမ်း အင်္ဂလိပ်များအား ခန့်ထားသည်။ ရခိုင်ဘုရင်လက်ထက်မှစ၍ ဘင်္ဂလားနယ်တွင်နေထိုင်ကြသူများနှင့် မြို့ဝန်ခေတ် ယင်းနယ်သို့ သွားရောက်နေထိုင်ကြသူများထဲမှ ကုမ္ပဏီအမှုထမ်းကြသူများရှိသည်။ ယင်းကုမ္ပဏီ ရခိုင်အမှုထမ်းများကို ရခိုင်တွင်မြို့သူကြီး ကျွန်းအုပ်၊ ချောင်းအုပ်၊ သူကြီးရာထူးများနှင့် အခြားရာထူးများတွင် ခန့်ထားသည်။ ယင်းသို့ ရခိုင်အမျိုးသားများအား တာဝန်ပေးအပ်ခြင်းဖြင့် ကုမ္ပဏီခေတ်အုပ်ချုပ်ရေးကို အဆင်ပြေစေရန် ဖြစ်သည်။ ရခိုင်အမျိုးသားအုပ်ချုပ်ရေးအရာရှိများကို ကြားခံထားပြီး ရခိုင်ပြည်သူလူထုကို အုပ်ချုပ်နိုင်ရန် ဖြစ်ပါသည်။

၁၈၂၆-ခုမှ ၁၈၂၉ခုအတွင်း ရခိုင်နှင့် တနင်္သာရီဒေသများကို အုပ်ချုပ်ရေးအထူးဝန်ရှင်တော်မင်းကြီးတစ်ဦးကိုခန့်ထားပြီး အုပ်ချုပ်စေသည်။ ယင်းဝန်ရှင်တော်မင်းကြီးအောက်တွင် ရခိုင်ကို အုပ်ချုပ်ရန်အတွက် ဒေသဆိုင်ရာ မင်းကြီးနှစ်ဦးက တာဝန်ယူရသည်။ ဒေသဆိုင်ရာ မင်းကြီးနှစ်ဦးစလုံးသည် စစ်တွေတွင် ရုံးထိုင်သည်။ စစ်တွေနှင့် ရမ်းဗြဲခရိုင်များကို ဖွဲ့စည်းသည်။ ယင်းခရိုင် နှစ်ခုကို လက်ထောက်မင်းကြီး (မြို့ဝန်)များက တာဝန်ယူအုပ်ချုပ်စေသည်။

သို့ရာတွင် ၁၈၂၉-ခုတွင် ရခိုင်နှင့်တနင်္သာရီကို အထူးဝန်ရှင်တော်မင်းကြီး အုပ်ချုပ်မှုအောက်မှ ခွဲထုတ်လိုက်သည်။ ယင်းနောက် ရခိုင်ပြည်ကို စစ်တကောင်း၏မင်းကြီးက လွှဲပြောင်းတာဝန်ယူ အုပ်ချုပ်စေသည်။ ဒေသဆိုင်ရာမင်းကြီး နှစ်နေရာအနက် တစ်နေရာကို ဖျက်သိမ်းလိုက်သည်။ ကျန်ရှိသော ရာထူးတစ်နေရာကို (Superintendent of Arakan) ဟု ပြောင်းလဲခေါ်တွင်စေသည်။

ယင်းနောက် မြို့ဝန်ခေတ် အုပ်ချုပ်ရေးအတိုင်း ဝတီလေးရပ်တွင် မြို့ဝန်များကို ခန့်ထားသည်။ မြို့ဝန်များသည် ရာဇဝတ်မှုများ၊ တရားမမှုများကို စစ်ဆေးရသည်။ ကောလိပ်တော်အရာရှိလည်း ဖြစ်သည်။ အခွန်အကောက်များကောက်ခံရရှိရေးကို တာဝန်ယူ ဆောင်ရွက်ရသူလည်းဖြစ်သည်။

မြို့ဝန်အောက်တွင် (Junior Assistant Commissioner) ရာထူးရှိသည်။ ယင်းရာထူးမှာ မြို့ဝန်ကဲ့သို့ တာဝန်ထမ်းဆောင်ရသည်။ သို့ရာတွင် ရာဇဝတ်မှု၊ တရားမမှုနှင့် အခွန်တော်အယူခံရန် ကိစ္စများမပါဝင်ချေ။

မြို့သူကြီးရာထူးတွင် ရခိုင်သားများနှင့် အိန္ဒိယတိုင်းရင်းသားများကို ခန့်ထားသည်။ မြို့ဝန်ကြီးသည် အကောက်ခွန်များနှင့် ပတ်သက်သည့်ကိစ္စများကို တာဝန်ယူဆောင်ရွက်ရသည်။ တရားဥပဒေနှင့်ပတ်သက်သည့် မှုခင်းများကို စစ်ဆေးပိုင်ခွင့်မရှိချေ။ အခွန်တော် ကောက်ခံရေးများအတွက်သာ မြို့ဝန်ကို ကူညီပေးရသည်။ လစာမှာ (၅၀)ကျပ်ဖြစ်သည်။ နောက်တွင် (၈၀)ကျပ်အထိ တိုးပေးသည်။ မြို့သူကြီးရာထူးကို အကောက်ဝန်ဟု နောက်ပိုင်းတွင် ခေါ်သည်။ အခွန်ကောက်ခံပေးရသည့်ကိစ္စနှင့်ပတ်သက်၍ မြို့သူကြီးအောင်ကျော်ဇံအား တာဝန်ပေးအပ်ပုံကို လမူးဇာတိ ရာဇဝင်ဆရာကြီး ဦးကျော်မည်း ရေးခဲ့သော ဂဏန်းသင်္ချာကျမ်း နိဂုံးတွင် ဖော်ပြထားသည်မှာ---

> "ဒေးရှိန်သတ်သည်၊ တွဲလက်စာနာ၊ ချင့်ရှုပါသော်၊ ယဿနေ၊ ပြည့်စုံကြ၍၊ များလှသိပ္ပံ၊ အောင်ကျော်ဇံအား၊ အမြန်ခေါ်ပြီး၊ မြို့သူကြီးဟု၊ အပြီးသေသပ်၊ တံဆိပ်ခတ်လျက်၊ ပေးအပ်သည်မှ၊ နေ့ကစ၍၊ ရက္ခပူရ၊ ဘွဲ့နာမဖြင့်၊ ဓညဝတီ၊ ပြည်ခွန်ဆီ၏၊ ရူဋ္ဌိသ ညာ၊ ခန့်ဇနာသည်၊ ခြင်းရာကိစ္စ၊ ပြီးစီးကြ၏"။

ဟု တွေ့ရသည်။ ယင်းကြောင့် မြို့သူကြီးမှာ ပြည်သူပြည်သား ထံမှ ဘဏ္ဍာအခွန် ခန့်ဇနာများကို ကောက်ခံပေးရသည်မှာ ထင်ရှားသည်။

ဒေးဝန်းကြီးရာထူးမှာ မည်သည့်အဆင်းတွင် ရှိသည်ကိုကား မသိရပါ။ သို့ရာတွင် ပီကျွန်းအုပ် အောင်ကျော်ရွှီကို ဒေးဝန်ရာထူး တိုးပေးခဲ့သည်ကို တွေ့ရသည်။ ဘဏ္ဍာအခွန် ငွေနှစ်သိန်း စည်းကြပ်ပေးရန် တာဝန်ပေးသည်ကို ဒေးဝန်းကြီး၏ မှတ်တမ်းများတွင် တွေ့ရသည်။ ယင်းကြောင့် ဒေးဝန်းရာထူးမှာလည်း အခွန်ဘဏ္ဍာကောက်ခံပေးရသည့် ရာထူးပင်ဖြစ်သည်။ မြို့သူကြီးထက် အဆင့်နိမ့်မည်ကား မဟုတ်ဟု ထင်မိပါသည်။

## ကျွန်းအုပ်ချောင်းအုပ်နှင့် တာဝန်များ

ကျွန်းအုပ်ချောင်းအုပ်တို့မှာ ကုမ္ပဏီခေတ် အခွန်ဘဏ္ဍာရ ခန့်ဇနာရရှိရေး အတွက် အဓိကအောက်ခြေသိမ်း တာဝန်ကို ထမ်းဆောင်ရသူများ ဖြစ်သည်။ မိမိတို့တာဝန်ကျရာ ကျွန်းများ၊ ချောင်းများတွင် အခွန်ဘဏ္ဍာ ခန့်ဇနာများကို ကောက်ခံရသည်။ အခွန် အကောက်များမှာ မိမိတို့တာဝန်ယူရမည့် နယ်မြေ အကျယ်အဝန်းအပေါ် မူတည်၍ ကောက်ခံရရှိသည်။ ကျွန်းအုပ်တာဝန်နှင့် ပတ်သက်၍ အင်္ဂါရပ်ချိုင်ကျွန်းအုပ် မောင်သျှင်အား ပြားကျွန်းသို့ တာဝန်လွှဲပြောင်း ထမ်းဆောင်ရန် စာချွန်ကို ၁၈၄၅-ခု၊ ဇွန်လ (၁၄)ရက် သက္ကရာဇ် ၁၂၀၇-ခု၊ နယုန်လဆန်း (     )ရက်နေ့ ထုတ်ပြန်ရာတွင်-

"ဤစာချွန်ကိုရလျှင် ဤမြို့အပိုင်၊ တခြားကျွန်းရွာနှင့်တခြားတိုင်း ပြည်၊ မြို့ရွာများက ငယ်သားတို့ကို ဖျောင်းဖျခေါ်ဝေါ်၍ မိမိကျွန်းရွာတွင် စည်ပင်သာယာအောင် ပြုစုချထားရမည်။ ၎င်းအပြင် ကျွန်းရှင်တွက်လည်း ရှေ့ကစည်းကြပ်သည့် အခွန်တော်ငွေကိုလည်း မလစ်မဟင်း မချွတ်မယွင်းရ အောင် ကောင်းမွန်စွာ ကောက်ခံ၍ ပြေစာယူပြီးလျှင် လစဉ်သွင်းပုံအတိုင်း တိုက်တော်မှာ ဆက်သွင်းရမည်။ သို့ရာတွင် စည်းကြပ်သည့် အခွန်တော် ငွေပြင်ပိုမို၍ တစ်စုံတစ်ယောက်ထံက တစ်ပြားတစ်ချပ်မကောက်မခံရ ကိုယ်ပင်စားစုသင့် အခွန်တော်ငွေ (၁၀၀)လျှင် (၁၅)ပြား၊ ရွာခေါင်းစားစု (၄)ပြား၊ ရွာစားကိုင်စားစု (၂)ပြား၊ ကူများကိုတိုက်တော် ကြရလိမ့်မည်။ ၎င်းအပြင် တစ်စုံတစ်ယောက်လက်ရှိကို လက်မဲ့မပြုလုပ်ရ၊ အကယ်၍ လက်ရှိကို လက်မဲ့ပြုလုပ်လျှင် ရှေ့တော်က အယူရှိလိမ့် မည် မဟုတ်၊ ၎င်းပြင် မိမိစီရင်စုဒေသတွင် ဓါးပြသူခိုးလူဆိုးတို့ကို တည်းအိမ်နေရာ မပေးနှင့်၊ လာရောက်လျှင်လည်း ဖမ်းဆီး၍ ဌာနာမှာဖြစ်စေ၊ ရှေ့တော်မှာဖြစ်စေ လျင်မြန်စွာ ပို့အပ်ရမည်။ ၎င်းအပြင် ရှေ့တော်က စေခိုင်းသူဌာနာအရာရှိတို့ ဓားပြသူခိုး လူဆိုးဖမ်းဆီးရန် လာရောက်လျှင် ကိုယ်ပင်က သက်စွန့်ကြိုးပမ်း ၍ မိမိထံခံဝန်ချက်တွင် လက်မှတ်ချထားသည့်အတိုင်း ကျင့်ဝတ်ဆောင် ရမည့်အကြောင်း နှလုံး၌ မှတ်သိစေရမည်"ဟု စာချွန်တွင် ဖော်ပြပါရှိသည်ကို တွေ့ရှိရသည်။

ယင်းကျွန်းအုပ် မောင်သျှင်၏ တာဝန်လွှဲပြောင်းထမ်းဆောင်ရန် ပေးအပ် သည့် စာချွန်အရ ကျွန်းအုပ်များသည် မိမိတို့တာဝန် ထမ်းဆောင်ရမည့် ကျွန်းရွာ များ စည်ပင်စေရန် ဆောင်ရွက်ရသည်။ တစ်ခြား ကျွန်းရွာများမှလည်းကောင်း၊ တခြားတိုင်းပြည် မြို့ရွာများမှလည်းကောင်း လူများကို မိမိအုပ်ချုပ်ရသည့် ကျွန်း ချောင်းများသို့ လာရောက်နေထိုင်လုပ်ကိုင်ရန် သွေးဆောင်ရသည်။ သိမ်းသွင်း ရသည်။ မိမိအုပ်ချုပ်ရသော ကျွန်းချောင်းများတွင် လူသူများပြားလုပ်ကိုင်

ရောင်းဝယ်ဖောက်ကား စည်ပင်လာသည်နှင့်အမျှ အခွန်အကောက်ခန့်ဇနာများ တိုး၍ရရှိမည်။

အခွန်အကောက်ခန့်ဇနာ ပိုမိုကောက်ခံရရှိသည်နှင့်အမျှ ယင်းတို့၏ စားစုပိုမိုရရှိကြမည် ဖြစ်သည်။ ကျွန်းအုပ်မှာ ငွေ(၁၀၀)လျှင် (၁၅)ရာနှုန်း စားစု အဖြစ်ခံထားရသည်။ ရပ်ရွာငြိမ်ဝပ်ပိပြားရေးအတွက် ပုလိပ်ဌာနများကို ကူညီပေးရ သည်။ မိမိအားပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ပါမည် ဟု ကတိခံဝန်ချက် ရေးထိုးထားရသည်။

ယင်းကြောင့် ကုမ္ပဏီခေတ်အုပ်ချုပ်ရေးတွင် ကျွန်းချောင်းအုပ်များသည် အရေးပါသည့်ကဏ္ဍက ပါဝင်ခဲ့သည်။ ပြည်သူလူထုနှင့် အတွေ့အထိအများဆုံး သော ကုမ္ပဏီဝန်ထမ်းများ ဖြစ်ကြသည်။ ကျွန်းအုပ်များ ချောင်းအုပ်များအဖြစ် မြို့ဝန်ခေတ်မှ ကျွန်း အုပ်ဟောင်းများနှင့် ကုမ္ပဏီဝန်ထမ်းများအား တာဝန်ပေးအပ် သည်။

ပီကျွန်းအုပ် အောင်ကျော်ရွှီ (ဒေးဝန်းကြီး)၊ သော်တလီ မောင်ညို၊ ပြားကျွန်းအုပ် မောင်သျှင်၊ သလိန်တောင်ကျွန်းအုပ် ငရှောက်ဖွယ်၊ ကျိန်းကျွန်းအုပ် မောင်ညို၊ ကြံ၊ သုဘာဒါရ်စံရ ဘွေတို့မှာ ကုမ္ပဏီခေတ်ကျွန်းအုပ်များ ဖြစ်သည်။

ကုမ္ပဏီခေတ်တွင် စစ်တွေခရိုင်မှာ တိုက်နယ်ပေါင်း (၁၆၀) ရှိသည်။ ယင်းတိုက်နယ်များအနက် ကျွန်း(၁၄၈)ကျွန်းဖြစ်၍ ချောင်း(၁၂)ချောင်း ရှိသည်။ ယင်းကြောင့် ကျွန်းအုပ်၊ ချောင်းအုပ် ဦးရေမှာ (၁၆၀)ခန့်၊ စစ်တွေခရိုင်တွင် ကုမ္ပဏီခေတ်အုပ်ချုပ်ရေး ကာလမှာ ရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။

## ရွာသူကြီးများနှင့် တာဝန်များ

စစ်တွေခရိုင်တွင် ကျွန်းအုပ်၊ ချောင်းအုပ်အဖြစ် ကုမ္ပဏီ ခေတ်အုပ်ချုပ်ရေး ယန္တရားလည်ပတ်ရေးအတွက် ရခိုင်သားများအား တာဝန်ပေးအပ်သည်။ သို့ရာတွင် ကျွန်းအုပ်ချောင်းအုပ်များအား သံတွဲခရိုင်တွင် လူကြီးများကို တာဝန်ပေးအပ်သည် ကို တွေ့ရသည်။ တိုက်နယ်များ သူကြီးရာထူးအတွက် လေလံတင် ရောင်းချသည်။ သူကြီးလုပ်လိုသူသည် ယင်းလေလံရောင်းချသည့် တိုက်နယ်များကို မိမိပေးနိုင်သည့် နှုန်းထားကို ဖော်ပြပြီး ဆွဲယူရသည်။

ယင်းအပြင် အစိုးရ ဆားဂိုဒေါင်သို့ ဆားတစ်မောင်းလျှင်(၄)အာနာနှုန်းဖြင့် မည်မျှ ပေးသွင်းနိုင်မည်ဖြစ်ကြောင်း ဖော်ပြရသည်။ အမြင့်ဆုံးပေးသွင်းနိုင်သူကို သူကြီးခန့်အပ်သည်။ သူကြီးများ၏ သက်တမ်းမှာ သုံးနှစ်ဖြစ်သည်။ ယင်းသူကြီးများ သည် သတ်မှတ်ငွေနှင့်ဆားများကို သတ်မှတ်ချက်အတိုင်း မပေးသွင်းနိုင်ကြချေ။ ယင်းကြောင့် ၁၈၂၈-ခုတွင် ယင်းအစီအစဉ်ကို ဖျက်သိမ်းလိုက်သည်။

ယင်းနောက် ယခင်သူကြီးဟောင်းများ သို့မဟုတ် ယင်းတို့၏ အမွေဆက်ခံသူများကို သူကြီးတာဝန်ပေးအပ်သည်။ သူကြီးများသည် အခွန်ကောက်ခံရေးနှင့် ရပ်ရွာငြိမ်ဝပ်ပိပြားရေးကို ကျွန်းအုပ်ချောင်းအုပ်များကဲ့သို့ တာဝန်ယူရသည်။ တိုက်နယ်ပေါင်း (၃၂)တိုက်နယ်ရှိသဖြင့် သူကြီး (၃၂)ဦးခန့် ရှိမည်ဖြစ်သည်။ သူကြီးများမှာ မြို့ဝန်ခေတ် အုပ်ချုပ်ရေးအတိုင်း အခွင့်အာဏာများ ရရှိ သည်။

သို့ရာတွင် ရာဇဝတ်မှုနှင့် တရားမမှုများကို စစ်ဆေးခွင့် ရုပ်သိမ်းလိုက်သည်။ သူကြီးရာထူးများမှာ အမွေဆက်ခံခွင့် မရှိ။ သို့ရာတွင် သူကြီးများ၏ အမှုထမ်းဆောင်မှုအခြေအနေကိုကြည့်ပြီး သားသို့မဟုတ် ဆွေမျိုးတော်စပ်သူများကို ဆက်လက် တာဝန်ပေးအပ်သည်။

## ရွာခေါင်းရွာစာရေးများ

ရွာခေါင်း ရွာစာရေးများမှာ ကျွန်းအုပ် ချောင်းအုပ်နှင့်သူ ကြီးများလက်အောက်တွင် တာဝန်ထမ်းဆောင်ရသူများဖြစ်သည်။ ရွာခေါင်းရာထူးကို ရွာသားများက မဲဖြင့်ရွေးချယ်ပြီး ကျွန်းအုပ်မှတစ်ဆင့် မြို့ဝန်၏ အတည်ပြုချက်ဖြင့် ခန့်ထားသည်။ ရွာခေါင်းများသည် ရွာသားများထံမှ အကောက်အခွန်များကို ကောက်ခံရသူ ဖြစ်သည်။ ကျွန်းအုပ် ချောင်းအုပ်နှင့် သူကြီးတို့မှတစ်ဆင့် အစိုးရငွေတိုက်သို့ ပေးသွင်းရသည်။ ကောက်ခံရငွေ၏ လေးရာနှုန်းကို ရွာခေါင်းခံစားခွင့်ရရှိသည်။

ရွာစာရေးမှာ အခွန်ကောက်ခံရငွေ၏ နှစ်ရာနှုန်းကို ခံစားခွင့်ရှိသည်။ ရွာခေါင်း၏ သားများဆွေမျိုးတော်စပ်သူများကိုရွာ စာရေးအဖြစ် တာဝန်ပေးအပ်လေ့ရှိသည်။ ရွာရှိစာရင်းများကို ပြုစုထားရသည်။ အခွန်ကောက်ခံရမည့် ပစ္စည်းအမျိုးအစားကို သတ်မှတ်ပြုစုထားရသည်။

ရွာခေါင်းရွာစာရေးများမှာ ကုမ္ပဏီခေတ်၏ အောက်ခြေ သိမ်းတာဝန်ကို ထမ်းဆောင်ရသည့်ဝန်ထမ်းများ ဖြစ်သည်။ ကျေးရွာနေလူထု၏ ကောင်းကျိုးဆိုးကျိုး သိထားသူများ ဖြစ်သည်။ သူတို့၏ စားစုမှာ ကောက်ခံရရှိမည့် အခွန်ငွေအနည်းအများကိုလိုက်၍ ခံစားရသည်။

## ပုလိပ်တပ် ဖွဲ့စည်းခြင်း

၁၈၂၆-ခုတွင် ရခိုင်မှာ တပ်ဖွဲ့နှစ်ဖွဲ့ကို ပုလိပ်တာဝန်ပေးအပ်ရန် ဖွဲ့စည်းသည်။ စစ်တကောင်းတပ်သားများ စုစည်းခဲ့သည့် The Arakan Provinicial Battalion တပ်ဖွဲ့တစ်ခုဖြစ်သည်။ နောက် တပ်ဖွဲ့တစ်ခုမှာ The Mugh Levy ဟုသိကြသည့် (စစ်တကောင်းတွင် နေထိုင်ကြသည့် ရခိုင်အမျိုးသားများ)ပါဝင်သည့်

တပ်ဖွဲ့တို့ ဖြစ်ကြသည်။ ယင်းတပ်ဖွဲ့နှစ်ခုလုံးကို စစ်တပ်၏ အုပ်ချုပ်မှုအောက်တွင် ထားရှိသည်။ ပထမတပ်ဖွဲ့ကို အရပ်သားများအတွက် ပုလိပ်တာဝန်ကို ထမ်းဆောင်စေသည်။ နောက်တပ်ဖွဲ့တစ်ဖွဲ့ကို စစ်ပုလိပ်တာဝန်ကို ထမ်းဆောင်စေသည်။ ယင်းတပ်ဖွဲ့တို့၏ ဌာနချုပ်မှာ စစ်တွေမြို့တွင် ထားရှိသည်။

၁၈၂၉-ခုတွင် ကုမ္ပဏီတပ်များ ရခိုင်မှရုပ်သိမ်းသွားသည်။ ယင်းအခါ The Mugh Levy တပ်ဖွဲ့ကို တိုးချဲ့လာသည်။ ယင်းတပ်ဖွဲ့ကို Captain Boscowen ၏ အုပ်ချုပ်မှုအောက်တွင် ထားရှိသည်။ တပ်သားတစ်ရာပါဝင်သည်။ တိုင်းရင်းသားအရာရှိ (၁၁)ဦးပါဝင်သည်။ ယင်းတို့သည် ပုလိပ်တာဝန်ကို ထမ်းဆောင်ရသည်။ အရပ်သား အာဏာပိုင်များကို တာဝန်ပေးအပ်လာသည်။ သို့ရာတွင် ယင်းတပ်ဖွဲ့များကို စစ်တပ်များ၏ အုပ်ချုပ်မှုအောက်တွင် ထားရှိသည်။ ၁၈၄၅-ခုတွင် ယင်းတပ်ဖွဲ့များကို The Arakan Battalion အဖြစ် ပြင်ဆင်ဖွဲ့စည်းသည်။

ရခိုင်အရာရှိများက ဖျက်သိမ်းလိုက်သော တပ်ဖွဲ့များမှ တပ်သားဟောင်းများကို ရွေးပြီး ပုလိပ်တပ်ဖွဲ့ကို ဖွဲ့စည်းသည်။ ယင်း ပုလိပ်တပ်ဖွဲ့မှ တပ်သားများကို ဘာကန်ဒါရန်ဟု ခေါ်သည်။ ယင်း တပ်သားများမှာ တစ်လလျှင် လစာငါးကျပ်ခွဲ ရရှိသည်။ တိုင်းရင်း သားအရာရှိများအဖြစ် ဒိုရာဂါရ်၊ သုဘာဒါရ်၊ ဂျမဒါရန်နှင့် ဒုမ်ဖာ ဒါရန် အဆင့်များတွင် တာဝန်ပေးအပ်သည်။ ယင်းအရာရှိများ၏ လစာမှာ ဒိုရာဂါရ်တစ်လလျှင် (၅၀)ကျပ်၊ သုဘာဒါရ် တစ်လလျှင်(၂၀)ကျပ်၊ ဂျမဒါရ် တစ်လလျှင်(၁၀)ကျပ်၊ ဒုမ်ဖာဒါရန် တစ်လလျှင် (၈)ကျပ် အသီးသီးရရှိသည်။

ယင်းကြောင့် ၁၈၂၉-ခုနောက်ပိုင်း ကာလကပင် ရခိုင်တွင် ပုလိပ်တပ်ဖွဲ့များကို ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ယခင်စစ်မှုထမ်းများမှ သင့်တော်သူများကို ပုလိပ်တာဝန်များကို လွှဲပြောင်းတာဝန်ပေးခဲ့သည်ကို တွေ့ရသည်။

## လေးမြို့သူကြီး ချစ်စံဝေ

ကုမ္ပဏီအစိုးရသည် မိမိတို့သိမ်းပိုက်ထားသော နယ်ပယ်များကို ကြာရှည်စိုးမိုးနိုင်ရေးနှင့် စစ်ကာလကုန်ကျစရိတ်များ ပြန်လည်ကာမိရန် အခွန်ဘဏ္ဍာကို ရသည့်နည်းနှင့် ကောက်ခံကြသည်။ အခွန်စည်းကြပ်ကောက်ခံရာမှာ ပြည်သူလူထု အလူးအလဲခံရသည်။ ဆင်းရဲကျပ်တည်းမှုများနှင့် ရင်ဆိုင်ရသည်။ ယင်းကြောင့် ရခိုင်ပြည်သူများက "ရန်ခါတထူး၊ မကြားဖူးတည့်၊ အံမြူးဖွယ်သာ၊ ခံရပါဟု၊ မသာညှိုးချုံး၊ မရွှင်ပြုံးနှင့်၊ နှလုံးပူငြား" ဖြစ်ကြရသည်။ ပြောဆိုရန်မဖြစ်နိုင်အောင် ရှိခဲ့သည်။ "စကားမသာ၊ ဆိုကြပါသည်၊ ကြံတွေးဆမနိုင်း" အောင်ပင် ဖြစ်ခဲ့ရသည်။ ဘာသာသာသနာမှာလည်း ရောင်ဝါမထွန်း ညှိုးနွမ်းခဲ့ရသည်။

ယင်းသို့ ပြည်သူတို့၏ ဆင်းရဲဒုက္ခကို မရှုရက် မမြင်နိုင်သဖြင့် အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီအစိုးရကို ပထမဦးစွာ တော်လှန်ခဲ့သူမှာ လေးမြို့သူကြီး ချစ်စံဝေ ဖြစ်သည်။ လေးမြို့သူကြီးမှာ ၁၁၉၇-ခု၊ ပြာသိုလပြည့်ကျော် (၁၁)ရက်၊ (၁၈၃၅)တွင် ကုမ္ပဏီအာဏာပိုင်များက လိုက်လံဖမ်းဆီးသဖြင့် ဖိုးခေါင်တောင်ကို ဖြတ်ကျော်၍ မြန်မာမင်းထံ ထွက်ပြေးခဲ့သည်။ ကုမ္ပဏီအစိုးရက တောင်းခံသဖြင့် မြန်မာမင်းသည် စစ်ဖြစ်မည့်အရေးကြောင့် ချစ်စံဝေအား ပေးအပ်ခဲ့ရသည်။ သက္ကရာဇ် ၁၁၉၈-ခု (၁၈၃၆)တွင် ထောင်သွင်းအကျဉ်းထားခြင်း ခံရသည်။ ထောင်တွင်းလှုပ်ရှားမှုများကြောင့် ကုမ္ပဏီအာဏာပိုင်များက သတ်ဖြတ်ခြင်းကို ခံရသည်။

## မင်းသားကြီး ရွှေဘန်း

မင်းသားကြီး ရွှေဘန်းမှာ ကုမ္ပဏီအမှုထမ်းတစ်ဦးဖြစ်သည်။ မည်သည့် အဆင့်ဖြင့် ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ခဲ့သည်ကို မသိရ။ မင်းသားကြီးသည် အင်းဝသို့ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူ ဖြစ်ခဲ့သည်။ အင်းဝမှ လွတ်လိုက်သည် သို့မဟုတ် လွတ်မြောက်လာသည်ကိုကား မသိရ။ ရခိုင်သို့ ပြန်ရောက်သည့်အခါ ကုမ္ပဏီအစိုးရထံ တာဝန်ထမ်းဆောင်သည်။ မင်းသားကြီး ကုမ္ပဏီအစိုးရထံ အမှုထမ်းစဉ် အခွန်စည်းကြပ်မှုနှင့် ပတ်သက်၍လည်းကောင်း၊ ရခိုင်ပြည် လွတ်မြောက်ရေးနှင့် ပတ်သက်၍လည်းကောင်း မကျေမနပ် ဖြစ်ကြသည်။ မင်းသားကြီး၊ ဒေးဝန်းကြီး၊ မြို့သူကြီးတို့ ဦးဆောင်ပြီး ကုမ္ပဏီအစိုးရအား တော်လှန်ကြသည်။ သို့ရာတွင် မင်းသားကြီးတို့ တော်လှန်ရေးမှာ အရေးနိမ့်ခဲ့ရသည်။ ဝံသပါဟိန္ဒ မျိုးမမှန်သည့် သစ္စာဖောက် တစ်ကျိပ်ခြောက်ယောက်တို့ကြောင့် ဖမ်းဆီးခြင်းခံရသည်။ ကာလကတ္တားထောင်တွင် အကျဉ်းချထားခြင်း ခံရသည်။ ထိုအမှုကို Lord Maccanley Chief court of Calcutta ရုံးတွင် စစ်ဆေးပြီး တစ်သက်တစ်ကျွန်း အပြစ်ပေးခြင်း ခံရသည်။

မင်းသားကြီး အကျဉ်းခံနေစဉ် အစာငတ်ဆန္ဒပြသည်။ ယင်းသို့ ဆန္ဒပြ၍ (၄၁)ရက်မြောက်တွင် ဘဝတစ်ပါးသို့ ပြောင်းခဲ့ရ သည်။ ယင်းသို့ ဘဝတစ်ပါးသို့ ပြောင်းခဲ့သော်လည်း မင်းသားကြီး၏လုပ်ရပ်ကား မသေခဲ့။ မင်းသားကြီး၏ ရုပ်လောင်းကို ယူဆောင်လာခဲ့ပြီး ကုလားတန်မြစ်ဝ လက်ယာဘက် (အရှေ့ဘက်) ကမ်းရှိ ဝဖြိုးချပ်တောင်တန်းအနီးရှိ ပွဲကြည့်တောင်ခေါ် မုတ်ဆိတ်တောင် ဓာတ်တည်ရှိရာ တောင်ထိပ်၌ သင်္ဂြိုဟ်၍ အရိုးအိုးကို ဂူတည်ထားခဲ့ကြသည်။

မင်းသားကြီးသည် သေအံ့မူးမူးအချိန် ပြည်သူများအား မှာတမ်းရတု သွယ်ခဲ့သည်။ ထောင်နံရံတွင် သွေးမော်ကွန်းတင်ခဲ့သည်ဟု ဆိုကြသည်။

မင်းသားကြီး၏ ရတုမော်ကွန်းမှာ-

"မင်းသားအမှန်၊ ငါလျှင်ကြံဆ၊ နိုင်ငံရပ်စည်၊ တိုင်းပြည်အတွက်၊ ကိုယ့် အသက်ကို၊ ရက်ရက်စွန့်ခွာ၊ ကုလားရွာ၌၊ ခန္ဓာရုပ်ဟောင်း၊ ဘဝ ပြောင်းလိမ့်"စသည်ဖြင့် မိမိတော်လှန်ခဲ့သည့် ဖြစ်ရပ်နှင့် ထောင်တွင်းဘဝ ပြောင်းရမည့် အခြေအနေကို ဖော်ပြပြီး တဖန်ဆက်လက်၍ မင်းသားကြီးက ပြည်သူတို့ လျှောက်ရမည့်လမ်းကို ဖော်ပြရာမှာ-

"ငါလမ်းကြောင်းကို၊ ကောင်းကောင်းလိုက်နာ၊ ပြည်ခညာကို၊ တစ်ခါမုချ၊ ငါတို့ရအံ့"ဟု နောက်သားနောင်လာ၊ နှောင်းသူများအား မှာတမ်း ကို သွယ်ခဲ့သည်။

ယင်းကြောင့် မင်းသားကြီး၏ မှာတမ်းမှာ ယနေ့တိုင် ပြည်သူတို့၏ အသည်းနှလုံးတွင် ပဲ့တင်ရိုက်ခတ်လျက် ရှိနေသေးသည်။ မင်းသားကြီး၏ စွမ်းဆောင်ချက်များကို ပြည်သူများက အစဉ်သတိရနေမည် ဖြစ်သည်။ လေးစား ဦးညွှတ်နေကြမည်လည်း ဖြစ်သည်။

## ဒေးဝန်းကြီး အောင်ကျော်ရွှီ

ဒေးဝန်းကြီး အောင်ကျော်ရွှီသည် ပီကျွန်းအုပ်၊ ဒေးဝန်းကြီး ရာထူးများကို မထမ်းဆောင်မီ သော်တလီတစ်ဦးဖြစ်သည်။ ဒေးဝန်းကြီး၏ ဘဝတစ်လျှောက်လုံး တွင် စစ်ရေး၊ နိုင်ငံရေး၊ လွမ်းရေးများ ပြွမ်းလျက်ရှိသည်။ ဒုက္ခသုခအမျိုးမျိုး ခံစား ခဲ့ရသည်။ ယင်းတို့ကို ဒေးဝန်းကြီး၏ စာပေလက်ရာများတွင် ဘဝမှတ်တမ်းအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ယင်းမှာ ဒေးဝန်းကြီး၏စာပေစွမ်းရည်များ ဖြစ်သည်။

စစ်တကောင်းနယ်သို့ မြို့ဝန်ခေတ်က သွားရောက်ခိုလှုံသူများအနက် ဒေးဝန်းကြီးလည်း တစ်ဦးပါဝင်ခဲ့ဟန် ရှိသည်။ ချင်းပုံ နှင့် ယောက်ဖတော်စပ်သည်။ မြို့သူကြီး အောင်ကျော်ဇံမှာ ဒေးဝန်းကြီး၏ တူတော်သူဖြစ်သည်။ စစ်တကောင်း မြို့ဝန် ဝါနေဘ်သတ်ထံတွင် ၁၁၈၂-ခု တာဝန်ထမ်းဆောင်ကြောင်းကို စာဆိုရှင် ဒေးဝန်းကြီးက---

"သကြစ်မှာ တစ်ထောင်ဖြစ်၊ တစ်ရာသျှစ်ဆယ်၊ စွန်းသည် ခုနှစ်ဝယ်၊ မယ်ချစ်သဇင်၊ စစ်တကောင်းသည်၊ ဖလောင်းရင်ပြင်၌၊ တိုင်းပြည်တွင် မှူခင်းကိစ္စပေါ် ပေါက်ရာကို၊ ဖြီးဖျော်မိုးမစက" ဟု စာရတုကို စာသခဲ့သည်။

သက္ကရာဇ် ၁၁၈၅-ခု၊ သျှင်မဖြူကျွန်း အရေးအခင်း နောက်ပိုင်းမှာ ဒေးဝန်းကြီး အောင်ကျော်ရွှီသည် ရာပသိန်သက်နှင့်အတူ ပူးတွဲတာဝန်ထမ်းဆောင် သည်။ ရခိုင်၊ ကုလား၊ ဆိပ်ဖာအိတ် (စစ်ပါရီ)များကို စုဆောင်းပေးရသည်။

ကုမ္ပဏီစစ်တပ်နှင့် အတူလိုက်ပါပြီး ရခိုင်သို့ ရောက်သောအခါ မြို့ရွာ အုပ်ချုပ်ရေးအတွက် သင့်တော်သူများကို ကျွန်းအုပ်၊ ချောင်းအုပ်များ ခန့်ထား စေရန် သော်တလီအောင်ကျော်ရွှီက ဆောင်ရွက်ပေးရသည်။ ကုမ္ပဏီအာဏာပိုင် တို့သည် မြောက်ဦးမြို့ကို သိမ်းပိုက်ပြီးနောက် သော်တလီအောင်ကျော်ရွှီအား ပီကျွန်းအုပ် ရာထူးကို ခန့်ပရဝါနာ ပေးအပ်သည်။ နယ်မြေပိုင်းခြားသတ်မှတ်ပြီး ကျွန်းအုပ်အရာခန့် ပါရဝါနာပေးအပ်ပုံကို သော်တလီ အောင်ကျော်ရွှီ၏ရတုတွင်-

"ပီကျွန်းနှင့် ယိုးကျွန်းပေ၊ ဥရစ်တောင်လည်း ယင်းမှာပါစီလော၊ ပီချောင်းဝယ်လေးမြို့သား၊ ယိုးချောင်းနယ်လည်း၊ ထိုဝယ်သည့်လိုက်ပါ၍၊ ကျွန်းအုပ်ခန့်၍ပေ၊ သားစဉ်မြေးဆက်၊ မပျက်စားရလီအံ့၊ ဟမ္ဗွက်ထွီဆိုသော အခါ၊ ဖွဲ့ဒါကြီးသည်၊ လျှင်ဆော့ရှီးထုံးပါလျက်၊ ပရဝါနာဆတ်ကြီးခပ်၊ ငါးရွက်စာကို၊ ထိုခါချက်ချင်းအပ်က"ဟုရေးစပ်မှတ်တမ်းတင်ခဲ့သည်ကို တွေ့ရပေသည်။

ယင်းသို့ ပီကျွန်းအုပ်အရာကို သော်တလီ အောင်ကျော်ရွှီ အား ခန့်အပ်ပြီး တဖန်ရာပသိန်သတ်နှင့်အတူ လိုက်ပါခဲ့ရသည်။ ရန္တပိုစာချုပ်ချုပ်ဆိုသည့်အခါ ရခိုင်နယ်မြေ အကျယ်အဝန်းကိစ္စကို ဝင်ရောက် ဆွေးနွေးခဲ့သည်။

ရန္တပိုစာချုပ် ချုပ်ပြီးနောက် ပီကျွန်းအုပ် အောင်ကျော်ရွှီမှာ ရန်ကုန်တွင် တစ်နှစ်ကျော်ခန့် နေရသေးသည်။ တာဝန်အရ တစ်နယ်တစ်ရပ်သို့ သွားရောက် နေရသော်လည်း မိမိ၏ သားသမီးများနှင့် ဇနီးမယားကို အမြဲတမ်းတနေသည်။ ရောက်လေရာအရပ်မှာ သတိရနေသည်။ တစ်ပါးသူ မောင်နှံစုံတို့ သားသမီးများနှင့် သွားလာနေကြပုံကို စာဆိုရှင် မြင်ရသည့်အခါ သားမယားတို့ကို ပို၍ သတိရလာ သည်။ တမ်းတလာသည်။ ယင်းသို့ တမ်းတမှန်းဆလွမ်း ရပုံများ၊ ခံစားရပုံများကို စာရတုဖြင့် ခြယ်သခဲ့သည်ကို တွေ့ရပေသည်။ ယင်းတို့မှာ---

"စီးတန်းပြင်မှာ၊ ကျွန်လျင် မြင်ချီသည်ကား၊ သားသူငယ်မိထံမှာ၊ မပီတွတွ ပီတွတွသည်၊ အဘကိုသာခေါ်လျက်၊ လူးလဲကာ ငို၍ပေ၊ ငါ့သခင် ကို ဂုပင်ပြီးရမည်ဟု၊ တွလျက်ပေတောင်းလတ်ခါ၊ မွီးဖခင်သည်၊ လျင်လျင် ပြီး၍ လာလျက်၊ ဖက်ကာ နမ်းကာသာရွတ်၊ မွီးမိခင်လည်း၊ ယင်းတွင် တစ်စဖက်၏။

ရယ်နှုတ်ဆက် အလှယ်လှယ်၊ လင်မယား သားနှစ်ပါးပျော် ကြသည် ကို၊ မျှော်ချီပေတုံသောအခါ၊ ကျွန့်သည်းအူကို နှုတ်ယူဟန်ပမာသို့၊ ဟမ္ဗွက်ကာ မျက်ရည်ကျ၊ သားမောင်ငယ်ကြောင့်၊ ဖခင် လွမ်းရှုတ၍၊ လွန်ပျောင်းပျ၊ မကြံသာ၊ ကြာပဒုမ်ကို နီပူလှမ်းပမာသို့"ဟုမောင်နှံစုံတို့ သားသမီးများနှင့် ပျော်ပါးနေကြပုံများကို မြင်ရသောအခါ ခံစားရပုံများကို

ကွက်ကွက်ကွင်းကွင်းပေါ်လွင်စွာ စာပန်းချီခြယ်သခဲ့သည်မှာ ပီကျွန်းအုပ်အောင်ကျော်ရွှီ၏ အလွမ်းဓာတ်ပုံကို ပေါ်လွင်စေခဲ့သည်ဟု ဆိုရမည်ဖြစ်ပါသည်။

တစ်ဖန် ပီကျွန်းအုပ် အောင်ကျော်ရွှီသည် တာဝန်အရ တစ်ရပ် တစ်နယ်သို့ ရောက်ရှိနေစဉ်တွင် ကိုယ်ဝန်အရင့်အမာနှင့်ရှိခဲ့သော ကြင်လျာဇနီးကိုလည်း မြင်ယောင်လာသည်။

ယင်းသို့ရှိခဲ့သည့် အိမ်သူသက်ထား၏ ဖြစ်ရပ်ကို စာဆိုရှင် ပီကျွန်းအုပ်က ရတုနှင့် စာပြခဲ့သည်မှာ--

"ဝမ်းမှာသန္ဓေနှင့်လည်း၊ စွဲရင်းယိလိုက်သည်၊ ဖွားမြင်ကြောင်းကို ကျွန်းလျှင် မမြင်ပေ၍၊ သားမောင်ငယ်ကြီးခြင်းရာ၊ သည်ကိုတွက်၍ အကျွန့်သည်းအူဆာလျက်၊ စိတ်မှာသာ မျှော်နိုင်းနိုင်း၊ စားသော်လည်း မဝင်၊ ပူပင်လွမ်းဝုန်၍၊ ခွီ လျောင်းချီတလျက်သာ"ဟု တွေ့ရပါသည်။

ပီကျွန်းအုပ်၏ လွမ်းဆွေးပုံများမှာ များပြားလှသည်။ ရေးလျှင်စာတမ်းတစ်စောင်ပင် ရရှိမည်ဖြစ်သည်။ ယင်းသို့ ပီကျွန်းအုပ် အောင်ကျော်ရွှီ၏မှာတမ်း ရတုမှာတမ်း ပြခဲ့ပုံများကိုချည်း ဖော်ပြရလျှင် စာကြောရှည်မည် ဖြစ်သည်။ ပီကျွန်းအုပ်ကြီး၏ လုပ်ဆောင်ချက်များကို ဖော်ထုတ်တင်ပြသွားပါမည်။

ရန်ကုန်မှ ရခိုင်သို့ ပီကျွန်းအုပ် ရောက်သောအခါ စစ်တွေမြို့ တည်ဆောက်ရေးကိစ္စများကို ဒေးရှိန်သတ်နှင့်ပတ္တင်တို့ တိုင်ပင်ဆောင်ရွက်ရပြန်သည်။ ယင်းကြောင့် ပီကျွန်းမှာ မနေရတော့ဘဲ စစ်တွေသို့ ပြောင်းလာရသည်။ ယင်းအချိန်မှာ အခမေးနာ(လစာ) တစ်ရာစီ ရရှိပြီးဖြစ်သည်။ ပီကျွန်းအုပ် အောင်ကျော်ရွှီအား အခွန်ဘဏ္ဍာ ခန့်ဇနာ ငွေနှစ်သိန်း စည်းကြပ်ရန် ကုမ္ပဏီအာဏာပိုင်တို့က တာဝန်ပေးအပ်သည်။ ကျွန်းအုပ်ရာထူးမှ ဒေးဝန်းရာထူးသို့ တိုးပေးသည်။ ယင်းသို့ အခွန်စည်းကြပ်ရန် တာဝန်ပေးပုံ၊ ဒေးဝန်းအရာပေးအပ်ပုံတို့ကို ဒေးဝန်းကြီးက မိမိဘဝမှတ်တမ်းအဖြစ်-

"သက္ကရာဇ်တစ်ထောင်ဖြစ် တစ်ရာ့ရှစ်ဆယ်၊ စွန်းသည့်ကိုးခုဝယ်၊ တိုင်းပြည်၏ ဘဏ္ဍာတော် ငွေနှစ်သိန်းကို ယင်းခါ စည်းကြပ်ပါလျက်၊ တိုင်းပြည်ရွာအားလုံးဝယ်၊ မယ်ချစ်လင်ကို၊ ဒေးဝန်းခန့်အပ်သည်တည်း၊ တစ်လစီ မင်းမေးနာ၊ ငွေတစ်ရာကို မပြတ်ပီးတုံ ပါလျက်'ဟု ရေးသားထားသည်ကို တွေ့ရပါသည်။

ဒေးဝန်းကြီးအရာကို တာဝန်ထမ်းဆောင်ရသည့်အခါ ကုမ္ပဏီအာဏာပိုင်များအလိုကျ အခွန်ဘဏ္ဍာ ခန့်ဇနာကို စည်းကြပ်လာရသည်။ ယင်းကြောင့် ရခိုင်ပြည်သူလူထုမှာ ဆင်းရဲဒုက္ခ အမျိုးမျိုးနှင့် ရင်ဆိုင်ရသည်။ ပြည်သူလူထုအလိုနှင့် ဆန့်ကျင်လာသည်။ ယင်းအပြင် ကုမ္ပဏီအာဏာပိုင်များနှင့် ယခင်က အပေးအယူ

ရှိခဲ့သည်များကို ကုမ္ပဏီအာဏာပိုင်များက ပျက်ကွက်ခဲ့သည်။ ယင်းကြောင့် ဒေးဝန်ကြီးအရာရပြီး မကြာမီမင်းသားကြီး မြို့သူကြီးတို့နှင့် တိုင်ပင်ပြီး ကုမ္ပဏီ နယ်ချဲ့အစိုးရအား တော်လှန်ကြသည်။ သို့ရာတွင် မိယုတ်မာ ဖမဲ့သားတို့ သစ္စာဖောက်မှုကြောင့် တော်လှန်ရေးမှာ အောင်မြင်မှုနှင့် လွဲခဲ့ရသည်။ ကာလ ကတ္တားသို့ ကြီးသုံးကြီးဖြစ်သော မင်းသားကြီးရွှေဘန်း၊ ဒေးဝန်းကြီးအောင် ကျော်ရှိနှင့် မြို့သူကြီး အောင်ကျော်ဇံကို ဖမ်းဆီးခေါ်ဆောင်ခြင်း ခံရသည်။

ဒေးဝန်ကြီးသည် အကျဉ်းခံနေရစဉ် မိမိကိုးကွယ်သည့် ဆရာတော် ပံ့လွှန်တော် မူခဲ့သည်။ သားငယ်သမီးငယ်များကို လွမ်းဆွတ်ရသည်။ မိမိ၏ အိမ်သူ သက်ထား လွမ်းပုံဆွေးပုံများ၊ အကျဉ်းခံနေရစဉ် စားသောက်ပုံ၊ အနေအထိုင် ဆင်းရဲပုံများကို မှတ်တမ်းတင် စာသခဲ့ပါသည်။ ယင်းအပြင် ဒေးဝန်ကြီးသည် နောက်သား နှောင်းလူများအား ရဲမော်ကွန်းလည်း တင်ခဲ့ပေသေးသည်။ ဒေးဝန်းကြီး၏ ရဲမော်ကွန်းမှာ-

**"ပညာနှင့်ဉာဏ်၊ သင့်စွာပန်လျက်**
**တာဝန်မပျက်၊ သစ္စာရှက်လျက်**
**အသက်ကိုလှီး၊ သွီးချောင်းစီးမှ**
**အပြီးကြံခိုင်း နိုင်ငံတိုင်းမြို့**
**စို့စို့နှင့် ကိုယ့်မြို့ကိုယ့်ပြည်၊ ကိုယ့်ဌာနီကို**
**ရမည်မုချ၊ ဤလောကသည်**
**အောက်ကျမခံချင်သောကြောင့်"**

စသည်ဖြင့် နှောင်းလူများ၏ စိတ်ဓာတ်ကို နှိုးပေးခဲ့သည်။ လမ်းညွှန်ပေးခဲ့ သည်။ ဒေးဝန်းကြီး၏ စိတ်ထားကား မြင့်မြတ်ပေသည်။ လေးစားအပ်ပေသည်။

# မြို့သူကြီး အောင်ကျော်ဇံ

မင်းသားကြီး ဒေးဝန်းကြီးတို့နှင့်အတူ ကုမ္ပဏီနယ်ချဲ့အစိုးရအား တော်လှန်ရာတွင် ပါဝင်ခဲ့သူတစ်ဦး ဖြစ်သည်။ မြို့သူကြီး အောင်ကျော်ဇံမှာ တစ်ချိန် က ကုမ္ပဏီအစိုးရ၏ အမှုထမ်းတစ်ဦးဖြစ်သည်။ မြို့သူကြီးရာထူးကို မထမ်းဆောင်မီ ပြည်စိုးကြီး ကျွန်းအုပ်အဖြစ် ထမ်းဆောင်ရသည်။ မြို့သူကြီးရာထူး ရရှိပြီးနောက် အခွန်ဘဏ္ဍာ ခန့်ဇနာစည်းကြပ်ရန် ကုမ္ပဏီအစိုးရက တာဝန်ပေးအပ်သည်။ ယင်းသို့ အခွန်ဘဏ္ဍာခန့်ဇနာ စည်းကြပ်မှုကြောင့် ပြည်သူလူထုမှာ ဆင်းရဲဒုက္ခ အမျိုးမျိုး ကြုံရသည်။ မကျေမနပ်မှု များ ဖြစ်ပွားခဲ့သည်။

ကုမ္ပဏီအစိုးရမှာ စစ်စရိတ် အကုန်အကျကာမိစေရန် အတင်းအကျပ် စည်းကြပ်သည်။ တစ်ဘက်မှာ ဆင်းရဲဒုက္ခခံနေရ သူ ပြည်သူလူထုက ရှိနေသည်။

တစ်ဘက်မှာ မိမိ၏ အာဏာပိုင်များက အတင်းအကျပ် အခွန်စည်းကြပ်မှုကို တွန်းအားပေးနေသည်။ ယင်းကဲ့သို့ အချိန်အခါမျိုးမှာ မြို့သူကြီးသည် ပြည်သူဘက်မှ ရပ်သည်။ မြို့သူကြီးရာထူးနှင့် စည်းစိမ်ကို စွန့်လွှတ်ခဲ့သည်။ ရာထူးမှ စွန့်လွှတ်ကြောင်းကို မြို့သူကြီး၏မယား မိသန္တာဝေက တောင်းပန်၍ လမူးဇာတိရာဇဝင် ဆရာကြီး ဦးကျော်မည်းရေးခဲ့သည့် ဂဏန်းသချာနိဂုံးတွင် အောက်ပါအတိုင်း ရေးစပ်ထားသည် ကို တွေ့ရပါသည်။

"လိမ္မာပွန်းတီး၊ မြို့သူကြီးတို့၊ များပြီးယသံ၊ အောင်ကျော်ဇံက၊ အကြံကောင်းထ၊ သတိရ၍၊ သုခချမ်းသာ၊ သည်လောက်ဟာကို၊ ငါမလိုဟု၊ ငြင်းဆန်ပြုလျက်၊ များထုလှည့်ပတ်၊ ဒေးရှိန်သတ်ကို၊ ပြန်အပ်ပြီးမှ၊ သောမနဖြင့်၊ ရှင်ပဝန်းသာ၊ ရှိသောခါဝယ်" ဟု ရေးစပ်ထားသည်ကို ဖတ်ရှုရပါသည်။

ယင်းကြောင့် မြို့သူကြီးသည် ပြည်သူများ ဆင်းရဲဒုက္ခ ရောက်နေချိန်တွင် ကုမ္ပဏီနယ်ချဲ့အစိုးရက ပေးကမ်းထားသည့် အခွင့်အရေးကို မယူခဲ့ဘဲ ပြည်သူနှင့် လက်တွဲခဲ့သည့် ခေါင်းဆောင်ကောင်း တစ်ဦးဖြစ်သည်ကို တွေ့နိုင်ပါသည်။

ပြည်သူတို့၏ ဆင်းရဲဒုက္ခအမျိုးမျိုးကို ကြုံနေရသည့် တဆက်တည်းမှာ ကုမ္ပဏီအစိုးရ၏ ပေးသောကတိစကားများ ပျက်ကွက်လာသည်ကို တွေ့ရသည်။ ရခိုင်ကို ကုမ္ပဏီနယ်ချဲ့အစိုးရသည် ရေရှည်အုပ်စိုးရရန် လိုလားကြောင်း တွေ့လာသည်။ ယင်းကြောင့် မင်းသားကြီးဒေးဝန်းကြီးတို့နှင့်အတူ မြို့သူကြီးမှာ နယ်ချဲ့သမားများအား တော်လှန်ရ စိုင်းပြင်သည်။ သို့သော် တော်လှန်ရေးကား အောင်ပွဲနှင့် လွဲခဲ့ရသည်။ ဝံသဟိန္ဒ မျိုးမမှန်သည့် လင်းပြန်မသား တစ်ကျိပ် ခြောက်ယောက်တို့ သစ္စာဖောက်မှုကြောင့် ဖြစ်သည်။ မြို့သူကြီးကို မင်းသားကြီး ဒေးဝန်းကြီးကြီး အခြားသွေးသောက် ရောင်းရင်းများနှင့်အတူ "မိစ္ဆာမြေဟု၊ သူ့မြေဒသကို၊ တို့မိဘ အစဉ်အလာ၊ ရန်ခါဆန်းထူး၊ မရောက်ဘူးတည့်၊ ဝေးကျူးကုလားရွာ"သို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရလေသည်။

မြို့သူကြီးသည် ဦးဆောက်လင်းပြန် မျိုးမမှန် လွန်ယုတ်မာသည့် သစ္စာဖောက်များကို ကမ္ဗာနှင့်ချီ၍ နာကျည်းခဲ့သည်။ မိစ္ဆာလူ့ဗာလတို့ အမည်နာမစံရဖွေ ရှောက်ဖွေဟုငြား၊ အောင်ကုလားနှင့်မယား ငပုဝေ အစရှိသည်တို့အား ကျိန်စာအမျိုးမျိုး တိုက်ခဲ့သည်။ ဘုရားနတ် သိကြားများထံ အမျိုးမျိုးတိုင်တည်ခဲ့သည်။ တော်လှန်ရေးအတွက် မကြေဥဒါန်း အမှုကွန်းကို ရေးထိုးခဲ့သည်။

"ဥဒါန်းမကြေဖြစ်ရလေခြင်း----ဘဝတစ်ဆစ်၊ လူပြန်ဖြစ်၍ အသစ်ခုပင်၊ တော်လှန်ချင်သည်၊ ဘယ်တွင် မမေ့နိုင်သောကြောင့်"ဟု ထောင်တွင်း ကဗျာဖြင့် နှောင်းလူများအား နယ်ချဲ့သမားနှင့် သစ္စာဖောက်တို့အား တိုက်ခိုက်ရန် သတိပေးရေးသားခဲ့သည်။

အပြစ်ဒဏ် မည်မျှခံခဲ့ရသည်ကိုကား မသိရ၊ ထောင်မှလွတ်၍ သင်္ဘောဖြင့် ရခိုင်သို့ ပြန်လာခဲ့သည်။ စစ်တွေမြို့ကို သင်္ဘောပေါ်မှ မြင်ရပုံ၊ မြို့ဝန်းကျင်သာယာပုံတို့ကို စာရတု သွယ်ခဲ့သည်။ မိမိ၏သားသမီးများနှင့် ဆုံဆည်းရာ ပျော်ရွှင်အားရပုံများကို မှတ်တမ်းပြုခဲ့သည်။

လွန်နှစ်သက်တို့နှစ်ဖြာ၊ သည်းချာအူပြီး၊ သားအကြီးကို၊ ရည်မှန်းနိဗ္ဗာန်ဌာလျှင်၊ သံသရာဖို့အကြောင်း၊ ရှင်သာမဏေပြုခဲ့ သည်များကိုလည်း မြို့သူကြီးထောင်မှလွတ်လာ၍ အပြန်တွင် ပြုလုပ်ခဲ့သည်။

ယင်းနောက် ချက်မြှုပ်ရာ မိနှင့်ဘဌာနဟူထွေ၊ ကျိန်းမြို့မြေသို့ သွားရောက်သည်။ ဂနိုင်သာမော ကျိန်းတောင်တော၊ ကျိန်းမြို့ ကျိန်းရွာဒေ၊ နာမဂဟေ၊ ကျက်သရေတွင်၊ အလှကြင်ယာ၊ မယ်နှစ်ဖြာနှင့်၊ ဟသ်ာမောင်နှမတို့ ကဲ့သို့ မကွာသည်းချာနှစ်ပါးသမီးသားနှင့် ပျော်ပါးစွာနေထိုင်ကြသည်ကို မြို့သူကြီးက မိမိ၏ဘဝမှတ်တမ်းကို တင်ပြခဲ့သည်။

## သော်တလီ မောင်ညို

သော်တလီမောင်ညိုသည် လက်ဝဲပြန်အမတ် မောင်ထွေး၏ မြေးတော်သည်။ ယင်း၏ဖခင်မှာ မြို့ထောင်စား ဖြစ်သည်။ ၁၈၂၃-ခုကပင် ကုမ္ပဏီအစိုးရထံ ဆုဘာဒါ (subader) အဆင့်နှင့် စစ်မှုထမ်းသည်။ အခမေးနားမယူဟု မှတ်တမ်းတွင် ဖော်ပြထားသည်။ ကုမ္ပဏီအစိုးရ၏ အမှုထမ်းကောင်းအဖြစ် မြှောက်စားခြင်းခံရသူ တစ်ဦးဖြစ်သည်။ ရန္တပိုအထိ လိုက်ပါခဲ့သူဖြစ်သည်။ ရန္တပိုမှတစ်ဖန်အမ်းတောင်ကြားကိုဖြတ်ပြီး ရခိုင်သို့ ပြန်ခဲ့သည်။

နတ်မြစ်တိုက်နယ်တပ်ချောင်းတွင် နေထိုင်သည်။နတ်မြစ်အလယ်တိုက်နယ်၏ ကျွန်းအုပ်အဖြစ် ခန့်ထားခြင်းခံရသူ ဖြစ်သည်။ နတ်မြစ် တိုက်နယ်မှအခွန်ဘဏ္ဍာ ခန့်ဇနာများကို ကောက်ခံပြီး ကုမ္ပဏီအစိုးရအား ပေးသွင်းရာမှ တစ်ဆင့်ပြီး တစ်ဆင့်တိုး၍ ကောက်ခံပေးနိုင်ခဲ့သူ ဖြစ်သည်။ အခွန်ဘဏ္ဍာ ခန့်ဇနာနှစ်သောင်းအထိ ကောက်ခံပေးနိုင်သူ ဖြစ်သည်။

ယင်းအပြင် သော်တလီမောင်ညိုသည် နတ်မြစ်အလယ် တိုက်နယ်သို့ စစ်တကောင်းသားများအားခေါ်ယူပြီး ရပ်ရွာတည်ထောင်ပေးကာ နေရာချထားသည်။ ယင်းကြောင့် အခွန်ဘဏ္ဍာ ခန့်ဇနာ ပိုမိုကောက်ခံနိုင်ခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ ကောက်ခံပေးနိုင်သဖြင့် သက်ဆိုင်ရာ အာဏာပိုင်တို့၏ ချီးမွမ်းခြင်းကိုခံရသူ ဖြစ်သည်။

သော်တလီ မောင်ညိုသည် ကျွန်းအုပ်ရာထူးအပြင်၊ မြို့သူကြီးအဖြစ်လည်းကောင်း၊ တရားမတရားသူကြီးအဖြစ်လည်းကောင်း၊ ရာထူးအဆင့်ဆင့်

တိုးမြှင့်ခြင်းခံရသူ ဖြစ်သည်။ ကျွန်းအုပ်ရာထူးကို သားစဉ်မြေးဆက် ဆက်ခံတာဝန် ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ယင်း၏သား အောင်ဖြူမှာ ဂျီမဒါရ်ရာထူးကို ၁၈၃၅-ခုလောက်ကပင် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။ ကျွန်းအုပ်ရာထူးကို အောင်ဖြူသည် ၁၈၆၀-ခု စက်တင်ဘာလ (၁၇)ရက်တွင် ခန့်အပ်ခြင်းခံရသည်။

ယင်းကြောင့် သော်တလီမောင်ညို၏ သားစဉ်မြေးဆက်တို့သည် ကုမ္ပဏီ အစိုးရထံတွင်လည်းကောင်း၊ ဗြိတိသျှအစိုးရအာဏာပိုင်များထံတွင်လည်းကောင်း၊ နာမည်ကောင်း ထောက်ခံချီးမြှင့်ခြင်းများကို တွေ့ရသည်။

## ကျွန်းအုပ် မောင်သျှင်

ကုမ္ပဏီအစိုးရထံတွင် အမှုထမ်းခဲ့သူများခဲ့သူတစ်ဦး ဖြစ်သည်။ သက္ကရာဇ် ၁၁၈၇-ခု၊ ဝါဆိုလဆန်း (၃)ရက်တွင် အင်္ဂရပ်ချိုင်ကျွန်းအုပ်အဖြစ် ခန့်စာပရဝနကို ပေးအပ်ခြင်းခံရသူ ဖြစ်သည်။ အင်္ဂရပ်ချိုင် ကျွန်းအုပ်အဖြစ် ခန့်စာပရဝနာတွင်-

"မင်းကြီးအမိန့်အာနာတော်ဟီသျှည်---မောင်ကျင် ငါအာနာတော် နုပုံကာရီသျှည် (၁)နေရာ လုပ်ကိုင်လိုက်၍ အင်ကရချိုင်ကျွန်းတွင် ကျွန်းအုပ် အရာခန့်သနားတော်သည်---ကျွန်ကဲရော် နေသင်ရာယာဇသော အလုပ် သူတိုင်တိုင် ငြိန်ဝတ်သာယာအောင်ပြု၍(စောင့်)ထိန်း စေရင်ရမေ(ဘင်) ကျွန်အပိုင်မှ ယု၍ထို---တပဲကျွန် ကဲရော်တိုင်က ခေါ်ပေါ်---ကျအောင် မပင်မပန် မဇပြု ဇုရမေဆင်ရဲသာတိုပ်ကိုင်လဲသဆပန်နိုတ်---နောင်အောင် မေမဟုတ် အသျှင်ကုမ်ပါနီ အလိုပ်တော်ဟိပဲ ကတ်မင်းမှုတ်---သူမျှ တိုင်ကိုပ်ပဲ ဆောင်လှာရမေဟု သက္ကရာဇ် ၁၁၈၇-ခု၊ ဝါဆိုဝ်လဆန်း(၃)နေ ပိလစ်သျှည်ပရဝနာ" ဟု ဖော်ပြပါရှိ သည်ကို တွေ့ရသည်။

ယင်းသို့ အင်္ဂရပ်ချိုင်ကျွန်းအုပ် တာဝန်ကို ထမ်းဆောင်ချိန် လယ်မြေ (၁၀၀)ကျော် တွင်ကျယ်သည်။ အခွန်ဘဏ္ဍာ ခန့်ဇနာ (၂၀၀၀)ကောက်ခံရရှိသည်။ သားမြေးများနှင့် စားသောက်လောက်အောင် မလုံလောက်ဖြစ်သည်။ ယင်းကြောင့် တရားမလုံ လျှောက်ထားရာ ယင်းတို့၏သား ပန်းဘော်အောင်၊ ရဲဘော်သည်၊ မြဘော်ရှီတို့ကို ငွေ ၁၅၀၀-၂၀၀၀ခန့် ရရှိသည့် ကျွန်းများလစ်လပ်လျှင် ခန့်ထားရန် အာဏာတော်ရှိသည်။ နှစ်ပေါင်း (၂၀)တိုင် ကျွန်းအုပ်ဆရာ ထမ်းဆောင်နေသူ ဖြစ်သည်။

ယင်းနှစ်ပေါင်း (၂၀)ကျော် ကာလတစ်လျှောက် ကျွန်းအုပ် မောင်သျှင်မှာ နာမည်ကောင်းရထားသူ ဖြစ်သည်။ ယင်းသို့ နာမည်ကောင်း ရထားသည့် အလျောက် တရားမ(ရုံးတော်)၌ ကျွန်းအုပ် မောင်သျှင်က မိမိအား အင်္ဂရပ်ချိုင် ကျွန်းမှ ပြားကျွန်းသို့ ပြောင်းရွှေ့ပေးရန် လျှောက်ထားသည်။ ယင်းကြောင့်

သက်ဆိုင်ရာ အာဏာပိုင်တို့သည် ကျွန်းအုပ်မောင်သျှင်အား ပြားကျွန်းသို့ ပြောင်းလွဲ တာဝန်ထမ်းဆောင်ရန် အမိန့်အာဏာကို ၁၈၄၅-ခု၊ ဇွန်လ (၁၄)ရက်တွင် ထုတ်ပြန်ရာမှာ-

ရခိုင်တိုင်းကြီးကို ကုမ္ပဏီမင်းမြတ်က တိုက်ခိုက်သိမ်းယူ တော်မူသည့် ကာလ မိမိသျှိရာ ပုသိန်သပ်မင်းကြီးနှင့်အတူ လိုက်ပါလာ၍ အစက အဆုံး တိုင်အောင် အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်သူဖြစ်သည်”ဟု ဖော်ထုတ်ထားပြီး၊ ကျွန်းအုပ်မောင်သျှင်၏ အမှုထမ်းဆောင်ရွက်မှုများကို ဖော်ပြထားရာမှာ---

ကျွန်းအုပ်မောင်သျှင်သည် ရခိုင်တိုင်းပြည်ကို အောင်မြင် တော်မူသည့် နေ့မှစ၍ ယခုတိုင် ကျွန်းအုပ်အရာနှင့်နှစ်ပေါင်း(၂၀)တိုင် အမှုထမ်းဟောင်း ဖြစ်သည်။ ၎င်းအပြင် တစ်ခါတစ်ခါမှ နင်(နစ်)နာမပျက်ပြားအောင် မှုခင်း မဖြစ်ဖူးသည်။ ၎င်းကို မစသဖြင့် ယခုလက်ရှိကျွန်းက လွဲပြောင်းပြီးလျှင် ပြားကျွန်း တစ်စိတ်မှာ ကျွန်းအုပ်ဆရာ ခန့်ထားစေရန်”ဟု တရားမ လွှားစီးတင်ဆက်သည်။ ရခိုင်တိုင်းမင်းကြီးက သဘောတူ ခွင့်ပြုအမိန့်ကို ၁၈၄၅-ခု၊ ဇွန်လ ၁၄ ရက်နေ့တွင် ထုတ်ပြန်သည်။

ယင်းကြောင့် ကျွန်းအုပ်မောင်သျှင်သည် အင်ရပ်ချိုင်ကျွန်းမှာ နှစ်ပေါင်း (၂၀)ကျွန်းအုပ်တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၈၄၅-ခု၊ ဇွန်လ(၁၄)ရက် နောက်ပိုင်းတွင် ပြားကျွန်းတစ်စိတ်ကို တာဝန်ထမ်းဆောင်နေကြောင်းကို ယင်းအရ သိရသည်။ ကျွန်းအုပ် မောင်ရှင်၏ သားများဖြစ်သည့် ပန်းဘော်အောင်၊ ရဲဘော်သည်၊ မြဘော်ရှိတို့မှာလည်း ကျွန်းအုပ်အရာများ လစ်လပ်လျှင် ကျွန်းအုပ် အဖြစ် ကုမ္ပဏီအာဏာပိုင်တို့က ခန့်ထားလိမ့်မည်ဟု ထင်မိပါသည်။

## သူဘာဒါရ်စံရဖွေ

ကုမ္ပဏီအစိုးရ၏ စစ်တပ်တွင် သိဘာဟိအရာနှင့် အမှုထမ်းခဲ့သူ ဖြစ်သည်။ ကုမ္ပဏီအာဏာပိုင်တို့က မစခြင်းကို ခံရသူဖြစ်သည်။

ကုမ္ပဏီမင်း၏အလုပ်ကို သိဘာဟိအရာကပင် သူဘာဒါရ် အရာတိုင် နှစ်ပေါင်း(၂၀)ခန့် အမှုထမ်း လူဟောင်းဖြစ်သည်နှင့် ၎င်းကျွန်းအုပ် မောင်သျှင် စီရင်စု၊ အင်ရပ်ချိုင်ကျွန်းမှာ ကျွန်းအုပ်အရာ ခန့်ထားရန်သင့်၍ အာဏာတော် ရှိသည်။ ၎င်းစီရင်စု အင်ရပ်ချိုင်ကျွန်းမှာ သူဘာဒါရ် စံရဖွေကို ကျွန်းအုပ်အရာ ခန့်ထားစေ”ဟု ဖော်ပြထားသဖြင့် သူဘာဒါရ်စံရဖွေမှာ ကုမ္ပဏီအစိုးရထံတွင် သိဘာဟိ(စစ်သား)အရာနှင့်လည်းကောင်း၊ သူဘာဒါရ်ရာနှင့်လည်းကောင်း နှစ်ပေါင်း (၂၀)တိုင် အမှုထမ်းခဲ့ကြောင်း သိရသည်။ ၎င်းနောက် ကျွန်းအုပ်

မောင်သျှင် စီရင်ခဲ့သည့် အင်္ဂရပ်ချိုင် ကျွန်းတွင် ၁၈၄၅-ခု၊ ဇွန်လနောက်ပိုင်းတွင် ကျွန်းအုပ်တာဝန်ကို ထမ်းဆောင်ခဲ့သည်ကို တွေ့ရသည်။

**မြို့သူကြီး အောင်ကျော်ဇံ၏ ဘဝမှတ်တမ်း သျှိုးလိုက်ရတုတွင်--**

"လွန်ယုတ်မာသည်၊ မိစ္ဆာလူဗာလတို့၊ မည်နာမ စံရှိဖွေ၊ ရှောက်ဖွေ ဟူငြား၊ အောင်ကုလားနှင့် မယားငပုဝေ"ဟု လူမိုက်လင်းပြန် မျိုးမမှန်သည့် တစ်ကျိပ်ခြောက်ယောက် သစ္စာဖောက်တို့၏ စာရင်းတွင် စံရှိဖွေအမည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းစံရှိဖွေမှာ 'သုဘာဒါရ်စံရဖွေ'ပင် ဖြစ်သည်။ သို့တည်းမဟုတ် တခြားစီဖြစ်သည်ကိုကား မသိရ။ သို့ရာတွင် ကုမ္ပဏီအာဏာပိုင်တို့၏ အမွှမ်းခံနေရသူ 'သုဘာဒါရ် စံရဖွေ'သည် မြို့သူကြီး ၏ ဥဒါန်းမကြေနိုင်သည့် လူမိုက်လင်းပြန်မျိုးမမှန်သည့် 'စံရဖွေ'ပင် ဖြစ်လိမ့် မည်ဟု ထင်မိပါသည်။

*** မှတ်ချက်။ ။ ဒေးဝန်းကြီး သျှိုးလိုက်ရတုတွင်---**

"ဒေးသျှိန်သတ်သည်၊ မပြတ်တပ်ဦး ချီလော၊ နောက်ရပ်မြို၊ သူရဲတော် ဆိပ်ဖာအိပ်သည်၊ ဟိန္ဒူတ်သာနီသာ တည်း"ဟု လည်းကောင်း၊ "မယ့်သခင် သည်၊ ယင်းတွင် ဟောပြောဆိုလျက်၊ ကုလားဆိပ်ဖာအိပ်ငါးရာကျော်ကို၊ ထိုခါ စုဆောင်းပီးက" ဟုလည်းကောင်း သုဘာဒါစံရဖွေ ခန့်စာတွင် 'သိဘာဟိအရာပင် သုဘာဒါရ်အရာတိုင်'ဟုလည်းကောင်း ဖော်ပြထားသည့် 'ဆိပ်ဖာအိပ်'နှင့် 'သိဘာဟိ'တို့မှာ 'စစ်ပါရီ'ပင် ဖြစ်သည်။

မြန်မာအဘိဓာန် အကျဉ်းချုပ်တွင် 'စစ်ပါရီ-န/စစ်ပါတီ/ စစ်ပညာကို ဗြိတိသျှစနစ်ဖြင့် သင်ကြားလေ့လာထားသော အိန္ဒိယတိုင်းရင်းသားစစ်သည် (စင်ပိုင်)စစ်ဗာတီ (စစ်ပါရီ)ဟုလည်း ခေါ်သည်။

မြန်မာအဘိဓာန် ၁၉၉၁-ခုထုတ်တွင် 'စစ်ပါရီ/စစ်ပါရီ-န/ ဗြိတိသျှခေတ် အိန္ဒိယတိုင်းရင်းသားစစ်သည် (ဟိန္ဒူ။ Siparhi)ဟုလည်း တွေ့ရသည်။

'စစ်တကောင်းမှသည် ရန်ကုန်သို့' စာအုပ်တွင် 'အရှေ့အိန္ဒိယ ကုမ္ပဏီ လက်ထက် ဗြိတိသျှတို့က ခန့်ထားသည့် အိန္ဒိယတိုင်းရင်းသား စစ်သည်များကို ခေါ်သည့်အမည် ဖြစ်သည်။ စစ်ဗာရီမှာ စစ်သား သို့မဟုတ် စစ်တပ်ဟု အဓိပ္ပာယ် ရသည်။ 'ဆီပါဟိ'ဟူသော ပါရှင်စကားမှ ဆင်းသက်လာသည့် စကားဖြစ်သည်ဟု ဖော်ပြထားသည်။

# တစ်ကျိပ်ခြောက်ယောက် သစ္စာဖောက်

မင်းသားကြီး ဒေးဝန်းကြီးနှင့် မြို့သူကြီးတို့မှာ ကုမ္ပဏီနယ်ချဲ့များက ပေးခဲ့သော စကားမတည် ပြည်သူများအား အခွန်ဘဏ္ဍာ ခန့်ဇနာများ တင်းကျပ်စွာ စည်းကြပ်ကောက်ခံမှုကို မကျေနပ်၍ ကုမ္ပဏီနယ်ချဲ့သမားများအား တော်လှန်ကြသည်။ ယင်းကြီးသုံးကြီး တော်လှန်ရေးမှာ ဦးစောက်လင်းပြန်မျိုးမမှန်သည့် တစ်ကျိပ်ခြောက်ယောက် သစ္စာဖောက်တို့ကြောင့် အရေးနိမ့်ခဲ့ရသည်။ ယင်း တစ်ကျိပ်ခြောက်ယောက် သစ္စာဖောက်များကို မြို့သူကြီး အောင်ကျော်ဇံက မှတ်တမ်းတင်ခဲ့သည်။ ယင်းတို့၏ ယုတ်မာပုံများကို ဖော်ထုတ်ထားသည်။ ယင်းတို့မှာ--

* ကျောင်းတရာ ရဲဘော်သယ်၊ မြို့ထဲခဲပစ် ဆန္ဒညစ်နှင့် စင်စိုက်လင်း ဒငယ် သို့ သတ်စားမယ့် ကြောင်အလား နို့ပမာတူသူ။
* ဝံသဟိန္ဒာ လွန်ယုတ်မာသည် မိစ္ဆာလူဗာလတို့ မည်နာမ စံရှီဖွေ၊ ရှောက်ဖွေဟုငြား အောင်ကုလားနှင့် မယားငပုဝေတို့ မြေကြီးမျိုး တွင်းဆုံးကျများ။
* သူယုတ်လင်းပြန် ရင်ရန်၊ တဖန် တိုးအောင်စသား လူဗာလများ။
* လူဒိဋ္ဌိ ငပုံသာ၊ ဟိန္ဒာသွေးသား အောင်ကုလားနှင့် ကုလားရွှေလုံး။
* စံရဲဘော်တလင်းသား၊ မယားမျိုးနွယ် ငပုဝေကား၊ ရှောက်ဖွေ ဒိုးကလား နှင့် သင်ချီသားဒိုးအောင်ရှီ၊ လူလောင်ဟုဘိ၊ ပါတလီသား ဒိဋ္ဌိဘိတ်ယေ နှင့် သက်နှံဝေကျွန်မသား၊ ကုလားလင်းပြန်ရင်နရံ၊ လူလွန် ရှမ်းအောက် သား၊ သေအောင်မိုက်သည့်၊ လူညစ်ဥဂါရှိ စသည်တို့ ပါဝင်သည်။

ယင်းတစ်ကျိပ်ခြောက်ယောက်တို့သည် ကုမ္ပဏီနယ်ချဲ့များထံမှ တံစိုးစားသည်။ မုသားစကားပြော၍ တစ်ဘက်သူများနှင့် ပင်းခဲ့သည်။ ယင်းတံစိုးစား ဆယ့်ခြောက်ယောက်လူ ကျွန့်ရန်သူဟု တင်စားခိုင်းနှိုင်းချက် အမျိုးမျိုးဖြင့် စာအမူ ကွန်းကိုရေးထိုးခဲ့သည်။

မြို့သူကြီး အောင်ကျော်ဇံကဲ့သို့ပင် ဒေးဝန်းကြီး အောင်ကျော်ရွှေကလည်း မိယုတ် ဘမဲ့သားများသည် "တစ်ယောက်စီတဆင်ခြီ၊ ဟိုမှာတစ်ခွန်း၊ မှာတစ်ခွန်း၊ ငကမ်းတောင်ဝှေ့စမ်းသို့၊ ကြံသက်သီအရာဘယ်၊ ကျမ်းဂန်မနီး၊ ဒေါသမီးကို ဖော်လုပ်ပါသည်တည်း" ဟု ယင်းတို့၏ အကြံပက်စက်ပုံများကို ဖော်ထုတ်ခဲ့သည်။ ယုတ်မာပုံများကို သမိုင်းမှတ်တမ်း တင်ထားခဲ့ကြသည်ကို တွေ့ရပါသည်။

ယင်းသို့ ငကမ်းတောင်ဝေ့စမ်းသကဲ့သို့ သက်သေမဟုတ်မမှန် လုပ်ကြံပြီး ထွက်ဆိုကြသဖြင့် မင်းသားကြီး၊ ဒေးဝန်းကြီးနှင့် မြို့သူကြီးတို့မှာ သက္ကရာဇ် ၁၁၉၉ခု၊ ဝါဆိုလပြည့်ကျော်(၁၀)ရက်တွင် ပျံလွန်တော်မူသည့် ဆရာတော်သာရလင်္ကာ ပျံလွန်တော်မူချိန်မှာ ထောင်နန်းစံနေရချိန် ဖြစ်ပါသည်။ ဆရာတော်၏ နောက်ဆုံး ခရီးမှာ ဦးချကန်တော့ခွင့်ပင် မရရှာပေ။ တစ်ရက်စီပေးရိက္ခာ၊ ဖွေသာသုံးပြား တစ်ထပ်စားပြီး ဆင်းရဲဒုက္ခအမျိုးမျိုးကို ခံစားနေရသည်ကို စာဆိုရှင်ဒေးဝန်းကြီး က မှတ်တမ်းတင်ထားခဲ့ပါသည်။

## ရာပသိန်သတ်နှင့် အခြားအမှုထမ်းများ

ရန္တပိုစာချုပ် ချုပ်ဆိုရာတွင် ကုမ္ပဏီဘက်မှ ကိုယ်စားလှယ် သုံးဦးက လက်မှတ်ရေးထိုးကြသည်။ ယင်းသုံးဦးအနက် ရာပသိန်သတ် (T.C Robertson) လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ခံတစ်ဦးအဖြစ် လက်မှတ်ရေးထိုးခဲ့သည်။ သူ၏ ရာထူးအဆင့်ကို ဖော်ပြရာမှာ (Civil Commissioner)ဟု ဖော်ပြပါရှိသည်။ ရာပသိန်သတ်သည် ရခိုင်ပိုင်းမင်းကြီးအဖြစ် တာဝန်ယူခဲ့သူ ဖြစ်သည်။ ရာပသိန်သတ်နှင့် မင်းကြီး(၆)ဆက်တိုင် စစ်တကောင်း မှနေ၍ ရခိုင်ကို အုပ်ချုပ်ခဲ့သည်။ မင်းကြီး ဒေးရှိန်သတ် (Dickenson)သည် ၁၈၃၄-ခု၊ အောက်တိုဘာလ(၃)ရက် (သက္ကရာဇ် ၁၁၉၆-ခု၊ ဝါဆိုလဆန်း(၁)ရက် သောကြာ)နေ့တွင် ရခိုင်တိုင်းမင်းကြီးအဖြစ် စစ်တွေမြို့တွင် အစပထမဆုံး ရုံးထိုင် သည်။

ရာပသိန်သတ်အပြင် မြို့ဝန်ပတ္တင် (C. Paton) မှာ စစ်တွေ မြို့ဝန်အဖြစ် ကုမ္ပဏီအုပ်ချုပ်ရေးတွင် အရေးပါသူတစ်ဦး ဖြစ်သည်။ စစ်တွေမြို့ကို တည်ထောင် ရာမှာ ပါဝင်သူတစ်ဦး ဖြစ်သည်။ ရန္တပိုသို့ ကုမ္ပဏီတပ်များ ချီတက်ရာတွင် လိုက်ပါ မသွားဘဲ ရခိုင်တွင် အုပ်ချုပ်ရေးအတွက် တာဝန်ကို ဆောင်ရွက်ခဲ့ဟန် ရှိသည်။ ယင်းကြောင့် ရာပသိန်သတ် ရန္တပိုမှအပြန် စစ်တွေတည်ထောင်ရေးကို ကြိုတင် ပြင်ဆင်ထားနိုင်သည်။ ပတ္တင်သည် မင်းကြီး ရာထူးအဖြစ် တိုးတက်ပြီး ရခိုင်တွင် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ပတ္တင်ပြီးလျှင် မင်းကြီး ဒေးရှိန်သတ်က ရခိုင်ကို တာဝန်ယူရသည်။ ဒေးရှိန်သတ်လက်ထက် အခွန်ဘဏ္ဍာ ခန့်ဇနာတိုးပြီး စည်းကြပ် မှု၊ ကုမ္ပဏီအာဏာပိုင်များ ကတိမတည်မှုတို့ကြောင့် ကုမ္ပဏီနယ်ချဲ့အစိုးရအား တော်လှန်မှု ပေါ်ပေါက်ခဲ့သည်။

မင်းကြီး ဒေးရှိန်သတ်၊ မြို့ဝန်ငယ် ဝါသတ်နှင့် ဝါလီယာ စသည်တို့မှာ မင်းသားကြီး၊ ဒေးဝန်းကြီးနှင့် မြို့သူကြီးတို့၏ တော်လှန်ရေးတွင် ထိပ်တိုက်ရင်ဆိုင် ခဲ့ရသူများ ဖြစ်သည်။ ယင်းကုမ္ပဏီအရာရှိ သုံးဦးမှာလည်း မင်းသားကြီးတို့

တော်လှန်ရေးကိစ္စနှင့် ပတ်သက်၍ ရာထူးမှနုတ်ခြင်းခံရသည်ကို ဒေးဝန်းကြီးနှင့် မြို့သူကြီး၏ရတုမှ သိရသည်။

## စစ်တွေမြို့ တည်ထောင်ခြင်း

ကုမ္ပဏီခေတ် အခြေအနေကို ပြောလျှင် စစ်တွေမြို့ အကြောင်းမပါလျှင် မဖြစ်ချေ။ စစ်တွေမြို့ တည်ထောင်ခဲ့သည် မှာ ကုမ္ပဏီအာဏာပိုင်များသည် ရန္တပိုသို့ မချီတက်မီကပင် အစီအစဉ်ရှိသည်။ မြို့တည်လုပ်ရေးမှာ စစ်ချီတက်ရေးကာလတွင် ပတ္တင်သတ်အား ရာပသိန်သတ်က တာဝန်ပေးအပ်သည်။ မြို့ဝန် ရာထူးကိုလည်း ပတ္တသတ်အား ခန့်ထားဆောင်ရွက်စေသည်။ ယင်းသို့ စီစဉ်ဆောင်ရွက်ရန် တာဝန်ပေးပုံများကို ဒေးဝန်းကြီး၏ ရတု တွင်---

> "ရခိုင်ပြည်တွင်ဇင် ပတ္တင်ကိုမြို့ဝန်ခန့် ခမည်းတည်း---ပတ္တင်ကို မြို့တွင်ထားခဲ့ပါ၍၊ မိုးစဲသော် နောင်အခါဝယ်၊ စစ်တွေကျွန်းကို မြို့တည် လုပ်လီဟု၊ ဆိုပြောထွီယင်းပြီးနောက်မှ---"

စသည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းကြောင့် ပတ္တင်သည် စစ်တွေမြို့ တွင် မြို့ဝန်အရာကို ပထမဆုံး ကုမ္ပဏီခေတ်မှာ ထမ်းဆောင်သူဖြစ်ကြောင်း တွေ့ရသည်။ မြို့ဝန်ပတ္တင်သည် စစ်တွေမြို့ တည်ဆောက်ရေးကို ကတ်တင် ဒေးရှိန်သတ်နှင့်အတူ စီစဉ်ဆောင်ရွက်ရသူ ဖြစ်သည်။

ရန္တပိုစာချုပ် ချုပ်ဆိုကြပြီးနောက် ရာပသိန်သတ်နှင့် ဒေးဝန်းကြီး အောင်ကျော်ဇံတို့မှာ ရခိုင်သို့ ပြန်လာကြသည်။ ရခိုင်သို့ရောက်လျှင် နေ့ကောင်း ရက်သာကိုရွေးပြီး မြို့တည်ဆောက်ရေးကို ဆောင်ရွက်ကြသည်။ ယင်းသို့ ဆောင်ရွက်ပုံများကို--

> "သကြစ်တစ်ထောင်ဖြစ်၊ တစ်ရာသျှစ်ဆယ်၊ စွန်းဝယ်ခုနစ်ခုတည်း၊ မာဃဖြစ်လဆန်း သာငါးရက်နိသည်၊ နီထွက်တစ်ပိုရ်ကျော်တွင်၊ မြို့ဝန်လျှင် ပတ်တင်သတ်၊ ကတ်တင်ဟုမှတ် ဒေးရှိန်သတ်နှင့် တိုင်ပင်ကြည့်ရှုလတ်၍၊ စစ်တွေရပ်မြစ်နားမှာ ကောင်းသည့်အခါဝယ်၊ မြို့ရာတည်လုပ်ပါလျက်"

ဟု ဒေးဝန်းကြီး အောင်ကျော်ရွှီက မြို့တည်ထောင်ရေးကိစ္စကို ဆောင်ရွက် ပုံကို မှတ်တမ်းတင်ထားခဲ့သည်။

ယင်းကြောင့် စစ်တွေမြို့ တည်ထောင်ရာမှ ရာပသိန်သတ်၊ ကတ်တင်း ပတ္တင်သတ် (Captain Paton) ကတ်တင်ဒေးရှိန်းသတ် (Captain Dickenson) တို့နှင့်အတူ ဒေးဝန်းအောင်ကျော်ရွှီ ပါဝင် ဆောင်ရွက်ပေးသည်။ မြို့ရွာသာယာရေး ကို တာဝန်ယူဆောင်ရွက်ခဲ့သည်မှာ ထင်ရှားသည်။

မြို့တည်သည့် အခမ်းအနားတွင် ပုလ္လိစောင်းညှင်း၊ ကြီးနင်းခရာများ တီးမှုတ်ကြသည်။ ယိုးဒယားနှင့် သဘင်ဇာတ်ကြီးခံလျက် ပျော်ရွှင်ပွဲများကို ပြုလုပ်ကြသည်။ မြို့ချာဘိုင်ကို လေးမျက်နှာ သံကြိုးခတ်ပြီး ပြင်ဆင်ထားပုံကို မြင်ရသည်မှာ နတ်ပြည်သုံးရွာကို မြင်ရသကဲ့သို့ ရှိတော့သည်။ ညမနက်အချိန်အခါထက်ကြိုး သွယ်မျှင်ကာ အထွတ်အချာ၌ တင်းခွန်များ လွင့်ထားပုံများကိုလည်း ဒေးဝန်းကြီးက မှတ်တမ်းတင်ထားခဲ့သည်။ မြို့လမ်းမတစ် လျှောက်တွင် ဆင် မြင်းများ ရထားကျွဲနွားများ လှုပ်ရှားသွားလာနေပုံများ ဗိုလ်လူများ သွားလာနေပုံမှာလည်း နတ်ဘုံတမျှ ရှိပေသည်။ မီးငူမြစ်တစ်လျှောက် ပြည့်ကျပ်နေသည့် လှေသင်္ဘောများ၊ ရောင်းဝယ်ဖောက်ကားနေပုံများလည်း တသောသောနှင့် ရှိနေသည်။ လူမျိုးပေါင်းစုံရှိနေသည့် မြို့စစ်တွေကို ဒေးဝန်းကြီးက အောက်ပါအတိုင်း စာဖွဲ့ထားသည်။

"သုံးပင်တိုင်သည် လှေယာဉ် သင်္ဘောလှနှင့် ဗောက်တီကဂေါ်တူသာ၊ မီးငူမြစ်မှာ ပြည့်မျှဝင်လျှင်းပါ၏၊ ရောင်းဝယ်ရာ တသော သော နီကြပါသည်။ မြို့ဆိပ်ကမ်းနား၌ ရခိုင်များ မြန်မာပေ၊ ဟိန္ဒူတ်သာနိဘုရင်ဂျီနှင့် ပသီကုလားသည်တည်း၊ ကသည်းနွမ်း သျှမ်းတို့မှာ စရိုက်ဘာသာ နီကြပါသည်။ မြို့ရွာထူထပ်ပေါ၏ ထက်မြင့်ဖျား နတ်ဘုံသွင်၊ မြို့ချမ်းသာကို သခင်တည်လုပ်ကျင်၏" ဟူ၍ မြို့စစ်တွေ၏ တည်ထောင်စ အခြေအနေကို ဖွဲ့ဆိုထားသည်ကို ဒေးဝန်းကြီး၏ စာရတုများမှာ တွေ့ရသည်။

## ကျေးဇူးစကား

ကုမ္ပဏီခေတ်အုပ်ချုပ်ရေးနှင့် အမှုထမ်းများ အခြေအနေကို တင်ပြရာမှာ ဤစာတမ်းသည် ပြီးပြည့်မည်ကား မဟုတ်ပါ။ ဆက်လက်လေ့လာရန် အကြောင်းအချက်များ ရှိနေပါဦးမည်။ ယင်းအပြင် ဤစာတမ်းတွင် အားနည်းချက်၊ ချွတ်ယွင်းချက်များရှိနေ မည်မှာ အမှန်ပင်ဖြစ်ပါသည်။

တစ်ဆက်တည်းမှာ ဤစာတမ်းသည် တစ်ဦးတစ်ယောက်တည်း ကြိုးပမ်းချက်ကြောင့် ရေးသားတင်ပြနိုင်ခြင်း မဟုတ်ကြောင်းကို ဖော်ပြလိုပါသည် ဆရာတော်အသျှင်စက္ကိန္ဒ၊ ဦးဗသိန်း(လက်ထောက်မြို့နယ်ပညာရေးမှူး၊ပေါက်တောမြို့နယ်)နှင့် ဦးအောင်လှသိန်း (ကုန်သွယ်လယ်ယာ၊ စစ်တွေ)တို့ထံမှ ရရှိသောအထောက်အထားများကြောင့်သာ ဤသို့ရေးသားတင်ပြနိုင်ခြင်း ဖြစ်ပါ သည်။ ယင်းသို့ အထောက်အထားများ ကူညီပေးပို့သဖြင့် ယင်းပုဂ္ဂိုလ်များကို အထူးကျေးဇူးတင်ရှိကြောင်း ဤစာတမ်းဖြင့် ဖော်ပြအပ်ပါသည်။ ။

**မြထွန်းအောင်**
**၂၀-၈-၈၀**

## အစိက အခြေစံကိုးကားသည့် စာအုပ်စာတမ်းများ


၁။ မင်းသားကြီး ရွှေဘန်း၏ ရတုစာပေများ
၂။ ဒေးဝန်းကြီး အောင်ကျော်ရွှီ၏ ရတုစာပေများ
၃။ မြို့သူကြီး အောင်ကျော်ဇံ၏ ရတုစာပေများ
၄။ ကျွန်းအုပ် မောင်သျှင်၏ ရာထူးခန့်အလွှာ၊ ပြောင်းရွှေ့ အမိန့်စာ (ခာတ်ပုံမိတ္တူ)
၅။ Archives of Arakan Family (Type Copy)
၆။ နတ်မြစ်စန်းအောင် "ရခိုင်နယ်ချဲ့တော်လှန်ရေးပျိုးထောင်မှုများ" ရခိုင်မဂ္ဂဇင်း အမှတ်(၂)၊ ၁၉၇၅-ခု၊ ဖေဖော်ဝါရီလ
၇။ R.B. Smart (Deputy Commissioner, Settlement Officer Akyab) Burma Gazetteer "Akyeb District, Volume A" 1957
၈။ W.B. Tyeld (Deputy Commissioner) Burma Gazetteer "Sandoway District, Volume A" 1962


## လေ့လာဖတ်ရှုရသော စာအုပ်စာတမ်းများ


၁။ ပဲခူးမင်းကျောင်းဆရာတော် ဦးပဏ္ဍိ "ဓညဝတီရာဇဝင်သစ်" ပြည်ကြီး မဏ္ဍိုင် ပဋိကတ်ပုံနှိပ်တိုက်၊ ၁၉၁ဝ-ခု
၂။ ဦးဦးသာထွန်း "ရခိုင်ရာဇဝင်ကျမ်း" (ဖယောင်းမိတ္တူရိုက်)
၃။ ဦးလေးမောင် "မြန်မာနိုင်ငံရေးအဖွဲ့" ပထမတွဲစာပေဗိမာန်ထုတ်၊ ပြည်သူ့လက်စွဲစာစဉ်၊ ပထမနှိပ်ခြင်း ၁၉၇၃-ခု
၄။ ဦးအောင်သန်း (မန္တလေး) မြန်မာပြန် "စစ်တကောင်းမှ ရန္တပိုသို့" ပထမအင်္ဂလိပ်-မြန်မာစစ် (၁၈၂၄-၂၆)နောက် ခံသမိုင်းစဉ်၊ စက်တင်ဘာလ ၁၉၇၄ခု၊ ပထမအကြိမ်
၅။ ဓညဝတီ နွယ်ချိုတောင် "ရခိုင်ပြည်မှ တော်လှန်ရေး ခေါင်းဆောင်ကြီးများ" ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ ၁၉၇၄-ခု၊ ဧပြီလ
၆။ ထွန်းအောင် (ဘောင်းဒွတ်) "တော်လှန်ရေးစာဆို ဒေးဝန်းကြီး ဘဝမှတ်တမ်း" ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ ၁၉၇၄-ခု၊ ဧပြီလ


**ရခိုင်မဂ္ဂဇင်း အမှတ် (၉)၊ ၁၉၈၄-ခု၊ ဒီဇင်ဘာလမှ**

# နှစ်တစ်ရာ့ငါးဆယ် မြို့စစ်တွေ

## မြထွန်းအောင်

ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲမှာ ဘိုးတော်ဘုရား ရခိုင်ပြည်ကို သိမ်းယူပြီး နှစ်(၄၀)အကြာတွင် ဖြစ်ပွားသည်။ ယင်းစစ်ပွဲကြောင့် ရန္တပိုစာချုပ်ကို ၁၈၂၆-ခု၊ ဖေဖော်ဝါရီလ(၂၆)ရက်တွင် ချုပ်ဆိုပြီး၊ ရခိုင်နှင့် တနင်္သာရီဒေသကို ဗြိတိသျှနယ်ချဲ့ သမားများအား ပေးလိုက်ရသည်။ ရခိုင်ပြည်ကိုယ်ချဲ့သမားများ သိမ်းယူသည့် အချိန်အထိ မြို့တော်မှာ မြောက်ဦးမြို့ ဖြစ်သည်။ မြောက်ဦးမြို့သည် ပင်လယ်နှင့် အလှမ်းဝေးသည်။ ပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာနိုင်ခြင်းမရှိ။ ခရီးသွားလာရေး ခက်ခဲသည်။ ကူးသန်းရောင်းဝယ်ရေးမှာ ဗြိတိသျှနယ်ချဲ့သမား အတွက် အဟန့်အတားဖြစ်နေသည်။ ကိုလိုနီအုပ်ချုပ်ရေး အဆောက်အအုံအတွက် အခက်အခဲကို တစ်နည်းအားဖြင့် ဖြစ်စေသည်။ မြောက်ဦးမြို့သည် ဗြိတိသျှနယ်ချဲ့ သမားများအတွက် မျှတသော ရာသီဥတုမရှိခြင်းမှာ သူတို့အဖို့ မလိုလားအပ်သော အခြေအနေများ ဖြစ်နေသည်။

### တည်နေရာနှင့် ရာသီဥတု

စစ်တွေကျွန်းသည် ကုလားတန်မြစ်ဝနှင့် ဘင်္ဂလားပင်လယ်အော် ဆုံရာ အနောက်ဘက်ကမ်းမှာ တည်ရှိသည်။ မြောက်လတ္တီတွဒ် (၂၀) ဒီဂရီ (၈) မိနစ်နှင့် အရှေ့လတ္တီတွဒ် (၉၂)ဒီဂရီ (၅၅)မိနစ်တွင် ရှိသည်။ ပင်လယ်ပြင်မှ အမြင့်(၁၅)ပေ မှာရှိသည်။ အရှေ့တောင်နှင့် အရှေ့ဘက်အရပ်များမှာ အနိမ့်ပိုင်းအရပ်များဖြစ် သည်။ တဖြည်းဖြည်းအနောက်ဘက်ပိုင်းမှာ မြင့်လာသည်။ အာကျိပ်တော်ကုန်းနှင့် ဗုဒ္ဓမော်ကုန်းများမှာ အမြင့်ဆုံးကုန်းမြင့်များ ဖြစ်သည်။ အာကျိပ်တော်ကုန်းမှာ တောင်မြောက်သွယ်တန်း လျက်ရှိသည်။ အာကျိပ်တော်ကုန်းမှာ ကျွန်း၏ အရှေ့ တောင်ဘက် ပင်လယ်ကမ်းစပ်နားအထိရှိသည်။

ကျွန်း၏ အရှေ့ပိုင်းသည် ကုလားတန်မြစ်ဘက်ကို မျက်နှာမူလျက်ရှိသည်။ ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်နိုင်သည့် သင်္ဘောဆိပ်ခံကောင်းများ ရရှိနိုင်သည်။ ဆပ်ရိုးကျချောင်းသည် စစ်တွေမြို့၏ အနောက်မြောက်နှင့် မြောက်ဘက်အရပ်များကိုဖြတ်ပြီး၊ ကုလားတန်မြစ်ထဲသို့ အနောက်ကမ်းမှ စီးဝင်သည်။

ယင်း ဆပ်ရိုးကျချောင်းနှင့် ကုလားချောင်းမှာ စီးပွားရေးအရ လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးအရ လည်းကောင်း၊ စစ်တွေမြို့အတွက် အလွန်အသုံးဝင်သော ချောင်းများဖြစ်ကြသည်။ ယင်းအပြင် မြို့ရွာ သန့်ရှင်းရေးအတွက် ရေနုတ်မြောင်းများ အသုံးပြုနိုင်သည်။ ခဝါသည်ချောင်းနှင့် သမ္မာန်ချောင်းများမှာ စစ်တွေမြို့၏ တောင်ဘက်ပိုင်းမှာရှိပြီး၊ အနောက်မှ အရှေ့သို့ စီးဆင်းပြီး အနောက်ကမ်းမှ ကုလားတန်မြစ်ထဲသို့ စီးဝင်သည်။ ယင်းချောင်းနှစ်သွယ်မှာလည်းစစ်တွေမြို့အတွက် ရေနုတ်မြောင်းများ ဖြစ်သည်။

ရာသီဥတုမှာ မျှတသည်။ အပူဆုံးအချိန်မှာ (၈၆°)ဖာရင် ဟိုက်ရှိသည်။ အအေးဆုံးအချိန်မှာ (၇၄°)ဖာရင်ဟိုက်ခန့် ရှိသည်။ တစ်နှစ်ပတ်လုံးပျမ်းမျှ အပူရှိန်မှာ (၇၀°)ဖာရင်ဟိုက်ခန့်သာ ရှိသည်။ အပူဆုံးလများဖြစ်သော မတ်၊ ဧပြီလများ ပင်လယ်လေကြောင့် အလွန်အမင် မပူဘဲ၊ အပူအအေးမျှတသည်။ တစ်နှစ် မိုးရေချိန်လက်မ (၂၀၀)ကျော်သည်။ မိုးကောင်းသော နှစ်များတွင် မိုးရေချိန်လက်မ (၂၅၀)ပတ်ဝန်းကျင် ရွာသွန်းသည်။

## မြို့တည်ထောင်ခြင်း

ယင်းအခြေအနေများသည် မြောက်ဦးမြို့ထက် ကောင်းမွန်သော အနေအထားဖြစ်သည်။ ပြုပြင်လုပ်ကိုင်လာပါက သင်္ဘောဆိပ်ခံကောင်းတစ်ခု ဖြစ်လာနိုင်သည်။ သွားလာရေး လွယ်ကူမည်။ ကူးသန်းရောင်းဝယ်ရေး အချက်အချာ ဖြစ်လာမည်။ သူတို့၏ ကိုလို နီဈေးကွက် တစ်စိတ်တစ်ဒေသကို ယင်းဒေသမှရရှိနိုင်သည်။ ရာသီဥတုအခြေအနေမှာ မြောက်ဦးမြို့ထက် ဗြိတိသျှနယ်ချဲ့သမား များအတွက် သင့်တော်သည်။

ယင်းကြောင့် တံငါရွာကလေးသာ ရှိသေးသည့် စစ်တွေကျွန်း၏ အရှေ့တောင်ပိုင်းမှာ မြို့တည်ရန် နေရာရွေးချယ်ကြသည်။ မြို့တည်ရေးနှင့်ပတ်သက်၍ တော်လှန်ရေးစာဆို ဒေးဝန်းကြီး အောင်ကျော်ရွှီက--

> သက္ကရာဇ် တစ်ထောင်ဖြစ်၊ တစ်ရာရှစ်ဆယ် စွန်းဝယ်ခုနစ်ခုတည်း မာဃဖြစ်လဆန်းသာ၊ ငါးရက်နိသည်၊ နီထွက်တဗိုဟိုရ်ကျော်တွင်၊ မြို့ဝန်လျှင် ပတ္တင်သတ်၊ ကတ္တင်ဟူမှတ်၊ ဒေးရှိန်သတ်နှင့် တိုင်ပင်ကြည့်မှုလတ်၍၊

စစ်တွေမြို့ရပ်နားမှာ၊ ကောင်းသည့်အခါဝယ်၊ မြို့ရွာတည်လုပ်ပေလျက်”ဟု စပ်ဆိုထားသည်ကို တွေ့ရပါသည်။

ယင်းကြောင့် ၁၁၈၇-ခု၊ မဃနက္ခတ် ပေါ်ထွန်းသည့် တပို့တွဲလဆန်း (၅)ရက်နေ့၊ နေထွက် တစ်ပိုရ်အချိန်မှာ စစ်တွေမြို့ကို တည်ထောင်ကြောင်း အထင်အရှားတွေ့ရပါသည်။ မြို့နယ်တည် ထောင်သည့်အခါ ဒေးဝန်းကြီး အောင်ကျော်ရွှီနှင့် ကတ္တင်ဒေဟိသတ် (Captain Dickenson)တို့ ကိုယ်တိုင်ဦးဆောင်တည်ထောင်ကြပ်မတ်ကြသည်ကိုလည်း ဒေးဝန်းကြီး၏ လက်ရာများက ဖော်ပြနေပေသည်။

ယင်းကြောင့် စစ်တွေမြို့ကို ဗြိတိသျှနယ်ချဲ့သမားများသည် သူတို့အကျိုးစီးပွားအတွက် တည်ထောင်သည်မှာ ထင်ရှားသည်။ စစ်တွေမြို့ကို တည်ထောင်စအချိန်မှာ အရင်းရှင်နယ်ချဲ့စနစ်သည် အားကောင်းနေသည့်အခါ ဖြစ်သည်။ တစ်ချိန်တည်းမှာ ပဒေသရာဇ်၏ အငွေ့အသက်များ ရခိုင်မှာ မကုန်သေး၊ မခန်းသေး၊ တိုင်းရင်းသား ပဒေသရာဇ်များနှင့် လက်ဝေခံများကို ရခိုင်ပြည်တွင် နယ်ချဲ့သမားများ သိမ်းသွင်းနေသည့်အချိန် ဖြစ်သည်။

ယင်းနှင့်တစ်ဆက်တည်းမှာ မင်းသားကြီးရွှေဘန်း၊ မြို့သူကြီးအောင်ကျော်ဖ၊ ဒေးဝန်းကြီး အောင်ကျော်ရွှီတို့ ဦးဆောင်သည့် နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုများသည် စစ်တွေမြို့ကို အခြေခံပြီး ဗြိတိသျှနယ်ချဲ့သမားများအား တော်လှန်ခဲ့ကြသည်။ ယင်းကြောင့် စစ်တွေမြို့သည် ဗြိတိသျှနယ်ချဲ့သမားများအတွက် ခြေကုပ် စခန်းတစ်ခု ဖြစ်နေသကဲ့သို့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး အင်အားစုများကို မွေးထုတ်ပေးသည့် ဘုမ္မိနက်သန် မြေဆိုက မှားနိုင်မည် မထင်ပါ။

## အကျယ်အဝန်း

စစ်တွေမြို့၏ အကျယ်အဝန်းမှာ ဧရိယာ (၆)မိုင်ရှိသည်။ စစ်တွေမြို့မကို မြူနီစီပါယ်အဖွဲ့က တာဝန်ယူပြီး မြို့ရွာသန့်ရှင်း ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ရေရရှိရေးများကို ဆောင်ရွက်ရသည်။ ယခုအခါ ယင်းကိစ္စများကို စစ်တွေမြို့နယ်ပြည်သူ့ကောင်စီက တာဝန်ယူဆောင်ရွက်ရသည်။ မြူနီစီပယ်နယ်နိမိတ်မှာ အရှေ့ဘက်တွင် ကုလားတန်မြစ်၊ မြောက်ဘက်တွင် ဆပ်ရိုးကျမြစ်ရိုးအတိုင်း သံတော်လီအုပ်စုအထိ၊ အနောက်ဘက်တွင် အုန်းတော လမ်းမှခွဲ၍ သင်္ချိုင်းခွဆုံအထိ၊ ယင်းသင်္ချိုင်းခွဆုံမှ ကတ္တရာလမ်းအတိုင်း ကန်တော်ကြီးအထိ ဖြစ်သည်။ တောင်ဘက်တွင် (အငူစွန်း)မှ ပင်လယ်ကမ်းစပ်တစ်လျှောက် လေယာဉ်ကွင်းအဆုံးအထိ ရှိသည်။

## လူဦးရေ

ဗြိတိသျှနယ်ချဲ့သမားများအုပ်စိုးစဉ်က စစ်တွေမြို့သည် မြန်မာပြည်၏ လူဦးရေအများဆုံးမြို့ကြီး (၁၀)မြို့အနက် တစ်မြို့အပါအဝင်ဖြစ်သည်။ အောက်မြန်မာပြည်တွင် တတိယလူဦးရေ အများဆုံးဖြစ်ပြီး မြန်မာပြည် တစ်ပြည်လုံးတွင် စတုတ္ထအများဆုံး ဖြစ်ခဲ့သည်။ မြို့တည်ထောင်စအချိန်က လူဦးရေကို မသိရသော်လည်း ၁၈၇၀-ခုမှစ၍ အခါအားလျော်စွာ ကောက်ယူသည့် စာရင်းများကို အောက်တွင် ဖော်ပြလိုက်ပါသည်။

**၁၈၇၀ ခု ၁၆၇၈၅ ယောက်**
**၁၈၇၂ ခု ၁၉၂၃၀ ယောက်**
**၁၈၈၁ ခု ၃၃၉၈၉ ယောက်**
**၁၈၉၁ ခု ၃၇၉၃၈ ယောက်**
**၁၉၀၁ ခု ၃၅၆၈၀ ယောက်**
**၁၉၁၁ ခု ၃၇၈၉၃ ယောက်**
**၁၉၂၁ ခု ၃၆၅၆၉ ယောက်**
**၁၉၃၁ ခု ၃၈၀၉၄ ယောက်**
**၁၉၅၃ ခု ၄၂၃၂၉ ယောက်**
**၁၉၇၀ ခု ၇၈၆၈၀ ယောက်**

အထက်ပါစာရင်းများကိုကြည့်လျှင် ၁၈၇၀ ခုမှ ၁၉၇၀ခု အထိ နှစ်ပေါင်း (၁၀၀)အတွင်း လူဦးရေ(၆၁၈၂၃)ယောက် တိုးတက်လာသည်ကို တွေ့ရသည်။ အထူးသဖြင့် ၁၉၅၃-ခုနောက်ပိုင်းမှာ ပိုမိုများပြားလာသည်ကို တွေ့ရသည်။ ၁၉၇၀-ခု လူဦးရေမှာ ၁၉၅၃ ခုတွင်ရှိသည့် လူဦးရေထက် တစ်ဆနီးပါးတိုးလာသည်ကို တွေ့ရသည်။ ယင်းသို့ လူဦးရေတိုးလာသည့် အနေအထားမှာ သဘာဝ အလျောက် တိုးပွားလာခြင်း (Natural Population Growth)နှင့် အခြားရပ်ရွာများမှ ပြောင်းရွှေ့နေထိုင်ခြင်း (Migratel Growth) ဟူ၍ နှစ်မျိုးတွေ့ရသည်။ အခြားရပ်ရွာများမှ ပြောင်းရွှေ့က နေထိုင်မှုများမှာလည်း အောက်တွင်ဖော်ပြထားသည့် အကြောင်းကိစ္စများကြောင့် ပြောင်းရွှေ့နေထိုင်ကြခြင်း ဖြစ်သည်။

**ယင်းအချက်များမှာ-**

၁။ ဆူပူသောင်းကျန်းမှုကြောင့် ပြောင်းရွှေ့နေထိုင်သူများ။
၂။ တစ်ဖက်နိုင်ငံမှ ပြောင်းရွှေ့လာကြသည့် ရခိုင်အမျိုးသားများ။
၃။ တရားဝင်နိုင်ငံခြားမှ ပြောင်းရွှေ့နေထိုင်ကြသူများ မဟုတ်ဘဲ ခိုးဝင်နေထိုင်မှုများဟူ၍ တွေ့ရသည်။

ယင်းအချက်များအနက် တစ်ဖက်နိုင်ငံမှ ခိုးဝင်လာသည့် လူဦးရေမှာ စစ်တွေမြို့ လူဦးရေ၏ရာနှုန်းခပ်များများ ရှိနေသည်။ ဒုတိယကမ္ဘာစစ်ပြီး (၈)နှစ်ခန့် အကြာတွင် ကောက်ယူသော လူဦးရေမှာ(၄၂၃၂၉)ယောက်သာ ရှိသည်။ စစ်ကြို ခေတ် ၁၉၃၁-ခုနှစ်ထက်(၄၂၃၅)ယောက်သာ ပိုမိုရှိနေသည်။ သို့ရာတွင် ၁၉၇၀-ခုတွင် စစ်တွေမြို့ လူဦးရေမှာ ၁၉၅၃-ခုနှစ်ထက်(၃၆၂၇၉)ယောက် (၁၇)နှစ် အတွင်း ပိုမိုများပြားလာသည်မှာ ထူးခြားနေပေသည်။

၁၉၇၀-ခု ကောက်ယူသောစာရင်းအရ အသက်အရွယ် (၅)နှစ် တစ်အုပ်စု အလိုက် ကျား/မ အရေအတွက် ဖော်ပြရာတွင် (၀. ၄)နှစ်အုပ်စု၊ (၅. ၉)နှစ် အုပ်စု၊ (၁၀. ၁၄)နှစ် အုပ်စုနှင့် (၅၀. ၅၄)နှစ် အုပ်စုများမှလွဲ၍ ကျန်အုပ်စုများတွင် ယောကျ်ားဦးရေထက် မိန်းမဦးရေက ပိုမိုများပြားနေသည်။ နှစ်အုပ်စုများကို တစ်နှစ် အောက်မှ အသက် (၈၀)အထက်အထိ ခွဲခြားဖော်ပြထားသည်။ တစ်နည်းအားဖြင့် စစ်တွေမြို့လူဦးရေ အသွင်အပြင်တွင် ယောကျ်ား ၄၈. ၁၂%နှင့် မိန်းမ ၅၁. ၈၈% ပေါ်လွင်ခဲ့ပါသည်။ ယင်းကြောင့် စစ်တွေမြို့တွင် မိန်းမဦးရေသည် ယောကျ်ားဦးရေ ထက် များပြားနေသည်ကို တွေ့ရသည်။

အသက်အရွယ်အားဖြင့် (၀. ၂၄)နှစ် အုပ်စုတွင် ၅၉%ရှိ၍ (၂၅. ၄၉)နှစ် အုပ်စုတွင် ၂၉%ရှိကြောင်း တွေ့ရသည်။ တစ်နည်း ဖြင့် (၂၅. ၄၉)နှစ်အုပ်စု လူလတ်ပိုင်းသည် (၀. ၂၄)နှစ် လူလတ် ပိုင်း၏ ထက်ဝက်သာရှိသည်ကို ၁၉၇၀-၇၁-ခုနှစ် ကောက်ယူသော စာရင်းအရသိရသည်။

## အိမ်ထောင်စု အရွယ်အစား

၁၉၇၀-ခု ကောက်ယူသောစာရင်းအရ အိမ်သား(၅)ယောက်အထက် အိမ်ထောင်စုမှာ ၆၃%ခန့်ရှိသည်။ အိမ်သား(၄)ယောက်မှ (၅)ယောက်ရှိ အိမ်ထောင်စုမှာ ၂၄%ရှိပြီး၊ အိမ်သား (၁)ယောက်မှ (၃)ယောက်ရှိ အိမ်ထောင်စု မှာ ၁၃%ရှိသည်ကို တွေ့ရသည်။ ယင်းကြောင့် တစ်ယောက်ဝင်ငွေ သို့မဟုတ် တစ်အိမ်ထောင်စု၏ဝင်ငွေကို (၅)ယောက်အထက် အိမ်သားများက အများစုအဖြစ် မှီခိုနေထိုင်အားထားနေရကြောင်း ဖော်ပြနေပေသည်။

## နေထိုင်မှု အဆင့်အတန်း

စစ်တွေမြို့သည် သဘာဝဘေးဒဏ်၊ မီးဘေးဒဏ်ကို အကြိမ်ကြိမ် ခံခဲ့ရ သည်။ ယင်းဘေးဒဏ်များသည် စစ်တွေမြို့၏ တိုးတက်မှုနှင့် အလှအပကို ပျက်စီး စေသည်။ ယင်းအပြင် ဒုတိယကမ္ဘာစစ်ကြီး၏ဒဏ်ကို အကြီးအကျယ် ခံခဲ့ရသည်။

စစ်ကြီးခေတ်ကရှိသော အိမ်ကောင်းအိမ်ရာ အဆောက်အအုံ အားလုံးလိုလို ပျက်စီးခဲ့ရသည်။ စစ်အတွင်း (၂)နှစ်ကျော်ကျော် ကာလခန့်မှာ မြို့တွင် လူလုံးဝမရှိဘဲ ဖြစ်ခဲ့သည်။

ယင်းကာလတစ်လျှောက်လုံး တစ်မြို့လုံးမှာ တောကြီးမျက်မည်း ဖြစ်နေသည်။ မဟာမိတ်တပ်များပြန်လည်၍ သိမ်းပိုက်သည့်အခါမှ စစ်တပ်များရှိနေသည့် နေရာတစ်ဝိုက်လောက်သာ ရှင်းလင်းမှုရှိသည်။ ၁၉၄၇-နောက်ပိုင်းလောက်မှသာ စစ်တွေမြို့တွင်းသို့ အရပ်သားများအား ပြောင်းရွှေ့နေထိုင်ခွင့်ပေးသည်။ မြို့ပြန်လည်၍ စည်ပင်လာသည်။ ပြန်လည်ထူထောင် ဆောက်လုပ်ရသည့် အိမ်ရာ အဆောက်အအုံအားလုံးလိုလိုမှာ ဝါးဓနိများဖြင့် ဆောက်လုပ်နေထိုင်ကြရသည်။ စစ်ပြီးနောက် စစ်တွေမြို့ ပြန်လည်ထူ ထောင်ရေးမှာ နှေးကွေးလှသည်။

ယင်းကြောင့် စစ်တွေမြို့ရှိ အိမ်ရာအဆောက်အအုံများကို တိုက်၊ ပျဉ်ထောင်၊ တဲဟူ၍(၃)မျိုးခွဲပြီး ကောက်ယူလျှင် လက်ရှိ အနေအထားမှာ တဲဖြင့် နေထိုင်ကြသူများမှာ အလွန်များသည်။ ၉၉% အိမ်ထောင်များမှာ ကိုယ်ပိုင် အိမ်များဖြင့် နေထိုင်သူများဖြစ်သည်။

၁၉၇၀-၇၁ခု ကောက်ယူသော နမူနာစာရင်းစစ်တန်းများအရ တဲဖြင့် နေထိုင်သော အိမ်ထောင်များ၏ ပမာဏမှာ အများစုဖြစ်ပြီး ၆၆%ရှိသည်။ ပျဉ်ထောင်အိမ်ဖြင့်နေထိုင်သော အိမ်ထောင်များမှာ ၁၈%၊ တိုက်ဖြင့် နေထိုင်သည့် အိမမ်ထောင်မှာ ၁၆%ရှိသည်ကို တွေ့ရသည်။ တိုက်နှင့် ပျဉ်ထောင်အိမ်တွင် နေထိုင်သော အိမ်ထောင်များအနေနှင့် အိမ်သားများသည်ဖြစ်စေ၊ နည်းသည် ဖြစ်စေ၊ ဝင်ငွေများသည် ဖြစ်စေ၊ နည်းသည်ဖြစ်စေ နေထိုင်သည့် အိမ်အကျယ် အဝန်းမှာ ယေဘုယျအားဖြင့် စတု ရန်းပေ (၄၀၀)နှင့် (၄၀၀)ထက်ကျယ်သော တဲများတွင် ၂၃%နေထိုင်ကြသည်။

## လူဦးရေ ပြန့်ကြဲနေထိုင်ပုံ

စစ်တွေမြို့တွင် လူဦးရေ ပြန့်ကြဲနေထိုင်ပုံကိုကြည့်လျှင် ဆပ် ရိုးကျ ချောင်းသည် ဈေးကြီးအနားတစ်ဝိုက် တောင်မြောက်နှင့်ကု လားတန်မြစ်ကမ်း ပါးသည် အထူးသဖြင့် မောလိပ်၊ အိုးတန်း၊ မိဇံ၊ ရှုပစသည့်ရွာများမှာ စီးပွားရေး ရပ်ကွက်များဖြစ်သည်။ ဆပ်ရိုးကျ ချောင်း တစ်ဝိုက်မှာ ဆန်စက်၊ သစ်စက်၊ သစ်၊ ဝါးဓနိဆိုင်နှင့် ကုန်စုံဆိုင်များဖြင့် ပြည့်နှက်နေသည်။ လူဦးရေ သိပ်သည်းမှုလည်း များသည်။

ယင်းအပြင် ကုလားချောင်းဝ၊ ဒုံးတိုက်ပြင်၊ မောလိပ် အနောက်ဘက် ကုလားရွာများ၊ နာဇီရွာနှင့် သင်္ချိုင်းကုန်းနားအထိ ယခုအခါကျူးကျော်အိမ်များဖြင့်

ပြည့်နှက်လျက်ရှိနေသည်။ ယင်း အိမ်များမှာလည်း တဲအိမ်များသာ ဖြစ်သည်။ ကျူးကျော်ရပ်ကွက်များမှာ လူနေသိပ်သည်းမှုများသည်။ စနစ်တကျ ဆောက်လုပ်နေထိုင်ကြသည့်အိမ်များမဟုတ်သဖြင့် မီးဘေးကိုစိုးရိမ်ရသည်။

မြို့၏ တောင်ဘက်မှာ မြို့တည်ချိန်ကပင် လူနေသိပ်သည်းမှု နည်းပါးသည်။ အထူးသဖြင့် ဆေးရုံကြီးနှင့် ပလ္လင်တောရပ်ကွက် အနီးအနားတစ်ဝိုက်တွင် လူနေသိပ်သည်းမှု နည်းသည်။ အဆောက်အအုံများမှာ နည်းပါးသော်လည်း တိုက်အိမ်များ၊ ပျဉ် ထောင်အိမ်များ ဖြစ်သည်။ အစိုးရတိုက်တာ အဆောက်အအုံများ၊ ရေတပ်စခန်းနှင့် လေယာဉ်ကွင်းတို့မှာ မြို့၏တောင်ဘက်ပိုင်းနှင့် အနောက်ပိုင်းအရပ်များမှာ ရှိသည်။ ပြည်သူ့အိမ်ရာ အဆောက်အအုံများမှာလည်း မြို့၏တောင်ဘက်ပိုင်းမှာသာ ရှိသည်။ လူဦးရေ သိပ်သည်းသည့် မြို့၏မြောက်ပိုင်းရပ်ကွက်များတွင် အစိုးရရုံး အဆောက်အအုံများ မရှိသလောက် ဖြစ်သည်။

စစ်တွေမြို့၏ အဆောက်အအုံများ ဆောက်လုပ်နေထိုင်ကြပုံသည် စစ်ကြိုခေတ်မြို့ဧရိယာအတွင်းမှာသာ ရှိသည်။ အိမ်ရာအဆောက်အအုံများမှာ တိုးတက်များပြားလာသည်။ စစ်ကြိုခေတ်က အိမ်တစ်ဆောင်သာရှိသည့် ခြံဝင်းများတွင် ယခုအခါ အိမ်နှစ်ဆောင်မှအထက် ဆောက်လုပ်နေထိုင်ကြသည်ကို တွေ့ရသည်။ ကျူးကျော်တဲများမှာလည်း တစ်ခုနှင့်တစ်ခု ကပ်လျက်ရှိသည်။ ယခင်က အကွက်ကျကျရှိခဲ့သော မြို့အနေအထားမှာ ယခုအခါ ပျက်ပြားလာသည်ကို တွေ့ရသည်။ အထူးသဖြင့် မြို့၏စီးပွားရေး အချက်အချာကျသည့် ရပ်ကွက်များမှ အိမ်များနှင့် ကျူးကျော်တဲများကို စနစ်တကျ ဆောက်လုပ်ပေးရန် လိုအပ်လျက် ရှိနေပေသည်။

## ဈေးများ

စစ်ကြိုခေတ် စစ်တွေမြို့တွင် ဈေးကြီးနှစ်ဈေး ရှိသည်။ မြို့မဈေးကြီးနှင့် ရွှေပြားဈေးကြီးများ ဖြစ်သည်။ ယင်းဈေးများမှာ မြူ နီစီပယ်ဈေးများဖြစ်သည်။ မြို့မဈေးကြီးသည် ပထမတွင် ပုဂ္ဂလိကပိုင် ဖြစ်သည်။ ဘလုတ်ဘရားသား ကုမ္ပဏီထံမှ မြူနီစီပယ်အဖွဲ့က ၁၈၇၉ခုတွင် ကျပ်ငွေ ၁၅၀၀၀နှင့် ဝယ်ယူလိုက်သည်။ ရွှေပြားဈေးကို ၁၈၇၄ခုမှာ ဆောက်လုပ်သည်။

စစ်ပြီးခေတ် သည်ဘက်ပိုင်းမှာ စစ်တွေမြို့တွင် မြို့မဈေးကြီးအပြင် ကုန်တန်းဈေး၊ နာဇီဈေးများ ရှိသည်။ ၁၉၆၆-၆၇ခုလောက်တွင် ဒုံးတိုက်ပြင်မှာလည်း ဈေးတစ်ဈေးဖြစ်လာသည်။ မြို့မဈေး ကြီးမှလွဲ၍ ကျန်ဈေးများမှာ သာမန်ဈေးကလေးများသာ ဖြစ်သည်။ ဒုံးတိုက်ပြင်ဈေးမှာ တရားဝင်ဆောက်လုပ်ထားသော ဈေးမဟုတ်၊ ရွှေပြားဈေးသည် စစ်ပြီးခေတ်နောက်ပိုင်းမှာ မရှိတော့ပါ။

## မြူနီစီပယ်အဖွဲ့ ဖွဲ့စည်းခြင်း

ဗြိတိသျှနယ်ချဲ့သမားများသည် စစ်တွေမြို့ကို တည်ထောင်သည်မှာ ကိုလိုနီစနစ်အတွက် အကျိုးပြုလုပ်ငန်းများ အထောက်အကူပြုရန် တည်ထောင်ခြင်းဖြစ်သည်။ သို့ရာတွင် သူတို့ကျန်းမာရေးရရှိမှု အပါအဝင် မြို့နေလူထု အတွက်ပါ မြို့ရွာသန့်ရှင်းရေးကို ဆောင်ရွက်လာသည်။

ယင်းကြောင့် ၁၈၇၄-ခု၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဗြိတိသျှဘားမား မြူနီစီပယ် အက်ဥပဒေကို စစ်တွေမြို့တွင် တိုးချဲ့ ဩဇာသက်ရောက်စေသည်။ ယင်းအချိန်မတိုင်မီကဆိုလျှင် မြူနီစီ ပယ်ရန်ပုံငွေရှိသည်။ မြူနီစီပယ်ရန်ပုံငွေမှာ ဒေသအတွင်း လိုအပ်ချက်များဖြစ်သည် လမ်းများ၊ ဈေးများ၊ ပုလိပ်များကိစ္စနှင့် သန့်ရှင်း ရေးအတွက် ဆောင်ရွက်ပေးရသည်။ ယင်းရန်ပုံငွေကို ရခိုင်တိုင်းမင်းကြီး လက်အောက်တွင် ထားရှိပြီး မြို့မရာဇဝတ်တရားသူကြီးက အုပ်ချုပ်ရသည်။

၁၈၇၄-ခုတွင် ဖွဲ့စည်းထားသော စစ်တွေမြို့ မြူနီစီပယ်အဖွဲ့မှာ အစိုးရအရာရှိ (၆)ယောက်နှင့် အရာရှိ မဟုတ်သူ (၅)ဦး ပါဝင်သည်။ ရခိုင်တိုင်းမင်းကြီးဆရာဝန်ကြီးနှင့် မြို့မရာဇဝတ် တရားသူကြီးတို့မှာ (Ex. Officio) အဖြစ် ပါဝင်သည်။ မြို့မရာဇဝတ် တရားသူကြီးမှာ ယင်းအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည်။ ယင်းမြူနီစီပါယ်အဖွဲ့သည် သတ်မှတ်ထားသည့် မြို့တွင်းရှိ ပုလိပ်များ၊ လမ်းများ၊ ဈေးများ၊ ဆေးရုံများ သန့်ရှင်းရေးနှင့် ရေပေးဝေရေးကိစ္စများကို တာဝန်ယူရသည်။

၁၈၈၂-ခုတိုင်အောင် အဖွဲ့ဝင်များကို တိုက်ရိုက်ခန့်ထားသည်။ ၁၈၈၂ခု မေလ(၃၀)ရက်နေ့စွဲဖြင့် ထုတ်ပြန်သော မဟာဝန်ရှင်တော်မင်းကြီး၏ အမိန့်အရ စစ်တွေမြို့တွင် ရွေးကောက်ပွဲ စနစ်ကို ကျင့်သုံးသည်။ အဖွဲ့ဝင် (၁၂)ဦး ရှိသည်။ ဥရောပတိုက်သား (၃)ဦး၊ ရခိုင် (၄)ဦး၊ မဟာမေဒင် (၃)ဦး၊ ဟိန္ဒူ (၂)ဦး ပါဝင်သည်။ ယင်းအပြင် ဆိပ်ကမ်းအရာရှိ၊ အမှုဆောင်အင်ဂျင်နီယာ၊ ဆရာဝန်ကြီးနှင့် အရေးပိုင်တို့မှာ (Ex. Officio) အဖြစ် ပါဝင်သည်။ အရေးပိုင်မှာ အဖွဲ့ဝင်ဥက္ကဋ္ဌဖြစ်သည်။ ၁၈၈၀-ခုတွင် မြို့မရာဇဝတ်တရားသူကြီး၏ လွတ်လပ်စွာ အုပ်ချုပ်မှုကို ရပ်ဆိုင်းသည်။

ရွေးကောက်ပွဲစနစ်မှာ မြို့နေလူထုအတွက် အသစ်အဆန်း ဖြစ်နေသည်။ အနည်းအကျဉ်းသာ စိတ်ဝင်စားမှုရှိပြီး ရွေးကောက် ပွဲ ဝင်ကြသည်။ ပါဝင်သူများမှာ အထူးသဖြင့် ဥရောပတိုက်သားများသာ ဖြစ်ကြသည်။ အများစုမှာ ကာလအတော်ကြာအောင် စိတ်ဝင်စားမှု မရှိကြ။ ယင်းကြောင့် အဖွဲ့ဝင်များကို မကြာခဏဆိုသလို အစိုးရကခန့်ထားရသည်။

၁၈၈၂-ခုတွင် အသစ်ဖွဲ့စည်းသော အဖွဲ့သည် ပုလိပ်ကိစ္စ မှတစ်ပါး အခြားအာဏာနှင့်တာဝန်များကို အပ်နှံခြင်းခံရသည်။ ကျောင်း၊ ဆေးရုံ၊ ကျောက်ဆေးထိုးခြင်းများနှင့် အလားတူကိစ္စများ ကို တာဝန်ယူဆောင်ရွက်ရသည်။ ၁၉၀၈-ခုတွင် မဟာမေဒင်များအတွက် နေရာတစ်ခု တိုးချဲ့ပေးသည်။ ၁၉၁၇-ခုတွင် မြူနီစီပယ်အဖွဲ့မှာ အရေးပိုင်က ဥက္ကဋ္ဌအဖြစ် ပါဝင်သည်။ ယင်းအပြင် (Ex. Officio) အဖြစ် ပါဝင်ရသည်။ ဆရာဝန်ကြီးမှာ ဒုတိယဥက္ကဋ္ဌအဖြစ် ပါဝင်သည်။ အမှုဆောင် အင်ဂျင်နီယာနှင့် အစိုးရရွေးချယ်သည့် အဖွဲ့ဝင်(၂)ဦးလည်း ပါဝင်သည်။ အဖွဲ့ဝင် (၁၂)ဦးတွင် ဥရောပတိုက်သား (၂)ဦး၊ ဗုဒ္ဓဘာသာအုပ်စု (၄)ဦး၊ မဟာမေဒင် အုပ်စုမှ (၄)ဦး၊ ဟိန္ဒူအုပ်စုမှ (၂)ဦးစီ ပါဝင်ပါသည်။

စစ်ကြိုခေတ် ကာလတစ်လျှောက် စစ်တွေမြူနီစီပယ်အဖွဲ့တွင် လူမျိုးအလိုက်၊ အချိုးအစားအလိုက် ရွေးချယ်တင်မြှောက်သည်ကို တွေ့ရသည်။ အထူးသဖြင့် လူနည်းစုများဖြစ်သော ဥရောပတိုက်သားများသည် အချိုးအစားအရဆိုလျှင် လူများစုဖြစ် သော ရခိုင်များထက်ပင် များပြားနေသည်။ ယင်းအပြင် ဥရောပတိုက်တား မြူနီစီပယ်အဖွဲ့ဝင်များသည် အခြားအဖွဲ့ဝင်များအား ဩဇာသုံး၍လည်းကောင်း စိတ်ဝင်စားမှု နည်းပါးသည်ကို အခွင့် ကောင်းယူ၍ လည်းကောင်း၊ မြို့ရွာကြီးပွားရေးကို ဟန့်တားခဲ့ကြ သည်။ ယင်းကြောင့် ၁၉၅၇-ခု ဖေဖော်ဝါရီလ (၆)ရက်နေ့ထုတ် "ရခိုင်အလင်း သတင်းစာ" တွင် ပါရှိသည့် "မျိုးချစ်မောင်" တင်ပြသော ရခိုင်ပြည်နယ်ရယူရေး ဆောင်းပါးတွင် ဖော်ပြထားသည်မှာ--

> "မျက်နှာရှိ နိုင်ငံခြားသားများ၏ ဩဇာလွှမ်းမိုးမှုကြောင့် လည်းကောင်း၊ ရပ်ရေး ရွာရေးများကို ဆောင်ရွက်ရန် တကယ်တမ်း စိတ်မရှိမှုကြောင့်လည်းကောင်း စစ်တွေမြို့သည် ကြီးပွားနိုင်ပါလျက် မကြီးပွားဘဲ သာမန်မြို့တစ်မြို့အနေဖြင့်သာ နေခဲ့ရလေသည်"ဟု ဖတ်ရှုရခြင်းဖြင့် သိသာထင်ရှားပါသည်။

## စစ်ပြီးခေတ် မြူနီစီပယ်

ဒုတိယကမ္ဘာစစ်ကြီးတစ်လျှောက်လုံးတွင် စစ်တွေမြူနီစီပယ်အဖွဲ့မှာ သက်ဝင်လှုပ်ရှားမှု မရှိ၊ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှသာ မြူနီစီပယ်ရွေးကောက်ပွဲများကို ပြုလုပ်လာသည်။ ယင်းရွေး ကောက်ပွဲများမှ ရွေးချယ်တင်မြှောက်သည့် မြူလူကြီး (၁၉)ဦးရှိသည်။

ယင်းရွေးကောက်ပွဲများသည် မြူနီစီပယ်အဖွဲ့ စတင်သည့် အချိန်က အခြေအနေနှင့်လည်းကောင်း၊ စစ်ကြိုခေတ် အခြေအနေနှင့်လည်းကောင်း လုံးဝခြားနားသော ရွေးကောက်ပွဲများဖြစ်သည်။ အာဏာလက်ရှိ ဖဆပလအဖွဲ့နှင့်

ရခိုင်ပြည်တိုင်းရင်းသားညီညွတ် ရေးအဖွဲ့ (ရတည)တို့အား ပြိုင်ကြသည့်ပွဲများသာ ဖြစ်သည်။ ယင်း ရွေးကောက်ပွဲများမှာ (ရတည)အဖွဲ့ကို ကိုယ်စားပြုကြသည့် မြူလူကြီးအားလုံး ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

ရတည‌မြူလူကြီးများလက်ထက်တွင် မြူအဖွဲ့ပိုင်ရုံး အဆောက်အအုံအဖြစ် ဦးစိုးဖော် ကုမ္ပဏီပိုင် အဆောက်အအုံကို ၁၉၅၇-ခု၊ ဒီဇင်ဘာလ (၃၀)ရက်တွင် ကျပ် ၄၅၀၀၆ဖြင့် ဝယ်ယူခဲ့သည်။ ယင်းကြောင့် စစ်တွေ မြူနီစီပယ်အဖွဲ့တွင် အဖွဲ့ ပိုင် အဆောက်အအုံကို မြူနီစီပယ်အဖွဲ့ ဖွဲ့စည်းပြီး နှစ်ပေါင်း(၈၀) ကျော်မှသာ ရရှိခဲ့သည်။

ရတည‌မြူလူကြီးများသည် ၁၉၅၀ခုတွင် ဘီလူးမတံတားအနီးရှိ တဲအိမ်များကို ဖျက်သိမ်းစေခဲ့သည်။ ယင်းသို့တဲအိမ်များကိုဖျက် သိမ်းစေခြင်းမှာ ခေတ္တလောက်သာ ဖယ်ရှားနိုင်ခဲ့သည်။ ရခိုင်ပြည် တိုးတက်လူငယ်အစည်းအရုံးမှ ဦးစိန်သာကျော်(ကွယ်လွန်)နှင့် ဦးကျော်မြ (ကွယ်လွန်)တို့ ဦးဆောင်၍ တဲအိမ်ရှင်များနှင့် ပူးပေါင်း ပြီး တဲအိမ်များ မဖျက်သိမ်းရေးကို အရေးဆို တိုက်ပွဲဝင်ကြသည်။ ယင်းကြောင့် အဆိုပါနေရာများတွင် တဲအိမ်များ ပြန်လည်တည် ဆောက်နေထိုင်ကြသည်။

ယင်းသို့ တဲအိမ်များ မဖျက်သိမ်းရေး၊ အရေးဆိုတိုက်ပွဲဝင် တောင်းဆိုမှုသည် "ရခိုင်ပြည် တိုးတက်လူငယ် အစည်းအရုံး"မှ ခွဲထွက်ကာ "ရခိုင်ပြည်တိုင်းရင်းသားလူငယ်များ အစည်းအရုံး"ဟူ၍ ပေါ်ပေါက်စေသည့် အကြောင်းများအနက် တစ်ခုဖြစ်သည်။ ယင်းကြောင့် ၁၉၅၄-ခုက ဖွဲ့စည်းခဲ့သည့် "ရခိုင်ပြည် တိုးတက် လူငယ်အစည်းအရုံး"မှ ခွဲထွက်ကာ "ရခိုင်ပြည် တိုင်းရင်းသား လူငယ်များ အစည်းအရုံး"ကို ရခိုင်သက္ကရာဇ် ၁၃၁၆-ခု၊ သီတင်းကျွတ်လဆုတ် (၁၂)ရက်၊ ခရစ်သက္ကရာဇ် ၁၉၅၅-ခု၊ အောက်တိုဘာလ (အစိုးရဟူသည်၁၃)ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်လိုက်သည်။

နိုင်ငံရေး အကွဲအပြဲနှင့် လုံးပတ်လည်နေပြီး စစ်တွေမြို့ရှာ သန့်ရှင်းရေးမှာ ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိသည်ကို တွေ့ရပါသည်။ နိုင်ငံရေးအဖွဲ့အစည်းများသည် ရွေးကောက်ပွဲ အချိန်လောက်မှာသာလျှင် လှုပ်လှုပ်ရှားရှားရှိပြီး နောက်ပိုင်းမှာ သူတို့ ကတိပြုခဲ့သည့် ကိစ္စများကို မေ့ပျောက်သွားတတ်ကြသည်။ ယင်းကြောင့် စစ်တွေမြို့၏ သန့်ရှင်းရေးမှာ နိုင်ငံရေးခေတ်တစ် လျှောက်လုံးတွင် ထူးခြားလာခြင်း မရှိသည်ကို တွေ့ရပါသည်။

## မြူနီစီပယ်အဖွဲ့ ဖျက်သိမ်းခြင်း

၁၉၆၂-ခု၊ ဩဂုတ်လ (၁၈)ရက်တွင် စစ်တွေမြူနီစီပယ်အဖွဲ့ကို တော်လှန်ရေးကောင်စီက ရပ်ဆိုင်းလိုက်သည်။ စစ်တပ်နှင့် ရဲကိုယ်စားလှယ် တစ်ဦးစီပါဝင်သော စစ်တွေမြူနီစီပယ်အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးသည်။ ၁၉၆၃-ခု၊ နိုဝင်ဘာလ (၂၀)ရက်တွင် စစ်တွေမြူနီစီပယ်အဖွဲ့၏ ခံစားခွင့် အလုပ်တာဝန်ဝတ္တရားများကို စစ်တွေမြို့ မလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မတီသို့ အပ်နှင်းသည်။ မြို့မလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီအဖွဲ့တွင် တွဲဘက်ခရိုင်ဝန်အား မြူအုပ်ချုပ်ရေးမှူးအဖြစ် အာဏာအပ်နှင်းပြီး မြူနီစီပယ်အဖွဲ့၏ တာဝန်နှင့်ဝတ္တရားများကို မြို့မလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကိုယ်စား ဆောင်ရွက်သည်။

၁၉၇၄-ခု၊ မတ်လ (၂)ရက်နေ့တွင် လုံခြုံရေးနှင့် အုပ်ချုပ် မှုကော်မတီများကို ဖျက်သိမ်းသည်။ ပြည်သူ့ကောင်စီ အဆင့်ဆင့်ကို ဖော်ဆောင်ပြီး လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများ၏ တာဝန်များကို လွှဲပြောင်းယူသည်။ ယင်းကြောင့် စစ်တွေမြို့မလုံခြုံရေးနှင့် အုပ်ချုပ်မှုလက်အောက်ရှိ စစ်တွေမြူနီစီပယ်လုပ်ငန်းနှင့် တာဝန်ဝတ္တရားများမှာ စစ်တွေမြို့နယ်ပြည်သူ့ကောင်စီ လက်အောက်သို့ ရောက်ရှိလာသည်။ ယခုအခါ စစ်တွေမြို့နယ်ပြည်သူ့ကောင်စီသည် မြို့ရွာသန့်ရှင်းရေးအတွက် စည်ပင်သာယာရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဆောင်ရွက်နေသည်။

ယင်းကြောင့် စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ယခင်ခေတ် အဆက်ဆက်မှ ကျန်ရှိနေသည့် လုပ်ဆောင်ရမည့် တာဝန်များကား မသေးလှပါ။ ရခိုင်ပြည်နယ်၏ မြို့တော်အင်္ဂါရပ်နှင့်အညီ လုပ်ဆောင်ရမည့် ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မြို့ရွာသန့်ရှင်းရေး၊ ရေရရှိရေး စသည့်ဆောင်ရွက်ဖွယ်ရာများက စောင့်ကြိုလျက် ရှိနေပေသည်။ ယင်းကို ပြည်နယ်ကောင်စီ၊ မြို့နယ်ကောင်စီနှင့် စစ်တွေမြို့လူထု၏ ဝိုင်းဝန်းလုပ်ဆောင်ရမည့် တာဝန်တစ်ရပ်ပင် ဖြစ်သည်။

## မြို့ရွာသန့်ရှင်းရေး

စစ်တွေမြို့၏ တောင်ဘက်ပိုင်းသည် သဲဆန်မြေများဖြင့် တည်ဆောက်ထားသည်။ မြောက်ဘက်ပိုင်းမှာ နုံးမြေများဖြစ်သည်။ ဖြားကြီးလဆင် မြောက်ဘက်ပိုင်း အချို့ရပ်ကွက်များသည် မြစ်ရေပြည့်လျှံနေတတ်သည်။ တောင်ဘက်ပိုင်းမှာ ကျန်းမာရေးနှင့် ညီညွတ်သည်။ မြောက်ဘက်ပိုင်းမှာ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိ။ ဆင်းရဲသားရပ်ကွက်များ ဖြစ်သည်။ အထူးသဖြင့် ငှက်ဖျားရောဂါနှင့် သောက်သုံးရေကြောင့် ဖြစ်ပွားသည့်ရောဂါများ ဖြစ်ပွားတတ်သည်။

စစ်တွေမြို့ကို တည်ထောင်ပြီး နှစ်ပေါင်း(၅၀)လောက်အထိ မြို့ရွာသန့်ရှင်းရေးကို ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ ၁၈၇၄-ခုမှာ ဖွဲ့စည်းတည်ထောင်သော စစ်တွေမြူနီစီပယ်အဖွဲ့၏ သန့်ရှင်းရေးလုပ်ငန်းမှာ ရုတ်တရက် အကောင်အထည် မပေါ်သေးချေ။ ယင်းကြောင့် စစ်တွေမြို့၏ ရပ်ကွက်များမှာ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိဘဲ ဖြစ်နေသည်။ ၁၈၈၀-ခုတွင် စစ်တွေမြူနီစီပယ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သူက-

"လမ်းအခြေအနေများ၊ ရေပေးဝေရေးလုပ်ငန်းများ၊ မနှစ်မြို့ဖွယ်ကောင်းသော အနံ့အသက်များထွက်သည့် အမှိုက်သရိုက်များနှင့် သန့်ရှင်းမှုကင်းသည့် အခြေအနေများ ရှိနေပေသည်။ ယင်းသို့သော အခြေအနေများသည် သိမ်းယူပြီးရာစုနှစ် တစ်ဝက်တိုင် ရှိနေသည်မှာ ရှက်ဖွယ်ကောင်းသည်။ နှစ်ပေါင်း (၅၀)အတွင်း အုပ်ရေမြောင်းတစ်ခုတစ်လေမျှ စစ်တွေမြို့တွင် မတွေ့ရသည်မှာ မယုံကြည်နိုင်ဖွယ်သက်သက် ဖြစ်သည်။ မြို့မရာဇဝတ်တရားသူကြီး ဖောက်လုပ်ထားသည့် ကိုက်အနည်းငယ်သော အုတ်ရေမြောင်းကို ချွင်းချက်ထားရမည် ဖြစ်သည်။ ယင်းအကျိုးဆက်ကြောင့် မြို့ရွာလူထုမှာ ရွံ့ညွန်ထူပြောသည့် ပတ်ပတ်လည်မှာ နေထိုင်ရမှုပင် ဖြစ်သည်။" စသည်ဖြင့် ပြောကြားခဲ့သည်မှာ မြူနီစီပယ်အဖွဲ့ တည်ထောင်စ စစ်တွေမြို့ အခြေအနေကို ဖော်ပြနေခြင်း ဖြစ်ပါသည်။

စစ်တွေမြို့မြူနီစီပယ်အဖွဲ့အတွင် မိလ္လာသိမ်းလုပ်ငန်းမှာ စရိတ်အကြီးလေးဆုံး ဖြစ်သည်။ ၁၈၉၄-ခုမှစတင်ပြီး ညမိလ္လာသိမ်းလုပ်ငန်းကို စတင်ဆောင်ရွက်သည်။ ၁၈၉၉-ခုတွင် ယင်းမိလ္လာသိမ်းလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာသည်။ ၁၉၁၇-ခု လောက်တွင် မြို့၏တစ်ဝက်ခန့်မှာ မိလ္လာသိမ်းလုပ်ငန်း ဆောင်ရွက်နိုင်ပြီးဖြစ်သည်။ ယင်းလုပ်ငန်းမှာ လူကိုယ်တိုင် သိမ်းယူသည့်လုပ်ငန်းဖြစ်သည်။ လုပ်ငန်းစတင်သည့် အချိန်မှသည် ယခုကာလအထိ တိုးတက်ပြောင်းလဲမှု မရှိသေးပါ။

အထူးသဖြင့် ယခုကာလတွင် မိလ္လာသိမ်းအလုပ်သမားများ ရှားပါးမှုရှိသည်။ ယင်းကြောင့် စစ်တွေမြို့၏ ရပ်ကွက်အများစုသည် မြေတွင်းများတူးပြီး အသုံးပြုလျက် ရှိနေသေးသည်။

၁၉၁၂-ခုတွင် ရေနှင့်မိလ္လာ အင်ဂျင်နီယာသည် ရေမြောင်း တူးဖော်ရေး စီမံကိန်းတစ်ခုကို တင်ပြသည်။ ကုန်ကျစရိတ် ကျပ်ငွေ ၃၅၀၀၀၀ကို မြူအဖွဲ့မှ ကျခံရသည်။ ၁၉၁၇-လောက်တွင် စတင်ပြီး ပြည်သူ့လုပ်ငန်းဌာနမှ တာဝန်ယူလုပ်ကိုင်သည်။ အင်္ဂတေ ကျောက်ရေမြောင်းများကို ပလ္လင်တော၊ မောလိပ်၊ အိုးတန်း၊ ရှုပရွာစသည့် ရပ်ကွက်များမှာ တွေ့ရသည်။ ကျန်ရပ်ကွက်များမှာ သာမန်မြေကြီးကို တူးထားသည့် ရေမြောင်းများကို တွေ့ရသည်။ သို့ရာတွင် ယင်းရေ

မြောင်းအားလုံးလိုလိုမှာ ဒုတိယကမ္ဘာစစ်ကြောင့် ပျက်စီးခဲ့ရသည်။ ယင်းပျက်စီးခဲ့သော ရေမြောင်းများကို ယနေ့တိုင် ပြုပြင်နိုင်ခြင်း မရှိသေးပါ။ ရေမြောင်းများမှာ ရေမှန် မှန်စီးဆင်းမှု အနေအထား လုံးဝမရှိသလောက် ဖြစ်နေသည်။

ကုလားချောင်းမှာ စစ်တွေမြို့အလယ်မှဖြတ်၍ စီးဆင်သည်။ ယင်းချောင်းမကြီးထဲသို့ ရေမြောင်းများ စီးဝင်ကြသည်။ ချောင်းမကြီးတစ်လျှောက်လုံးတွင် ရေဆိုး၊ ရေပုပ်များနှင့် အမှိုက်သရိုက်များ ပွမ်းလျက်ရှိသည်။ ရေစီးဆင်းမှုမှာလည်း မမှန်။ ယင်းမှထွက်လာသည့် အနံ့အသက်များမှာလည်း မခံနိုင်အောင် ဖြစ်နေသည်။ ကျန်းမာရေးအတွက် ကြီးစွာသော အန္တရာယ်အယှက် ဖြစ်သည်။

ကုလားချောင်းသည် စစ်တွေမြို့ရှိ ရေနုတ်မြောင်းများ၏ အဓိက စီးဝင်ရာ ချောင်းမကြီးတစ်ခု ဖြစ်သည်သာမက စီးပွားရေးအတွက်လည်း အရေးပါသည်။ အဆိုပါချောင်းကို ပြန်လည်တူးဖော်ရန် လိုအပ်နေပြီဖြစ်သည်။ သို့ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှလည်း အလေးထား ဆောင်ရွက်ကြသည်ကို မတွေ့ရချေ။ ယင်းကြောင့် ၁၉၄၇-ခုနှစ်တွင် ကျန်းမာရေးဝန်ကြီး ဦးအောင်ဇံက အစိုးရအဖွဲ့သို့ အစီရင်ခံစာ တင်သွင်းရာတွင် ကုလားချောင်းကိစ္စကို အရေးပေးဆောင်ရွက်ရန် အလေးပေးဖော်ပြထားသည်။ သို့ရာတွင် မည်သို့မျှ အရေးယူဆောင်ရွက်ခြင်း မရှိသည်ကိုတွေ့ရသဖြင့် ၎င်း၏ကိုယ်ရေးမှတ်တမ်းစာအုပ် (A Survior's Memoir) မှာ အောက်ပါအတိုင်း မှတ်ချက်ရေးထားပါသည်။

> "သို့ရာတွင် မည်သည့်အဖွဲ့အစည်းကဖြစ်စေ၊ ခေါင်းဆောင် တစ်ဦးကဖြစ်စေလွှတ်တော်အပြင်ဘက်၌သော်လည်းကောင်း၊ အတွင်းဘက်၌သော်လည်းကောင်း မည်သူတစ်စုံတစ်ယောက်ကမျှလည်း ဤလုပ်ငန်းကိစ္စကို အကောင်အထည်ပေါ်လာအောင် နောက်ဆက်လက်၍ ဂရုစိုက်လုပ်ဆောင်သည်ကိုကား မတွေ့ရချေ" ။

## လမ်းနှင့် လမ်းမီးများထွန်းခြင်း

မြူနီစီပယ်အဖွဲ့ပိုင် လမ်းများအဖြစ် ၁၈၇၄-ခုတွင် မိုင်(၃၀)ခန့် စစ်တွေမြို့မှာ ရှိသည်။ အကျဉ်းသားများအား ယင်းလမ်းမများကို ပြုပြင်စေခိုင်းခြင်း ဖြစ်သည်။ စစ်မဖြစ်မီ အချိန်အထိ မြူနီစီပယ်အဖွဲ့ပိုင် လမ်းမှာ ၄၂. ၁၀မိုင်ခန့် ရှိသည်။ ယင်းလမ်းများမှာ စစ်ပြီးခေတ် သည်မှာဘက်ခေတ်တိုင်အောင် တိုးချဲ့ဖောက်လုပ်ခြင်း မရှိပါ။ လမ်းများမှာအများအားဖြင့် အုတ်နီလမ်းများသာ ဖြစ်သည်။ ကတ္တရာလမ်းများမှာလည်း ပြုပြင်ရမည့် အခြေအနေမှာရှိသည်။

စစ်ပြီးခေတ်အချိန်ကဆိုလျှင် ညဉ့်အချိန်များတွင် လမ်းမီးများကို ရေနံဆီမီးတိုင်များ ထွန်းသည်။ ၁၉၀၁ခုကပင် မီးလင်းခွန် (Lighting Tax) ကောက်ခံ

သည်။ ယင်းရေနံဆီမီးတိုင်များကို စစ်ပြီး ခေတ် အစပိုင်းမှာ တွေ့ရပါသေးသည်။ လျှပ်စစ်ဓာတ်အားကို ယင်းအချိန်လောက်ပင် စတင်အသုံးပြုသည်။ သို့ရာတွင် မြို့ထဲပိုင်း လောက်မှာသာ လျှပ်စစ်မီးများ ရရှိသည်။ ၁၉၅၅-၅၆-ခုလောက် တွင်မှ တစ်မြို့လုံးရှိ လမ်းများမှာ လျှပ်စစ်ဓာတ်မီးများကို အသုံးပြုနိုင်သည်။

## ရေပေးရေးစနစ်

မြို့တည်စအချိန်ခါက သောက်သုံးရေကို တွင်းရေ၊ ကန်ရေများမှ အသုံးပြုကြသည်။ ယခု လက်ရှိအနေအထားမှာလည်း အချို့ရပ်ကွက်များမှာ ရေတွင်း ရေကန်များကို အားထားနေရသေးသည်။ ရခိုင်အာဇာနည် ဒေးဝန်းကြီး အောင်ကျော်ရွှီကောင်းမှု ရေကန်မှာ ယခုထက်တိုင် ဒိုးဝန်းရွာ မြောက်ပိုင်းမှာရှိပါသေးသည်။ အချို့သောရေတွင်း ရေကန်များမှာ မသန့်ရှင်းမှုကြောင့် ဝမ်းရောဂါဖြစ်ကြသည်။ ယင်းကြောင့် ရေကောင်းရေသန့်ရရှိရေ စီမံကိန်း တစ်ရပ်ကို ၁၈၉၉ခုတွင် သက်ဆိုင်ရာ အာဏာပိုင်များကချမှတ်ကြသည်။ ၁၉၀၅-ခုကျမှ အဆိုပါ စီမံကိန်းကို အတည်ပြုလိုက်သည်။ လုပ်ငန်းကို စတင်သည်မှာ ၁၉၀၆-ခုတွင် ဖြစ်သည်။ မြို့မှ(၂)မိုင်ခန့်ဝေးသည့်နေရာမှာ ကန်တော်ကြီးရှိသည်။ အကျယ်မှာ ဧက (၁၃၀)ခန့်ရှိသည်။ ကန်ပေါင်ရိုး အမြင့်(၄၃)ပေခန့် ရှိသည်။ မြို့မြေမျက်နှာပြင်ထက် ပျမ်းမျှပေ (၂၀ မှ ပေ၄၀)ခန့် မြင့်သည်။ မြို့တွင်းသို့ လက်မ (၂၀)ပိုက်များဖြင့် ဆက်သွယ်ပြီး ယင်းမှတစ်ဆင့် အခြားပိုက်ငယ်များဖြင့် အဆင့်ဆင့်ဖြန့်ဖြူးပေးသည်။ ဓာတ်ငွေ့ဖြင့် ပိုးသတ်စက်နှင့် ရေတိုင်းရန် ကိရိယာများတပ်ဆင်ထားခဲ့သည်။ ယင်းကိရိယာများသည် ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးခဲ့သည်။ ယခုတိုင် ပြုပြင်နိုင်ခြင်းမရှိသေး။ ကန်တော်ကြီးသည် မြို့မျက်နှာထက် အနည်းငယ်သာ မြင့်သဖြင့် အချို့ရပ်ကွက်များသို့ ရေရောက်အောင်မပေးနိုင်ကြောင်း တွေ့ရသည်။ ပိုက်လုံးများ ဆွေးမြေ့ခြင်း၊ ပိုက်များအတွင်း လေဖိအားနည်းခြင်း၊ ကန်ရေနည်းပါးခြင်းများကြောင့် မြို့သူမြို့သားများမှာ ရေဖူလုံမှု မရှိချေ။ ယင်းအပြင် လူဦးရေမှာလည်း ဒုတိယကမ္ဘာစစ်မဖြစ်မီကထက် ပိုမိုများပြားလာသဖြင့် မြို့နေလူထုအတွက် သက်ဆိုင်ရာမှ ရေဖူလုံရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်နေကြသည်။ သို့ရာတွင် စစ်တွေမြို့နေ လူထုမှာ ရေကောင်းရေသန့်နှင့် ရေဖူလုံမှုမရှိသေးကြောင်း တွေ့ရပါသည်။

## ရေရရှိရေးစီမံကိန်း

သောက်သုံးရေ ဖူလုံရေးအတွက် ၁၉၆၀-ခုလောက်ကပင် စုံစမ်းလေ့လာဆောင်ရွက်ခဲ့ကြသည်။ အစ္စရေးနိုင်ငံ တဟာလ် (ရေဘက်ဆိုင်ရာ) စီမံကိန်းများလီမိတက်ကို ငှားရမ်းပြီး စုံစမ်းလေ့လာစေ၍ အစီရင်ခံစာကို တင်ပြစေခဲ့သည်။ ကန်တော်ကြီး၏ အနီးဝန်းကျင်မြေဧက(၂၃၀)ရှိ ရေသိုလှောင်ကန် အသစ်တစ်ခုထပ်မံတူးဖော်ပြီး နှစ်စဉ်ရွာသွန်းသော မိုးရေချိန်ကို တွက်ချက်၍ ရေထပ်ဖြည့်ရန်အဆိုပြုခဲ့သည်။ ယင်းစီမံချက်မှာ စရိတ်အကုန် အကျများမည့် စီမံချက်ဟု ဆိုသည်။ ၁၉၇၀-ခုတွင် ကုလသမဂ္ဂမှ ဘူမိဗေဒကျွမ်းကျင်သူ အတိုင်ပင်ခံ အင်ဂျင်နီယာမစ္စတာ ဟေဇာနှင့်အဖွဲ့သည် မြေအောက်ရေအခြေအနေကို ကန်တော်ကြီး၏အနောက်ဘက်မြေပြန့်တွင် တိုင်းတာလေ့လာခဲ့သည်။ တစ်နေ့ ရေဂါလံ ၂. ၃သန်းခန့် ထုတ်ယူနိုင်ကြောင်း အစီရင်ခံသည်။ မစ္စတာဟေဇာ၏ အစီရင်ခံစာအပေါ်မူတည်၍ ၁၉၇၂-ခုတွင် ကုလသမဂ္ဂအတိုင်ပင်ခံ အင်ဂျင်နီယာမစ္စတာကလပ်နှင့်အိုးအိမ် ဦးစီးဌာနမြို့များ ရေရရှိရေးဌာနခွဲမှ အဝီစိတွင်းတူးဖော်ရေးအဖွဲ့ကမြေအောက်ရေရှိရေး အခြေအမြစ်ကို လေ့လာခဲ့ကြသည်။ သို့ရာတွင် မြေအောက်ရေ ရရှိရေးအခြေအမြစ်မှာ အားကိုးလောက်သောအနေအထားတွင် မရှိကြောင်းကောက်ချက်ချကြသည်။

ကြိမ်ချောင်းရေကာတာ တည်ဆောက်မှုအတွက် ကုလသမဂ္ဂ အတိုင်ပင်ခံ အင်ဂျင်နီယာမစ္စတာ ဒူနာနှင့် မစ္စတာကလပ်တို့၏ အစီရင်ခံစာပေါ် အခြေခံ၍အဆိုပြုခဲ့သော-

**(က) နတ်တောင် ၂**
**(ခ ) ကောက်ရိုးဘုံ**
**(ဂ ) ကြိမ်ချောင်း ၁**
**(ဃ) ကြိမ်ချောင်း ၂**

များကို ၁၉၇၅-ခုနှစ်က အိုးအိမ်ဦးစီးဌာနမှ ကွင်းဆင်းလေ့လာခဲ့ကြသည်။ ယင်းကွင်းဆင်းလေ့လာချက်အရ ရေကာတာတည်ဆောက်ရန် စစ်တွေမြို့မှ မိုင်(၂၆)မိုင်ကွာသည့် **ကြိမ်ချောင်း ၁**နေရာကို ရွေးချယ်ခဲ့ကြသည်။ **ကြိမ်ချောင်း ၁** ရေကာတာတူးမြောင်းကို ၁၉၇၅-ခု၊ မတ်လတွင် တိုင်းတာပြီး ဖြစ်သည်။ ၁၉၇၆-ခု၊ ဖေဖော်ဝါရီလတွင်လည်း အိုးအိမ်အဖွဲ့မှ ရေကာတာနေရာ မြေသားစမ်းသပ်ခြင်းများနှင့် ပိုက်လိုင်းအူ ကြောင်း တိုင်းတာခြင်းများကို ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

**မြထွန်းအောင်**

**ရခိုင်မဂ္ဂဇင်း အမှတ် (၃)၊ ၁၉၇၇ ခုနှစ်။**

# ဒုတိယကမ္ဘာစစ် ရခိုင်စစ်မျက်နှာ

## မြထွန်းအောင်

ဂျပန်ဗုံးကြဲလေယာဉ် (၁၅၀)တို့သည် ပုလဲဆိပ်ကမ်းကို ၁၉၄၁-ခု၊ ဒီဇင်ဘာ (၈)ရက်နေ့ နံနက်ပိုင်းတွင် ဝင်ရောက်တိုက်ခိုက်သည်။ ယင်းနေ့မှာ ဗြိတိသျှနှင့် အမေရိကန်တို့သည် ဂျပန်ကို စစ်ကြေညာသည်။ ယင်းသို့ တိုက်ခိုက်ရန် စစ်ကြေညာခြင်းဖြင့် ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ထဲသို့ ဝင်ရောက်လာသည်။ အမှတ်(၁၅)ဂျပန်တပ်မတော်သည် မြန်မာပြည်ကို ၁၉၄၂-ခု၊ ဇန်နဝါရီလ (၂၀)ရက်တွင် ထိုးစစ်စတင်သည်။

ဂျပန်တို့ စတင်ထိုးစစ်ဆင်ချိန်တွင် မြန်မာပြည်၏ ကာကွယ်ရေး တာဝန်ကို ဗိုလ်ချုပ်ဝေဗလ်ထံမှ ဗိုလ်ချုပ်ဆာဟာရီး အလက် ဇန္ဒားက ၁၉၄၂-ခု၊ မတ်လ (၅)ရက်တွင် လွှဲပြောင်းလက်ခံယူသည်။ ဗြိတိသျှတပ်များသည် တောင်ပိုင်းမှ ထိုးစစ်ဆင်လာသော ဂျပန်တပ်များကို ကာကွယ်ရင်း မြန်မာပြည်မြောက်ပိုင်းသို့ ဆုတ်ခွာရသည်။ ယင်းသို့ ဆုတ်ခွာရာ လမ်းတစ်လျှောက် နယ်မြေများကို မြေလှန်စနစ်ကို ကျင့်သုံးသည်။ ပျက်စီးဆုံးရှုံးမှုကို မခန့်မှန်းနိုင် အောင်ပင်ဖြစ်သည်။

အမှတ်(၁၅)ဂျပန်တပ်မတော်၏ အုပ်ချုပ်မှုအောက်တွင်ရှိသော ဗိုလ်ရန်အောင်ဦးဆောင်သည့် ရခိုင်ချီ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ၊ အိုင်၊ အေ)က ၁၉၄၂-ခု၊ မေလ (၇)ရက်တွင် စစ်တွေမြို့ကို သိမ်းယူသည်။ မေလအကုန်လောက်တွင် ရခိုင်ပြည် အပါအဝင် မြန်မာပြည်တစ်ပြည်လုံးသည် အမှတ်(၁၅) ဂျပန်တပ်မတော် (စစ်သေနာပတိ အိဒ)၏ အုပ်ချုပ်မှုအောက်သို့ ရောက်ရှိသွားတော့သည်။

### ဂျပန်စစ်ရေးအခြေအနေ

ရခိုင်စစ်မျက်နှာတွင် အမှတ်(၃၃)ဂျပန်တပ်မ (တပ်မမှူး ဒုဗိုလ်ချုပ်ကြီး ဆာကူရိုင် Sakuari )နှင့် ဗိုလ်ရန်အောင်ဦးစီးသည့် ဗမာ့လွတ်လပ်ရေးတပ်မတော်

ရခိုင်ချီစစ်ကြောင်းများ ရှိနေသည်။ ၁၉၄၂-ခု၊ ဩဂုတ်လတွင် ရခိုင်စစ်မျက်နှာရှိ ဗမာ့လွတ်လပ်ရေး တပ်မတော်မှာ ပြန်လည်ရုပ်သိမ်းသွားသည်။ ဗမာ့ကာကွယ်ရေး တပ်မတော်အဖြစ် ပြန်လည်ဖွဲ့စည်းရန်အတွက် ဖြစ်သည်။

၁၉၄၂-ခု ၊ နိုဝင်ဘာလအကုန်တွင် အမှတ်(၇၇)အိန္ဒိယတပ်ရင်းကြီးသည် ဘူးသီးတောင်နှင့် မောင်တောနယ်များတွင် တပ်ချနေသော အမှတ်(၃၃)ဂျပန်တပ်မ (မီယာဇာကီ Miyaza Ki) တပ်ရင်းကို တိုက်ခိုက်လာသည်။ မီယာဇာကီ တပ်ရင်းမှာ စစ်တွေကိုဗဟိုပြု၍ စစ်မျက်နှာချဲ့ရန် ရသေ့တောင်နှင့် ဒုံဘိတ်အထိ ဆုတ်ရသည်။ ခံစစ်တာဝန်ကို အမှတ်(၅၅)ဂျပန်တပ်မ (တပ်မမှူး ဒုဗိုလ်ချုပ်ကြီးကိုဂါ Koga )အား ထမ်းဆောင်စေသည်။ အမှတ် (၅၅) ဂျပန်တပ်မမှူးမှာ ၁၉၄၃-ခု၊ ဖေဖော်ဝါရီလတွင် ရောက်ရှိလာသောတပ်ကူများဖြင့် ရသေ့တောင်နှင့် ဒုံဘိတ်စစ်ကြောင်းကို ထိန်းသိမ်းထားနိုင်သည်။

(အရီနိုဘို Arinobo)တပ်ရင်းသည် ကုလားတန်မြစ်အတိုင်း စုန်ဆင်းလာပြီး မဟာမိတ်တို့လက်မှ ကျောက်တော်ကို ပြန်လည်တိုက်ခိုက်ရရှိသည်။ ဆက်လက်၍ မေယုမြစ်ဘက်သို့ ရွှေ့ပြောင်းချီတက်ကာ ဂျပန်တပ်မ၏ စစ်ဆင်ရေးတွင် ဝင်ရောက်ကူညီခဲ့ရ သည်။ ၁၉၄၃-ခု၊ မေလဆန်း၌ ဘူးသီးတောင်နှင့် မောင်တောနယ်များကို ပြန်လည်သိမ်းပိုက် ရရှိခဲ့သည်။

၁၉၄၃-ခု၊ မတ်လတွင် ယခင်အမှတ်(၁၅)ဂျပန်တပ်မတော်ကို တိုးချဲ့၍ "မြန်မာနယ်မြေတပ်မတော်"အဖြစ် ပြုပြင်တိုးချဲ့ ဖွဲ့စည်းသည်။ ယင်းတပ်မတော်၏ စစ်သေနာပတိချုပ်မှာ ဒုတိယ ဗိုလ်ချုပ်ကြီး (ကာဝါဘေ Kawabe) ဖြစ်သည်။ ရခိုင် ပင်လယ်ကမ်းရိုးတန်း စစ်ကြောင်းကို ဒုဗိုလ်ချုပ်ကြီးကိုဂါ၏ အမှတ်(၅၅) ဂျပန် တပ်မက တာဝန်ယူရသည်။

တဖန် မြန်မာနယ်မြေတပ်မတော်သည် ဘင်္ဂလားကမ်းရိုးတန်း ကာကွယ်ရေးအတွက် ၁၉၄၄-ခု၊ ဇန်နဝါရီလ(၁၅)ရက်တွင် အမှတ်(၂၈)ဂျပန်တပ်မတော် (စစ်သေနာပတိကြီး ဒုဗိုလ်ချုပ်ကြီး ဆာကူရိုင်)ကို ထပ်မံဖွဲ့စည်းသည်။ အမှတ်(၂၈) ဂျပန်တပ်မတော် ၏ လက်အောက်တွင် အမှတ် (၅၄)ဂျပန်တပ်မ (တပ်မမှူး ဒုဗိုလ်ချုက်ကြီး ကာနာတာနီ Kanatani)တို့ ပါဝင်သည်။

## မဟာမိတ်များ၏ စစ်ရေးအခြေအနေ

၁၉၄၂-ခု၊ မေလအကုန်တွင် ဗြိတိသျှတပ်များသည် မြန်မာပြည်မှ အပြီးအပိုင် ဆုတ်ခွာသွားပြီး ဖြစ်သည်။ အိန္ဒိယမြန်မာနယ် ခြားဒေသများတွင် တပ်စွဲပြီး ဂျပန်များအား ပြန်လည်ခုခံနေကြသည်။ ဂျပန်တပ်မတော်အနေနှင့်လည်း ယင်းအချိန်တွင်တပ်များကို ပြန်လည်စုစည်း ဖွဲ့စည်းနေသည်။ ထပ်ဆင့်ထိုးစစ်

ဆင်ရန် ပြင်ဆင်နေသည့်အချိန် ဖြစ်သည်။

ဗြိတိသျှတပ်များမှာလည်း အိန္ဒိယမြန်မာနယ်စပ်များတွင် စုရုံးပြီးခံစစ်မှ တန်ပြန်ထိုးစစ်ဆင်နွှဲနိုင်ရန် ပြင်ဆင်နေကြသည်။ ဂျပန်တပ်မတော်ရော ဗြိတိသျှ တပ်များပါ ရှေ့မတိုးသာ နောက်မဆုတ်သာဘဲ တစ်နှစ်ကျော် နှစ်နှစ်နီးပါး ရှိနေ ကြသည်။

၁၉၄၃-ခု၊ ဩဂုတ်လတွင် ပြုလုပ်သော ကွိဘက်ကွန်ဖရင့် ဆုံးဖြတ်ချက် အရ အာရှအရှေ့တောင်ပိုင်းစစ်ဌာနချုပ် (South East Asia Commond S.E.A.C)ကို ဖွဲ့စည်းတည်ထောင်သည်။ ယင်းစစ်ဌာနချုပ်တွင် မဟာမိတ် စစ်သေနာပတိချုပ် မောင့်ဘက်တန် (Admiral, Hon Lieut-General and Hon-Air Marshel- The Lord Louis Mountbatten)က တာဝန်ယူသည်။

ယင်းစစ်ဌာနချုပ်၏ အမှတ်(၁၁)တပ်မတော်စု (Army Group)ကို ၁၉၄၃-ခု၊ နိုဝင်ဘာ (၁၆)ရက်တွင် ဖွဲ့စည်းသည်။ ဗိုလ်ချုပ်ကြီး ခရစ်တီဆင် (Lieut General Sir Philip Christison) အုပ်ချုပ်သော အမှတ်(၁)တပ်မတော်စုတွင် ပါဝင်သည့်အမှတ် (၁၅)တပ်မကြီးက ရခိုင်စစ်မျက်နှာကို တာဝန်ယူရသည်။ ၁၉၄၄-ခု၊ နိုဝင်ဘာလ(၁၆)ရက်တွင် အမှတ်(၁၅)တပ်မကြီးကို အမှတ်(၁၄) တပ်မတော်မှ ခွဲထုတ်ပြီး ဗိုလ်ချုပ်ကြီး ဆာအိုလီဘာလစ် (C-in: C Lieut-General Sir Oliver Leese)က တာဝန်ယူ ထမ်းဆောင်သည်။

**အမှတ်(၁၅)တပ်မကြီးတွင် အောက်ဖော်ပြပါ တပ်ဖွဲ့များ ရှိနေသည်။ ယင်းတို့မှာ-**

**၁။ အမှတ် ၂၅ အိန္ဒိယတပ်မ**
**၂။ အမှတ် ၂၆ အိန္ဒိယတပ်မ**
**၃။ အမှတ် ၈၁ အနောက်အာဖရိက တပ်မ**
**၄။ အမှတ် ၈၂ အနောက်အာဖရိက တပ်မ**
**၅။ အမှတ် ၅၀ အိန္ဒိယတပ်မဟာ**
**၆။ အမှတ် ၂၂ အရှေ့အာဖရိက တပ်မဟာ**
**၇။ အမှတ် ၃ ကွန်မန်ဒိုတပ်မဟာတို့ ဖြစ်ကြသည်။**

ယင်းတို့အပြင် အမှတ်(၂၂၄)လေတပ်နှင့် အမှတ်(၆၄)ရေတပ်ဖွဲ့၏ လက်အောက်ရှိ နက်ပီးယယားနှင့် နီပေါဖျက်သင်္ဘောများ ပါဝင်သည်။

၁၉၄၄-ခု၊ နိုဝင်ဘာလ(၂၇)ရက်တွင် တပ်ဖွဲ့တပ်မှူးများသည် ရခိုင်ပြည်ကို ရေတစ်ပိုင်း ကုန်းတစ်ပိုင်း စစ်ဆင်ရေးတိုက်ခိုက်ရန် လုပ်ငန်းစဉ်များကို ချမှတ်ကြ သည်။ အမှတ်(၁၅)တပ်မကြီးသည် ရေတပ်အကူအညီဖြင့် တောင်ဘက် ဖောင်းပွိုင့် အငူသို့ အရောက် မေယုကျွန်းဆွယ်ကို ရှင်းလင်းရန် တာဝန်ယူရသည်။ ၁၉၄၄ခု၊

နိုဝင်ဘာ(၃၀)ရက်တွင် တပ်ဖွဲ့တပ်မှူးများချမှတ်သော လုပ်ငန်းစဉ်ကို မဟာမိတ် စစ်သေနာပတိချုပ် မောင့်ဘတ်တန်သည် သဘောတူလက်ခံလိုက်သည်။

## မဟာမိတ်တို့၏ ပထမအကြိမ် စစ်ဆင်ရေး

ပထမအကြိမ် ရခိုင်ပြည်စစ်ဆင်ရေးကို ၁၉၄၃-ခု၊ ဇန်နဝါရီလ (၁)ရက်နေ့ တွင် ပြုလုပ်သည်။ တပ်မဟာ(၉)ခု ပါဝင်သည်။ ဗိုလ်ချုပ်လွိုက် ဦးစီးသော အမှတ်(၁၄) အိန္ဒိယတပ်မက ဆင်နွှဲသော စစ်ဆင်ရေးဖြစ်သည်။

ယင်းစစ်ဆင်ရေး၏ အစပိုင်းမှာ အောင်မြင်မှု ရရှိသည်။ မောင်တော ဘူးသီးတောင်နှင့် မောင်တောဘူးသီးတောင်လမ်းများကို သိမ်းယူနိုင်ခဲ့သည်။ မေယုကျွန်းဆွယ်မှ(၁၀)မိုင်ခန့်ဝေးသော ဒုံဘတ်ကျေးရွာအနီးအထိ သိမ်းနိုင်ခဲ့ သည်။

ဒုံဘိတ်နှင့် ရသေ့တောင်တွင် ဂျပန်တပ်များ အခိုင်အမာ တပ်စွဲထား သည်။ ယင်းကြောင့် တင့်ကားများအပါအဝင် တပ်မဟာအင်အားဖြင့် အကြိမ်ကြိမ် တိုက်ခိုက်သော်လည်း အကျအဆုံးများစွာဖြင့် ဆုတ်ခဲ့ရသည်။ ဤအတောအတွင်း စစ်တွေမှ ဂျပန်တပ်မများ ရေကြောင်းဖြင့် ထပ်မံရောက်ရှိလာသည်။ ဒုံဘိတ်ရှိ ဂျပန်တပ်များကို အားဖြည့်ပြီး အမှတ်(၅၅)အိန္ဒိယတပ်မဟာကို တိုက်စစ်ဆင် သည်။ ယင်းကြောင့် အမှတ်(၅၅)အိန္ဒိယတပ်မဟာမှာ ဖရိုဖရဲဖြစ်ပြီး မေယုမြစ်ကို ကူး၍ ဆုတ်ခွာရသည်။ ယင်းအပြင် စစ်တွေမှ ဗိုလ်မှူးဘကီး တာနာဟာရှီ ဦးစီး သော စစ်ကြောင်းတစ်ခုသည် မေယုမြစ်ကြောင်းအတိုင်း ချီတက်လာသည်။ မေယုတောင်တန်းကို အရှေ့မှအနောက်သို့ ဖြတ်ကျော်ကာ ဧပြီလ(၃)ရက်တွင် ဒုံဘိတ်ကို တိုက်ခိုက်နေသော အမှတ်(၆)ဗြိတိသျှနှင့် အမှတ်(၄၇)အိန္ဒိယတပ် မဟာတို့ကို အင်းဒင်ရွာတွင် နောက်ကျောမှဖြတ်၍ တိုက်ခိုက်သည်။ ယင်းတပ် မဟာများမှာ ဖရိုဖရဲနှင့် မိုင်(၂၀)ခန့်ဝေးသော ဘော်လီဘ ဇားသို့ ၁၉၄၃-ခု၊ မေလ (၁၁)ရက်တွင် ပြန်လည်သိမ်းပိုက်ထားသော မောင်တောနှင့် ဘူးသီးတောင်မြို့ များကို လက်လွှတ်ပြီးဆုတ်ခွာရသည်။

## မဟာမိတ်၏ ဒုတိယအကြိမ် စစ်ဆင်ရေး

ဒုတိယအကြိမ် စစ်ဆင်ရေးကို ၁၉၄၃-ခု၊ နိုဝင်လဘာ(၃၀)ရက်မှာ စတင် သည်။ အမှတ်(၇)အိန္ဒိယတပ်မသည် မေယုတောင် တန်းကို တောင်ကြားလမ်းများမှ ဖြတ်၍ ချီတက်ကြသည်။

၁၉၄၄-ခု၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အမှတ်(၅)တပ်မသည် ရာဇဘီးလ်

ခံတပ်၏ မြောက်ဘက်ပွိုင့်(၁၂၄)တောင်ကုန်းကို သိမ်းယူသည်။ ဇန်နဝါရီလ (၉)ရက်နေ့တွင် မောင်တောကို သိမ်းယူနိုင်သည်။ နတ်မြစ်ကို အသုံးပြုပြီး စစ်လက်နက်ပစ္စည်းများကို ရေကြောင်းမှ စတင်ဖြည့်တင်းလျက်ရှိသည်။ အမှတ် (၇)တပ်မသည် စစ်ဆင်ရေးဌာနချုပ်ကို ငါးခြေထောက်ရွာတွင် ဖွင့်လှစ်ထားသည်။ ငါးခြေထောက်တောင်ကြားမှတစ်ဆင့် ကုလားပန်းဇင်းမြစ်ဝှမ်းရှိ တပ်များအား ထောက်ပံ့နိုင်ရန် ဖြစ်သည်။ ၁၉၄၄-ခု၊ ဇန်နဝါရီ လအကုန်တွင် အမှတ်(၇)တပ်မ၏ တပ်ရင်းတစ်ရင်းက ဘူးသီး တောင်အနီးရှိ တောင်စောင်းကို စိုးမိုးနေသည့် တောင်ကုန်းတစ်ခုကို သိမ်းပိုက်ထားပြီး ဖြစ်သည်။

## ဟာဂိုးစစ်ဆင်ရေး

မြန်မာနယ်မြေ တပ်မတော် "စစ်သေနာပတိချုပ် ဒုဗိုလ်ချုပ်ကြီး ကာဝါဘေ"သည် မြန်မာပြည်စစ်မျက်နှာတွင် အဆုံးအဖြတ်ပေးမည့် စစ်ဆင်ရေးနှစ်ရပ်ကို ဆင်နွှဲရန် ၁၉၄၄-ခု၊ ဇန်နဝါရီလဆန်းပိုင်းတွင် အမိန့်ထုတ်ပြန်လိုက်သည်။ စစ်တကောင်းအထိ ချီတက်မည့် ဟာဂိုး (HA GO) စစ်ဆင်ရေးနှင့် ဒေလီအထိ ချီတက်မည့် ယူဂိုး (U GO) စစ်ဆင်ရေးတို့ ဖြစ်သည်။ ဟာဂိုးစစ်ဆင်ရေးကို အမှတ် (၂၈)ဂျပန်တပ်မတော် (ဒုဗိုလ်ချုပ်ကြီး ဆာကူရိုင်)က တာဝန်ယူ ဆင်နွှဲရသည်။ ယူဂိုး စစ်ဆင်ရေးကို အမှတ်(၁၅)ဂျပန်တပ်မတော် (ဒုဗိုလ်ချုပ်ကြီး မူတာဂူချိ)က တာဝန်ယူဆင်နွှဲရသည်။ ရခိုင် စစ်မျက်နှာတွင် ဟာဂိုးစစ်ဆင်ရေး၊ မြန်မာပြည် အလယ်ပိုင်း စစ်မျက်နှာတွင် ယူဂိုးစစ်ဆင်ရေးကို ဆင်နွှဲရန်ဖြစ်သည်။

ဟာဂိုးစစ်ဆင်ရေးကို ၁၉၄၄-ခု၊ ဖေဖော်ဝါရီလ ၃ရက်တွင် စသည်။ အမှတ် (၅၅)ဂျပန်တပ်မစစ်ဆင်ရေး၏ စုရပ်မှာ ရသေ့တောင်မြို့ ဖြစ်သည်။ ယင်းတွင် တိုက်ခိုက်ရေးတပ်များကို ဖွဲ့စည်းသည်။

ယင်းစစ်ဆင်ရေးကြောင့် မဟာမိတ်တို့၏ တပ်မ(၅)နှင့် အမှတ်(၇)တပ်မ တို့မှာ တပ်မကြီး(၁၅)နှင့် အဆက်အသွယ်ကို ဖြတ်တောက်နိုင်ခဲ့သည်။ ဟာဂိုး စစ်ဆင်ရေး၏ ဖေဖော်ဝါရီလ ပထမပိုင်းတွင် ဂျပန်ဘက်မှ အရေးသာခဲ့သည်။ မဟာမိတ်တို့ဘက် ကြည်း၊ ရေ၊ လေ တိုက်ခိုက်ပေးမှုကြောင့် ဖေဖော်ဝါရီလ (၂၃)ရက်တွင် အမှတ်(၅၅) ဂျပန်တပ်မမှာ တပ်များရုပ်သိမ်းစ ပြုလာသည်။ မတ်လ (၁၁)ရက်နေ့တွင် မဟာမိတ်တို့ အမှတ်(၇)အိန္ဒိယတပ်မက ဘူးသီးတောင်ကို ပြန်လည်သိမ်းပိုက်သည်။ အမှတ်(၅)အိန္ဒိယတပ်မက ရာဇာဘီးလ်ဒေသ တစ်လျှောက်လုံးကို ၁၉၄၄-ခု၊ မတ်လ(၁၂)ရက်တွင် သိမ်းပိုက်နိုင်သည်။ ယင်းစစ်ဆင်ရေးတွင် ဖေဖော်ဝါရီ တစ်လတည်းမှာ ဂျပန် ၅၀၀၀ခန့် ကျဆုံးခဲ့သည်။

ယင်းစစ်ဆင်ရေးမှာ ဂျပန်များဘက်မှ အရှုံးနှင့်ရင်ဆိုင် အဆုံးသတ်ခဲ့ရသည်။ မဟာမိတ်တပ်များ အနေနှင့်ဆိုလျှင် အာရှအရှေ့တောင်ပိုင်း စစ်ဌာနချုပ် (အက်စ်၊ အီး၊ အေ၊ စီ)တည်ထောင် ပြီးသည့်နောက် ဤတိုက်ပွဲမှာ ပထမဆုံးတိုက်ရသော တိုက်ပွဲဖြစ်သည်။ ယင်းတိုက်ပွဲ၏ အောင်မြင်မှုကြောင့် မဟာမိတ်များအတွက် စိတ်ဓာတ်တိုးတက်လာစေသည်။ ယင်းအချိန်ကစပြီး ဂျပန်တပ်များသည် ရခိုင်စစ်မျက်နှာ အပါအဝင် မြန်မာပြည် စစ်မျက်နှာတိုင်းမှာ အရှုံးနှင့်သာ ရင်ဆိုင်ရတော့သည်။

# မေယုကျွန်းဆွယ်တိုက်ပွဲများ

၁၉၄၄-ခု၊ ဒီဇင်ဘာလ (၁၁)ရက်တွင် အမှတ်(၂၅)အိန္ဒိယ တပ်မမှ အမှတ်(၇၄)တပ်မဟာသည် ကမ်းခြေပိုင်းမှ စတင်ချီတက်သည်။ ဒီဇင်ဘာလ (၁၂)ရက်တွင် အမှတ်(၁၅)တပ်မဟာသည် ဘူးသီးတောင်သို့ ချီတက်သည်။ ဒီဇင်ဘာလ(၁၄)ရက်တွင် အမှတ်(၅၃)တပ်မဟာသည် မေယုတောင်တန်း အရှေ့ဘက်တောင်ခြေ ၌ လက်ဝဲဘက်၏ တောင်တန်း(၄)မိုင်ကွာတွင် တပ်စွဲသည်။ အမှတ်(၈၂)အနောက်အာဖရိကတပ်မ၏ ရှေ့ဆောင်တပ်များသည် ဘူးသီးတောင်ဘက်သို့ ရောက်ရှိသည်။ (၁၅)ရက်နေ့၌ အမှတ်(၂) အနောက်အာဖရိက တပ်မဟာသည် ဘူးသီးတောင်ကို ပြန်လည်သိမ်းပစ်နိုင်သည်။

ဒီဇင်ဘာလ(၁၈)ရက်တွင် အမှတ်(၅၃) တပ်မဟာသည် စိတ်ညွှင်းပြားကို သိမ်းယူသည်။ (၂၁)ရက်နေ့တွင် ခွဆုံရွာကြီးကို သိမ်းယူသည်။

ဒီဇင်ဘာလ(၁၉)ရက်တွင် နက်ပီးယားသင်္ဘောမှ မေယုတောင်တန်း အရှေ့ဘက်ရှိ ရသေ့တောင်မြို့ကို အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်သည်။ ရသေ့တောင်တွင် အမှတ်(၂၈)ဂျပန်တပ်မတော်မှ စစ်သေနာပတိကြီး ဒုဗိုလ်ချုပ်ကြီး ဆာကူရိုင်၏ ဌာနချုပ်ထားရာမြို့ဖြစ်သည်။ အောင်ဒိုင်ကို(၂၁)ရက်တွင် သိမ်းပိုက်သည်။ ထိုရွာရှိ လေယာဉ်ကွင်းကို အဆင်သင့် ရရှိသည်။ မဟာမိတ်တပ်များ အတွက် အလွန်အကျိုးရှိသည်။ အမှတ် (၇၄)တပ်မဟာသည် ဒီဇင်ဘာလ(၂၃)ရက်တွင် ဒုံဘိတ်ကို သိမ်းယူသည်။

ဒီဇင်ဘာ(၂၆)ရက်တွင် မဟာမိတ်တပ်များသည် မျှော်မှန်းထားသည်ထက် (၅)ရက်စောပြီး ဖောင်းပို့ငှ်အငူသို့ ရောက်ခဲ့သည်။ ယင်းနေ့တွင် စိုင်းဒင်ချောင်း မြောက်ဘက်ရှိ ကုလားပန်းဇင်း ကွင်းပြင်တစ်ခုလုံးရှိ ဂျပန်များကို ရှင်းလင်းသုတ်သင်နိုင်ခဲ့သည်။ ဒီဇင်ဘာ(၂၈)ရက်တွင် ရသေ့တောင်နှင့် ကူတောင်ကျွန်းကို မဟာမိတ်တပ်များက သိမ်းယူနိုင်ခဲ့သည်။

## ကုလားတန်မြစ်ညာ တိုက်ပွဲများ

အမှတ် (၈၁)အနောက်အာဖရိက တပ်မသည် အမှတ်(၅၅) ဂျပန်တပ်မမှ တပ်ဖွဲ့အချို့ကို ထိန်းချုပ်ထားရန်အတွက် ကုလားတန်မြစ်ဝှမ်းတစ်လျှောက်တွင် တိုက်ခိုက်နေရသည်။ ယင်းတပ်မသည် ကုလားတန်မြစ်ဝှမ်းအတိုင်း တောင်ဘက်သို့ ဆင်းလာပြီး ၁၉၄၄-ခု၊ မတ်လ အစပိုင်းတွင် ကျောက်တော်နှင့် အပေါက်ဝတို့ကို သိမ်းယူသည်။ အမှတ်(၅၄)ဂျပန်တပ်မမှ တပ်ဖွဲ့များစုရုံးကာ အပြင်းအထန် တိုက်ခိုက်လာသည်။ ယင်းကြောင့် အမှတ်(၈၁) အနောက်အာဖရိကတပ်မသည် အနောက်မြောက်ဘက်သို့ ဆုတ်ခွာရသည်။

၁၉၄၄-ခု၊ အောက်တိုဘာလတွင် အနောက်အာဖရိက တပ်မသည် ဒလက်မေကို သိမ်းယူသည်။ ယင်းနှင့်နိုဝင်ဘာလ(၁၇)ရက်တွင် ပလက်ဝကိုသိမ်းယူသည်။ ကုလားတန်ရွာမှ ပီချောင်းအထိ လမ်းတစ်လျှောက်ကို ဒီဇင်ဘာလ(၁) ရက်တွင် သိမ်းပိုက်ပြန်သည်။ ပြီးခဲ့သည့် နွေဦးရာသီက ဤတပ်များသည် ကုလားတန်မြစ်၏ အနောက်ဘက် လွင်ပြင်များအတိုင်း ချီတက်ခဲ့စဉ်က ကျောက်တော်တွင် ဂျပန်များအား အရှုံးကြီးရှုံးခဲ့သည်။

၁၉၄၄-ခု၊ ဒီဇင်ဘာလ(၂၂)ရက်တွင် အမှတ်(၈၁)အနောက် အာဖရိက တပ်မသည် သရက်တစ်ပင် အရှေ့တောင်ဘက်(၆)မိုင်အကွာရှိ သံတံတားသို့ ရောက်သည်။ ဂျပန်များသည် သရက်တစ်ပင် မြောက်ဦးလမ်းနှင့် ယှဉ်လျက်ရှိသည့် နေရာတွင် တပ်စွဲထားသည်။ ယင်းဂျပန်စခန်းကို ၁၉၄၅-ခု၊ ဇန်နဝါရီလ (၉)ရက်နေ့ တွင် ရောက်ရှိသည်။ အမှတ်(၈၂)အနောက်အာဖရိကတပ်မသည် ၁၉၄၅-ခု၊ ဇန်နဝါရီလ(၂၅)ရက်တွင် မြောက်ဦးမြို့ကို သိမ်းယူသည်။

အမှတ်(၈၂)အနောက်အာဖရိက တပ်မ၏ အမှတ်(၄)တပ်မသည် မြောက်ဦးအနောက်ဘက်(၁၆)မိုင်ကွာ ကုလားတန်မြစ်ရိုးရှိ အပေါက်ဝသို့ ကန်စောက်မှတစ်ဆင့် ချီတက်ခဲ့ရာ ၁၉၄၅-ခု၊ ဇန်နဝါရီလ(၉)ရက်နေ့တွင် ရောက်ရှိသည်။ အမှတ်(၈၂)အနောက်အာဖရိကတပ်မသည် ၁၉၄၅-ခု၊ ဇန်နဝါရီလ(၂၅)ရက်တွင် မြောက်ဦးမြို့ကို သိမ်းယူသည်။

## တိုက်မယူရသော အောင်ပွဲ

ဤစစ်ဆင်ရေးကို လျှပ်တစ်ပြက် စစ်ဆင်ရေးဟု အမည်ပေးထားသည်။ ယင်းစစ်ဆင်ရေးအတွက် ဆွေးနွေးပွဲကို အိန္ဒိယနိုင်ငံ ဘာရက်ပိုမြို့ရှိ အာရှအရှေ့ တောင်ပိုင်း စစ်သေနာပတိဗိုလ်ချုပ်ကြီး ဆာအိုလီဗာလစ်၏ ရှေ့တန်းဌာနချုပ်တွင် ၁၉၄၄-ခု၊ ဒီဇင် ဘာ(၂၂)ရက်တွင် ကျင်းပသည်။ ယင်းဆွေးနွေးပွဲသို့ မဟာမိတ်

စစ်သေနာပတိချုပ် မောင့်ဘက်တန်၊ အမှတ်(၅)တပ်မမှူးကြီး ဗိုလ်ချုပ်ကြီး ခရစ်စတီဆင်၊ ရေကြောင်းဗိုလ်ချုပ်မာတင်နှင့် လေကြောင်းဗိုလ်မှူးချုပ်ဘန်ဒန် မြို့စားကြီးတို့ တက်ရောက်ကြသည်။

ပထမဆုံးရေကြောင်း၊ ကုန်းကြောင်း ပူးပေါင်းစစ်ဆင်ရေးဖြစ်သည်။ အမှတ်(၂၅)အိန္ဒိယတပ်မက စစ်တွေကျွန်းအနောက် မြောက်ထောင့်ကို ရေကြောင်း၊ ကုန်းကြောင်း ပူးပေါင်းစစ်ဆင်နည်းဖြင့် မြစ်ကိုကူး၍ တိုက်ရမည်ဖြစ်သည်။ ရေတပ်သားများ တစ်ဝက်ပါဝင်သော အမှတ်(၃)ကွန်မန်ဒိုတပ်မဟာက ကမ်းသို့ တက်ရမည်။ ဖောင်ပွဲ့ဝှမ် အမှတ်(၂၅)၊ အိန္ဒိယတပ်မ၏ အမှတ်(၄၄)တပ်မဟာ က အဆိုပါတပ်၏နောက်က တိုက်ရမည်။ ရေကြောင်းနှင့် လေကြောင်းမှ အစွမ်းကုန် ကူညီပေးမည်။ အမှတ်(၂၅)တပ်မဟာက ကူဒေါင်ကျွန်းကို ရှင်းလင်းပြီး စစ်တွေကျွန်းဆီသို့ ချီတက်ရမည်။

ဂျပန်တပ်သားပေါင်း (၄၀၀၀၀)ခန့် ရှိနေမည် ဖြစ်သည်။ ဂျပန်တို့သည် စစ်တွေမြို့ကို သဲသဲမဲမဲခုခံမည်။ မဟာမိတ်များဘက်မှလည်း စစ်တွေကျွန်းသည် အလွန်အရေးကြီးသည်။ မဟာမိတ်တို့၏ စစ်ဌာနချုပ်အဖြစ် အသုံးပြုရန် ဖြစ်သည်။ ကုလားတန်မြစ်ကိုစုန်ပြီး တောင်ဘက်သို့ တိုက်ခိုက်နေသောတပ်များကို ယင်းမှခန့်ခွဲ နိုင်မည် ဖြစ်သည်။ ရခိုင်စစ်မျက်နှာတွင်သာမက မြန်မာပြည်အလယ်ပိုင်းရှိ အမှတ်(၁၄)တပ်မတော်ကို ထောက်ပံ့ရေးအတွက် လေကြောင်း အခြေခံစခန်း အဖြစ် စစ်တွေလေယာဉ်ကွင်းကို အသုံးပြုနိုင်မည် ဖြစ်သည်။

သို့သော် ၁၉၄၅-ခု၊ ဇန်နဝါရီလ(၁)ရက်တွင် စစ်တွေမြို့ကို ကာကွယ် နေသော ဂျပန်တပ်အင်အား လျော့သွားကြောင်း တွေ့ရသည်။ မည်မျှလျော့သွား သည်ကိုကားမသိရ။ မင်းပြားမြေပုံလမ်းမှ ထွက်မပြေးနိုင်အောင် ပိတ်ဆို့ရန် အရေး ကြီးသည်။ စစ်တွေမြို့ကို အလျင်အမြန် သိမ်းယူရန်ဖြစ်သည်။ ယင်းကြောင့် မူလအစီ အစဉ်ထက်စော၍ စသည့်နေ့ကို ၁၉၄၅-ခု၊ ဇန်နဝါရီလ(၃)ရက်ကို သတ်မှတ်သည်။ ဇန်နဝါရီလ(၂)ရက်နေ့တွင် အမြောက်တပ်အရာရှိ တစ်ဦးသည် လေယာဉ်ဖြင့် စစ်တွေကျွန်းပေါ်သို့ ပျံသန်းဆင်းသက် ကြည့်ရှုသည်။ ဂျပန်များ မရှိတော့ကြောင်း သိရသည်။

ယင်းကြောင့် လေကြောင်း၊ ကုန်းကြောင်းမှ အပစ်အခတ်မရှိဘဲ မူလ အစီအစဉ်အတိုင်း ချီတက်စေသည်။ စစ်တွေမြို့ကို မဟာမိတ်တပ်များက ဇန်နဝါရီလ(၄)ရက်တွင် သိမ်းပိုက်သည်။ အခုအခံမရှိဘဲ သိမ်းယူနိုင်ခြင်းမှာ ဂျပန် များ(၄၈)နာရီစောပြီး စစ်တွေကျွန်းမှ ထွက်ခွာသွားသည်ကို မဟာမိတ်တပ်များက လုံးဝမသိလိုက်၍ ဖြစ်သည်။ မူလခန့်မှန်းခဲ့သော စနေ့ထက်(၉)ပတ်စော၍ စစ်တွေ မြို့ကို ရရှိသည်။ မူလအစီအစဉ်မှာ ဖေဖော်ဝါရီလ(၁၅)ရက်နေ့၌ တိုက်ခိုက်ရန် ဖြစ်သည်။

## ကန့်ဂေါတိုက်ပွဲ

ကန့်ဂေါရွာသည် မြေပုံမြို့ အရှေ့မြောက်ဘက်(၈)မိုင်ခန့် အကွာတွင် ရှိသည်။ ဂျပန်များသည် ရခိုင်မှဆုတ်ခွာရာတွင် ကန့်ဂေါမှတစ်ဆင့် မြန်မာပြည် အထက်ပိုင်းအထိ ဆုတ်ခွာရန် ဖြစ်သည်။ မဟာမိတ်တပ်များသည် ကန့်ဂေါမှ ဆုတ်ခွာမည့် ဂျပန်များအား ပိတ်ဆို့တိုက်ခိုက်ရန် စီစဉ်သည်။ ၁၉၄၅-ခု၊ ဇန်နဝါရီ (၂၂)ရက်တွင် အမှတ်(၃)ကွန်မန်ဒိုတပ်မဟာက ကန့်ဂေါကို စတင်တိုက် ခိုက်သည်။ ကမ်းကပ်ရေယာဉ်များ မကပ်နိုင်မီ မစ်ချယ်လေယာဉ် ပျံတပ်ရင်း (၂)ခုက တိုက်ခိုက်ပေးသည်။ ဟာရီကိန်းလေယာဉ်များက မီးခိုးမှိုင်းဖုံးလွှမ်းပေးပြီး သန်းဒါးဘို့ လေယာဉ်များက ဒိုင်းပုံရွာကို တိုက်ခိုက်ပေးကြသည်။

ဇန်နဝါရီလ (၂၃)ရက်တွင် အမှတ်(၂၅)တပ်မမှ အမှတ် (၅၁) တပ်မဟာ စစ်ကူရောက်လာသည်။ ဇန်နဝါရီလ(၂၅)ရက်မှစ၍ လေကြောင်းမှ(၃)ရက်တိုင် တိုက်ခိုက်ရသည်။ ဇန်နဝါရီလ(၂၈)ရက်နေ့ တစ်နေ့တည်းမှာ ဂျပန်များသည် အမြောက်ဆန် ၁၀၀၀၀ခန့် အသုံးပြုတိုက်ခိုက်ခဲ့သည်။ ဇန်နဝါရီလ(၃၀)ရက်တွင် မဟာမိတ်တပ်များသည် ကန့်ဂေါကို သိမ်းသည်။ တောင်ဘက်သို့ ဆုတ်ခွာမည့် ဂျပန်များအား ပိတ်ဆို့နိုင်သည်။ ကန့်ဂေါတိုက်ပွဲသည် ဂျပန်တို့က မဟာမိတ်များ အား ရခိုင်စစ်မျက်နှာတွင် အပြင်းထန်ဆုံးတိုက်စစ်ကို တိုက်ခိုက်ခဲ့သည်။ ဤပိတ်ဆို့မှုဖွင့်ရန် ဂျပန်တို့သည် တပ်မှအနည်းဆုံးစစ်သား ၂၀၀၀၀ ကျဆုံးသည်။ အမြောက်(၁၅)လက်၊ မော်တော်ဘုတ်ကြီး(၁၆)စင်းနှင့် အခြားလက်နက်ပစ္စည်း အမြောက်အမြား ဆုံးရှုံးသည်။ မဟာမိတ်ဘက်မှ ထိခိုက်ဒဏ်ရာရ သူနှင့် ကျဆုံးသူ ၆၀၀ခန့်ရှိသည်။ ဇန်နဝါရီလ(၂၆)ရက်မှ ဖေဖော်ဝါရီလ(၂)ရက်နေ့အတွင်း မဟာမိတ်တို့ဘက်မှ ဗုံးတန်ချိန်(၇၅၀)အသုံးပြုခဲ့ရသည်။

ကန့်ဂေါအနီးတစ်ဝက်မှ ဂျပန်များအား ဇန်နဝါရီလ(၂၃)ရက်မှစပြီး ဖေဖော်ဝါရီလ အလယ်လောက်အထိ အပြင်းအထန် တိုက်ခိုက်ရသည်။ နှစ်ဖက် စလုံးဆုံးရှုံးမှု များသည်။

## ရုရွာတိုက်ပွဲ

၁၉၄၅-ခု၊ ဖေဖော်ဝါရီလ အစောပိုင်းသို့ ရောက်သောအခါ အမှတ်(၅၄) ဂျပန်တပ်မ၏ တပ်ရင်းများသည် နှစ်စုကွဲသွားသည်။ တစ်စုမှာအမ်း-မင်းဘူးလမ်း ကို ကာကွယ်ပေးနေသည့် ဒလက်ချောင်းဒေသမှ တပ်ဖွဲ့ဖြစ်သည်။ ကျန်တစ်စုမှာ တောင်ကုတ်တွင် ဖြစ်သည်။ အမ်းဒေသတွင် အမှတ်(၈၁)အာဖရိက တပ်မသည် မြောက်ဘက်မှ ချီတက်လာပြီး အမှတ်(၂၅)တပ်မက အမ်းတောင်ဘက်ရှိ ရုရွာကို

ရေတစ်ပိုင်း ကုန်းတစ်ပိုင်း ချီတက်တိုက်ခိုက်သည်။ မော်တော်ဘုတ်များက မန်းဒူးကို အမြောက်များဖြင့် တိုက်ခိုက်ကြသည်။ အမှတ်(၃) ကွန်မန်ဒိုတပ်မဟာမှ ကင်းထောက်တပ်ဖွဲ့သည် သတ်မှတ်ထားသောနေရာမှ(၄)မိုင်ခန့်အကွာတွင် ရေတစ်ပိုင်း ကုန်းတစ်ပိုင်းတက်ရောက်ရန် နေရာယူထားကြသည်။ ဖေဖော်ဝါ ရီလ (၁၆)ရက်နေ့တွင် အမှတ်(၂၄)လေတပ်မဟာ၏ အကူအညီဖြင့် အမှတ်(၂၅) အိန္ဒိယတပ်မသည် ရန်သူများအခုအခံမရှိဘဲ ကုန်းပေါ်သို့ တက်ရောက်နိုင်သည်။ ဖေဖော်ဝါရီ(၁၇)ရက်တွင် မဟာမိတ်တပ်များ ရုရွာသို့ ရောက်ရှိသည်။ ယင်းလ (၁၉)ရက်တွင် ဂျပန်များသည် အပြင်းအထန်ခုခံတိုက်ခိုက်သည်။ လက်တစ်ကမ်း တိုက်ပွဲများ ဖြစ်ပွားသည်။ ဖေဖော်ဝါရီလ(၂၀)ရက်တွင် ဂျပန်များနှင့် တိုက်ခိုက်နေစဉ် အမှတ်(၂)အနောက်အာဖရိက တပ်မဟာမှ ပထမအသုတ် တပ်ကူကန့်ဂေါမှ လေယာဉ်ဖြင့် ရောက်ရှိလာသည်။ (၂၅)ရက်နေ့တွင် ဤတပ်မဟာသည် ရုရွာ၏ အရှေ့ဘက်သို့ချီတက်ရာ(၄)မိုင်ကွာ ခရီးသို့ရောက်ရှိသည်။ ထိုနေ့မှာပင် အမှတ်(၇၄)တပ်မဟာလည်း ရောက်ရှိလာသည်။ ယင်းတပ်မဟာသည် တင့်ကားများ အကူအညီ ဖြင့် မြောက်ဘက်သို့ ချီတက်သည်။ ဖေဖော်ဝါရီလကုန်သောအခါ ယင်းတပ်မဟာသည် ဂျပန်များကို မဲချောင်းတစ်ဖက်သို့ တိုက်ထုတ်သည်။ မတ်လ (၇)ရက်နေ့တွင် ဒလက်ရွာကို သိမ်းပိုက်သည်။ မတ်လ(၁၇)ရက်တွင် အမှတ်(၂၂) အရှေ့အာဖရိက တပ်မဟာသည် ရုရွာတွင် တပ်စွဲနိုင်သည်။

## ရမ်းဖြဲမာန်အောင်ကျွန်းသိမ်းပွဲ

မဟာမိတ်တို့၏ အမှတ်(၁၄)တပ်မတော်သည် မြန်မာပြည် အလယ်ပိုင်းတွင် ဂျပန်များကို ထိုးစစ်ဆင်နေသည်။ ယင်းတပ်မတော်ကို အကူအညီပေးရန် အထူးလိုအပ်နေသည်။ အမှတ်(၁၄) တပ်မတော်အတွက် ထောက်ပံ့ရေးစခန်းများ အဖြစ် စစ်တွေနှင့်ရမ်းဗြဲကျွန်းများမှာ အကောင်းဆုံးဖြစ်သည်။ စစ်တွေနှင့် ကျောက်ဖြူမြို့များတွင် အမှတ်(၁၄)တပ်မတော် ထောက်ပံ့မှုအတွက် အစွမ်းကုန်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ယင်းကြောင့် ရခိုင်စစ်မျက်နှာတွင် မဟာမိတ်တို့၏ ဒုတိယခြေလှမ်းမှာ စစ်တွေမြို့မှ အရှေ့ တောင်ဘက် မိုင်(၇၀)ကွာရှိ ရမ်းဗြဲကျွန်းကို သိမ်းရန်ဖြစ်သည်။

စစ်တွေမြို့ကို တိုက်ခိုက်ရန်အတွက် လေ့ကျင့်ထားခဲ့သော်လည်း တိုက်ပွဲမဝင်လိုက်ရသော အမှတ်(၂၆)အိန္ဒိယတပ်မကို သိမ်းယူရာမှာ အသုံးပြုသည်။ ရမ်းဗြဲကျွန်းကို တိုက်ပြီးနောက် အနောက်တောင်ဘက်(၁၂)မိုင်ကွာရှိ မာန်အောင်ကျွန်းကို ရေတပ်မှသိမ်းယူရန်ဖြစ်သည်။

၁၉၄၅-ခု၊ ဇန်နဝါရီလ(၂၁)ရက်တွင် အမှတ်(၂၆) အိန္ဒိယတပ်မမှ အမှတ်(၇၁)နှင့် အမှတ်(၄)တပ်မဟာများကို စစ်တကောင်းမှ ကျောက်ဖြူသို့ ပို့ပေးသည်။ ရေတပ်က ပင်လယ်မှ အမြောက်များဖြင့် ပစ်ခတ်ကူညီပေးသည်။ အမီးယား အမည်ရှိ လေယာဉ်တင်သင်္ဘောပါဝင်ရာ မြန်မာပြည်စစ်မြေပြင်တွင် လေယာဉ်တင်သင်္ဘောကို ပထမဆုံးအကြိမ် အသုံးပြုခြင်းပင်ဖြစ်သည်။ ယင်းနေ့ညတွင် ကျောက်ဖြူမြို့ကို မဟာမိတ်တပ်များက သိမ်းယူနိုင်သည်။ ဇန်နဝါရီလ (၂၆)ရက်နေ့တွင် လူ ၅၀၀ ပါဝင်သော ရေကြောင်းတပ် တစ်တပ်သည် မာန်အောင်ကျွန်းသို့ ချီတက်သည်။ အမှတ်(၃၆)ဗြိတိသျှတပ်မဟာကို ရမ်းဗြဲကျွန်းတောင်ဘက် စကုကျွန်းကို သိမ်းယူရန် တာဝန်ပေးလိုက်သည်။ (၃၀)ရက်နေ့တွင် နော်မန်နှင့် ရေဒါးသင်္ဘောများက အမြောက်များနှင့် ပစ်ခတ်ကူညီပေး ပြီးနောက် သိမ်းပိုက်လိုက်သည်။

အမှတ်(၇၁)တပ်မဟာသည် ရန်ပေါက်ချောင်းကို ဇန်နဝါရီလ(၂၆)ရက်နေ့တွင် တစ်ကြိမ်၊ (၂၈)ရက်နေ့တွင် တစ်ကြိမ်ကူးဖြတ်ရန် ကြိုးစားသည်။ မအောင်မြင်ချေ။ ထို့ကြောင့် မြောက်ဘက်ကမ်းတွင် တပ်ခွဲတစ်တပ်ထားခဲ့ပြီးနောက် အရှေ့ဘက်ပင်လယ်ရှိ စနဲဘက်သို့ ချီတက်ရန် စီစဉ်ရသည်။ ဖေဖော်ဝါရီလ(၁)ရက်နေ့၌ အမှတ်(၃၆)တပ်မဟာသည် ရမ်းဗြဲကျွန်း တောင်ဘက်စွန်းသို့ တက်ရာ ရန်သူအနည်းငယ်သာ ခုခံကြသည်။ ယင်းနေ့မှာပင် စနဲ၌ ဂျပန်တို့ကို အိန္ဒိယရေတပ်မတော်က အပြင်းအထန် တိုက်ခိုက်သည်။ ဖေဖော်ဝါရီလ(၂)ရက်နေ့တွင် အမှတ်(၇၁)တပ်မဟာမှ ရှေ့ဆောင်တပ်များက စနဲကို သိမ်းယူသည်။ အမှတ်(၄) တပ်မဟာသည် ဖေဖော်ဝါရီလ(၆)ရက်နေ့တွင် ရန်ပေါက်ချောင်းကို ဖြတ်ကူးနိုင်သည်။ ဖေဖော်ဝါရီလ(၈)ရက်နေ့တွင် အမှတ်(၇၁)တပ်မဟာသည် ရမ်းဗြဲမြောက်ဘက်ရှိ တောင်ကုန်းများသို့ ရောက်ရှိသည်။ (၁၁)ရက်နေ့၌ ပင်လယ်ကို ပိတ်မိနေသော မဟာမိတ်တို့၏ တိုက်သင်္ဘော နှစ်စင်းကို ဂျပန်လေယာဉ်များက လာရောက်တိုက်ခိုက်သည်။ ဂျပန်များသည် ရမ်းဗြဲကျွန်းရှိ ယင်းတို့၏ တပ်များကို ကယ်တင်ရန် တောင်ကုတ်မှ စက်ရေယာဉ်(၄၀)ကို လွှတ်လိုက်သည်။ ယင်းရေယာဉ်(၄၀)အနက်(၃၆)စင်းမှာ နစ်မြုပ်ဖျက်ဆီးခြင်း ခံရသည်။ လွတ်မြောက်သွားသည့် (၄)စင်းမှာလည်း အပြန်တွင် တင်ဆောင်လာသော စစ်သားအားလုံးနှင့်အတူ နစ်မြုပ်ပျက်စီးသွားသည်။ ဖေဖော်ဝါရီလ(၁၅)ရက်နေ့တွင် ရမ်းဗြဲကျွန်းပေါ်ရှိ ဂျပန်များ ခုခံမှုအားလုံး ရပ်စဲသွားသည်။

## ကက်စဘီအုပ်ချုပ်ရေး

၁၉၄၅-ခု၊ မတ်လမကုန်ခင်ကပင် ရခိုင်စစ်မျက်နှာ မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့မှ ဂျပန်တပ်များ ဆုတ်ခွာသွားပြီး ဖြစ်သည်။ အမှတ်(၅၅)ဂျပန်တပ်မ၏ တပ်ကြွင်းတပ်ကျန် အချို့ကို တောင်ကုတ်မြို့မှ ၁၉၄၅-ခု၊ ဧပြီလ(၂၈)ရက်တွင်လည်းကောင်း၊ မေလ(၉)ရက်နေ့တွင် သံတွဲမြို့မှလည်းကောင်း၊ မေလ(၁၃)ရက်နေ့တွင် ဂွမြို့မှလည်းကောင်း မဟာမိတ်တပ်များက တိုက်ထုတ်နိုင်ခဲ့ကြသည်။

မဟာမိတ်တပ်ဖွဲ့များသည် သိမ်းပိုက်ရရှိသော ဒေသများတွင် စစ်အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်သည်။ ယင်းကို "ဗမာပြည် မြို့ပြအုပ်ချုပ်ရေးဌာန" C.A.S (B) (Civil Administrative Affairs)ဟု ခေါ်သည်။ စစ်အုပ်ချုပ်ရေးဖြင့် စစ်မြေပြင်အဖြစ်(၃)နှစ်ကျော်ရှိနေခဲ့သော ရခိုင်ပြည်ကို အုပ်ချုပ်ရန်ဖြစ်သည်။ စင်တလင်းပြင်ဖြစ်ခဲ့သည့် ရခိုင်ပြည်၏ ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်ရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် လူမှုရေးအားလုံးမှာ ပျက်ပြုန်းခဲ့ရသည်။ စီးပွားရေးမှာလည်း ယိုယွင်းလျက်ရှိသည်။ ဂျပန်များ ထုတ်ဝေခဲ့သည့် ငွေစက္ကူများကို ယင်းအုပ်ချုပ်ရေးအဖွဲ့က အသိအမှတ်မပြုသဖြင့် ရခိုင်ပြည်သူလူထုမှာ အခက်အခဲနှင့် ကြုံတွေ့ရသည်။ စိုက်ပျိုးရေးမှာလည်း ဝမ်းစာမလုံလောက်သည့် အခြေမှာရှိသည်။

ကက်စဘီခေါ် စစ်အုပ်ချုပ်ရေးမှာ ဖက်စစ်ဂျပန်များက အရှုံးပေးရမည်ဖြစ်သည်။ ရခိုင်ပြည်သူလူထုသည် မဟာမိတ်တို့၏ စစ်အုပ်ချုပ်ရေး အောက်တွင် ခါးသီးစွာ ခံနေရသည်။ ယင်းကြောင့် မြန်မာပြည်သူတို့၏ ကိုယ်စားလှယ်ဖြစ်သော ဖဆပလအဖွဲ့ အချုပ်နှင့် ပြည်သူ့ဟစ်တိုင်များဖြစ်သော သတင်းစာများသို့ ရခိုင်ခေါင်းဆောင်များက တင်ပြကြသည်။ ယင်းတင်ပြချက်ကို ၁၉၄၆-ခု၊ ဖေဖော်ဝါရီလ(၁၁)ရက်နေ့တွင် ဖဆပလဌာနချုပ်တွင် ပြုလုပ်သည်။ ရခိုင်ပြည်သူတို့၏ ကက်စဘီအုပ်ချုပ်ရေးအောက်တွင် ခံစားနေသည်များကို ၁၉၄၆-ခု၊ ဖေဖော်ဝါရီလ (၁၈)ရက်ထုတ် ဒီးဒုတ်ဂျာ နယ်တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

> "ရခိုင်ပြည်တွင် တရားမဲ့ဖြစ်ပျက်နေသောအဖြစ် အပျက်ပေါင်းများစွာကို မခံရပ်နိုင်ကြသဖြင့် မြန်မာပြည်သူလူထု၏ ကိုယ်စားလှယ်ဖြစ်သော ဖဆပလအဖွဲ့ချုပ်ကြီးအားလည်းကောင်း၊ အထူးသဖြင့်တိုင်းပြည်တွင် ဟစ်တိုင်ကြီးများ ဖြစ်ကြသော သတင်းစာများအားလည်းကောင်း တိုင်ကြားရအောင် ရောက်လာကြခြင်းဖြစ်၏။
>
> အဆိုပါ တိုင်ချက်များတွင် အချို့ရွာများသို့ စစ်သားများဝင်လျက် ယောကျ်ားများကို စုရုံး၍ခေါ်ခြင်း၊ မိန်းမများကိုစုရုံး၍ ခေါ်ခြင်းတို့ပြုပြီးသော အခါ ယောကျ်ားများအားလုံးကို ရွာပြင်ထုတ်၍ မိန်းမများကို အတင်းအဓမ္မ

ကျင့်ခြင်းတို့ ပါရှိ၏။ ဤသို့စော်ကားခြင်းခံရသော အမျိုးသမီးတို့၏ အမည်၊ အသက်အရွယ်နှင့် နေရပ်တို့ကို ရွာအမည်နှင့် တကွ အသေအချာ ပါရှိ၏။

ဗြိတိသျှတို့သည် မြန်မာပြည်သို့ ပြန်၍ဝင်သောအခါ လက်စားချေရန် မဟုန်ဘဲ မိတ်ဆွေများအဖြစ်ဖြင့် ကယ်တင်သူများ အဖြစ်ဖြင့်သာ ပါဝင်ပါမည်ဟု ဘိလပ်ပါဘီမန်တွင် စကျူပြားစာတန်း ဆွေးနွေးစဉ်က အိန္ဒိယနှင့် မြန်မာပြည်အတွင်း ဝန်ကြီးဖြစ်သူ မစ္စတာအာမာရီ ပြောသော ကယ်တင်ခြင်းများ ပေးလောဟုသာ မေးဖွယ်ရှိတော့၏။

ကက်စဘီအုပ်ချုပ်ရေးကို ၁၉၄၆-ခု၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ရုပ်သိမ်းပြီးဖြစ်သည်။ မြန်မာပြည်တွင် စစ်အုပ်ချုပ်ရေးမှ ဘုရင်ခံပါဝင်သော အရပ်သားများအုပ်ချုပ်ရေးသို့ လွှဲပေးသည်မှာ ရခိုင်ခေါင်းဆောင်များ သတင်းစာရှင်းလင်းပွဲပြုလုပ်သည့်အချိန်နှင့်ဆိုလျှင် ရက်ပိုင်းသာ ရှိနေသေးသည်။ ရခိုင်ပြည်သူလူထုသည် စစ်ဒဏ်ရာဒဏ်ချက်များ မပျောက်ပျက်သေးကြောင်းကို ယင်းရှင်းလင်းတင်ပြချက်များက ဖော်ပြနေခြင်း ဖြစ်ပေသည်။

**မြထွန်းအောင်**
**(၁၅-၃-၁၉၈၀)**

## ကိုးကားသည့် စာအုပ်များ

၁။ 'မောင့်ဘက်တန် အစီရင်ခံစာ' ကာကွယ်ရေးဝန်ကြီးဌာန၁၉၅၇-ခု။

၂။ 'လန်ဒန်ဂေဇက်' ကာကွယ်ရေးဝန်ကြီးဌာန ၁၉၅၇။

၃။ 'ဂျပန်ဘုရင် ကြည်းတပ်မတော်(၁၅)ယူဂိုစစ်ဆင်ရေး' ဒုတိယ ဗိုလ်မှူးကြီး ဟန်ထွန်း (အငြိမ်းစား) ၁၉၇၇-ခု။

၄။ 'ဂျပန်စစ်အုပ်ချုပ်ရေးခေတ်မြန်မာနိုင်ငံ' ဂျပန်ပြည် တိုကျို တက္ကသိုလ်မှ သမိုင်းပါမောက္ခမစ္စတာ အိုစာကက်ဆူနေဇို ဂျပန်ဘာသာဖြင့် ရေးသား၍ ဂျပန်နိုင်ငံအိုစကာမြို့ ဘာသာခြားသိပ္ပံ မြန်မာစာ တွဲဖက် ပါမောက္ခမစ္စတာ အိုးနိုတိုးရှု မြန်မာပြန်သည်။

၅။ 'ရဲဘော်သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ကြောင်းများ' သုတေသနရဲဘော်၊ ၁၉၇၅-ခု၊ ပထမ အကြိမ်။

၆။ 'သတင်းစာများပြောတဲ့ စစ်တွင်းဗမာပြည်' လူထုဦးလှ ပထမတွဲ၊ ဒုတိယနှိပ်ခြင်း ၁၉၆၉ခု။

၇။ 'ရဲဘော်သုံးကျိပ်နှင့် မီနာမီ လျှို့ဝှက်အဖွဲ့' ဒုတိယဗိုလ်မှူးကြီး သီဟဗလမြသောင်း (အငြိမ်းစား)ဂျပန်ဘာသာမှ တိုက်ရိုက် မြန်မာပြန်သည်။ ၁၉၇၆-ခု၊ ပထမအကြိမ်။

၈။ ဒီးဒုတ်ဂျာနယ်၊ အတွဲ ၁၉၊ အမှတ်(၂၈)၊ (၁၈-၂-၁၉၄၆)

**ရခိုင်တန်ဆောင် မဂ္ဂဇင်း (၁၉၈၀)ဒီဇင်ဘာလ။**

# စစ်ကြိုခေတ် ရခိုင်ပြည် နယ်ချဲ့ဆန့်ကျင်ရေး နှင့် လွတ်မြောက်ရေး လှုပ်ရှားမှုများ

## ထွန်းအောင်–ဘောင်းဒွတ်

နယ်ချဲ့အား အမျိုးသားလွတ်မြောက်ရေးအတွက် တော်လှန်မှုများသည် ၁၉၀၀-ခု မပြည့်မီနှစ်များက ရခိုင်ပြည်တွင် ပြွန်းလျက်ရှိသည်။ ယင်းတော်လှန်မှုများကို နယ်ချဲ့သမားများသည် အပြင်းအထန်ဆုံးနည်းများဖြင့် နှိမ်နင်းခဲ့သည်။ ၁၉၀၀-ခုပြည့်ပြီး ဆယ်စုနှစ် နှစ်ခေတ်လောက်မှာ နယ်ချဲ့သမားများအား ဆန့်ကျင်မှုများကို မတွေ့ရ။ ယင်းနောက်ပိုင်းမှာ နယ်ချဲ့သမားများကို တိုက်ရိုက်ပုန်ကန်မှု မျိုးမရှိတော့ဘဲ လူထုလှုပ်ရှားမှု၊ ဆန့်ကျင်မှုများကိုသာ တွေ့ရသည်။ ဖိနှိပ်မှုများကို ဥပဒေဘောင်အတွင်းမှ အရေးဆိုသည့် လူထုလှုပ်ရှားမှုများကိုသာ ပြုလုပ်လာကြသည်။

၁၉၂၁-ခုနှစ်တွင် ဘူးသီးတောင်မှ ဗုဒ္ဓဘာသာဘုန်းတော်ကြီး တစ်ပါးအား အိန္ဒိယ၊ အင်္ဂလိပ်ကပြား နယ်ပိုင်ဝန်ထောက် မစ္စတာရေး (Mr. Rae I.C.S)က အသေရိုက်သတ်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ ယင်းအရေးအခင်းကို ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုများ ပထမဆုံးအကြိမ် အောင်မြင်သည့် လှုပ်ရှားမှုတစ်ရပ်ဖြစ်သည်။

အသင်းအဖွဲ့အစည်းများကို ၁၉၁၈-ခု နောက်ပိုင်းမှာ ရခိုင်ပြည်တွင် ပေါ်ပေါက်လာသည်။ ရခိုင်အမျိုးသားများသည် နယ်ချဲ့များကို ခေတ်အခြေအနေအရ ဆန့်ကျင်ရန် ဖွဲ့စည်းတည်ထောင်သည့် အဖွဲ့အစည်းများပါဝင်လာသည်။ ယင်းပေါ်ပေါက်လာသည့် အဖွဲ့အစည်းများကို လက်လှမ်းမီ ရှာဖွေရသလောက်မှာ အောက်ပါ အတိုင်းဖြစ်သည်။

(၁) ရခိုင်ပြည်သင်း (Arakan Association) ၁၉၁၈-၁၉ ခန့်တွင် တည်ထောင်သည်။

(၂) ရက္ခပူရအသင်း ၁၉၁၈-၁၉ခန့်တွင် တည်ထောင်သည်။

(၃) ရခိုင်ပြည်လုံးဆိုင်ရာ ကြီးပွားရေးအသင်း ၁၉၃၈-ခုနှစ်ခန့်တွင် တည်ထောင်သည်။

(၄) နိုးကြားရေးအသင်း ၁၉၃၅-ခုခန့်တွင် တည်ထောင်သည်။

(၅) ပစ္စည်းမဲ့လူတန်းစား ပရိုလီတေရီလက် (Prole tarial) ၁၉၃၅-ခု တစ်ဝိုက်တွင် တည်ထောင်သည်။

(၆) မျိုးချစ်အသင်း ၁၉၃၅-ခုခန့်တွင် တည်ထောင်သည်။

(၇) မျိုးချစ်အသင်း (သမဝါယမ)မာန်အောင်မြို့ ၁၉၃၅-ခု တစ်ဝိုက်တွင် တည်ထောင်သည်။

ယင်းအဖွဲ့အစည်းများမှာ လူမှုရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူငယ်များ၏ စာရိတ္တမြင့်တင်ရေးများကို အလေးပေးလှုပ်ရှားမှုများကို အခြေအနေက တောင်းဆိုလာသည်နှင့်အမျှ ပါဝင်လှုပ်ရှားကြသည်။ သို့ရာတွင် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုအရှိန်အဟုန်သည် ၁၉၃၉-၄၂-ခု စစ်ကြိုခေတ်ကာလမှာ မြင့်မားလာသည်။ အထူးသဖြင့် 'ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး' (The Arakan National Congress) ပေါ်ပေါက်လာပြီးအချိန်မှာ ဖြစ်သည်။

## အာရက်ပါတီဖွဲ့စည်းခြင်း

၁၉၃၅-ခု မြန်မာနိုင်ငံ အက်ဥပဒေ (1935 Act of Burma)အရ ဒိုင်အာခီ အုပ်ချုပ်ရေးဖျက်သိမ်းပြီး (၉၁)ဌာနအုပ်ချုပ်ရေးစနစ်ကို အစားထိုး တီထွင်ပေးလိုက်သည်။ ယင်းဥပဒေအရ ရွေး ကောက်ပွဲတွင် အနိုင်ရသည့် ရခိုင်မင်းတိုင်ပင် အမတ်များသည် အောက်လွှတ်တော် (House of Representative)သို့ တက်ရောက်ရန် ၁၉၃၇-ခု၊ မတ်လဆန်းမှာ 'ဂျလာဂိုပါးလ်' သင်္ဘောဖြင့် ရခိုင်မှ ရန်ကုန်သို့ လိုက်ပါလာကြသည်။ ယင်းရခိုင်မင်းတိုင်ပင် အမတ်များသည် မင်းတိုင်ပင်အစည်းအဝေးတွင် မိမိတို့ရပ်တည်ရမည့် အနေအထားကို "ဂျလာဂိုပါးလ်" (S,S. Jalagopal) သင်္ဘောထမင်းစားခန်းတွင် ဆွေးနွေးကြသည်။ မင်းတိုင်ပင်အစည်းအဝေးများတွင် ရခိုင်မင်းတိုင်ပင်အမတ်များ စည်းစည်းလုံးလုံး ရှိရန် သဘောတူကြသည်။ အာရက်ပါတီ (Arakan Party)ကို ယင်းဆွေး နွေးပွဲတွင်ပင် အားလုံးကသဘောတူ ဖွဲ့စည်းကြသည်။ ယင်းပါတီ၏ စည်းမျဉ်း စာချုပ်ကိုလည်း ယင်းနေ့မှာပင် အားလုံးသဘောတူ လက်မှတ်ရေးထိုးကြသည်။ ယင်းစည်းမျဉ်းစာချုပ်လက်မှတ်ရေးထိုးစဉ် အသိသက်သေအဖြစ် ဆရာကျော်ဇံ (မျက်မှန်တပ်)က လက်မှတ်ရေးထိုးသည်။

ယင်းအာရက္ခပါတီမှာ မင်းတိုင်ပင်အစည်းအဝေး (လွှတ်တော်)တွင် နိုင်ငံရေးပါတီများ၏ ချိန်ခွင်လျှာကဲ့သို့ (Balance of Power)ကို ရရှိခဲ့သည်။ မင်းတိုင်ပင်အစည်းအဝေးများမှာ သတင်းကြီးခဲ့သည်။ ယင်းပါတီကို တည်ထောင်ရာတွင် အဓိကပါဝင်သူများမှာ အထက်လွှတ်တော်အမတ် (Senator) ဦးစံအောင် (အရေးပိုင်)ပင် ဖြစ်သည်။ ဆာထွန်းအောင်ကျော်နှင့် ရခိုင်မင်းတိုင်ပင်အမတ်များ၏ စိတ်အားထက်သန်မှုကြောင့်လည်း ယင်းသို့ဖွဲ့စည်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ယင်းမင်းတိုင်ပင်အမတ်များမှာ ဂျွန်ဦးစော၏ မျိုးချစ်ပါတီဝင် သံတွဲမင်းတိုင်ပင်အမတ် ဦးကျော်မြင့်ကို ချန်လှပ်၍---

(၁) ဦးရွှေသာ ဥက္ကဋ္ဌ
(၂) ဆာထွန်းအောင်ကျော်
(၃) ဆာပေါ်ထွန်း
(၄) ဦးမောင်မောင်ထွန်းအောင်ကျော်
(၅) ဦးအောင်ဇံဝေ
(၆) မစ္စတာ ဆူလတန်မာမူး
(၇) မစ္စတာ ဂူနီမာရ်ကံ
(၈) ကဿက ဦးဘိုးမြ
(၉) ဦးစောလှညိုတို့ ပါဝင်သည်။

အာရက္ခပါတီမှာ ရခိုင်ပြည်မှ ရွေးကောက်တင်မြှောက်လိုက်သော မင်းတိုင်ပင်အမတ်များဖြင့် ဖွဲ့စည်းထားသောပါတီဖြစ်သည်။ သို့ရာတွင် ရခိုင်ပြည်သူလူထုနှင့် ဆက်ဆံစည်းလုံးမှု မရှိပေ။ လယ်ယာမြေ ပြဿနာ၊ လယ်သမားများ၏ အရေးကိစ္စထက် မိမိတို့ အကျိုးစီးပွားကိုသာ ရှေးရှုသည်။ မိမိတို့လက်ဝယ်ရှိ လယ်ယာများ လက်မလွှတ်ရေး၊ သီးစားခရရှိရေးတို့ကိုသာ အလေးထားသည့် မင်းတိုင်ပင်အမတ်များစုက ကြီးစိုးချယ်လှယ်မှုကို တွေ့ရသည်။ ရခိုင်ရေးရာ လယ်ယာမြေ ပြဿနာများလွတ်မြောက်ရေးအတွက် စိတ်ပါဝင်စားသူများ ပါဝင်ခဲ့သော်လည်း အရာမရောက်ခဲ့ချေ။

၉၁-၃၅နအုပ်ချုပ်ရေး သက်တမ်းကာလ(၆)နှစ်အတွင်း အစိုးရအဖွဲ့ အပြောင်းအလဲ လေးကြိမ်ဖြစ်ပေါ်ခဲ့သည်။ ယင်းသို့ အပြောင်းအလဲ လေးကြိမ်စလုံးမှာ အာရက္ခပါတီဝင် မင်းတိုင်ပင်အမတ် ဆာထွန်းအောင်ကျော်နှင့် ဆာပေါ်ထွန်းတို့မှာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်ခဲ့ကြသည်။

"ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး"ကို ဖွဲ့စည်းပြီးနောက်ပိုင်းတွင် ဦးအောင်ဇံဝေကို ယင်းအစည်းအရုံး၏ ကိုယ်စားလှယ်အဖြစ် အာရက္ခ

ပါတီတွင် ဆောင်ရွက်စေသည်။ အာရက်ပါတီနှင့် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးတို့မှာ အခြေခံကပင် ကွဲပြားသည်။ သို့သော် မင်းတိုင်ပင်အစည်းအဝေးများတွင် ရခိုင်ရေးရာများအတွက် အတူတကွဆောင်ရွက်နိုင်ရန် ကိုယ်စားလှယ်အဖြစ် စေလွှတ်ခြင်းဖြစ်သည်။

## ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးပေါ်ပေါက်လာပုံ

၁၉၃၀-ခုလောက်တွင် "ရခိုင်တိုင်းလုံးဆိုင်ရာအဖွဲ့" (All Arakan League)ကို ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်သည်။ ယင်းအဖွဲ့တွင် ရှေ့နေ ဦးမြထွန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ အတွင်းရေးမှူးအဖြစ် ရှေ့နေဦးစံထွန်းအောင်က ဆောင်ရွက်သည်။ ရှေ့နေ ဦးစံထွန်းအောင် ကွယ်လွန်ပြီးနောက် ဦးအောင်သာဦးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ယင်းနောက် ဦးစံထွန်းအောင် (B.A)က ဆောင်ရွက်သည်။ ဥက္ကဋ္ဌရှေ့နေ ဦးမြထွန်း ကွယ်လွန်ပြီး နောက် ဦးသာဇံလှ (B.Sc, BL Bar-at Law)က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည်။

လူငယ်များကို ဆရာကြီး ဦးအောင်ထွန်းဦးက ဦးဆောင်ပြီး ဦးဘစံ (ဒို့လက်ရုံး)၊ ဦးစံရွှေ၊ ဦးအောင်ထွန်းမြ၊ ဆရာဦးသောကြာအောင်၊ မင်းပြားကျောင်းဆရာကြီး ဦးဘိုးစံတို့ ပါဝင်ဦးဆောင်သော "တိုင်းရင်းသားအစည်းအရုံး" တစ်ခုလုံး ရှိနေပြီဖြစ်သည်။

လူကြီးများ ဦးဆောင်သည့် "ရခိုင်တိုင်းလုံးဆိုင်ရာအဖွဲ့" (All Arakan League)နှင့် လူငယ်များဦးဆောင်သည့် "တိုင်းလုံးဆိုင်ရာ အစည်းအရုံး"တို့မှာ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုအတွက် တစုတပေါင်းတည်းဖြစ်ရန် အခြေအနေက တောင်းဆိုလျက်ရှိသည်။

ယင်းကြောင့် ဆရာတော်ဦးစိန္တာ၊ ဦးပညာသီဟ၊ ဝတ်လုံဦးသာဇံလှ၊ ဆရာကြီး အောင်ထွန်းဦး၊ ဆရာကြီးဦးအောင်သာဦး၊ ဦးစံထွန်းအောင် (B.A) ၊ ဦးဘစံ(ဒို့လက်ရုံး)၊ ဦးစံရွှေ၊ နန္ဒမာလာ ဦးထွန်းစိန်စသည့် အဖွဲ့အစည်းနှစ်ခုမှ ခေါင်းဆောင်များသည် အဖွဲ့အစည်းများ တစ်ပေါင်းတစည်း ဖြစ်မြောက်ရေးကို အကြိမ်ကြိမ် ဆွေးနွေးကြသည်။ အဖွဲ့အစည်းများကို ဖျက်သိမ်းကာတစ်ခုတည်းသော အစည်းအရုံးကို ဖွဲ့စည်းတည်ထောင်ရန် ၁၉၃၈-ခု၊ ဒီဇင်ဘာလအတွင်း စစ်တွေမြို့တန်ခိုးဆရာတော် ဦးကေတုကျောင်းတွင် ပြုလုပ်သည်။ ညှိနှိုင်းဆွေးနွေးပွဲမှ ဆုံးဖြတ်ကြသည်။ ယင်းဆွေးနွေး သဘောတူညီချက်သည် နယ်ချဲ့သမားများကို အလဲထိုးရန် စုစည်းမှုတစ်ရပ်ပင် ဖြစ်သည်။ လယ်မဲ့ယာမဲ့ ကျောမွဲများအတွက် အင်အားတစ်ရပ်ပင် ဖြစ်သည်။ ရခိုင်ပြည်သူလူထုတစ်ရပ်လုံးအတွက် မင်္ဂလာသတင်းတစ်ရပ် ဖြစ်သည်။ "ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး"

(The Arakan National Congress) ပေါ်ပေါက်လာမည့် သဘောတူညီချက်ပင် ဖြစ်သည်။

## မင်းပြားညီလာခံ

မင်းပြားညီလာခံသည် အဖွဲ့အစည်းများ ပေါင်းစည်းရေးကို ဦးတည် ကျင်းပသော လူငယ်အဖွဲ့အစည်းများ၏ ညီလာခံဖြစ်သည်။ ယင်းညီလာခံကို ၁၉၃၉-ခု၊ မေလ(၂)ရက်မှ(၃)ရက်အထိ မင်းပြားမြို့တွင် ကျင်းပသည်။ ပထမ အကြိမ်မြောက် ရခိုင်ပြည်လုံးဆိုင်ရာ လူငယ်များညီလာခံဖြစ်သည်။ ရခိုင်တိုင်းလုံး ဆိုင်ရာ တိုင်းရင်း သားအစည်းအရုံး၏ ရှေ့ပြေးညီလာခံပင်ဖြစ်သည်။ ယင်းညီလာ ခံမှ ဆရာတော်ဦးစိန္တာ၊ ပြင်ညောင် ဆရာတော်တို့အား နာယကအဖြစ် တင်မြှောက် ကြသည်။ ဆရာကြီး ဦးအောင်ထွန်းဦးအား ဥက္ကဋ္ဌအဖြစ် တင်မြှောက်လိုက်ကြ သည်။ ၁၉၃၆-ခု တက္ကသိုလ်သပိတ် ခေါင်းဆောင် ဦးဘစံ (ဒို့လက်ရုံး)၊ အယ်ဒီတာ ဦးစံရွှေတို့မှာ ထင်ရှားသည်။ ရခိုင်ပြည်တောင်ပိုင်းမှ လူငယ်ခေါင်းဆောင်များ ဖြစ်သော သခင်လှအောင်၊ ရမ္မဝတီ ဦးဘထွန်း၊ ဒေါ်အပိန်နှင့် ဦးမဲကျော်ဦးမှာလည်း တက်ကြွစွာ ပါဝင်လာကြသည်။

မင်းပြားညီလာခံသည် ရခိုင်ပြည်ရှိ လူငယ်အဖွဲ့အစည်း အားလုံးကို ဆရာတော် ဦးစိန္တာ၊ ဆရာကြီး ဦးအောင်ထွန်းဦးတို့ ဦးဆောင်မှုဖြင့် စည်းရုံး ပေါင်းစည်းနိုင်ခဲ့သည်။ ယင်းအဖွဲ့အစည်းကို "တိုင်းရင်းသားအစည်းအရုံး"ဟု ခေါ်ကြသည်။ ယင်းမှတစ် ဆင့်တက်၍ "တန်းခိုးကျောင်းဆွေးနွေးပွဲ သဘောတူ ညီချက်"ကို ပဏ္ဏာမလက်တွေ့ အကောင်အထည်ဖော်ပြလိုက်ခြင်းဖြစ်သည်။

၁၉၄၀-ခု၊ မေလတွင် ပေါက်တောမြို့မှာ ကျင်းပသည်။ ပေါက်တော ညီလာခံမှာ ရခိုင်ပြည်အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု သမိုင်းမှတ်တိုင် ဖြစ်သည်။ တန်ခိုးကျောင်းသဘောတူညီချက် အောင်မြင်စွာအကောင်အထည် ဖော်လိုက်ခြင်း ဖြစ်သည်။

ဆရာကြီး ဦးအောင်ထွန်းဦး ခေါင်းဆောင်းသော "တိုင်းရင်းသားအစည်း အရုံး"ကို ဦးသာဇံလှ ဦးစီးကြီးမှူးသော "ရခိုင်တိုင်းလုံးဆိုင်ရာအဖွဲ့"နှင့် ပူးပေါင်း လိုက်ကြသည်။ ယင်းညီလာခံမှ နာယက ဆရာတော်အဖြစ် ဦးစိန္တာနှင့် ဦးပညာသီဟတို့အား တင်မြှောက်ကြသည်။ အစည်းအရုံး၏ ဥက္ကဋ္ဌအဖြစ် ဦးသာဇံလှ၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးအောင်ထွန်းဦး၊ အတွင်းရေးမှူးအဖြစ် ဦးစံထွန်းအောင် (B.A)တို့အား တင်မြှောက်ကြသည်။ ပေါက်တောညီလာခံမှာ ရခိုင်ပြည်၏တစ်ခုတည်းသော နယ်ချဲ့ဆန့်ကျင်ရေးတစ်ဦး ဖြစ်သည်။ "ရခိုင်တိုင်း လုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး" (The Arakan National Congress) ကို အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့သည်။

ပေါက်တောဆရာတော် ဦးနာရဒ၊ ဦးစံကားအောင် (လယ်သမား ခေါင်းဆောင်)၊ ဦးမောင်မောင် (ပေါက်တော)၊ ဆရာ ဦးမောင်ကျော်ဇံနှင့် ဦးအေးသာအောင်တို့မှာ ပေါက်တောညီလာခံ ဖြစ်မြောက်ရေးအတွက် တက်ကြွစွာ ပါဝင်လှုပ်ရှားကြသူများ ဖြစ်သည်။ ဦးစံကားအောင်မှာ ယင်းညီလာခံ၏ ဧည့်ခံကြိုဆိုကော်မတီ ဥက္ကဋ္ဌဖြစ်သည်။

ရခိုင်ပြည်ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များသည် ယင်းညီလာခံ ဖြစ်မြောက်ရေး၊ ညီလာခံ လုံခြုံရေးနှင့် အောက်ခြေသိမ်း လုပ်ငန်းများကို နေ့မအား ညမနား ကူညီခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ် ရခိုင်ကျောင်းသားများ အသင်း၏ ၁၉၃၉-ခု၊ ဒီဇင်ဘာလ(၁၅)ရက်တွင် ကျင်းပသည့် အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရ ကိုမြတ်စော၊ ကိုစိန်ထွန်း၊ ကိုစောထွန်းနှင့် ကိုမြတို့အား ယင်းညီလာခံ တက်ရောက်ရန် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခဲ့ကြသည်။ တို့ဗမာအစည်းအရုံး ကိုယ်စားလှယ်အဖြစ် သခင်စိုးတက်ရောက် မိန့်ခွန်းပြောကြားသည်။

ယင်းညီလာလံမှ နယ်ချဲ့ကုမ္ပဏီများ လေးမြို့ချောင်းတွင် စက္ကူစက်တည်ထောင်ရန် ရင်းနှီးမြှုပ်နှံမှုကို ကန့်ကွက်သည့်အဆိုကို တင်သွင်းဆုံးဖြတ်ကြသည်။

မြေပိုင်ရှင်စနစ် ဖျက်သိမ်းရေးအဆိုကို ဦးစံထွန်းအောင် (B.A)က တင်သွင်းပြီး ဆရာကြီးဦးအောင်ထွန်းဦးက ထောက်ခံ၍ လယ်ယာမြေ ပြဿနာကို ကျယ်ပြန့်စွာ ဆွေးနွေး အတည်ပြုကြသည်။ ယင်းအဆိုမှာ ရခိုင်ပြည် အပါအဝင် မြန်မာတစ်ပြည်လုံး၏ လူအများစုဖြစ်သော တောင်သူလယ်သမားများအတွက် ပြတ်သားသောလမ်းစဉ်ကို ချမှတ်နိုင်ခြင်း ဖြစ်သည်။ အမျိုးသားလွတ် မြောက်ရေးအတွက် "ရခိုင်ပြည်အပါအဝင် မြန်မာတစ်ပြည်လုံး လုံးဝလွတ်မြောက်ရေး" အဆိုများကိုလည်း တညီတညွတ်တည်း ချမှတ်နိုင်ခဲ့ကြသည်။

ပေါက်တောညီလာခံသည် ရခိုင်တိုင်းရင်းသားများ ခိုင်မာကျစ်လျစ်သိပ်သည်း စည်းရုံးမှုကို ရယူနိုင်ခဲ့သည်။ ရခိုင်ပြည်၏ အဓိကလူတန်းစားဖြစ်သော တောင်သူလယ်သမားများ၏ အကျိုးနှင့် အမျိုးသားလွတ်မြောက်ရေးကို ရှေးရှုသည့် အောင်မြင်သော ညီလာခံတစ်ရပ်ပင် ဖြစ်ပေသည်။

## ကျောက်တော်ညီလာခံ

၁၉၄၁-ခု၊ မေလတွင် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံး ညီလာခံကို ကျောက်တော်မြို့၌ ကျင်းပသည်။ ယင်း အစည်းအရုံးမှာ မြန်မာပြည်မရှိ အသင်းအဖွဲ့များနှင့် မဟာမိတ်အဖွဲ့အစည်း ဖြစ်သည်။ ယင်းကြောင့် ကျောက်တော် ညီလာခံသို့ သခင်မြ (ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူကျဆုံး)နှင့် ဖနီးဒေါ်ခင်ညွန့်၊

သခင်ခင်အောင်၊ ဦးဘဝင်း (ဓားမပါတီ)နှင့် ဆရာမကြီး ဒေါ်မြစိန်တို့ တက်ရောက်ကြသည်။ ကျောက်တော်ညီလာခံသည် ရခိုင်ပြည်၏ စစ်ကြိုခေတ်နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုသမိုင်းစဉ်ကို တောက်ပြောင်စေခဲ့သည်။ ရခိုင်ပြည်တစ်ဝှမ်းလုံး အထူးသဖြင့် ရခိုင်ပြည်မြောက်ပိုင်းရှိ လူထုကို တစ်စုတည်း တစ်သားတည်း ဖြစ်စေသည်။ မြန်မာပြည်မဘက်ရှိ အသင်းအဖွဲ့အစည်းများနှင့် ပိုမိုရင်းနှီးမှုကို ရရှိစေသည်။ လယ်သမားများ၏ အားတက်သရောပါဝင်လှုပ်ရှားမှုကို တွေ့ရသည်။ လယ်သမားတပ်များဖွဲ့စည်းကာ ယင်းညီလာခံသို့ စစ်ကြောင်း(၃)ကြောင်းဖြင့် ချီတက်ပါဝင်ခဲ့သည်။ ယင်းစစ်ကြောင်းတို့မှာ-

(၁) ကျောက်တော်မြို့နယ် အရှေ့ဘက်ရှိ သရက်တစ်ပင်၊ ရွာမပြင် ညောင်ချောင်း သရီချောင်းကျေးရွာများမှ လယ်သမားတပ်။

(၂) ကျောက်တော်မြို့နယ် တောင်ဘက်ရှိ အပေါက်ဝ၊ နေပူခံ၊ ဒုက္ခခံချောင်း၊ ပန်းဖွဲ့ချောင်း၊ ကန်စောက်၊ယိုးချောင်း ကျေးရွာများမှ လယ်သမားတပ်။

(၃) ကျောက်တော်မြို့နယ် မြောက်ဘက်ရှိ ပီထု၊ ငါးဆောင်ဖက် အစရှိသော ပီချောင်းတစ်လျှောက်မှ လယ်သမားတပ်များ ဖြစ်ကြသည်။

လယ်သမားတပ်များ ညီလာခံစစ်ကြောင်းများဖြင့် ချီတက်လာရာ နယ်ချဲ့သမားများနှင့် ယင်းတို့၏လက်ပါးစေများက အမျိုးမျိုးအနှောင့်အယှက်ပေးကြသည်။ လယ်သမားခေါင်းဆောင်များဖြစ်ကြသော ဦးအောင်ထွန်းမြ၊ နန္ဒမာလာ ဦးထွန်းစိန်တို့အား ဖမ်းဆီးသည်။ ဦးအောင်ထွန်းမြအား ဖမ်းဆီးသည့်အခါ ဦးမောင်နီ (နကန်)ဆက်လက်၍ လယ်သမားတပ်များကို ဦးဆောင်တာဝန်ယူပြီး ညီလာခံသို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။ အခြားသော လယ်သမားတပ်ဖွဲ့များလည်း ညီလာခံသို့ အောင်မြင်စွာ အခက်အခဲကြားမှ တက်ရောက်ခဲ့ကြသည်။

ညီလာခံသို့ တက်ရောက်ကြသော လယ်သမားတပ်ဖွဲ့များနှင့် လူထုပရိသတ်များသည် ကျောက်တော်တစ်မြို့လုံး၏မြင်ကွင်းကို ပျားပန်းခပ်မျှ ရှိစေသည်။

ကျောက်တော်တစ်မြို့လုံးမှာလည်း ညီလာခံဖြစ်မြောက်ရေးအတွက် အင်တိုက်အားတိုက် ကူညီကြသည်။ ဦးသာဇံလှ၊ ဆရာကြီး ဦးအောင်ထွန်းဦး အစရှိသော ခေါင်းဆောင်များ၏ ဦးဆောင်မှု၊ တောင်သူလယ်သမား၏အားပေးထောက်ခံမှု၊ ကျောက်တော်မြို့သူ မြို့သားများ၏ ကူညီအားပေးမှုများကြောင့် ညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ယင်းကျောက်တော်ညီလာခံမှာ မင်းပြားပေါက်တော ညီလာခံများကဲ့သို့ လယ်ယာမြေပြဿနာနှင့်ပတ်သက်သည့်အဆိုများ၊ အမျိုးသားလွတ်မြောက်ရေးနှင့် ပတ်သက်သည့် အဆိုများကို ချမှတ်ကြသည်။ ညီလာခံကျင်းပစဉ် ဗြိတိသျှအစိုးရအား အကြည်အညို ပျက်စေရန် တရားဟောမှုဖြင့် အစည်းအရုံးဝင် မျိုးချစ်ကျော်ဦး

ကို ဖမ်းဆီးသည်။ ဆရာတော်ဦးပညာသီဟနှင့် ဦးစံရွှေ(ဒို့လက်ရုံး) တို့ကို ဖမ်းဝရမ်း ထုတ်သည်။ ညီလာခံအပြီး "တို့ဗမာအစည်းအရုံး ကိုယ်စားလှယ်" သခင်ခင်အောင် ကို စစ်တွေမြို့ရှိ ဥက္ကဋ္ဌဦးသာဇံလှနေအိမ်တွင် ကာကွယ်ရေးပုဒ်မ ၁၂၄(က)အရ ဖမ်းဆီးလိုက်သည်။ သို့ရာတွင် ကျောက်တော်ညီလာခံကား အပြည့်အဝအောင် မြင်ခဲ့သည်။

## အာရက်ကံပါတီမှ ကိုယ်စားလှယ် ရုပ်သိမ်းခြင်း

စစ်ကြိုခေတ် ရခိုင်ပြည်တွင် အဓိကအားဖြင့် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး ရှိနေသည်။ ယင်းအစည်းအရုံးသည် ရခိုင်ပြည်သူ လူထုကို နိုင်ငံရေးဦးဆောင်မှု ပေးသည်။ ရခိုင်ပြည်အပါအဝင် မြန်မာပြည် တစ်ပြည်လုံး လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသည့် အစည်းအရုံးတစ်ခု ဖြစ်သည်။ လယ်သမားများ လယ်လက်ငုတ်လက်ရင်း မပြုတ်ရေး၊ သီးစားခတိုက် ဖျက်ရေးတို့ကို အရေးဆိုတိုက်ပွဲဝင်နေသည့် အစည်းအရုံးလည်း ဖြစ်သည်။ မြန်မာပြည်မရှိ တိုးတက်သည့် အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်နေသည်။

ရခိုင်မင်းတိုင်ပင်အမတ်များ စုပေါင်းတည်ထောင်ထားသည့် အာရကံ ပါတီမှာလည်း မင်းတိုင်ပင်အစည်းအဝေး(လွှတ်တော်)တွင် ရခိုင်ပြည်၏ တစ်ခု တည်းသော ပါတီဖြစ်သည်။ ယင်းပါတီသည် လွှတ်တော်တွင်သာ လှုပ်ရှားမှုရှိ သည်။ ရခိုင်ပြည်သူလူထုနှင့် ကင်းကွာသည်။ ရခိုင်ပြည်အပါအဝင် မြန်မာပြည် တစ်ပြည်လုံး၏ အဓိကလူတန်းစားဖြစ်သော တောင်သူလယ်သမားအကျိုးကို လျစ်လျူရှုထားသည်။ လယ်ပိုင်ရှင်များဘက်မှ ရပ်တည်သော ပါတီဖြစ်သည်။ (၉၁)ဌာနအစိုးရအဖွဲ့တိုင်းမှာ အာရကံပါတီမှ အစိုးအဖွဲ့ဝင် ဝန်ကြီးရာထူးများကို ရယူနိုင်ခဲ့သည်။ သို့ရာတွင် ရခိုင်ပြည်သူလူထုအကျိုးအတွက် အရေးယူဆောင်ရွက် ချက်များကိုကားမတွေ့ရ။ မင်းတိုင်ပင်အစည်းအဝေး လွှတ်တော်တွင် လယ်ယာ ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးတိုင်း အာရကံပါတီဝင်လူများစုသည် လယ်ပိုင်ရှင် များဘက်မှသာ ကာကွယ်ပေးဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်၏ အဓိကအဖွဲ့အစည်းနှစ်ရပ်ဖြစ်သော အာရကံပါတီနှင့် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးတို့မှာ အခြေခံမှစ၍ ခံယူချက် ကွဲပြားကြသည်။ ရပ်တည်ချက်မတူသဖြင့် အမြဲတမ်းသဘောကွဲလွဲမှုများကို စစ်ကြိုခေတ်နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှု တိုင်းရင်းသားအစည်းအရုံး၏ အာရကံပါတီတွင် ကိုယ်စားလှယ်ဖြစ်သော ဦးအောင်ဇံဝေအား အစည်းအရုံး၏ ကိုယ်စားလှယ်အဖြစ် ရုပ်သိမ်းခဲ့သည်။ ကိုယ်စားလှယ် ရုပ်သိမ်းခြင်းကိစ္စနှင့်ပတ်သက်၍ မောင်ကံထူး၏ မှတ်တမ်းတွင်-

"အာရကံပါတီဥက္ကဌ ဝတ်လုံဦးရွှေသာက လွှတ်တော်ထဲ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးသည် လယ်ထောက်ခံမပေးစတမ်းဝါဒဖြစ်သည့် (No Rent Campaign) ဆိုသော စကား ကို သုံး၍ တရားဥပဒေဘောင်အတွင်း အကျုံးမဝင်သော အစည်းအရုံး (Illegal Association) အီလီဂေလ်အဆိုဇေးရှင်းအဖြစ်သို့ ရောက်သွားနိုင်စေရန် ကြေညာခြင်းကို ခံရထိုက်သောသဘောအဓိပ္ပာယ်ကို ရောက်စေသော စကားပါဝင်သည့် မိန့်ခွန်းမျိုးကို မြွက်ဟခဲ့သည်။ တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး အမှုဆောင်အဖွဲ့၏ ညွှန်ကြားချက်အရ လွှတ်တော်အစည်းအဝေးခန်းမ၌ အာရကံပါတီမှ နုတ်ထွက်ရမည့်အကြောင်းကို လုံလောက်စွာ အထောက်အထားပြ၍ ကြေညာပြီးလျှင် ဝမ်းနည်းစွာဖြင့် အာရကံပါတီမှ နုတ်ထွက်ကာ ထိုပါတီနှင့် လုံးလုံးအဆက်ဖြတ်လိုက်ရတော့ သည်"ဟူ၍ ဖော်ပြထားသည်ကို တွေ့ရပါသည်။

## သီးခြားအသွင်ဖြင့် လှုပ်ရှားမှု

ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးသည် မြန်မာပြည်ဘက်ရှိ တိုးတက်သောအဖွဲ့အစည်းများနှင့်ဆက်သွယ် ပူးပေါင်းလှုပ်ရှားခဲ့သည်။ ယင်းအဖွဲ့အစည်းများ၏ ညီလာခံများ၊ အခြားအရေးကြီးသောကိစ္စများ၊ ဆွေးနွေးရာများတွင် ကိုယ်စားလှယ်များတွင် ကိုယ်စားလှယ်များ အပြန်အလှန် စေလွှတ်ခဲ့ကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ တန်းတူရည်တူထားပြီး နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများကို လက်တွဲပါဝင်ခဲ့ကြသည်။ တူညီသော လုပ်ရပ်များကို လက်တွဲပါဝင်ခဲ့ကြသည်။ တူညီသော လုပ်ရပ်များမှာ ပူးတွဲဆောင်ရွက်ခဲ့ကြသည်။

ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးသည် ရခိုင်ပြည်၏ အနေအထားပစ္စက္ခ အခြေအနေပေါ်တွင် အခြေခံသည့် လမ်းစဉ်ကို ကျင့်သုံးသည်။ မူဝါဒကို ချမှတ်သည်။ မိမိတို့ ရေမြေသဘာဝနှင့် လက်ရှိအခြေအနေများကို မူတည်သည့် ကိုယ်ပိုင် မူဝါဒများကို ချမှတ်သည်။ အစည်းအ"အစိုးရဟူသည်ရုံးကို ဦးဆောင်သည့် သဘောတရားများကို ချင့်ချင့်ချိန်ချိန် ဝေဖန်သုံးသပ်ပြီး လက်ခံသည်လည်းရှိသည်။ ဖယ်ရှားခဲ့သည့် ကိစ္စများလည်းရှိသည်။

အစည်းအရုံးဝင်လူငယ်များ၏ မိုက်ရူးရဲဆန်သောစိတ်၊ သူရဲကောင်းဆန်သော အပြုအမူများကို အစည်းအရုံးခေါင်းဆောင်များက ထိန်းကွပ်ပေးရသည်။ ဒုတိယကမ္ဘာစစ်ဆီသို့ ဦးတည်နေသည့် အချိန်ခါမျိုးတွင် အထူးသတိထား၍ မိမိတို့အဖွဲ့အစည်း၏မူဝါဒ မတိမ်းစောင်းအောင် ကျင့်သုံးကြသည်။ ဤသည်မှာ

ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး၏ လွတ်လပ်သောမူဝါဒကို ချမှတ်ကျင့်သုံးခဲ့ကြောင်း ပေါ်လွင်ထင်ရှားသည်။

## ထွက်ရပ်ဂိုဏ်းနှင့် ဆက်သွယ်မှုများ

၁၉၄၀-ခုလောက်မှာ ဗမာ့ထွက်ရပ်ဂိုဏ်းကို ဖွဲ့စည်းသည်။ ယင်းထွက်ရပ်ဂိုဏ်း၏ မူဝါဒမှာ "အင်္ဂလိပ်အခက် ဗမာ့အချက်" ဖြစ်သည်။ ကမ္ဘာစစ်ကြောင့် အကျပ်အတည်းဖြစ်ပေါ်လာသည့် ဗြိတိသျှနယ်ချဲ့သမားများအား တော်လှန်ရေး တိုက်ခိုက်ရန် ဖြစ်သည်။ ယင်းသဘောတရားဖျားသည် ရခိုင်ကျောင်းသားခေါင်းဆောင်များထံသို့လည်းကောင်း၊ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးဝင် လူငယ်များထံသို့လည်းကောင်း ထိုးဖောက် ဝင်ရောက်လာသည်။

ယင်းမူဝါဒနှင့်ပတ်သက်၍ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံး ခေါင်းဆောင်များသည် အကြိတ်အနယ် ဆွေးနွေးခဲ့ကြသည်။ ပစ္စက္ခအခြေအနေနှင့် လိုက်လျောမှုအဖြစ် နိုင်ဆုံး ကျင့်သုံးရန် ဖြစ်သည်။ တစ်ဖက်မှာလည်း ခိုင်မာသိပ်သည်းသော အစည်းအရုံးဖြစ်ရန် လိုအပ်သည်။

တစ်ဖက်မှာလည်း အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်ပြီး အစွန်းရောက်မှုကြောင့် လူမျိုးရေးအဓိကရုဏ်းမှ ရှောင်ကွင်းနိုင်သရွေ့ ရှောင်ကွင်းနေရသည့်အခါလည်း ဖြစ်သည်။ လူမျိုးရေး အရေးအခင်းများသည် နယ်ချဲ့သမားများ၏ ဂိုဏ်းခွဲရေး၊ သင်းခွဲရေးအတွက် အကောင်းဆုံးလက်နက် ဖြစ်သည်။

တစ်ဖက်မှာလည်း ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးတွင် လက်နက်ကိုင်တော်လှန်ရေးအတွက် လိုအပ်သောပြင်ဆင်မှုများရှိသေးဟန် မပေါ်ချေ။ တပ်သားကောင်းများ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ ငွေကြေးစသည်တို့မှာလည်း ပြည့် စုံမှုမရှိသေးချေ။

ယင်းကြောင့် ဗမာ့ထွက်ရပ်ဂိုဏ်း၏ မူဝါဒကို ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး ခေါင်းဆောင်များသည် သတိနှင့်ကိုင်တွယ် ကျင့်သုံးခဲ့ကြသည်။ စွန့်စားရေးသမား လူငယ်များထံသို့ ကျယ်ကျယ်ပြန့်ပြန့် ယင်းမူဝါဒကို ချမပေးခဲ့။ သို့ရာတွင် ထွက်ရပ်ဂိုဏ်းခေါင်းဆောင်များနှင့် အမြဲဆက်သွယ်မှုရှိခဲ့သည်။ မိမိတို့ သဘောထားများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်မှာ ထင်ရှားသည်။ ယင်းသို့ ဆက်သွယ်ခဲ့ပုံများကို--

> "ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး၏ လက်ရွေးစင် ခေါင်းဆောင်များ ဖြစ်ကြသော ဆရာကြီး ဦးအောင်ထွန်း၊ ဦးသာဇံလှတို့နှင့် ကြိုတင်ဆက်သွယ်ထားကြသည့်အတိုင်း ရန်ကုန်၌ အမြဲနေထိုင်လျက်ရှိသော အစည်းအရုံး၏ကိုယ်စားလှယ် မောင်ကံထူးသည် ရခိုင်ပြည် ဘူးသီးတောင်

မြို့မှ ဦးစံထွန်းအောင် (ဆေးသမား)ကိုပါ အတူခေါ်ဆောင်၍ ပတ်လမ်း (ယခု နတ်မောက်လမ်း)၊ ဒေါက်တာ ဗမော်အိမ်၌ ဒေါက်တာဗမော် ဇနီးဒေါ်ခင်မမအပါအဝင် ဗန္ဓုလဦးစိန်၊ ဦးလှမင်း၊ ဦးဘဝင်းတို့နှင့် ဖရီးဒန်းဘလောက်(စ်) (Freedom Block) ကိစ္စရပ်များကို နှစ်ကြိမ်တိုင်တိုင် လျှို့ဝှက်စွာ စည်းဝေးဆွေးနွေးကြဖူးသည်။ ဤအချိန်ထက် အနည်းငယ်စောစွာသော အချိန်တစ်ချိန်၌ ဦးအောင်ထွန်းဦးနှင့် မောင်ကံထူးတို့သည် ရခိုင်တိုင်းလုံးဆိုင်ရာတိုင်းရင်းသားအစည်းအရုံး၏ လက်ရွေးစင်အဖွဲ့၏ကိုယ်စား ဥက္ကဌဦးသာဇံလှ လက်မှတ်ရေးထိုးထားသော (ဖရီးဒန်း ဘလောက်စ်)၏ လုပ်ရပ်များ ပါဝင်သည့် လျှို့ဝှက်စာတစ်စောင်ကို စတော့ကိတ်လမ်း၌ နေထိုင်လျက်ရှိသော သခင်နုလက်ထဲသို့ ပေးအပ်ရန် သွားရောက်ခဲ့ငြားသော်လည်း သခင်နုကို မတွေ့ခဲ့ရပေ”ဟူ၍ မောင်ကံထူးအမည်ခံ ဝန်ကြီးဟောင်း ဦးအောင်ဇံဝေ၏ ဘဝမှတ်တမ်းတွင် ဗမာ့ ထွက်ရပ်ဂိုဏ်းနှင့် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးကို ဆက်သွယ်ခဲ့ကြပုံများကို တွေ့ရပေသည်။

ဗမာ့ထွက်ရပ်ဂိုဏ်းနှင့် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံး အဆက်အသွယ်ရှိခဲ့သည်။ အထူးသဖြင့် ခေါင်းဆောင်များ ဆွေးနွေးလက်ခံခဲ့ကြသည်။ ရခိုင်၏အခြေအနေအရ အတိအလင်း ယင်းဝါဒလမ်းစဉ်ကို ဖော်ထုတ်မကျင့်သုံးခဲ့ကြောင်း စသည်များကို စာရေးသူအား ဒို့လက်ရုံးဦးစံရွှေက ပြောကြားခဲ့သည်ကို မှတ်သားဖူးသည်။

သို့ရာတွင် လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်သည် အချိန်အခါမဟုတ်သေးဟု ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်း အရုံးခေါင်းဆောင်များက ခံယူထားသည်။ ယင်းကြောင့် စွန့်စားရေး သမားလူငယ်များ၏ လက်နက်ကိုင်တော်လှန်ရေး တောင်းဆိုတင်ပြချက်ကို လက်မခံခဲ့ပေ။ ယင်းကိစ္စနှင့်ပတ်သက်၍---

> “ထိုအချိန် ထိုအခါက လက်နက်ကိုင်တော်လှန်ရေးအတွက် သင့်တော်ဆီလျော်သော အချိန်မကျရောက်မဟုတ် သေးသဖြင့်အဖွဲ့ခေါင်းဆောင်ပိုင်းက နိုင်ငံရေးသမား လူငယ်များ တင်ပြချက်ကို ပယ်ချခဲ့သည်”ဟု မောင်ကံထူး၏ ဘဝမှတ်တမ်းတွင် ဖော်ပြထားသည်ကို တွေ့ရပေသည်။

ကျောက်တော်ညီလာခံ၏ နောက်ပိုင်းအချိန်လောက်မှာ တိုင်းပြည်အငြိမ်မသက် ဖြစ်လာသည်။ အထူးသဖြင့် ၁၉၄၁-ခုနှစ် အကုန် ၁၉၄၂-ခု နှစ်ဦးပိုင်းမှာ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီး မြန်မာပြည်သို့ စစ်မီးကူးလာသည့်အချိန် ဖြစ်သည်။ ဂျပန်များ ထိုးစစ်ကြောင့် ဗြိတိသျှနယ်ချဲ့သမားများသည်

မြန်မာပြည်မှ တဆုတ်တည်း ဆုတ်နေရသည့်အချိန် ဖြစ်သည်။ ယင်းအချိန်မှာ ရခိုင်ပြည်ရှိ တိုင်းရင်းသားခေါင်းဆောင်များကို ဆုတ်ခွာရာတွင် အနှောင့်အယှက် မဖြစ်စေရန် တိုင်းရင်းသားခေါင်းဆောင်များကို ထိန်းသိမ်းထားရေးမှာ အရေးကြီးသည်။ ယင်းကြောင့် ရခိုင်တိုင်း ရင်းသားအစည်းအရုံးခေါင်းဆောင် များကို ဖမ်းဝရမ်းထုတ်သည်။ နေရာမရွေး ဖမ်းရန် အမိန့်ပေးထားသည်။

ယင်းကြောင့် ဥက္ကဋ္ဌ သာဇံလှ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ထွန်းဦး၊ ဦးထွန်းဝင်း၊ ဦးညိုထွန်း၊ ဦးစံထွန်းအောင် (ရွှေနေ)၊ ဦးမောင်နီ(နကန်)နှင့် အခြားအဖွဲ့ဝင်(၄၊ ၅)ဦးတို့သည် မီးချောင်းဖျားသို့ သွားရောက်ခိုလှုံနေရသည်။ အခြေအနေပေးလျှင် တရုတ်ပြည်အထိ သွားရောက်ရန် စီစဉ်ခဲ့သည်။ လူသူ မတွေ့ရသော တောကြီးမျက်မည်းထဲတွင် (၂)လခန့် ပုန်းအောင်နေရသည်။ အခြားသော အစည်းအရုံးခေါင်းဆောင်များသည် မိမိတို့နည်း မိမိတို့ဟန်နှင့် ပုန်းအောင်းနေရသည်။

ယင်းသို့ခေါင်းဆောင်များ ဖမ်းဝရမ်းကြောင့် ရှောင်တိမ်းနေရချိန်တွင် ကုလားရခိုင်အရေးအခင်း ပေါ်ပေါက်လာသည်။ ယင်းကြောင့် ဗြိတိသျှတို့ ဖမ်းဆီး အရေးကို အလေးမထားနိုင်ဘဲ လူမျိုးရေး အရေးအခင်းပြေငြိမ်းအောင် ငြိမ်းသတ် ပေးရသည်။ ယင်းမှာ အမျိုးသားရေးတာဝန်ကို တာဝန်သိသိ ခေါင်းဆောင်များက ထမ်းဆောင်လိုက်ခြင်း ဖြစ်သည်။

## အိန္ဒိယသို့ ခေါ်ဆောင်ခံရသူများ

၁၉၄၂-ခု၊ မေလနောက်ပိုင်းမှာ ဗြိတိသျှနယ်ချဲ့သမားများ မြန်မာနိုင်ငံမှ အပြီးအပိုင် အိန္ဒိယသို့ ဆုတ်ခွာပေးပြီး ဖြစ်သည်။ မြန်မာပြည်မှ ဗြိတိသျှနယ်ချဲ့ သမားများ ဆုတ်ခွာရာတွင် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး ဝင်များနှင့် ကျောင်းသားခေါင်းဆောင်များကို ဖမ်းဆီးပြီး အိန္ဒိယသို့ ခေါ်ယူသွား သည်။ ဖမ်းဆီးခံရသူများကို ဒကားထောင်တွင်တချို့၊ တချို့ကို ကုမ္မီလာထောင်တွင် အကျဉ်းချထားသည်။ နောက်ပိုင်းတွင် ဒုက္ခသည်စခန်းဖွင့်၍ ဒုက္ခသည်များနှင့် အတူထားသည်။

ဗြိတိသျှနယ်ချဲ့သမားများ ဆုတ်ခွာရာတွင် ဖမ်းဆီးခေါ် ဆောင်ခြင်းခံ ရသူများ နိုင်ငံရေး အကျဉ်းသမား (၂၃)ဦး ဖြစ်သည်။ ယင်းသို့ ဖမ်းဆီး ခေါ်ဆောင်ခြင်း ခံရသူများမှာ ဦးအုံးကျော် (သံတွဲ)၊ ဦးသာထွန်း (ကျောက်ဖြူ ကျောင်းသားခေါင်းဆောင်)၊ ရမ္မာဝတီ ဦးဘထွန်း၊ ဦးချက်ဖား၊ ဦးစံလှ၊ ဦးအိုးလောင် (ဦးအုံးမောင်)၊ ဦး ဖြူသာထွန်း၊ ဦးမောင်သာနို့၊ ဦးမောင်သာထွန်း (ပုဇွန်ဖယ်ရွာ)၊ ဦးအောင်သာဦး (မြောက်ဦး)၊ ရွှေနေ ဦးညို၊ ဦးလှမောင်သာ၊ မျိုးချစ် ကျော်ဦး၊

ဦးမြတ်လှမောင်၊ နန္ဒမာလာ ဦးထွန်းစိန်၊ ဆရာ ဦးသတိုးလှ၊ ဦးစံထွန်းအောင် (ဘူးသီးတောင်)၊ ဦးသာထွန်းစံ ဦးဘိုး အောင်၊ ဦးမောင်မောင်၊ ဦးမောင်ကျော်ဇံ၊ ဦးဖိုးလှနှင့် မြန်မာပြည်မှ နဂါးနီ ထွန်းရွှေတို့ ဖြစ်သည်။

အိန္ဒိယသို့ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးဝင်များ၊ ကျောင်းသားခေါင်းဆောင်များနှင့် အခြားနိုင်ငံရေးသမားများကို ဖမ်းဆီးခေါ်ဆောင် သွားရာတွင် ဆင်းရဲဒုက္ခအမျိုးမျိုး ခံရသည်။ ကုလားတိုင်းဘောင် ဒကားထောင်တွင် ချိုင့်လျှောင်ငှက်ငယ်ပမာ ခံစားလွမ်းဆွတ်ရပုံ၊ မိမိမြို့ရွာကို တမ်းတပူဆွေးရင်း တိဒုက္ခကြောင့် မြောက်ဦးမြို့မှ ဦးအောင်သာဦး ဘဝတစ်ပါးသို့ ပြောင်းခဲ့ရပုံတို့ကို ကိုယ်တိုင်ပါဝင်ဖမ်းဆီးခြင်းခံခဲ့ရသူ စာဆိုရှင် သတိုးထောင်လှ အမည်ခံ ဆရာ ဦးတိုးလှက----

"မိုက်ဂုဏ်ပြုလျက်၊ ဒေသဝေးစွာ၊ အိန္ဒိယာသို့၊ ဖမ်းကာရွှေ့ပြောင်း၊ စစ်တကောင်းမှာ၊ လူပေါင်းနှစ်ဆယ်၊ သုံးဦးကယ်တို့၊ သွယ်သွယ်တင့်ကြောင်း၊ အောင်ဆုတောင်းလျက်"ဟူ၍လည်းကောင်း-

"ဘာသာမျိုးပြား၊ အားလုံးခြားသည်၊ ကုလားတိုင်းဘောင်၊ ဒကား ထောင်မှ၊ ချိုင့်လှောင်ငှက်ငယ် လွမ်းဆွတ်နယ်သို့"ဟူ၍ လည်းကောင်း---

"တိဒုက္ခကြောင့်၊ ဦးအောင်သာဦး၊ မြို့မြောက်ဦးမှ၊ တ တတဖြင့်၊ ဘဝပြောင်းကာ ဆုံးရပါရှင့်"ဟူ၍ လည်းကောင်း ထောင်တွင်ကဗျာကို စီကုံးစပ်ဆိုခဲ့သည်။

ယင်းတို့ ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးဝင်များ၊ ကျောင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးသမားများကို ဖမ်းဆီးပြီး ခေါ်ဆောင် ခြင်းမှာ ဗြိတိသျှတို့၏ မိုက်ဂုဏ်ကို ပြလိုက်ခြင်း တစ်ရပ်ပင် ဖြစ်သည်။

## ခေါင်းဆောင်များ၏ အရည်အသွေး

ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးသည် ရခိုင်ပြည် အပါ အဝင် မြန်မာပြည်တစ်ပြည်လုံး လွတ်မြောက်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ လယ်ယာ မြေပြဿနာများ ဖြေရှင်းရေးအတွက် အစဉ်တစိုက် တိုက်ပွဲဝင်ခဲ့ ကြသည်။ ယင်းမှ သွေဖည်၍မသွားခဲ့။ ယင်းကြောင့် စစ်ကြိုခေတ်ရခိုင်ပြည် အမျိုးသားလွတ်မြောက် ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုဖြစ်စဉ်ကိုလေ့လာလျှင် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးနှင့် ယင်းအစည်းအရုံး ဝင်ခေါင်းဆောင်များကို ချန်လှပ် ထား၍ မရပေ။ အစည်းအရုံး ခေါင်းဆောင်များသည် ရခိုင်ပြည် ကောင်းကျိုး အတွက် အနစ်နာခံပြီး ဆောင်ရွက်ခဲ့ကြသည်။ ကိုယ်ကျိုးစွန့်လွှတ်ခဲ့ကြသည်။ အချင်းချင်း စည်းစည်းရုံးရုံးနှင့် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ် မြောက်ရေး

အတွက် ဦးဆောင်မှုကို ပေးခဲ့သည်။ ယင်းသို့ ရခိုင် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးခေါင်းဆောင်များ၏ ဦးဆောင်မှု အပိုင်းကို ယင်းခေတ် ယင်းကာလမီ လိုက်သူများ၊ စစ်ကြိုခေတ် ရခိုင်ပြည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ် မြောက်ရေးသမိုင်းကိုလေ့လာသူများ သိရှိကြသည်။

ခေါင်းဆောင်များ၏ အနစ်နာခံခဲ့ပုံ၊ ကိုယ်ကျိုးစွန့်လွှတ်ပုံ၊ စည်းစည်း ရုံးရုံးနှင့် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးအတွက် ဦးဆောင်မှု ပေးခဲ့ပုံတို့ကို "ရခိုင်အသံသတင်းစာ"တွင် ကျေးဇူးသိ အမည်ခံဆောင်းပါးရှင် တစ်ဦးက "ရခိုင်ပြည် ကျေးဇူးရှင်များကို ဖော်ထုတ်ကြလော" ဆောင်းပါးတွင် စေ့စေ့စုံစုံ ဖော်ပြထားသည်။ ယင်းဆောင်းပါးမှ အချို့ကို ထုတ်နုတ်ပြီး အောက်ပါ အတိုင်း ဖော်ပြလိုက်ပါသည်။

## ဥက္ကဋ္ဌကြီး ဦးသာဇံလှ

ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအဖွဲ့ဥက္ကဋ္ဌကြီး ဦးသာဇံလှသည် ရခိုင်ပြည်အတွက် အများဆုံးအနစ်နာခံခဲ့သူဖြစ်ကြောင်းကို အသိဉာဏ်ရှိသူတိုင်း မည်သူမျှ ငြင်းနိုင်မည် မဟုတ်။ ဦးသာဇံလှသည် အခြားပညာတတ် ပစ္စည်းရှင် သူဌေးများကဲ့သို့ ဆင်းရဲသားလည်ချောင်းသွေးဖြင့် ခြေထောက်မဆေးခဲ့ချေ။ ဆင်းရဲသား ရခိုင်လူထုအတွက် ပစ္စည်းရောလူပါ အနစ်နာခံခဲ့လေသည်။ ရခိုင်တစ် ပြည်လုံး၌ လုပ်ခဲ့သမျှသော နိုင်ငံရေးလုပ်ငန်းများ၏ ကုန်ကျစရိတ် ထက်ဝက်ခန့်ကို ဦးသာဇံလှ တစ်ဦးတည်းအကုန်အကျခံခဲ့ရသည်။ မိမိစီးပွားရေးလုပ်ငန်းဟူသမျှကို လုံးလုံးစွန့်လွှတ်၍ နိုင်ငံရေးလုပ် ငန်းထဲသို့ ခြေစုံပစ်ဝင်ရောက်ခဲ့သူမှာ ဥက္ကဋ္ဌကြီး ဦးဇံလှပင် ဖြစ် သည်။ ဦးသာဇံလှသည် နိုင်ငံရေးလုပ်ငန်း၌ ပစ္စည်းပစ္စယ အကုန် အကျခံခြင်း၌သာ မဟုတ်။ ကိုယ်ထိလက်ရောက်လုပ်ကိုင်ရာ၌လည်း သူမတူအောင် သတ္တိရှိခဲ့သူတစ်ဦး ဖြစ်သည်။ နိုင်ငံရေး သမားပီပီ နေထိုင်စားသောက်ရေး၌လည်း တကယ်ခြိုးခြံနိုင်သူ တစ်ဦးဖြစ်သည်။

## ဦးအောင်ထွန်းဦး

ဆရာကြီးဦးအောင်ထွန်းဦးသည် ဦးသာဇံလှနှင့်လက်တွဲကာ တိုင်းရင်း သား အစည်းအရုံးကြီးကို ထူထောင်ခဲ့ရာတွင် များစွာအနစ်နာခံခဲ့သည်။ ဦးအောင်ထွန်းဦးမှာ ဦးသာဇံလှကဲ့သို့ ပစ္စည်းပစ္စယ မချမ်းသာသော်လည်း ရခိုင် လူငယ်များ ကြည်ညိုမှုကို ခံယူရသူတစ်ဦး ဖြစ်၏။ ရိုးသားခြင်း၊ တည်ကြည်ခြင်း၊ လုပ်ရဲခြင်းဂုဏ်အင်္ဂါရပ်တို့ဖြင့် ပြည့်ဝသူဖြစ်သည်။ စကားပြောရာ၌ တည်တည်

ပြောတတ်သည်။ ပြောလိုက်သောစကားမှာ တစ်လုံးချင်းသော်လည်းကောင်း၊ တစ်ပုဒ်လုံးကိုသော်လည်းကောင်း အလွန်အဓိပ္ပာယ်လေးနက်သည့် ကျောက်တော် ညီလာခံကျင်းပချိန်၌ ဦးအောင်ထွန်းဦးက စာရေးသူအား ပြောခဲ့သောစကားကို ယခုထိကြားယောင်လျက် ရှိသေးသည်။ ကျောက်တော်ညီလာခံကြီးသည် ရခိုင်ပြည် နိုင်ငံရေးရာဇဝင်၌ အစည်ကားဆုံးသော ညီလာခံကြီးဖြစ်သည်။ ဦးအောင်ထွန်းဦး သည် တိုင်းပြည်ပျက်စီး၍ ဂျပန်အုပ်ချုပ်ရေး ချခဲ့ချိန်ထိ အသက်ရှိသမျှ ရခိုင်ပြည် ကြီးအား ထိန်းသိမ်းထားခဲ့သည်။ ရခိုင်လူထုရှေ့မှ မကြောက်မရွံ့မားမားရပ် ဆောင်ရွက်နေချိန်တွင် ပုံးဒဏ်ကြောင့် သေဆုံးခဲ့သည်။ ဦးအောင်ထွန်းဦး၏ အလောင်းကို စစ်တွေမြို့ဝက်ပါတွင်း ထောင့်နားတစ်နေရာတွင် မြှုပ်ထား၍ ထိုနေရာ၌ ဗောဓိပင်ကလေး တစ်ပင်စိုက်ရှိ၏။ “အမျိုးသားအောင်ပွဲနေ့တိုင်း၌ ကျောင်းဆရာဦးသတိုးလှနှင့် ၎င်းတပည့်ကျောင်းသူကျောင်း သားများတို့ ဦးအောင်ထွန်းဦး အလောင်းမြှုပ်ရာသို့ သွားရောက်အလေးပြုခြင်းမှတစ်ပါး မည်သူမျှဂရုမစိုက်ကြချေ”ဟူ၍ ကျေးဇူးသိအမည်ခံ ဆောင်းပါးရှင်က မိမိတို့၏ ခေါင်းဆောင်များအား ကျေးဇူးသိ၍ သစ္စာရှိရှိဖြင့် ခေါင်းဆောင်များ၏ အရည် အသွေးကိုအရှိအတိုင်း ဖော်ထုတ်ရေးသားခဲ့သည်ကို တွေ့ရပါသည်။

(ဤစာတမ်း ဖြစ်မြောက်ရေးအတွက် လိုအပ်သရွေ့ စာအုပ်စာတမ်း မှတ်တမ်းများ ငှားရမ်းခြင်း၊ မိမိတို့ ကိုယ်တွေ့ဖြစ်ရပ်များကို ပြောပြသည့် ဘကြီး ဦးအောင်ဇံဝေ၊ ဦးအောင်သာဦး (သမိုင်း သုတေသီ)၊ ဦးစံထွန်းအောင် (ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး မင်းကြီးဟောင်း)၊ ဦးမဲကျော်ဦး၊ ဦးမောင်နီ(နကန်)နှင့် ဆရာဦးချိုးဒိုးတို့အား အထူးကျေးဇူးတင်ရှိပါသည်။)

## ကိုးကားသည့် စာတမ်းများ

(၁) မောင်ကံထူးမှတ်စု (A Survior's Memoir) လက်ရေးမူ
(ဝန်ကြီးဟောင်း ဦးအောင်ဇံဝေ မှတ်တမ်း)

(၂) ဆရာဦးချီးဒိုး "ကျောက်တော် အမျိုးသားကျောင်း"
(အကြိမ် ၅၀-မြောက် အမျိုးသားနေ့ ရွှေရတုသဘင်အတွက် ဓမ္မာရုံ ကျောင်းသားဟောင်းများ စုပေါင်းဖြန့် ချိသည်။ ၁၉၇၀-ခု)

(၃) သတိုးထောင်လှ "အိန္ဒိယပြည် ဒါကာမြို့ ထောင်တွင်းကဗျာ"
ဧညဝတီမဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၁) ၁၉၅၁-၅၂။

(၄) Rai Aung Daing "Political History of Arakan"
ဧညဝတီမဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၁) ၁၉၅၁-၅၂။

(၅) Tun Hline, "Reports Rangoon University Aarkan Student's Association"(တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်း ဧကတိံသတွဲနံပါတ် ၁၊ ၁၃၀၁ ခုနှစ်၊ တပေါင်းလ)

(၆) ကျေးဇူးသိ "ရခိုင်ပြည် ကျေးဇူးရှင်များကို ဖော်ထုတ်ကြလော"
ရခိုင်အသံ သတင်းစာ၊ ရက်စွဲ---

**ရခိုင်မဂ္ဂဇင်း အမှတ်(၈)မှ**

**ထွန်းအောင်(ဘောင်းဒွတ်)**
**၁၉၈၃-ခု၊ စက်တင်ဘာလ (၂၆)ရက်။**

# ဗြိတိသျှစွာစစ်

## ထွန်းအောင် (ဘောင်းဒွတ်)

မြန်မာနိုင်ငံမှ ဆုတ်ခွာရသည့် အဖြစ်အပျက် အကြောင်းအကျိုးကို ရှင်းလင်းတင်ပြရာတွင် ရခိုင်မှာဖြစ်ပျက်ခဲ့သည့် အကြောင်းခြင်းရာများကို မဖော်ပြ၍ပြည့်စုံမည် မဟုတ်၊ အထူး သဖြင့် စစ်တွေဆိပ်ကမ်း အဖြစ်အပျက်များကို စေ့စုံစွာ ဖော်ပြမှသာ ပြည့်စုံမည် ဖြစ်သည်။

စစ်တွေမြို့သည် ဥပေက္ခာပြုထားသော အရေးမထားသည့် မြန်မာနိုင်ငံသို့ ဝင်ရန် လမ်းပေါက်တစ်ခု ဖြစ်သည်။ အိန္ဒိယနိုင်ငံနှင့် အနီးကပ်ဆုံးတည်ရှိနေခြင်း ကြောင့် လေတပ်အတွက် တန်ဖိုးရှိပေသည်။ ယင်းအပြင် ဘင်္ဂလားပင်လယ် အောက်တွင် စစ်တွေမြို့တည်ရှိနေခြင်းကြောင့် အသင့်အတင့် အရေးပါနေသော အနေအထားတွင် ရှိနေပေသည်။ ယင်းလိုအပ်ချက်တစ်ရပ်ကို သူတို့အတွက် ငြင်းပယ်ရန် မဖြစ်နိုင်ချေ။ စစ်ဌာနချုပ်များတည်ရှိရာ အိန္ဒိယနိုင်ငံသည် ကာကွယ် ရေးအတွက် စစ်တွေမြို့ကို တိုက်ရိုက် တာဝန်ထိန်းသိမ်းထားရသည်။ ယင်းအပြင် စစ်တွေမြို့သည် စပါးထုတ်လုပ်သည့် ဧရိယာနယ်ပယ်ဖြစ်ပြီး ဆန်စက်များရှိ၍ ရခိုင်ပြည်၏ အဓိကဆန်စပါးတင်ပို့ရာ ဒေသဖြစ်သည်။

ဂျပန်များ မြန်မာနိုင်ငံကို ဝင်ရောက်သိမ်းပစ်ပြီး ရန်ကုန်ကျ ဆုံးခြင်းသည် ပင် စစ်တွေအတွက် အရေးပါသော အကျိုးသက် ရောက်မှု မဟုတ်ချေ။ ၁၉၄၂ခု၊ ဇန်နဝါရီလကုန်ပိုင်းမှာ စစ်တွေမြို့တွင် ကာကွယ်ရေးအင်အားတိုးလာသည်။ တပ်ရင်း (၁၄) အမှတ်(၇) ရာဇပုတ်တပ် ရောက်ရှိလာခြင်းကြောင့် ဖြစ်သည်။ ယင်းရာဇပုတ်တပ်မှ အမှတ်(၂၃)အစောင့်တပ်ဖွဲ့ကို အနားပေးရန်အတွက် ရောက်ရှိလာခြင်း ဖြစ်သည်။

## စစ်တေးဒုက္ခသည်များ စခန်းမြို့

ရန်ကုန်နှင့် အောက်မြန်မာပြည်မှ ဒုက္ခသည်များသည် စစ်တွေဆိပ်ကမ်းတွင် ပြည့်ကျပ်လျက်ရှိသည်။ ပြည်မှတောင်ကုတ် တောင်ကြားလမ်းအတိုင်း ရခိုင်ကမ်းမြောင်ဒေသကို ကျော်ဖြတ်လာ သူများဖြစ်သည်။ ဖေဖော်ဝါရီလအတွင်း ဘုရင့်လေတပ်မတော်သည် ရန်ကုန်လေယာဉ်ကွင်းမှ ဆုတ်ခွာလာရပြီး ဖြစ်သည်။ ယင်း လေတပ်မတော်သည် စစ်တွေမြို့သို့ ရောက်ရှိလာခြင်းဖြင့် ထပ်ပြီး အင်အားတိုးစေခဲ့သည်။

ဂျပန်များ ရန်ကုန်ကို သိမ်းပစ်ပြီးနောက် စစ်တွေမြို့တွင် ဘုရင့်ရေတပ်ကို ရေတပ်ဗိုလ်မှူးချုပ် ဂရာဟမ်၏ အုပ်ချုပ်မှု အောက်တွင် မြန်မာနိုင်ငံ ကမ်းရိုးတန်းအတွက် ဖွဲ့စည်းသည်။ အိန္ဒိယဘုရင့်ရေတပ်မတော်မှ 'ဆလပ်ဂျီ'နှင့် 'အိန္ဒူ' သင်္ဘောများအပြင် အပေါ့စားရေတပ်သုံးကာကွယ်ရေးသင်္ဘော လေးစင်းတို့မှာလည်း စစ်တွေဆိပ်ကမ်းတွင် ဆိုက်ကပ်လျက် ရှိသည်။ မော်တာ အမြောက်များပါသော သင်္ဘောငါးစင်းဖြင့် ဗမာဘုရင်ရေတွင် အပျော်တမ်း အရန်တပ်ဖွဲ့အမည်ခံယူထားသည့် တပ်မှာလည်း ရန်သူများ စိမ့်ဝင်လာမှုကို ကာကွယ်ရန်ကမ်းခြေတွင် ရှိနေသည်။ သို့ရာတွင် ယင်းတပ်ဖွဲ့မှာ လုပ်ငန်းအတွက် လုံလောက်မှုမရှိပေ။ မြန်မာပြည်မှ ထုထည်အင်အားနှင့် စီးဝင်ဆုတ်ခွာလာနေသော ဒုက္ခသည်များကို အားသွန်ပြီး စစ်ဆေးရန်မှာ ယင်းတို့အတွက် အခက်အခဲတစ်ရပ်ပင် ဖြစ်နေပေသည်။ မတ်လနှင့် မေလအစပိုင်းတွင် ဒုက္ခသည် သုံးသောင်းငါးထောင်ကို စစ်တွေနှင့် ကျွန်းငယ်ရှိ ကျောက်ဖြူဆိပ်ကမ်းတို့မှ ရေကြောင်းဖြင့် အိန္ဒိယသို့ ပို့ဆောင်ပေးခဲ့ရသည်။

## တပ်အင်အား ဖြည့်တင်းခြင်း

စစ်တွေမြို့သည် လေတပ်အခြေခံစခန်းဖြစ်သဖြင့် အရေးပါ သောကြောင့် အင်အားထပ်မံဖြည့်တင်းရန် မတ်လအစောပိုင်းက ဆုံးဖြတ်ခဲ့ကြသည်။ အမှတ်(၁၀၉)တပ်မဟာဌာနချုပ်နှင့် လိုက်လျောညီထွေစွာ အမှတ်(၉)ဂျတ်တပ်နှင့် တပ်ရင်း(၉)အမှတ်(၇) ရာဇပုတ်တို့ကို လေယာဉ်ပစ်သေနတ်များနှင့်အတူ စစ်တွေသို့ ပေးပို့ထားပြီး ဖြစ်သည်။ ယင်းတို့မှာ ၁၉၄၂-ခု၊ မတ်လ (၁၈)ရက်နေ့က ရောက်ရှိသည်။

၁၉၄၂-ခု၊ မတ်လ (၂၃)ရက်နေ့တွင် ဂျပန်များသည် ကပ္ပလီကျွန်းကို သိမ်းယူသည်။ အစောင့်တပ်ငယ်ကို မတ်လ(၁၂)ရက်နေ့ကပင် ဆုတ်ခွာရန် အမေရိကန်၊ ဗြိတိသျှ၊ ဒတ်ချ်၊ ဩစတြေးလျ (တပ်ပေါင်းစု)၏ အမိန့်အရ ဆုတ်ခွာခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ဂျပန်များသည် မတ်လ(၂၃)ရက်နေ့ မတိုင်မီ

အထိ မသိမ်းဖြစ်သေး ချေ။ ရန်ကုန်သို့ လုံခြုံရေးအတွက် အရေးတကြီး ဖွဲ့စည်းထား သည့် သင်္ဘောများ ဝင်နေကြသည်ကို ဂျပန်များအား မကာကွယ်နိုင်သေး သဖြင့် ဖြစ်သည်။ နောက်အကြောင်းအချက်တစ်ခုမှာ ရန်ကုန်မှဆုတ်ခွာရေး အနေအထား ပြဿနာတစ်ရပ်ပင် ဖြစ်ပေသည်။

## လေကြောင်းမှ တိုက်ခိုက်ခြင်း

၁၉၄၂-ခု၊ မတ်လ(၂၃)ရက်နေ့တွင် စစ်တွေမြို့ကို လေကြောင်းမှ နှစ်ကြိမ် တိုင် အပြင်းအထန်လာရောက်တိုက်ခိုက်သည်။ ယင်းတိုက်ခိုက်မှုမတိုင်မီကလည်း မကွေးလေယာဉ်ကွင်းကို တိုက်ခိုက်ခြင်းခံရသည်။ ယင်းတိုက်ခိုက်မှုများမှာ ဗြိတိသျှလေတပ် မြန်မာပြည်မှ ပျောက်ကွယ်စေရန် သဘောပင် ဖြစ်သည်။ တစ်ခု တည်းသော စစ်တွေလေယာဉ်ကွင်းကို တိုးတက်ပြုပြင်ရန် ဆုံးဖြတ် ကြသည်။

အမှတ်(၁၀၉)တပ်မဟာ ဌာနချုပ်နှင့် အသစ်ရောက်ရှိလာသော တပ်ရင်း နှစ်ရင်းကို ချက်ချင်းရုပ်သိမ်းလိုက်သည်။ အစောင့် တပ်များအဖြစ် တပ်ရင်း (၁၄) အမှတ်(၇) ရာဇပုတ်တစ်တပ်၊ အမှတ်(၆၇)အကြီးစားလေယာဉ်ပစ်တပ်မှ တပ်စိတ် တစ်စိတ်၊ အမှတ်(၁) အိန္ဒိယအသေးစား လေယာဉ်ပစ်တပ်မှ တစ်ဖွဲ့နှစ်ဖွဲ့ ကျန်ရှိ နေသည်။

## စစ်အုပ်ချုပ်ရေး ထူထောင်ခြင်း

၁၉၄၂-ခု၊ မတ်လ(၂၃)ရက်နေ့ နောက်ပိုင်းတွင် စစ်တွေလေယာဉ်ကွင်း၊ သင်္ဘောဆိပ်နှင့် ရေတပ်စခန်းများမှာ ဂျပန်လေယာဉ်များ၏ မကြာမကြာ လာရောက် တိုက်ခိုက်ခြင်း ခံနေရသည်။ ယင်းလေကြောင်းမှ တိုက်ခိုက်မှုများ ကြောင်း စစ်တပ်ရော အရပ်သားများပါ စိတ်ဓာတ်ကျဆင်းလာကြသည်။ မြောက်မြားစွာသော တပ်ဖွဲ့များနှင့် ပုလိပ်များမှာ မိမိတို့ဌာနများမှ စွန့်ခွာထွက်ပြေး ကြသည်။ ရခိုင်တိုင်းမင်းကြီးနှင့် နယ်ဘက်အရာရှိအားလုံး နီးပါးတို့သည် ရေတပ်နှင့် စစ်ဘက်မှအာဏာပိုင်များက တားဆီးသော် လည်း ၁၉၄၂-ခု မတ်လ(၃၀)ရက်တွင် စစ်တွေမြို့မှ ထွက်ခွာသွားကြသည်။ စစ်တွေခရိုင်ဝန်နှင့် လက်ရွေးစင်ကြေးနန်း အရာရှိ အချို့တို့သာ သူတို့လုပ်ငန်းဌာနတွင် ကျန်ရှိနေကြတော့သည်။ ရခိုင် တိုင်းတစ်ခုလုံး နယ်ဘက်အုပ်ချုပ်ရေးမှာ လုံးဝချုပ်ငြိမ်းသွားပြီ ဖြစ်သည်။ မီးရှို့မှုများ မှာလည်း မကြာခဏဆိုသလို ဆိပ်ကမ်းတွင် ဖြစ်ပွားနေသည်။ ဆန်စက်များ မီးလောင်မှုများ ဖြစ်ပွားသည်။ မီးအကြီးအကျယ် လောင်ကျွမ်းမှုသည် မြန်မာ့ရေနံ ကုမ္ပဏီလီမိတက် (ဘီအိုစီ)၏ အရေးပါသည့် ရေနံဆီလှောင်ကန်များကို

ခြောက်လှန့်နေပေသည်။ အရပ်သားများ မငြိမ်သက်မှုမှာ စစ်တွေ ရခိုင်တစ်တိုင်းလုံးမှာ တိုးပွားလာပေသည်။ ၁၉၄၂-ခု၊ ဧပြီလ ၁၃ ရက်နေ့မှာ စစ်တွေမြို့နှင့်ကျွန်းတစ်ခုလုံးကို စစ်အုပ်ချုပ်ရေး အောက်တွင် ထားရှိလိုက်သည်။

## တော်လှန်ပုန်ကန်မှုမြင်ကွင်းများ

မြန်မာပြည်ဘက်မှ စစ်ပြေးများဖြစ်ကြသော နယ်ခြားတပ်ဖွဲ့၊ တပ်သားများနှင့် ဗမာ့စစ်ပုလိပ်များသည် ဆူပူလှုပ်ရှားနေသော ရခိုင်များနှင့် ပူးပေါင်းသွားကြသည်။ ယင်းဆူပူလှုပ်ရှားနေသည့် ဂိုဏ်းသည် အိန္ဒိယအမျိုးသားများ၊ အထူးသဖြင့် မိန်းမများနှင့် ကလေးများအား (အစုလိုက်အပြုံလိုက်) သတ်ဖြတ်မှု၊ ဂုတ်ပီတောင်တွင် ၁၉၄၂-ခု၊ ဧပြီ (၁၄)ရက်နေ့က ဖြစ်ပွားခဲ့သည့် ကျောက်တော်တောင်ပိုင်းနှင့်ကုလားတန်မြစ် အရှေ့ပိုင်းတို့တွင် အထွေထွေ မငြိမ်သက်မှုများဖြစ်ပေါ်ခဲ့သည်။ ဧပြီလ အလယ်လောက်တွင် မငြိမ်သက်မှုများ လွှမ်းမိုးလာသည်။ ယင်းဆူပူလှုပ်ရှားမှုမှာ တော်လှန်ပုန်ကန်မှုဟု အသေအချာ ယူဆနိုင်သည့် ပုံပန်းမြင်ကွင်း ဖြစ်လေသည်။ ကင်းလှည့်နေသော ရာဇပုတ်စစ်သားများသည် သခင်ပါတီဝင်များ၊ အခြားသူများနှင့် တိုက်ပွဲငယ်များ ဖြစ်ပွားခဲ့သည်။

## စရှိုင်ဝန်၏ နောက်ဆုံးကြေးနန်း

၁၉၄၂-ခု၊ ဧပြီလ (၂၁)ရက်နေ့တွင် စစ်တွေခရိုင်ဝန်သည် မြန်မာပြည်အစိုးရထံသို့ ကြေးနန်းတစ်စောင် ပေးပို့ခဲ့သည်။ ယင်း ကြေးနန်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

> "ဤကြေးနန်းသည် စစ်တွေခရိုင်၏ အခြေအနေကို အစီရင်ခံစာ ဖြစ်သည်။ ပြောင်တော်လှန်ပုန်ကန်မှု အခြေအနေမှာ ရှိနေသည်ကို နှိမ်နင်းရန်မှာ စစ်ရေးအရသာ ဖြစ်တော့မည်။ နယ်ဘက် အုပ်ချုပ်ရေး ပျက်ပြားနေချိန်မှာ ကျန်ရှိနေသော ပုလိပ်အဖွဲ့မှာလည်း အလွန်အကျွံအားထားရသည့် အနေအထား မရှိတော့ပေ။ ကျောက်တော်နှင့်စစ်တွေခရိုင်ခွဲရှိ သူပုန်ဂိုဏ်းများကို နယ်ခြားတပ်ဖွဲ့မှ စစ်ပြေးများက လက်နက်ခဲယမ်းမီးကျောက်များ အမြောက်အမြားထောက်ပံ့နေသည်။ အစွန်းရောက်ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးဝင်များသည် မရေတွက်နိုင်သော အသက်စည်းစိမ်ဥစ္စာများကို လုယူဖျက်ဆီးသတ်ဖြတ်ကြသည်။ မီးရှို့မှုများ၊ လုယက်တိုက်ခိုက်မှုများသည် အကွပ်အညှပ်မရှိသော အခြေအနေ ဖြစ်နေသည်။ ယင်းအခြေအနေမှာ ရန်သူများ စိမ့်ဝင် နိုင်ရန် ပြင်ဆင်ပေးနေမှုပင် ဖြစ်ပေသည်။

## ဂျပန်များ မင်းပြားသို့ချီတက်

စစ်တွေမြို့စောင့်တပ်ဖွဲ့နှင့် ရေတပ်မမှစောင့်ရှောက်ကင်းလှည့်မှုရှိနေသော်လည်း လုံခြုံရေးအတွက် ပြည့်စုံလုံလောက်မှု မရှိတော့ပေ။ ဖြစ်ပေါ်နေသော အခြေအနေအတွက် ထိရောက်မှု မရှိတော့ပါ။ ၁၉၄၂-ခု၊ ဧပြီလ (၁၁)ရက်နေ့က ကျောက်ဖြူမြို့နယ်တွင် ကင်းလှည့်နေသည့် ရေတပ်မှ သတင်းရရှိသည်။ ယင်းရက်မတိုင်မီနေ့က မြန်မာတပ်သား (၂၅၀)နှင့် ဂျပန်အရာရှိများသည် တောင်ကုတ်သို့ ရောက်ရှိနေခြင်းကြောင့် ဖြစ်သည်။ သူတို့မှာ သင်္ဘောများ၊ ဘုတ်များ ရှိနေသည်။ ယင်းအဖွဲ့သည် ကမ်းရိုးတန်းတစ်လျှောက် အမ်းမှ သူပုန်ဌာနချုပ်တစ်ခုဖြစ်သော မင်းပြားသို့ ချီတက်လာကြသည်။

## မင်းပြားမှ စစ်တွေသို့

ဧပြီလကုန်ပိုင်းတွင် ဂျပန်တို့ လေကြောင်းလှုပ်ရှားမှုများ တိုးပွားလာကြသည်။ ရန်သူတပ်ဖွဲ့များသည် မင်းပြားဧရိယာတွင် စုစည်းပြီး စစ်တွေသို့ ချီတက်ရန် ပြင်ဆင်နေသည်မှာ သံသယ မဖြစ်နိုင်တော့ပေ။ ဗမာဘုရင်ရေတပ် အပျော်တမ်းအရန်တပ်ဖွဲ့မှ မော်တာတပ်ဆင်ထားသော သင်္ဘောနှစ်စင်းနှင့် ယင်းတပ်ဖွဲ့တို့သည် ၁၉၄၂-ခု၊ မေလ (၁)ရက်နေ့တွင် မင်းပြားအနီး တိုက်ပွဲ ဖြစ်ပွားခဲ့ကြသည်။ လက်နက်ကြီး လေးလက်ကို ယင်းတိုက်ပွဲတွင် အသုံးပြုကြောင်း တွေ့ရသည်။ ထိခိုက်ဒဏ်ရာရသူများ၊ သေကျေသူများကို သင်္ဘောပေါ်တွင်တွေ့ရသည်။

နောက်တစ်ရက်တွင် ရန်သူတပ်ဖွဲ့များသည် ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့များတွင် ရောက်ရှိကြသည်။ ယင်းနေ့ ညနေဘက်တွင် ရာဇပုတ်တို့အားသင်္ဘောဖြင့် ကင်းလှည့်စေပြီးရန်သူ တို့အား စုံစမ်းစေသည်။ ၁၉၄၂-ခု၊ မေလ (၃)ရက်နေ့ နံနက်ပိုင်းမှာ ပုဏ္ဏားကျွန်းအောက်နားတွင် ယင်းသင်္ဘောများကို စက်သေ နတ်ဖြင့် ပစ်ခတ်ခြင်း ခံရသည်။ အပြန်အလှန် တိုက်ပွဲတွင် နှစ်ပေါင်ဒါ အမြောက်လက်နက်ကို အသုံးပြုကြသည်။

## စစ်တွေမြို့ပေါ် မိုးမိုးရွာ

ယင်းနေ့မှာ စစ်တွေမြို့ကို လေကြောင်းမှ တိုက်ခိုက်သည်။ ဗုံးကြဲလေယာဉ်အစင်း (၂၇)စင်းပါဝင်သည်။ အဆိုပါလေကြောင်း တိုက်ခိုက်မှုကြောင့် အဆောက်အအုံများ၊ စစ်စတိုးနှင့် ပစ္စည်းများ၊ စားနပ်ရိက္ခာများ၊ မော်တာနှင့် ကယ်ရီယာ လေးလက်ပါ ပျက်စီးစေသည်။ အစောင့်တပ်ဖွဲ့ လက်နက်ခဲယမ်းမီးကျောက်များသည်လည်း မီးလောင်ပျက်စီးခဲ့ရသည်။ သေကျေ ဆုံးရှုံးသူပေါင်း (၂၀)ခန့်ရှိသည်။

စစ်တွေမြို့စောင့်တပ်ဖွဲ့၏ အဓိကတာဝန်မှာ လေယာဉ်ကွင်းကို အတတ်နိုင်ဆုံး ကာကွယ်ထားရန် ဖြစ်သည်။ ပြင်းထန်သောတိုက်ပွဲ ဆိပ်ကမ်းတွင် ဖြစ်ပွားခဲ့လျှင် ဖောက်ခွဲဖျက်ဆီးမှုများကို ပြုလုပ်ပြီးနောက် အစောင့်တပ်ဖွဲ့သည် ကုန်းလမ်းခရီးဖြင့် စစ်တကောင်းသို့ ဆုတ်ခွာရန် ဖြစ်သည်။ အစောင့်တပ်ဖွဲ့၏ အမိန့်ပေးအရာရှိသည် ဆိပ်ကမ်းတွင် တပ်စွဲထားနိုင်စွမ်းမှာ အစောင့်တပ်ဖွဲ့ ၏ အင်အားဖြင့် မဖြစ်နိုင်တော့ကြောင့် ယူဆသည်။ တပ်သားများသည် သင်တန်းအတွေ့ အကြုံနည်းပါသည်။ ယင်းအပြင် ငှက်ဖျားရောဂါကြောင့် အင်အားချည့်နဲ့နေသည့် တပ်သားများဖြစ်ပြီး လေကြောင်းမှ တိုက်ခိုက်မှုများသည် သူတို့အား တုန်လှုပ်ချောက်ချားစေသည်။ လက်ရှိအခြေအနေအရ ဂျပန်တပ်များသည် ၁၉၄၂-ခု မေလ(၄)ရက်နေ့ နံနက်ပိုင်းမတိုင်မီ တိုက်ခိုက်လာနိုင်မည် ဖြစ်ကြောင်း ဖော်ပြနေပေသည်။ ကမ်းခြေတစ်လျှောက်ရှိ လမ်းများမှာ ရေများပြည့်လျှံလျက် ရှိနေသည်။ ကျွန်းရှိခရီးလမ်းကြောင်းများမှာလည်း ခြိမ်းခြောက်မှုများ ရှိနေသည်။ လမ်းများ မပြတ်သည့်တိုင်အောင် ဂျပန်တပ်များ ပုဏ္ဏားကျွန်းမှာ ရောက်ရှိနေပြီး ဖြစ်သည်။ ဖော်ပြပါ အခြေအနေများကြောင့် ပင်လယ်ကြောင်းအတိုင်း ညတွင်းချင်း ဆုတ်ခွာရန် ဆုံးဖြတ်ကြသည်။

## အောင်မြင်စွာ ဆုတ်ခွာ

ဟိန်းရ်ဂျက်ဆန်နှင့် ပေးဒါရီသင်္ဘောပေါ်သို့ သေနတ်များ၊ အကြီးစားလက်နက်များကို တင်ဆောင်ထားပြီး ဖြစ်သည်။ ညဉ့် မှောင်သည်နှင့် တပ်သားများ သင်္ဘောပေါ်သို့ တက်ရောက်ပြီး ဖြစ်သည်။ ဆိပ်ကမ်းရှိ ဖောက်ခွဲဖျက်ဆီးရန်ကိစ္စများကို ရေတပ်က ဖောက်ခွဲဖျက်ဆီးလိုက်ကြသည်။ အသုံးပြုရန် မလိုတော့သည့် သင်္ဘောများကိုလည်း နစ်မြုပ်လိုက်ကြသည်။ ၁၉၄၂-ခု၊ မေလ (၂)ရက်နေ့ စောစောပိုင်းအချိန်တွင် တပ်သားများသည် စစ်တွေမြို့ကို စွန့်ခွာသွားကြတော့သည်။

အမှတ်(၁၅)ဂျပန်တပ်မတော် သမိုင်းမှတ်တမ်း စာမျက်နှာ(၂၄)တွင် ဂျပန်တို့က စစ်တွေမြို့ကို သိမ်းယူခြင်းနှင့်ပတ်သက်၍ ဖော်ပြထားသည်မှာ---

"မဟာဗျူဟာအရ စစ်တွေမြို့မှာ အရေးကြီးသော်လည်း ခိုင်မာစွာ သိမ်းပိုက်ထားခြင်းမရှိပေ။ ဒီဇိဇ်တပ်(၃၃)မှ ခြေလျင်တပ် ခွဲတစ်ခွဲနှင့် အမ်ဂျီတပ်ဖွဲ့မှ တပ်ခွဲထက်ဝက်ကို ကုန်းလမ်းရေလမ်းတို့မှ စေလွှတ်လိုက်သည်။ ခုခံမှု အနည်းငယ်ရှိပြီး မြို့ကိုသိမ်းပိုက် လိုက်သည်"။

(**မှတ်ချက်**။ ။ ဗြိတိသျှတို့သည် ဒုတိယကမ္ဘာစစ်အတွင်း ရခိုင်မှ ဆုတ်ခွာရာတွင် ဂျပန်များအား ရင်ဆိုင်တိုက်ခိုက်မှုမှာ မရှိသလောက်ပင် ဖြစ်သည်။ ရခိုင်ပြည်ရှိ အမျိုးသားညီညွတ်ရေး တပ်ဦးဖြစ်သော "ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး" ဝင်များနှင့် နိုင်ငံရေး၊ လူမှုရေး၊ စစ်ရေးများကို ဖြေရှင်းခဲ့ရသည်။ ယင်းအစည်းအရုံးဝင်များကို လုယက်တိုက်ခိုက်နေသည့် လူဆိုးများအဖြစ် သတ်မှတ်ခဲ့ကြသည်။ သို့ရာတွင် စစ်တွေခရိုင်ဝန် ၏ နောက်ဆုံးကြေးနန်းစာတွင် ဗြိတိသျှတို့အား ပြောင်တော်လှန် ပုန်ကန်မှုဖြစ်နေကြောင်းကို ဝန်ခံထားသည်။ ဤသည်မှာ "ရခိုင် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး"၏ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ရပ်ကို ဖော်ပြလိုက်ခြင်းပင် ဖြစ်သည်။)

[ ''The Re Treat From Burma, 1941-42 Edited By Bisheshwar Prasad, D. Litt Official History of the Indian Armed Forces in The Second World War'' စာအုပ်မှ Capture of Akyab စာမျက်နှာ ၃၅၈-၃၆၀ကို ပြန်ဆိုပါသည်။]

**ထွန်းအောင်(ဘောင်းဒွတ်)**
**၁၉၈၇-ခု၊ အောက်တိုဘာလ (၄)ရက်။**

# စစ်တွေမြို့သမိုင်းအကျဉ်း

## (၁၈၂၄–၁၉၄၇ ထိ)

အင်္ဂလိပ် မြန်မာစစ်ပွဲသည် ၁၈၂၄-ခုနှစ်တွင် စတင်ဖြစ်ပွားသည်။ ဗိုလ်ချုပ်ကြီး မော်ရီဆင် (General Morrison)သည် ရခိုင်ဒေသကို ထိုးစစ်ဆင်ရာမှာ ဦးစီးကွပ်ကဲရသည်။ ဗိုလ်မှူးချုပ် မက်ဘိန် (Brigadair Me Bean) သည် ဒုတိယဦးစီးချုပ်အဖြစ်နှင့် ဦးစီးပါဝင်သည်။ ရေတပ်ကို ကွန်မန်ဒို ဂျွန်းဟေ (Commodore John Hayes) အုပ်ချုပ်ကွပ်ကဲ လိုက်ပါရသည်။ ယင်းအင်္ဂလိပ်တပ်မတော်မှာ စစ်သည်အင်အား ၉၃၄၃-ယောက် ပါဝင်သည်ဟု သိရသည်။ ထိုအင်္ဂလိပ်တပ်ဖွဲ့သည် ၁၈၂၅-ခု၊ ဇန်နဝါရီလတွင် ကော့ဘဇာ (Cox's Bazaar) သို့ ချီတက်သည်။ ပထမရခိုင်ခံတပ်ဖြစ်သော မောင်တောအနီးသို့ ၁၈၂၅-ခု၊ ဇန်နဝါရီလ (၃၁)ရက်နေ့တွင် ဆိုက်ရောက်လာသည်။ ယင်းသို့ ရောက်လျှင် စစ်တပ်ကို နှစ်တပ်ခွဲ၍ တစ်တပ်ကို ဗိုလ်ချုပ်ကြီး မော်ရီဆင်ဦးစီးသည်။ ကျန်တပ်ကို ဗိုလ်မှူးချုပ် မက်ဘိန်က ကွပ်ကဲရသည်။ ဗိုလ်ချုပ်ကြီး မော်ရီဆင်၏ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ ဗိုလ်အင်းဆထရွင်း (Lieutenant LArmstrong) ဆိုသူက ၁၈၂၅ခု၊ ဖေဖော်ဝါရီလ(၂၁)ရက်နေ့စွဲ ဖြင့် သက်ဆိုင်ရာ ဗိုလ်ချုပ်ကြီးထံ အစီရင်ခံစာတွင်-

"ကျွန်တော်တို့သည် ရခိုင်မြစ်(ကုလားတန်မြစ်)ဟု ယူဆရသော မြစ်ဝသို့ ဝင်မိပြီဖြစ်ပါသည်။ ယင်းတွင် ကျွန်တော်တို့ကို အနှောင့်အယှက်ပေးနိုင်သော ခံတပ်တစ်ခုကို တွေ့ရပါသည်။ စုံစမ်းကြည့်ရာ ယင်းမြစ်မှာ မယူမြစ်ဖြစ်သည်။ ရခိုင်မြစ်(ကုလားတန်မြစ်)မှာ အရှေ့တောင်ဘက်တွင် ရှိသည်ဟု သိရပါသည်။ ရခိုင်မြစ်ပေါ်သို့ ထိုနေ့ညနေဘက်တွင် ကျွန်တော်တို့ ဝင်နိုင်ခဲ့ပါသည်။ မြစ်ဝမှ ရှစ်မိုင်ခန့်ဝေးသော နေရာမှာ ခံတပ်တစ်ခုရှိကြောင်း သိရ ပါသည်။ (၂၀)ရက်နေ့က အထောက်တော်များ သတင်းပေးချက်အရ ရခိုင်ဘုရင်ခံမှာ စစ်လှေ ၁၀၀ (တစ်ရာ) စစ်သည်တော် ၂၀၀၀ (နှစ်ထောင်)နှင့် ကျွန်တော်တို့ကို တိုက်ခိုက်ရန် စုဆင်းလာကြောင်း သိရပါသည်။ ကျွန်တော်တို့ ကမ်းမှခွာ၍ အဆင်အသင့် ရန်သူတပ်များ အလာကို စောင့်နေကြပါသည်"ဟု တွေ့ရသည်။

မတ်လ(၂၅)ရက်နေ့မှာ ကြက်ကိုင်းတန် (Kray Keng Dong)တွင် တပ်စွဲကြသည်။ ကြက်ကိုင်းတန်မှာ အင်္ဂလိပ်စစ်တပ်များ မြောက်ဦး(မြို့ဟောင်း)သို့ ချီတက်ရာတွင် လမ်းခုလတ်စခန်းအဖြစ် အင်္ဂလိပ်တို့က အသုံးပြုခဲ့ကြသည်။ ယင်းမှ စစ်ကြောင်း လေးကြောင်းခွဲ၍ မြောက်ဦးမြို့ကို ထိုးစစ်ဆင်ကြလေသည်။ မတ်လ (၂၉)ရက်မှ (၃၁)ရက်အထိ တိုက်ပွဲအကြီးအကျယ် ဖြစ်ပွားပြီး နောက်တစ်နေ့မှာ အင်္ဂလိပ်တို့ မြောက်ဦးမြို့ကို သိမ်းပိုက် နိုင်လေသည်။

အင်္ဂလိပ်မြန်မာစစ်ပွဲဖြစ်ပွားသည့်အချိန်ထိ မြောက်ဦးမြို့မှာ ဘုရင်ခံနေသော မြို့တော်ဖြစ်နေသေးသည်။ စစ်တွေမြို့မှာ ထိုအချိန်အထိ မြို့တစ်မြို့ မဖြစ်လာသေးချေ။ ယခုစစ်တွေမြို့၏ ဆင်ခြေဖုံး ကြက်ကိုင်းတန်မှာ အရေးပါသော အခြေအနေတွင် ရှိနေသည်။ ကြက်ကိုင်းတန်မှာ နယ်ချဲ့အင်္ဂလိပ်များအတွက် မြောက်ဦးကို ထိုးစစ်ဆင်ရာတွင် အရေးပါအရာရောက်သော အစိတ်အပိုင်းက ပါဝင်နေပြီဖြစ်သော်လည်း ယခုလက်ရှိ စစ်တွေမြို့မှာ သာမန်တံငါရွာကလေး တစ်ရွာသာ ရှိနေသေးသည်။ ယင်းကြောင့် အင်္ဂလိပ် မြန်မာစစ်ပွဲ ဖြစ်ပွားပြီးသည့် အချိန်အထိ စစ်တွေမြို့မှာ မြို့တစ်မြို့အဖြစ် မတည်ရှိသေးကြောင်း ထင်ရှားသည်။

အင်္ဂလပ်မြန်မာ ပထမစစ်ပွဲကို ရန္တပိုစာချုပ်ဖြင့် ၁၈၂၆-ခု၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့မှာ အပြီးသတ်သည်။ ယင်းစစ်ပွဲမှ နယ်ချဲ့အင်္ဂလိပ်တို့ ရခိုင်ဒေသနှင့် တနင်္သာရီဒေသများကို ရလိုက်သည်။ ထိုရရှိလိုက်သောဒေသများကို သူတို့၏ အအုပ်ချုပ်ခံ နယ်မြေအဖြစ်သတ်မှတ်ပြီး ကိုလိုနီအုပ်ချုပ်ရေးအဆောက်အအုံကို တည်ဆောက်ရန် လိုလာသည်။ တစ်ဖက်မှာလည်း ဥရောပတစ်ခွင်တွင် စက်မှုလုပ်ငန်း တိုးတက်လာသည်။ ယင်းမှ ကုန်ချောများကို မြောက်မြားစွာ ထုတ်လုပ်လာသည်။ ထုတ်လုပ်ပြီးသော ကုန်ချောများကို ရောင်းချရန် ဈေးကွက်များ လိုလာသည်။ တစ်ဖန် ကုန်ချောထုတ်လုပ်ရန်အတွက် ကုန်ကြမ်းများရရန်ဒေသများလိုလာသည်။ ယင်းအချိန်မှာ အင်္ဂလန်သည် စက်မှုတော်လှန်ရေးအရ ထုတ်ကုန်လုပ်ငန်းအထွတ်အထိပ်သို့ ရောက်နေသည်။

ကုန်ထုတ်လုပ်ငန်း အထွတ်အထိပ်သို့ ရောက်နေသော နယ်ချဲ့အင်္ဂလိပ်တို့သည် ရခိုင်ဒေသကို သိမ်းယူချိန်မှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲ့လျက်ရှိသည်။ ရခိုင်မြို့တော် မြောက်ဦးမြို့မှာ ပင်လယ်နှင့် အလှမ်းဝေးသည်။ ကုန်တင်သင်္ဘောများ ဝင်ထွက်ရန် မလွယ်ကူချေ။ ရာသီဥတုမှာလည်းမျှတသော အခြေအနေမှာ မရှိ။ လမ်းပန်းဆက်သွယ်မှု အဆင်မပြေခြင်းနှင့် ရာသီဥတုမမျှ တမှုတို့မှာ နယ်ချဲ့အင်္ဂလိပ်များ၏ စီးပွားရေး၊ အုပ်ချုပ်ရေးကို ထိခိုက်စေသည်။

## တည်နေရာနှင့် လူဦးရေ

စစ်တွေကျွန်းသည် ပင်လယ်ရေပြင်မှ ၁၅ပေအမြင့်မှာ ရှိသည်။ ကုလားတန်မြစ်နှင့် ဘင်္ဂလားပင်လယ်အော်တို့ဆုံရာ ကမ်းနဖူးမှာရှိသည်။ မြောက်လတ္တီတွဒ်(၂၀)ဒီဂရီ (၈)မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် (၉၂) ဒီဂရီ(၅၅)မိနစ်တွင် တည်ရှိသည်။ မိုးရေချိန် လက်မ(၂၀၀)ကျော်ရွာသည်။ မြောက်ဦးမြို့ထက် အပူအအေးမျှတသည်။ ပြုပြင်လုပ်ကိုင်လာပါက သင်္ဘောဆိပ်ခံကောင်းဖြစ်လာမည်ကို အင်္ဂလိပ်နယ်ချဲ့တို့ သိပြီးဖြစ်သည်။ သွားလာရေး လွယ်ကူလာမည်။ ကူးသန်းရောင်းဝယ်ရေး အချက်အချာ ဖြစ်လာမည်။ သူတို့၏ ကိုလိုနီစျေးကွက်သည် စစ်တွေမြို့မှာ အလွန်သင့်တော်နေသည်။ ဥရောပတိုက်သားများအတွက် ကျန်းမာရေးအခြေအနေမှာ မြောက်ဦးမြို့ထက် သင့်တော်သည်။ ယင်းအခြေအနေများအရ သူတို့သည် စစ်တွေကျွန်းကို ပြုပြင်လာသည်။ ၁၈၂၆-ခု နောက်ပိုင်းတွင် ရခိုင်မြို့တော်ဖြစ်သော မြောက်ဦးမြို့ကို မြို့ တော်အဖြစ်မှ ရပ်စဲပြီး စစ်တွေကျွန်းကို ရခိုင်တိုင်း၏ မြို့တော်အဖြစ် ရွေးချယ်လိုက်လေသည်။

စစ်တွေမြို့၏ ဧရိယာမှာ ၆မိုင် ရှိသည်။ မြန်မာပြည်၏ မြို့ကြီး (၁၀)မြို့ အနက် တစ်မြို့အပါအဝင် ဖြစ်လာသည်။ အောက်မြန်မာပြည်တွင် တတိယ အကြီးဆုံးမြို့ဖြစ်၍ မြန်မာတစ်ပြည်လုံးမှာ စတုတ္ထဖြစ်ခဲ့လေသည်။ မြို့တည်စ အချိန်က မြို့လူဦးရေ မသိရသော်လည်း ၁၈၇၀-ခုနှစ်နောက်ပိုင်း လူဦးရေကို (၁၀)နှစ်တစ်ကြိမ်ကျစီ ဖော်ပြထားသည်။ ယင်းလူဦးရေစာရင်းကို အောက်တွင် ဖော်ပြလိုက်ပါသည်။

| | |
|---|---|
| **၁၈၇၂-ခု** | **၁၉၂၃၀ ယောက်** |
| **၁၈၈၁-ခု** | **၃၃၉၈၉ ယောက်** |
| **၁၈၉၁-ခု** | **၃၇၉၃၈ ယောက်** |
| **၁၉၀၁-ခု** | **၃၅၆၈၀ ယောက်** |
| **၁၉၁၁-ခု** | **၃၇၈၉၃ ယောက်** |
| **၁၉၂၁-ခု** | **၃၆၅၆၉ ယောက်** |
| **၁၉၃၁-ခု** | **၃၈၀၉၄ ယောက်** |

၁၉၄၁-ခုနှစ် လူဦးရေမှ စာရင်းကို ကောက်မဖြစ်တော့ပါ။ စစ်ကြီးမှာလည်း ဖြစ်ခါစအချိန်ဖြစ်သောကြောင့် ဖြစ်ဟန်တူသည်။ စစ်တွေမြို့လူဦးရေမှာ တစ်ဟုန်ထိုး တိုးတက်လာသည်ကို တွေ့ရသည်။

## အုပ်ချုပ်ရေး

တစ်ဖက်မှလည်း နယ်ချဲ့အင်္ဂလိပ်တို့သည် မိမိတို့အကျိုးအမြတ်ပေါ် မူတည်၍ ကိုလိုနီအုပ်ချုပ်ရေးစနစ်နှင့် အံမဝင်တော့သော သက်ဦးဆံပိုင် ပဒေသရာဇ်ကို ရခိုင်တိုင်းတွင် ဖျက်သိမ်းလိုက်သည်။ ယင်းနေရာတွင် ကိုလိုနီ အုပ်ချုပ်ရေးယန္တရားနှင့် ကိုက်ညီသော အုပ်ချုပ်ရေးစနစ်ကို အစားထိုးလာသည်။ ရခိုင်ဒေသကို တိုက်နယ်ပေါင်း(၁၆၀)ခွဲထားသည်။ ယင်းတို့အနက်(၁၄၈)တိုက် နယ်မှာ ကျွန်းများဖြစ်သည်။ ကျန်(၁၂)နယ်မှာ ချောင်းများဖြစ်သည်။ တိုက်နယ် တစ်ခုစီတွင် ကျွန်းအုပ်သော်လည်းကောင်း၊ ချောင်းအုပ်သော်လည်းကောင်း အုပ်ချုပ်စေသည်။

ကျွန်းအုပ်၊ ချောင်းအုပ်များသည် ပြည်သူလူထုထံမှ အကောက်ခွန်ကို နယ်ချဲ့အင်္ဂလိပ်များ၏ အုပ်ချုပ်ရေးအတွက် ကောက်ခံပေးရသည်။ ကောက်ခံ ပေးရငွေ၏(၁၅)ရာနှုန်းကို ကျွန်းအုပ်၊ ချောင်းအုပ်တို့ ရရှိသည်။ ကျွန်းအုပ်တို့၏ အောက်တွင် ရွာခေါင်းရှိသည်။ ရွာခေါင်းကို ရွာသားတို့က ရွေးကောက်တင်မြှောက် ရသည်။ ရွာခေါင်းသည် ရွာသားများထံမှ အကောက်ခွန်ကောက်ခံပြီး ကျွန်းအုပ်ထံ သို့ ပေးသွင်းရသည်။ ကောက်ခံရငွေ၏(၄)ရာနှုန်းကို လစာအဖြစ် ရွာခေါင်းကရရှိ လေသည်။ ၁၈၆၉-ခုတွင် တိုက်နယ်ပေါင်း(၁၆၀ မှ ၁၃၄)တိုက်နယ်သို့ လျှော့ချ လိုက်သည်။ ကျွန်း အုပ်၊ ချောင်းအုပ်၊ ရွာခေါင်းတို့မှာ အမှုသေးဖွဲ့ကလေးများကို စစ် ဆေးနိုင်ခွင့်ရှိသည်။ ယင်းသူတို့အထက်မှာ မြို့ဝန်၊ ခရိုင်ဝန်၊ ခရိုင်တရားသူကြီး၊ တိုင်းမင်းကြီးစသည်ဖြင့် ဆင့်ကဲဆင့်ကဲ ရှိသည်။ မြို့ဝန်မှ အထက်အရာရှိ အားလုံး မှာ မျက်နှာဖြူများ ဖြစ်ကြလေသည်။ ထိုမျက်နှာဖြူအရာရှိများ ရုံးစိုက်ရာမှာ စစ်တွေမြို့ ဖြစ်သည်။ စစ်တွေမြို့မှာ ကိုလိုနီအုပ်ချုပ်ရေးစနစ်၏ ဆူးငြောင့်ခလုတ် များ ရှင်းလင်းရာဗဟိုဌာန ဖြစ်လာသည်။

ကိုလိုနီအုပ်ချုပ်ရေးစနစ်၏ ဆူးငြောင့်များကို ရှင်းလင်းရေးမှာ သူတို့၏ အဓိကလုပ်ငန်းဖြစ်သည်။ ယင်းကြောင့် မြန်မာပြည်၏ ထောင်များတွင် ပထမ အဆင့်အတန်းတွင်ပါဝင်သော စစ်တွေထောင်ကို ၁၈၂၇-ခုနှစ်တွင် တည်ထောင် သည်။ စစ်တွေမြို့တည်လိုက်သည်နှင့်တစ်ပြိုင်နက် အကျဉ်းထောင်ကို နယ်ချဲ့ အင်္ဂလိပ်များက ဦးစားပေး၍ တည်ထောင်သည်မှာ ထင်ရှားသည်။ အကျဉ်းသား (၄၆၄)ယောက် ယင်းအချိန်မှာရှိနှင့်ပြီး ဖြစ်သည်။ ၁၈၇၃-ခုတွင် (၁၅)ပေမြင့်သော ထောင်နံရံဖြင့်ပြီးစေသည်။ ယခုလက်ရှိ ထောင်အကျယ်အဝန်းအတိုင်း ချဲ့ထွင်သွား သည်မှာ ၁၈၇၅-ခုနှစ်တွင် ဖြစ်သည်။ ၁၉၁၃-၁၄-ခုတွင် ကျည်ပြီးတံခါးမကို တပ်ဆင်ပါသည်။ ၁၉၁၄-ခုကျမှထောင်တွင် ဆေးရုံရှိလာသည်။ ခရိုင်တရားရုံးကို ၁၈၇၂-ခုနှစ်တွင် ကျပ်ငွေ ၁၃၀၆၈၂ အကုန်ခံ၍ ဆောက်လုပ်သည်။ နောက်ထပ်

ငွေ(၁၀၂၅၀)ကျပ် အကုန်ခံ၍ ပြုပြင်သည်။ စာတိုက်အဖြစ် ယခင်ခရိုင် တရားသူကြီးရုံးဟောင်းကို အသုံးပြုသည်။ ယင်းကို ၁၈၆၇-ခုတွင် ငွေ(၃၀၀၀၀)ကျပ် အကုန်ကျခံ၍ ဆောက်လုပ်ခဲ့သည်။ တိုက်မင်းကြီးရုံးမှာ ၁၉၀၂-ခုတွင် ဆောက်လုပ်ပြီးစီးသည်။ ငွေ(၄၃၁၀၀)ကျပ် ကုန်ကျသည်။

## မြို့ရွာသန့်ရှင်းရေးနှင့် ကျန်းမာရေး

တစ်ဖက်ကလည်း အုပ်ချုပ်ရေး ယန္တရားအဆောက်အအုံများကို ဆောက်လုပ်ရင်း အင်္ဂလိပ်များ မျက်နှာဖြူများ၏ ကျန်းမာရေးရရှိမှုအတွက် မြို့ရွာသန့်ရှင်းရေးကို လုပ်ကိုင်လာရသည်။ ယင်းကြောင့် စစ်တွေမြူနီစီပယ်အဖွဲ့ကို ၁၈၇၄-ခု၊ အောက်တိုဘာလ(၁)ရက်နေ့တွင် ဖွဲ့စည်းလိုက်သည်။ ယင်းမြူနီစီပယ်အဖွဲ့တွင် အဖွဲ့ဝင် (၁၂)ဦးပါဝင်သည်။ ထို (၁၂)ဦးကို ဥရောပတိုက်သား(၃)ဦး၊ ရခိုင်အမျိုးသား(၄)ဦး၊ မဟာမေဒင်(၃)ဦး၊ ဟိန္ဒူ(၂)ဦးဖြင့် ခွဲဝေထားသည်။ ထိုအချိုးအစားကို ကြည့်ခြင်းဖြင့် မျက်နှာဖြူ အင်္ဂလိပ်များသည် မည်မျှအထိ အခွင့်အရေးယူကြောင်း သိနိုင်သည်။ လူများစုဖြစ်သော ရခိုင်အမျိုးသားများထက် များပြားသောအချိုးထက် ပို၍များပြားကြောင့် တွေ့ရသည်။ သူတို့၏ အခွင့်အရေး ရယူနိုင်ရေးအတွက် ဤကဲ့သို့ ယူထားခြင်းဖြစ်ပါသည်။

မျက်နှာဖြူများ၏ အကျိုးအတွက်ကို ဦးတည်၍ ဆေးရုံများ ဆောက်လုပ်လာသည်။ ၁၈၆၄-ခုတွင် ဆေးရုံမှာ အခန်း(၂)ခန်းသာ ပါဝင်သည်။ တစ်ခန်းကို ဥရောပတိုက်သားများအတွက် သီးသန့်နေရာယူထားသည်။ ကျန်တစ်ခန်းကို အိန္ဒိယလူမျိုးများအတွက် ဖြစ်သည်။ ခုတင်(၄၆)လုံးဆံ့သော အဆောက်အအုံကို ၁၈၇၉-ခုတွင် ထပ်မံ၍ ဆောက်လုပ်သည်။ ၁၉၀၆-ခုတွင် ခုတင် (၁၂၀)အထိထား နိုင်သည့် အဆောက်အအုံကို တိုးချဲ့လာသည်ကို တွေ့ရသည်။ မိန်းမခန်းကို စေတနာရှင်များဖြစ်သော မစ္စတာ မာရကန်နှင့် ဦးရဲကျော်သူ-ဒေါ်သန္တာဖြူတို့က ဆောက်လုပ်လှူဒါန်းသည်။ ဦးရဲကျော်သူ-ဒေါ်သန္တာဖြူတို့ထံမှ အဆိုပါ မိန်းမခန်းအတွက် ကျပ်ငွေ (၃၇၀၀)ကို လှူဒါန်းကြောင်း သိရသည်။

စစ်တွေမြို့တည်စအချိန်အခါက သောက်ရေသုံးရေကို ရေတွင်း ရေကန်များမှ အသုံးပြုကြသည်။ ရခိုင်အာဇာနည် ဒေးဝန်းဦးအောင်ကျော်ရွှီကောင်းမှု ရေကန်သည် ယခုထက်တိုင် ဒိုးဝန်းရွာ (မြောက်)မှာ ရှိပါသေးသည်။ အချို့သော ရေတွင်းရေကန်များမှာ မသန့်ရှင်းမှုကြောင့် ဝမ်းရောဂါများ ဖြစ်ကြသည်။ ယင်းကြောင့် စစ်တွေမြို့ ရေကောင်းရေသန့် ရရှိရေး စီမံကိန်းတစ်ရပ်ကို ၁၈၉၉ ခုတွင် သက်ဆိုင်ရာ အာဏာပိုင်များက ချမှတ်ကြသည်။ ၁၉၀၅-ခုကျမှ အဆိုပါ စီမံကိန်းကို အတည်ပြုလုပ်သည်။ လုပ်ငန်းကို စတင်လုပ်ကိုင်သည်မှာ ၁၉၀၆-ခု

စီမံကိန်းအတွက် အစိုးရက ခွင့်ပြုငွေမှာ(၃)သိန်းဖြစ်သည်။ သို့ရာတွင် အမှန် တကယ် ကုန်ကျငွေမှာ(၄၀၀၈၁၅)ကျပ် ဖြစ်ပါသည်။ ၁၉၁၂-ခုမှာ ပိုက်လုံးများဖြင့် တိုးချဲ့တပ်ဆင်လာသည်။

စစ်တွေမြို့တွင် ဈေးကြီး(၂)ဈေးရှိသည်။ မြို့မဈေးကြီးနှင့် ရွှေပြားဈေးကြီး ဖြစ်သည်။ ယင်းတို့မှာ မြူနီစီပယ်ဈေးများ ဖြစ် သည်။ မြို့မဈေးကြီးသည် ပထမတွင် ပုဂ္ဂလိကပိုင် ဖြစ်သည်။ ဘလုတ်ဘရားသား (Bulloch Bros) ကုမ္ပဏီထံမှ မြူနီ စီပယ်က ၁၈၇၆-ခုတွင် ကျပ်ငွေ(၁၅၀၀၀)နှင့် ဝယ်ယူလိုက်သည်။ ထိုဈေးမှာ ၁၈၇၉-ခုတွင် မီးလောင်ကျွမ်းခြင်း ခံရသည်။ ထိုနှစ်မှာ အသစ်ပြန်လည် ဆောက်လုပ်သည်။ ရွှေပြားဈေးကို ၁၈၇၄-ခုမှာ ဆောက်လုပ်သည်ဟု သိရသည်။

စစ်တွေမြူနီစီပယ်အဖွဲ့သည် မြို့ရွာသန့်ရှင်းရေးအတွက် ရေမြောင်းများ ဖောက်လုပ်လာသည်။ အမှိုက်သရိုက်များကို အချိန်မှန်မှန် သိမ်းယူလာသည်။ သို့ရာတွင် မျက်နှာဖြူများနှင့် လက်ဝေခံ လူတန်းစားများ နေထိုင်ရာစစ်တွေမြို့၏ တောင်ပိုင်းမှာသာ သန့်ရှင်းမှု ရှိသည်။ မြောက်ပိုင်းမှာ ကျန်းမာရေးညီညွတ်မှုမရှိ၊ မြောက် ပိုင်းမှာ ဆင်းရဲသားရပ်ကွက် ဖြစ်သည်။ အထူးသဖြင့် ငှက်ဖျားရောဂါနှင့် (Water Borne)ခေါ် သော ရောဂါများဖြစ်ကြသည်။ စစ်တွေမြို့တစ်မြို့လုံးကို ခြုံ၍ ကြည့်လျှင် ကျန်းမာရေးအတွက် ပြု ပြင်ရန်လိုအပ်ချက်များစွာ ရှိနေသေးသည်။ ၁၈၇၁-ခု၊ ဇူလိုင်လ (၇)ရက်နေ့ထုတ် (Arakan News) သတင်းစာမှာ ဆာအာချီဘော (Sir Archbald) ကွယ်လွန်သဖြင့် သတိရဝမ်းနည်းကြောင်းကို ဖော်ပြသည်။ ယင်းဖော်ပြရာတွင်--

"စစ်တွေနှင့် ရခိုင်သားများသည် ဆာအာချီဘောကို ကျေးဇူးတင်ရမည် ဖြစ်သည်။ စစ်တွေသို့ သူရောက်စတွင် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်သည်။ ရွှံ့ညွန် များသည်။ ငှက်ဖျားရောဂါ ထူပြောသည်။ ဥရောပတိုက်သားများအတွက် သင်္ချိုင်း မြေဟုခေါ် ရမလောက် ဖြစ်သည်။ သူ၏အမြင်ကျယ်မှုကြောင့် ရေမြောင်းများ ဖောက်လုပ်ခြင်း၊ သစ်ပင်များကို စနစ်တကျ စိုက်ပျိုးခြင်းများကို ပြုလုပ်စေသည်။ ယင်းကြောင့် မြို့ရွာလှပသန့်ရှင်းလာသည်။ စပါးရောင်းဝယ်ရေးလုပ်ငန်းတွင် ကျယ်အောင် ပြုလုပ်ခဲ့လေသည်"ဟု ဖော်ပြချီးကျူးထားသည်။

မည်သို့ပင်ဆိုစေကာမူ စစ်တွေမြို့၏တောင်ပိုင်းသည် သန့်ရှင်းမှုရှိ သလောက် မြောက်ပိုင်းမှာ သန့်ရှင်းမှုနည်းပြီး ရောဂါထူပြောသောနေရာ ဖြစ်သည်။ အကြောင်းမူ တောင်ဘက်ပိုင်းသည် မျက်နှာဖြူ ဗြူရိုကရက်များ၊ အင်္ဂလိပ်အရင်းရှင် ကုမ္ပဏီများမှ အရာရှိအရာခံ ကိုယ်စားလှယ်များနှင့် လက်ဝေခံလူတစ်စု၏ နေထိုင် ရာ ဖြစ်နေခြင်းကြောင့်ပင် ဖြစ်သည်။ သူတို့နေထိုင်ရာ ဒေသကို သန့်ရှင်းသထက် သန့်ရှင်းအောင်၊ လှသထက်လှအောင် ပြုပြင်သည်။ မွမ်းမံသည်။ ဆင်းရဲသားများ

အတွက် သက်ညှာခွင့်ကား မရှိ၊ အခွန်ကောက်ခံနှုန်း သူတို့ဆောင်ရသော အခွန်နှင့်ကား မခြားမနား ရှိသည်။ အချိုးအဆလိုက် ကောက်ခံကြသည်။ တစ်ဖက်မှလည်း တောင်ပိုင်းမှလူများက မြောက်ပိုင်းမှလူများကို နှိမ့်ချ၍ ပြောတတ်ကြသည်။ ဒေသခွဲစိတ်ဓာတ်၊ ရပ်ကွက်ခွဲ စိတ်ဓာတ်များသည် စစ်တွေမြို့ကို နယ်ချဲ့အင်္ဂလိပ်များ စိုးမိုးချိန်မှာ အခေါင်အဖျားသို့ ရောက်နေကြသည်။ ယင်းသို့ ဒေသခွဲစိတ်ဓာတ်ကို နယ်ချဲ့ အင်္ဂလိပ်များသည် အခွင့်ကောင်းယူပြီး စစ်တွေမြို့ လူထုအချင်းချင်း ကွဲအောင်ရန်တိုက်ပေးခြင်းမျိုး ဖြစ်သည်။ ရခိုင်လူထုအချင်းချင်း ကွဲအောင်လည်း ပြုလုပ်ကြသည်။

## စီးပွားရေး

နယ်ချဲ့အင်္ဂလိပ်များသည် အုပ်ချုပ်ရေးပိုင်းမှာ အရင်းရှင် ယန္တရားနှင့် ကိုက်ညီအောင် ပြုပြင်သည်။ စီးပွားရေးပိုင်းမှာလည်း သူတို့လိုရာ ဆွဲနိုင်အောင် ပြုပြင်လာသည်။ သူတို့ အကျိုးအမြတ်အတွက် လက်ဝေခံ လူတန်းစားများနှင့် ဗြူရိုကရက်များကို မွေးထုတ်ကြသည်။ လက်ဝေခံလူတန်းစားသည် ရခိုင်အမျိုးသားများဖြစ်သည်။ သူတို့ရခိုင်လယ်သမားများထံမှ ဆန်စပါးများကို တိုက်ရိုက် ဝယ်ယူရရှိနိုင်သည်။ ရရှိသောဆန်စပါးများကို အင်္ဂလိပ်အရင်းရှင်ကုမ္ပဏီသို့တစ်ဆင့် ရောင်းစားကြသည်။ လယ်သမားများကား သူတို့လယ်ယာထွက်ပစ္စည်းများကို တိုက်ရိုက်ရောင်းဝယ်နိုင်ခွင့် အလွန်နည်းပါးအောင် ပြုလုပ်ထားသည်။

လက်ဝေခံများကို အမြတ်အနည်းအကျဉ်းပေးသည်။ အရင်း ရှင်ကုမ္ပဏီများသည် သူတို့ရရှိသော စပါးများကို ဥရောပတိုက် ဒေသများသို့ သူတို့ကြိုက်ဈေးအတိုင်း ရောင်းချကြသည်။ လက်ဝေခံများသည် အရင်းရှင်ကုမ္ပဏီများမှ ရရှိသော ကြေးငွေများဖြင့် ချမ်းသာလာကြသည်။ သားသမီးများအား အင်္ဂလိပ်စာ သင်ကြားစေသည်။ တတ်မြောက်လာသောအခါ နယ်ချဲ့သမားများ၏ အုပ်ချုပ်ရေးအဆောက်အအုံမှာ အထောက်အကူ ဖြစ်စေသည်။ သူတို့သည် ရခိုင်လူထုအကျိုးထက် မိမိတို့အကျိုးကိုသာ ကြည့်တတ်ကြသည်။ ယင်းသို့ နယ်ချဲ့အင်္ဂလိပ်များသည် အရင်းရှင်စီးပွားရေး စနစ်ကို ခိုင်မာအောင် ပြုလုပ်လာသည်။

တစ်ဖက်မှလည်း စီးပွားရေးလုပ်ငန်းများ အဆင်ပြေအောင် ဘဏ်လုပ်ငန်းများကို လုပ်ကိုင်လာသည်။ ဘင်္ဂလားဘဏ် (Bank of Bengal)၊ ချာတာဘဏ် အိန္ဒိယ (Chartred Bank of India) ဩစတြေးလျဘဏ်နှင့်တရုတ်ဘဏ်ခွဲများကို စစ်တွေမြို့တွင် ဖွင့်လှစ်လာသည်။ ရခိုင်အမျိုးသားများထဲမှ ဦးရဲကျော်သူဘဏ်၊ ဦးပေါ်ထွန်းအောင်ဘဏ်စသည်ဖြင့် ဘဏ်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ယင်းဘဏ်များနှင့်ဆက်သွယ်ပြီး ငွေတိုးချေးစား သူများပေါ်လာသည်။ ငွေတိုး

ချေးသူများသည် အဆိုပါဘဏ်များမှ အတိုးအနည်းအကျဉ်းနှင့် ငွေချေးယူကြသည်။ ထိုမှရလာသော ငွေများဖြင့် လယ်သမားများကိုတစ်ဆင့် အတိုးငွေများဖြင့် ချေးပြန်သည်။ ယင်းစနစ်သည် ဘဏ်လုပ်ငန်း လုပ်ကိုင်နိုင်သူ တစ်စုနှင့် လက်ဝေခံလူနည်းစုသာကောင်းစားပြီး အများစုမှာ ဆင်းရဲတာရှည် စေသည်။

## လမ်းပန်းဆက်သွယ်ရေး

နယ်ချဲ့အင်္ဂလိပ်များသည် အရင်းရှင်စီးပွားရေးလုပ်ငန်းအတွက် ဘဏ်လုပ်ငန်းများကို တစ်ဖက်က လုပ်ကိုင်စေပြီး တစ်ဖက်မှလည်း လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းကို သူတို့အကျိုးအမြတ် အပေါ်မူတည်၍ တိုးချဲ့သင့်သည့်အတိုင်းအတာအထိ တိုးချဲ့လာသည်။ ကုန်းလမ်းခရီးမှာ စစ်တွေမြို့မှ ရေချမ်းပြင်ထိ တစ်လမ်း၊ စစ်တွေမြို့မှ ကျောက်တန်းအထိတစ်လမ်းရှိသည်။ ယင်းလမ်းများမှာ ကတ္တရာစေးလမ်းဖြစ်ပြီး မော်တော်ကား အချိန်မရွေး သွားလာ နိုင်သော လမ်းများဖြစ်သည်။ အခြားဒေသများသို့ ကုန်လမ်းဖြင့် သွားလာနိုင်ခြင်းမရှိ၊ တစ်နည်းဆိုရပါလျှင် ကုန်းလမ်းဆက်သွယ်ရေးမှာ စစ်တွေမြို့နှင့် ဆင်ခြေဖုံးတစ်ဝိုက်လောက်သာ သွားလာနိုင်သည်။ အခြားမြို့ရွာများသို့ သွားလာရန်မှာ အဓိကရေလမ်းကိုသာ အားကိုးနေရသည်။

၁၈၈၇-ခုအချိန်အထိ ရေလမ်းခရီးမှာလည်း ကောင်းမွန် ခြင်းမရှိသေးပါ။ စစ်တွေဘူးသီးတောင်၊ စစ်တွေပလက်ဝမြို့များသို့ နေ့းကွေးလှသော သင်္ဘောများဖြင့် သွားလာရသည်။ ယင်းသင်္ဘော များကို အစိုးရက ချုပ်ကိုင်ထားသည်။ ၁၈၈၉-ခုတွင် အစိုးရ သင်္ဘောများမှာ သုံးမရအောင် ဖြစ်လာသည်။ မစ္စတာဒေါ်ဆင် (Mr. Dawson)ဆိုသူ မျက်နှာဖြူတစ်ဦး သင်္ဘောကုမ္ပဏီတည်ထောင် ပြေးဆွဲသည်။ မစ္စတာဒေါ်ဆင်နှင့်အပြိုင် ပါရီမြို့သားတစ်ဦးလည်း သင်္ဘောလုပ်ငန်းကို လုပ်ကိုင်လာသည်။ ထိုပုဂ္ဂိုလ်မှာ အရှုံးပေါ်သဖြင့် လုပ်ငန်းကို ရပ်လိုက်ရသည်။ ၁၈၉၃-ခုတွင် မစ္စတာ ဒေါ်ဆင်နှင့်အပြိုင် ကပ္ပတိန်ဘပ်မန် (Captain Backman) ဆိုသူသည် သင်္ဘောလုပ်ငန်းကို စစ်တွေမြို့တွင် လုပ်ကိုင်လာပြန်သည်။ ယင်းပုဂ္ဂိုလ်မှာလည်း အရှုံးနှင့်သာ ရင်ဆိုင်ရပြန်သည်။ မစ္စတာဒေါ်ဆင်၏ သင်္ဘောကုမ္ပဏီမှာလည်း မစ္စတာဒေါ်ဆင် ကွယ်လွန်သည့်နှစ် ၁၈၉၉-ခုမှာ ရပ်ဆိုင်းသွားသည်။ ၁၉၀၀-ပြည့် ဇန်နဝါရီလ ၁ ရက်နေ့မှာ မစ္စတာ အာ၊ အေ စကော့ (Mr.R.A Scott) ဆိုသူသည် 'ရခိုင်သင်္ဘောကုမ္ပဏီ' (Arakan Flotilla Company)ကို တည်ထောင်သည်။ ယင်းကုမ္ပဏီမှာ သက်တမ်းအရှည်ဆုံး ဖြစ်သည်။ ဖော်ပြပါကုမ္ပဏီများသည် ရခိုင်တိုင်းရေကြောင်း သွားလာရေး လုပ်ငန်းများကို လုပ်ကိုင်ကြသောကုမ္ပဏီများ ဖြစ်ကြသည်။

ပြည်တွင်းရေကြောင်းသွားလာရေးသာ စစ်တွေမြို့လမ်းပန်း ဆက်သွယ်ရေးအတွက် အရေးကြီးသည်မဟုတ်၊ ပင်လယ်ကူး သင်္ဘောလမ်းကြောင်းမှာလည်း အရေးကြီးသည်။ ဆောင်းဦးပေါက်မှသည် နွေအကုန် မိုးအကူးအထိ စစ်တွေဆိပ်ကမ်းတစ်လျှောက်မှာ ပင်လယ်ကူးသင်္ဘောများ ပြည့်နှက်လျက် ရှိကြသည်။ ယင်းသင်္ဘောများ အလွယ်တကူသွားလာနိုင်ရန်အတွက် မီးပြတိုက်နှစ်ခုကို တည်ဆောက်ထားသည်။ တစ်ခုကို စစ်တွေမြို့ဆိပ်ကမ်းအဝင် ဆဲဗစ်ကမန်း (Savage Island) ပေါ်မှာ တည်ထားသည်။ လေးချမ်း တောင်မီးပြဟု ခေါ်သည်။ ယခု အွိုက်စတာမီးပြ (Oyster Light-House) ဖြစ်သည်။ ယင်းအွိုင်စတာမီးပြသည် စစ်တွေမြို့၏ အနောက်မြောက်ဘက်ရှိ အွိုက်စတာကျွန်း (Oyster Reef) ပေါ်မှာ တည်ရှိသည်။ စစ်တွေဆိပ်ကမ်းအဝင်မှာရှိသော လေးချမ်းတောင် မီးပြကို ၁၈၄၄-ခုမှာ ဆောက်လုပ်သည်။ အမြင့်ပေ(၁၃၈)ပေ မြင့်သည်။ ယခုလက်ရှိ အမြင့်အတိုင်းကို ၁၈၉၁-ခုမှာ တိုးချဲ့ပြု လုပ်သည်။ ယင်းမီးပြတိုက်မှ မီးများကို ညအချိန်မှာ(၁၄)မိုင်ဝန်းကျင်မှ မြင်ရသည်။ အွိုက်စတာမီးပြကို ၁၈၇၆-ခုမှာ ဆောက်လုပ် ပြီးစီးသည်။

ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်နိုင်အောင်လည်း သင်္ဘောဆိပ်ကမ်းကောင်းကို ပြုလုပ်ထားသည်။ ယခုလက်ရှိ စစ်တွေမြို့ ဆောင်တော်ကြီးမှာ အရှည်ပေ(၆၀၈)ပေရှိသည်။ ဒီကျချိန်မှာ ရေနက်ပေ(၂၃)ပေရှိသည်။ ယင်းဖောင်တော်ကြီးမှာ အင်္ဂလိပ်အက္ခရာ (တီ)ပုံ ရှိသည်။ ဖောင်တော်ကြီး (တံတားကြီး) ၏ မြောက်ဘက်မှာ တရုတ်အမျိုးသား အဟိန်းဆိုသူတည်ထားသော ဖောင်တော်ကြီးတံတားရှိသည်။ ထိုဖောင်တော်မှာ မော်တော်ဘုတ်များ၊ လောင်းလှေများ ဆိုက်ကပ်ကြသည်။ အဟိန်း ဖောင်တော်မှာ မြို့မဈေးကြီးနှင့် တစ်ဆက်တည်းရှိသဖြင့် ဈေးကြီး ဖောင်တော်ဟုလည်း ခေါ်ကြသည်။ ဖောင်တော်ကြီး၏ တောင်ဘက်မှာ ကျောက်ဖြင့်ပြုလုပ်ထားသော ဖောင်တော်(တံတား) တစ်ခုလည်း ရှိသည်။ ယင်းဖောင်တော်(တံတား)မှာ အစိုးရအမှု ထမ်းများ၊ အရာရှိများ ရေကြောင်းခရီးထွက်ရာတွင် အသုံးပြုသည်။ မင်းကြီးကျောက်တန်းဟူ၍လည်း ခေါ်ကြသည်။ အခြားပြည်တွင်း သွားသင်္ဘောများ ဆိုက်ကပ်ရန်အတွက်ကို ဆပ်ရိုးကျချောင်းမှာ ပြုလုပ်ထားကြသည်။

နယ်ချဲ့အင်္ဂလိပ်များသည် သူတို့စီးပွားရေးလုပ်ငန်းများ အထောက်အကူဖြစ်ရန်အတွက် စာတိုက်နှင့်ကြေးနန်းလုပ်ငန်းကို လုပ်ကိုင်လာသည်။ စစ်တွေမြို့ရှိ စာတိုက်ကြီးသည် ရခိုင်တိုင်းရှိ ဒေသအားလုံးသို့ စာပေးစာယူ ပြုလုပ်သည်။ ရန်ကုန်၊ ကလကတ္တားမြို့များသို့ တစ်ပတ်လျှင် နှစ်ကြိမ်ကျ ဗြိတိန်၊ အိန္ဒိယ မီးသင်္ဘောကြီး များဖြင့် အောက်တိုဘာလ ပထမအပတ်မှ မေလအလယ်အထိ

စာများကို စစ်တွေစာတိုက်မှ ဖြန့်ဝေပေးသည်။ မိုးရာသီမှာ တစ်ပတ်လျှင် တစ်ကြိမ်ကျ ရန်ကုန်နှင့် ကလကတ္တားမြို့များသို့ မီးသင်္ဘောကြီးဖြင့် စစ်တွေ စာတိုက်ကြီးမှာ ဖြန့်ဝေပေးသည်။

၁၈၆၄-ခုတွင် ရန်ကုန် ကာလကတ္တားမြို့များသို့ ကြေးနန်း ဆက်သွယ်မှုကို စစ်တွေမှ ပြုလုပ်လာနိုင်သည်။ မြို့နယ်များနှင့်လည်း ကြေးနန်းဆက်သွယ်မှုကို ၁၉၀၅-ခုနောက်ပိုင်းမှာ ပြုလုပ်နိုင်သည်။ တယ်လီဖုန်းများကိုလည်း စစ်တွေမြို့မှာ တပ်ဆင်လာရာ ၁၉၁၅ခု၊ ဇန်နဝါရီလ ၁ရက်နေ့မှာ တယ်လီဖုန်းလုံးရေ(၆၇)လုံး ရှိသည်။

မည်သို့ပင်ဆိုစေကာမူ စစ်တွေမြို့ပေါ်မှလွဲလျှင် သွားလာရေးနှင့် ဆက်သွယ်ရေးမှာ ခက်ခဲသည်။ လမ်းပန်းဆက်သွယ်ရေး ချို့တဲ့မှုသည် နယ်ချဲ့ သမားများအတွက် အခွင့်ကောင်းတစ်ရပ်ပင် ဖြစ်နေသည်။ တစ်ဒေသနှင့် တစ်ဒေသ အထင်အမြင်လွဲမှုများ ဖြစ်ပေါ်စေသည်။ အခြားဒေသများမှာ သွားလာ ဆက်သွယ်ရေးအတွက် ချောင်းငယ်၊ မြောင်းငယ်များကို ဝါးတံတားများဖြင့်လည်း ကောင်း၊ သစ်တုံးများဖြင့် လည်းကောင်း ပြုလုပ်ထားသည်။ ထိုတံတားများပေါ်တွင် ဥရောပတိုက်သားများ သွားလာရေးမှာ မလွယ်ကူချေ။ စစ်တွေနှင့် မိုင်အနည်းငယ် ဝေးသော နေရာများသို့ပင် ဥရောပတိုက်သား မျက်နှာဖြူအရာရှိများ တစ်ခါမျှ မရောက် ဖူးကြောင်းကို ဆာဟာဗေး (Sir Harvey)အား သူကြီးတစ်ဦးက ပြောဖူးကြောင်း မှတ်တမ်းတင်ထားသည်။ လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းမှုနှင့် ပတ်သက်၍ ဆာဟာဗေးက ဆက်လက်ဖော်ပြရာတွင်-

"စစ်တွေမြို့ကို တည်ထောင်သည်မှာ နှစ်ပေါင်း(၆၀)ရှိပြီး ဖြစ်သည်။ ကျွန်ုပ်တို့သည် အကောက်အခွန်များကို မြန်မာပြည် အခြားဒေသများထက် ပိုမိုကောက်ခံကြသည်။ သို့ရာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး လူထုအကျိုးအတွက် ငွေကြေးတစ်ပြားတစ်ချပ်မှ မသုံးသေး"ဟု ၁၈၆၆-ခု ရေးသူ၏ မှတ်တမ်းမှာ ရေးသားထားသည်ကို တွေ့ရပါသည်။

တစ်ဖန် လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းပုံကို ဆာဟာဗေး မှတ်တမ်း မရေးမီ(၁၀)နှစ်ခန့် ၁၈၇၆-ခု နိုဝင်ဘာလ(၄)ရက်နေ့ထုတ် (Araken News) သတင်းစာတွင် ဆောင်းပါးတစ်ပုဒ် ဖော်ပြခဲ့ဖူးသည်။ ဆောင်းပါးရှင်မှာ (Old Araken) အမည်ခံ ဂျေအိုဂီဗယ် ဟေး (J-Ogilvy Hay) ဖြစ်သည်။ ယင်းပုဂ္ဂိုလ်မှာ စစ်တွေမန္တလေး တရုတ်ပြည် လမ်းဖောက်လုပ်ရေး ဆောင်းပါးကို (Araken News) သတင်းစာမှာ ရေးသားအကြံပေးသူ ဖြစ်သည်။ ဖော်ပြပါဆောင်း ပါးတွင်---

"ရခိုင်တိုင်းသည် ဗြိတိသျှအလံတော်အောက်မှာ နှစ်ပေါင်း(၅၀)ရှိပြီ ဖြစ်သည်။ သို့ရာတွင်မိုင်(၅၀)မျှသောလမ်းပင် မရှိသေး။ သူတို့ထံမှ ရရှိသော အခွန် အကောက်မှာ တစ်နှစ်လျှင်သိန်း(၂၀)ဖြစ်သည်"ဟုရေးသားဖော်ပြထားသည်။

## ပညာရေး

လမ်းပန်းဆက်သွယ်ရေးကို နယ်ချဲ့အင်္ဂလိပ်တို့ လျစ်လျူရှု ထားသည်။ ယင်းမှာ သူတို့အုပ်ချုပ်ရေးအတွက် အထောက်အကူ တစ်ရပ်ပင် မဟုတ်ပါလား။ တစ်ဖက်မှာ လမ်းပန်းဆက်သွယ်ရေးကို အကြောင်းပြုပြီး မညီမျှသော ကျွန်ပညာရေးစနစ်ကို အစားထိုး လာသည်။ ရခိုင်တိုင်းကို နယ်ချဲ့အင်္ဂလိပ်များ မသိမ်းမီ အချိန်အခါက ပညာရေးကို ဘုန်းကြီးကျောင်းများမှာ သင်ကြားရပါသည်။ ထိုပညာရေးစနစ်မှာ ရခိုင်တိုင်းအတွက် အံဝင်ခွင်ကျမှု ရှိခဲ့သော်လည်း နယ်ချဲ့သမားများအတွက်ကား မလိုလားအပ်သောအခြေသို့ ရောက်ရှိနေပေသည်။ ထိုစနစ်ကို ပယ်ဖျက်ပြီး သူတို့ကို အလုပ်အကျွေးပြုမည်ဖြစ်သော ကျွန်ပညာရေးကို အစားထိုးလာခြင်း ဖြစ်သည်။ အစိုးရလုပ်ငန်းများနှင့် အရင်းရှင်ကုမ္ပဏီများတွင် လခစားများအဖြစ်ဝင်ရောက် ထမ်းဆောင်နိုင်ရန်အတွက် သူတို့သင်ပေးသော ပညာရပ်များကို ရခိုင်တိုင်းမှ ငွေကြေးတတ်နိုင်သူများက အလေးပေး သင်ယူလာကြသည်။ စစ်တွေမြို့တွင် အင်္ဂလိပ်စာသင် ကျောင်းမရှိမီအချိန်အခါက အိန္ဒိယသို့ သွားရောက်၍ အင်္ဂလိပ်စာကို သင်ယူရလေသည်။

အိန္ဒိယသို့ သွားရောက်မသင်ကြားနိုင်သူများအတွက် အင်္ဂလိပ်-မြန်မာ အထက်တန်းကျောင်းကို ၁၈၄၆-ခုတွင် စစ်တွေမြို့မှာ ဖွင့်လှစ်သည်။ ယင်းကျောင်းမှာ မြေတိုင်းပညာသင်တန်းကိုလည်း တွဲဖက်ဖွင့်ထားသည်။ ကျောင်းဖွင့်စတွင် ကျောင်းသားဦးရေ မည်မျှသင်ကြားခဲ့ကြောင်းကို မသိရသော်လည်း ၁၈၆၁-၆၂ခုတွင် ကျောင်းသား ၁၀၇-ယောက် ရှိသည်။ ၁၉၀၃-ခုသို့ ရောက်လာသောအခါ ကျောင်းသားဦးရေ (၃၄၃)ယောက်အထိ တိုးမြင့်လာသည်ကို တွေ့ရသည်။ ၁၉၁၇-ခုမှာ ကျောင်းသား (၅၆၄)ယောက်အထိ ပညာသင်ကြားလျက် ရှိနေပြီ ဖြစ်သည်။ ကျောင်းဆောင်နေ ကျောင်းသား (၇၅)ယောက်ဆံ့သော အဆောင်တစ်ခုကိုလည်း ပူး တွဲထားသည်။ ယင်းကျောင်းကို ကျောင်းဖွင့်သည့်နှစ်မှစ၍ အစိုးရ က တိုက်ရိုက်ချုပ်ကိုင်လာရာ ၁၈၇၉-ခုတွင် မြူနီစီပယ်အဖွဲ့သို့ လွှဲပြောင်းပေးလိုက်သည်။ တစ်ဖန် ၁၉၁၃တွင် ပြန်လည်၍ အစိုးရချုပ်ကိုင်မှုအောက်သို့ သိမ်းသွင်းလိုက်ပါသည်။

အစိုးရအထက်တန်းကျောင်းအပြင် ခရစ်ယာန်သာသနာပြု အထက်တန်းကျောင်းတစ်ကျောင်းလည်းရှိသည်။ ထိုကျောင်းကို ၁၈၉၀-ခုက စတင်ဖွင့်လှစ်သည်။ ဥရောပတိုက်သားကလေးငယ်များတွက် သင်ကြားရန် သီးသန့်သင်တန်းများ ရှိသည်။ အစိုးရထံမှ ထောက်ပံ့ငွေ တစ်နှစ်လျှင် သုံးသောင်းစီရသည်။ ကျောင်းဆောင်နေ ကျောင်းသားများအတွက်လည်း သီးခြားကျောင်းများ ပြုလုပ်ထားသည်။

၁၈၆၇-ခု ဇီဇခုလောက်တွင် စစ်တွေမြို့မှာ မိန်းကလေး ကျောင်းတစ်ကျောင်း ဖွင့်လှစ်ခဲ့သည်။ ထိုကျောင်းမှာ အစိုးရအထောက်အပံ့ခံကျောင်းမဟုတ်ပါ။ မြူနီစီပယ် မူလတန်းကျောင်း ဖြစ်သည်။ အခြားမိန်းကလေးကျောင်းတစ်ခုမှာ ဥရောပတိုက်သားများ၏ သမီးအတွက် (Mrs. Lacker Steen) အုပ်ချုပ်သော အစိုးရအထောက်အပံ့ခံ သာသနာပြုမိန်းကလေးကျောင်း ဖြစ်သည်။ ၁၈၈၅-ခုနှစ်က စစ်တွေမြို့ မြူနီစီပယ်ကျောင်းတွင် ကျောင်းသူ (၃၅)ယောက်နှင့် သာသနာပြုမိန်းကလေးကျောင်းတွင် (၂၃)ယောက်မျှသာ ရှိသည်ဟု ပညာရေးအစီရင်ခံစာအရ သိရသည်။ ဆရာအတတ်သင် နော်မံကျောင်းတွင် ၁၈၈၁-ခုနှစ်က ကျောင်းသား (၁၀)ယောက်သာရှိသည်ဟု ဆိုထားသည်။ ယင်းကြောင့် ဆရာအတတ်သင် နော်မံကျောင်းမှာ အဆိုပါနှစ် ဝန်းကျင်လောက်တွင် ဖွင့်နိုင်ကြောင်း ခန့်မှန်းရသည်။ ယင်းကျောင်းနှင့်အတူ လက်မှုပညာသင်ကျောင်းကိုပါ တွဲဖက်ဖွင့်ထားသည်။

## အမျိုးသားကျောင်း

အဆိုပါကျောင်းများကို ဖွင့်လှစ်သင်ကြားနေရာမှ ၁၉၂၀-ခု နောက်ပိုင်းမှာ အမျိုးသားအထက်တန်းကျောင်းကို တည်ဆောက်ကြသည်။ အမျိုးသားအထက်တန်းကျောင်းမှာ ၁၉၂၀-ခု ရန်ကုန် တက္ကသိုလ်ကျောင်းသားသပိတ်၏ ကွင်းဆက်တစ်ခု ဖြစ်သည်။ အမျိုးသားကျောင်း ဖွင့်စအချိန်ကဆိုလျှင် အဆောက်အအုံမည်မည်ရရ မရှိသေးပါ။ ဘုန်းကြီးကျောင်းများတွင် စာသင်ကြရသည်။ စစ်တွေမြို့ပေါ်ရှိ လူကြီးများ ဖြစ်သော ဦးထွန်းပေါ်၊ ဦးအဒိုး၊ ဦး ဇော်ဂေါ၊ ဦးမြထွန်း၊ ဦးစောလှအောင်စသည့် လူကြီးများနှင့် လူငယ်များ ပူးပေါင်း၍ အဆောက်အအုံ ရန်ပုံငွေများကို မြို့တွင် လှည့်လည်ကောက်ခံကြသည်။ ရရှိသောငွေကို ဦးဇော်ဂေါကဦးစီး၍ ဆောက်လုပ်သည်။ ဆောက်လုပ်ခငွေကို မယူဟုသိရသည်။ ပထမကျောင်းမှာ ဝါးကျောင်းဖြစ်သည်။ နောက်မှ သစ်သားကျောင်း ဆောက်လုပ်သည်။ ကျောင်းပုံမှာ အင်္ဂလိပ်အက္ခရာ (အယ်လ်)ပုံ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ကျောင်းမှာလုံးဝပျက်စီးခဲ့ရသည်။ စစ်ပြီးခေတ်နောက်ပိုင်းမှာ ပြန်လည်ဖွင့်လှစ် နိုင်ခြင်း မရှိတော့ပါ။ ယခု အမျိုးသားကျောင်းနေရာမှာ တောင်တန်းသာသနာပြုကျောင်းအဖြစ် တည်ရှိနေသည်။

အမျိုးသားအထက်တန်းကျောင်း၏ ပထမဆုံးကျောင်းအုပ် ကြီးမှာ ဦးထွန်းအောင် ဖြစ်သည်။ နောက်ရခိုင်တိုင်းဖွား မူဆလင်ဘာသာဝင် မစ္စတာဇော်နဒင် (Mr. Zaunuddin) ဖြစ်သည်။ အမျိုးသားကျောင်းမှာ ကျောင်းဆရာ(၃၀)ဦးခန့်ရှိသည်ဟု သိရသည်။ ဦးမောင်မြဦး၊ ဦးအေးချမ်း၊

ဦးသာနိုအောင် (ကွယ်လွန်)၊ ဦးရွှေထွန်း၊ ဦးဘိုးမြစိန်၊ ဦးအောင်ထွန်းဦး (ကွယ်လွန်)၊ ဦးကျော်ဦး (ကွယ်လွန်)၊ ဦးစံထွန်းအောင်၊ ဦးအောင်သာဦး စသည့်ပုဂ္ဂိုလ်များမှာ အမျိုးသားကျောင်း စတင်တည်ထောင်စကပါရှိလာသော ကျောင်းဆရာများဖြစ်သည်။ ကျောင်းသားဦးရေမှာ (၇၀၀)ခန့် ရှိသည်ဟု သိရသည်။ (၆)လတစ်ကြိမ် အတန်းတင်စာမေးပွဲစစ်သည်။ သူငယ်တန်းမှ (၁၁)တန်းအထိရှိသည်။ အမျိုးသားကျောင်းသည် နယ်ချဲ့ဆန့်ကျင်ရေး ကိုလိုနီပညာရေးကို ဆန့်ကျင်ရာမှ ပေါ်လာသော ကျောင်းဖြစ်သည်။ ကျောင်းရှိဆရာများသည် လည်းကောင်း၊ ကျောင်းသားများသည် လည်းကောင်း နယ်ချဲ့အင်္ဂလိပ်ကို ခါးသီးစွာ ရွံမုန်းသူများ ဖြစ်ကြသည်။ နောင်သောအခါတွင် နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုဖြစ်လာမည့် အမြုတေများကို ဤကျောင်းမှ မွေးထုတ်ပေးလိုက်သည်ဆိုက မှားမည်မထင်ပါ။

## နယ်ချဲ့ဆန့်ကျင်ရေး

နယ်ချဲ့အင်္ဂလိပ်များသည် စီးပွားရေး၊ ပညာရေးနှင့် လမ်းပန်း ဆက်သွယ်ရေးများကိုလည်း အရင်းရှင်ပုံစံအတိုင်း တည်ဆောက် လိုက်သည်။ တစ်ချိန်တည်းမှာ လူတန်းစားပြဿနာပေါ်လာသည်။ တစ်ဖက်က အရင်းရှင်လူတန်းစား၊ လက်ဝေခံ လူတန်းစားနှင့် ပြူရိုကရက်များ၊ အခြားတစ်ဖက်မှာ အဖိနှိပ်ခံများနှင့် မျိုးချစ်အင်အားစုများလည်း ဖိနှိပ်မှုများကို တွန်းလှန်ကြသည်။ နယ်ချဲ့သမားများကို ရွံရှာမုန်းတီးသည်။ သို့နှင့်ရခိုင်တိုင်းတွင် နယ်ချဲ့အင်္ဂလိပ်များသည် အရင်းရှင်စီးပွားရေးစနစ် အခြေချမိသည်နှင့် တစ်ချိန်တည်းမှာ မင်းသားကြီးရွှေဘန်း၊ ဒေးဝန်းကြီးအောင်ကျော်ရွှီ၊ မြို့သူကြီးအောင်ကျော်ဇံစသည့် မျိုးချစ်အာဇာနည်များသည် နယ်ချဲ့သမားများကို တော်လှန်ကြသည်။ ယင်းပုဂ္ဂိုလ်တို့မှာ ရခိုင်တိုင်း၏ ပွေဦးလာ တော်လှန်ရေးသမားများ ဖြစ်ကြသည်။ တော် လှန်ရေးခေါင်းဆောင် မင်းသားကြီး ရွှေဘန်း၏အဘမှာ အင်းဝသို့ သုံ့ပန်းအဖြစ်နှင့်ခေါ်ဆောင်ခြင်းခံရသူဖြစ်သည်။ မင်းသားကြီးမှာလည်း အင်းဝသို့ပါခဲ့ရသူ ဖြစ်သည်။ ဒေးဝန်ကြီးအောင်ကျော်ဇံမှာ ဗိုလ်ချင်းပျံ၏ ယောက်ဖတော်သူ ဖြစ်သည်။ မြို့သူကြီးအောင်ကျော်ဇံမှာ ဗိုလ်ချင်းပျံ၏တူတော်သူတစ်ဦးဖြစ်သည်။ ယင်းခေါင်း ဆောင်များမှာ တစ်ချိန်က အင်္ဂလိပ်များထံတွင် အစိုးရအမှုထမ်းခဲ့ကြသူများ ဖြစ်သည်။

စစ်တွေမြို့ မေယူလမ်းမကြီးရှိ ဆိပ်တိုက်ညောင်ပင်စခန်းကို ထိုပုဂ္ဂိုလ်တို့က တော်လှန်ရေးလျှို့ဝှက်စခန်းအဖြစ် အသုံးပြုခဲ့ကြသည်။ ယင်းစခန်းမှ နယ်ချဲ့အင်္ဂလိပ်များကို ၁၈၂၇-ခုမှစ၍ တော်လှန်ကြသည်။ ၁၈၃၆-ခုအထိ (၉)နှစ်ခန့်ကြာသော တော်လှန်ရေးကို ဆင်နွှဲခဲ့ကြသည်။ သစ္စာဖောက်တစ်ဦး၏ လက်ချက်ကြောင့် တော်လှန်ရေးဆုံးရှုံးခဲ့သည်။ မျိုးချစ်အာဇာနည်များ၏ တော်လှန်

ရေးလုပ်ရပ်များကို သေးသိမ်မှုဖြစ်စေရန်အတွက် နယ်ချဲ့သမားများသည် ရက်စက်ကြမ်းကြုတ်သူမျိုး၊ အသရေမရှိသူများအဖြစ် ယင်းပုဂ္ဂိုလ်များအား မှတ်တမ်းတင်ထားသည်။ သို့သော် ထိုမျိုးချစ်များကား ယင်းသို့မဟုတ်ချေ။ အမျိုးကိုချစ်သည်။ သူ့ကျွန် မခံလိုကြပါ။ သစ္စာဖောက်များကို ကမ္ဘာအဆက်ဆက်တိုင် မကျေချမ်းခဲ့ပါ။ ဤသည်တို့ကို အာဇာနည်ပုဂ္ဂိုလ်များ၏လက်ရာများဖြစ်သော သွေးမော်ကွန်းရတုများက သက်သေထူခဲ့သည်။

ယင်းနောက် ရခိုင်တိုင်းမှာ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများ ဆက်တိုက်ပေါ်ခဲ့သည်။ ၁၈၇၀-၇၁ခုမှာ ဦးမောင်ဖြူ ၁၈၈၈-ခုတွင် မောင်ဘင်နှင့် ဗိုလ်ငတို့သည် မြောက်ဦးမြို့နယ်မှ အင်္ဂလိပ်များအားတော်လှန်ကြသည်။ ၁၈၉၀-ခုမှာ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦးမြို့နယ်များတွင် ဦးကြာထွန်း၊ ဦးရွှေလှ၊ ဗိုလ်လာဘ၊ ဗိုလ်ကျော်ဝတို့က တစ်ဖန်တော်လှန်ကြသည်။ သူတို့ကိုလည်း လူဆိုးသူခိုးဟူ၍ နယ်ချဲ့အင်္ဂလိပ်များက မှတ်တမ်းတင်ထားခဲ့ကြသည်။ သို့သော် ယင်းပုဂ္ဂိုလ်တို့လုပ်ရပ်များက သက်သေထူခဲ့ပြီး ဖြစ်သည်။

ဦးချင်းဖော်နှင့်သားဖြစ်သူ ဦးဖော်အောင်တို့လည်း ၁၈၉၁-ခု၊ စက်တင်ဘာလလောက်မှစ၍ မေယူကမ်းခြေ၊ မင်္ဂလာကြီး တောင်မြေအောက်စခန်းကနေပြီး နယ်ချဲ့သမားများကို တော်လှန်ကြသည်။ ဦးချင်းဖော်မှာ ကူတောင်ရွာ၏ သုံးဆယ်မြောက်ဖြစ်သော ကျွန်းအုပ်ကြီး ဖြစ်သည်။ ဦးဖော်အောင်မှာ စစ်တွေမြို့သို့ သွားရောက်ပညာသင်ကြားစေရာ (၇)နှစ်တွင် (၇)တန်းကို အောင်မြင်ခဲ့သည်ဟုဆိုသည်။ ငယ်စဉ်ကပင် စာပေကျမ်းဂန်နှင့် ရခိုင်ရာဇဝင်အစောင်စောင်ကို လေ့လာဖူးသူ ဖြစ်သဖြင့် နယ်ချဲ့ အင်္ဂလိပ်များကို မုန်းတီးသူ ဖြစ်နေသည်။

ဦးချင်းဖော်နှင့်သားဖြစ်သူ ဦးဖော်အောင်တို့၏ တော်လှန် ရေးလုပ်ငန်းသည် အင်္ဂလိပ်များအား အကြီးအကျယ်တုန်လှုပ်စေသည်။ ၁၈၉၂-ခု၊ ဖေဖော်ဝါရီလမှာ မျိုးချစ်အာဇာနည် နှစ်ဦးကို ဖမ်းဆီးမိသည်။ စစ်တွေအကျဉ်းထောင်မှာ ချုပ်နှောင်ထားသည်။ အချုပ်ခံနေစဉ် စစ်တွေထောင် ထောင်ထမှု ဖြစ်ပွားသည်။ အင်္ဂလိပ်လူမျိုး ထောင်မှူးတစ်ဦး သေဆုံးသည်။ သက်ဆိုင်ရာအာဏာ ပိုင်များက ရှန်းရင်းဆန်ခတ်မှုကို သေနတ်ပစ်ပြီး နှိမ်နင်းရသည်။ လူအများအပြား သေဆုံးရသည်။ အင်္ဂလိပ်ထောင်မှူး သေဆုံးရ သော အမှုမှာ ဦးဖော်အောင်က သူနှင့်သာဆိုင်သည်ဆိုပြီး ပေး သောအပြစ်ကို ခံယူသည်။ ဦးဖော်အောင်ကို အာဏာပိုင်များက သေဒဏ်ပေးလိုက်သည်။ နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင်မှာ ရေတိမ်နစ်ရရှာပြန်သည်။

သို့သော် နယ်ချဲ့ဆန့်ကျင်ရေးအရှိန်သည် ရခိုင်တိုင်းတွင် ငြိမ်ခဲ့သည်ဟူ၍ကား မရှိခဲ့ပါချေ။ မြန်မာတစ်ပြည်လုံး နယ်ချဲ့လက်အောက် ကျရောက်သည့်အခါ

ပြည်ထောင်စုတိုင်းရင်းသား စည်းလုံးရေးကို အလေးပေးခဲ့သော ဆရာတော် ဦးဥတ္တမမှာ စစ်တွေမြို့တွင် မွေးဖွားခဲ့သော်လည်း စစ်တွေမြို့မှာ အနေနည်းခဲ့သည်။ နိုင်ငံခြား မြို့ကြီးပြကြီးများသို့ သွားရောက်လေ့လာမှုများ ပြုလုပ်ခဲ့သည်။ မျိုးချစ်စိတ်ပြင်းပြအောင် မြန်မာတစ်နိုင်ငံလုံးကို အမြလှုံ့ဆော်နေခဲ့ သည်မှာ ဘဝနတ်ထံ ပျံလွန်တော်မူသည်အထိ ဖြစ်သည်။

မြို့ကြီးပြကြီး ကမ္ဘာအနှံ့ရောက်ဖူးသော်လည်း မိမိ၏ဇာတိရပ်မြေကိုကား မမေ့ပါ။ ဆရာတော်အား အင်္ဂလိပ်တစ်ဦးက မည်သည့်ဒေသတွင် နေရသည်မှာ အပျော်ဆုံးနည်း။ မည်သည့် အာဟာရသည် အကောင်းဆုံးနည်းဟု မေးသည်။ ဆရာတော်က မိမိသည် စစ်တွေမြို့ ရူပရွာချောင်းနားတန်းမှာ အပျော်ဆုံးဖြစ်သည်။ ဆာနေသည့်အခါ စားရသောအစာသည် အကောင်းဆုံးဟု ဖြေကြားခဲ့သည်ဟု ကြားဖူးပါသည်။ စစ်တွေမြို့ ရူပရွာချောင်းနားတန်းကို ပျော်စရာအကောင်းဆုံးဟုဆိုလိုက်ခြင်းသည်မှာ ဆရာတော်သည် ဒေသစွဲဖြင့်ဖြေကြားလိုက်ခြင်း မဟုတ်ပါ။ မိမိ၏ဘဝနှင့် မွေးရပ်မြေကို မမေ့ကြောင်း ဖော်ထုတ်ခြင်းသာ ဖြစ်တန်ရာသည်။

ဦးမဲအောင်၊ ဦးစိန်လှအောင်တို့လည်း ဆရာတော်တို့နှင့် တစ်ချိန်တည်းပင် နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများကို လုပ်ကိုင်ကြလေသည်။ ထိုပုဂ္ဂိုလ်များမှာ စစ်တွေမြို့မှဖြစ်သော်လည်း မြန်မာပြည်မဘက်မှာသာ နယ်ချဲ့ဆန့်ကျင်ရေး အရှိန်အဟုန်သည် တစ်ဟုန်ထိုးတက်နေသည်။ တို့ဗမာအစည်းအရုံးမှသည် နယ်ချဲ့ဆန့်ကျင်ရေးမှာ ထိပ်ပိုင်းမှပါဝင်ခဲ့သောအသင်း ဖြစ်သည်။ ရခိုင်ဘက်မှာ ရခိုင်တိုင်းလုံးဆိုင်ရာအစည်းအရုံးသည် ထင်ရှားသည်။ ယင်း အစည်းအရုံး မပေါ်မီက ထင်ရှားသောအသင်းများမှာ ရခိုင်ပြည်အသင်း၊ လူငယ်များနိုးကြားရေးအသင်း၊ ရခိုင်တိုင်းလုံးဆိုင်ရာ ကြီးပွားရေးအဖွဲ့ချုပ်နှင့် တိုင်းရင်းသားအစည်းအရုံးများ ဖြစ်ကြသည်။ ယင်းအဖွဲ့များ တည်နေရာသည် စစ်တွေမြို့မှာပင် ဖြစ်သည်။

ရခိုင်တိုင်းလုံးဆိုင်ရာ ကြီးပွားရေးအဖွဲ့ချုပ်ကို ၁၉၃၀-ခု၊ နိုဝင်ဘာလလောက်မှာ ဖွဲ့စည်းသည်။ ထိုအဖွဲ့မှာ ဆရာတော် ဦးစိန္တာ(ပျံလွန်)၊ ဆရာတော် ဦးပညာသီဟတို့မှာ နာယကများ ဖြစ်ကြသည်။ ရှေ့နေ ဦးမြထွန်း၊ ဦးကျော်ခိုင်၊ ဦးထွန်းစိန်(နန္ဒမာလာ)၊ ဦးဘိုးခိုင်၊ ဦးအောင်သာဦး အစရှိသောပုဂ္ဂိုလ်များ ပါဝင်သည်။ တိုင်းရင်းသားအစည်းအရုံးမှာ ဦးအောင်ထွန်းဦး (ကွယ်လွန်)၊ ဦးစံရွှေ (ဒို့လက်ရုံး)၊ ဦးဘစံ (ဓညစံ)စသော ပုဂ္ဂိုလ်များ ပါဝင်သည်။ ထိုအသင်း (၂)သင်းမှာ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားစည်းလုံးမှုကို အဓိကအလေးထားသော အသင်းများ ဖြစ်ကြသည်။ ရည်ရွယ်ချက်များတူသော အသင်းများ ဖြစ်သည်။ ယင်းကြောင့် တစ်ခုတည်းသောအသင်းဖြစ်မြောက်နိုင်ရေးအတွက် စစ်တွေမြို့ရှိ တန်ခိုး


ဆရာတော်ကျောင်းတွင် နှစ်ဖက်သောအသင်း ကိုယ်စားလှယ်များ ညှိနှိုင်းကြသည်။ ယင်းနောက် ၁၉၃၇-ခု၊ ဒီဇင်ဘာလအတွင်းမှာ "ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံး"ကို တညီတညွတ်တည်း တည်ထောင်ကြလေသည်။ ယင်းတွင် နာယကများအဖြစ် ဆရာတော်ဦးစိန္တာ (ပုံလွန်)၊ ဦးပညာသီဟတို့ ဖြစ်သည်။ ဦးသာဇံလှ (ကွယ်လွန်)မှာ ဥက္ကဋ္ဌ၊ ဦးအောင်ထွန်းဦး (ကွယ်လွန်)မှာ ဒု-ဥက္ကဋ္ဌများ ဖြစ်ကြသည်။ ထိုအစည်းအရုံးမှာ စစ်ကြိုခေတ်နှင့် စစ်အတွင်းအခါက ရခိုင်တိုင်းတွင် အင်အားအရှိ ဆုံးသော နယ်ချဲ့ဆန့်ကျင်ရေးအသင်းပင် ဖြစ်သည်။

ထိုအသင်းကြီး၏ အရှိန်အဟုန် ကောင်းတုန်းအချိန်မှာ ဒုတိယကမ္ဘာစစ်သည် မြန်မာပြည်တွင်းသို့ ကူးစက်လာသည်။ နယ်ချဲ့အင်္ဂလိပ်များသည် မြန်မာပြည်မှ အောင်မြင်စွာ ဆုတ်ခွာရသည်။ ဖက်ဆစ်ဂျပန်များ ယင်းနေရာသို့ အစားထိုးဝင်လာခဲ့လေသည်။ ရခိုင်တိုင်းသို့လည်း ဖက်ဆစ်ဂျပန်များ ချဉ်းနင်းဝင်ရောက်လာတော့သည်။ ရခိုင်တိုင်းလုံးဆိုင်ရာ အစည်းအရုံးအဖွဲ့ဝင်များသည် ဂျပန်များ မရောက်မီ အုပ်ချုပ်ရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက် နေရသည်။ ရပ်ရွာငြိမ်ဝပ်ရေးကို ကြိုးစားရသည်။ ဦးအောင်ထွန်းဦးမှာ အထူးခရိုင်ဝန်ရာထူးကို ထမ်းဆောင်ရသည်။ တိုင်းပြည်တာဝန်ထမ်းဆောင်နေရင်း နယ်ချဲ့အင်္ဂလိပ်လေယာဉ်မှ ပစ်ချလိုက်သော ဗုံးဒဏ်ကြောင့် ၁၉၄၃-ခု၊ မေလ(၃)ရက်နေ့မှာ ကွယ်လွန်သွားရရှာလေသည်။

ရခိုင်တိုင်းလုံးဆိုင်ရာအစည်းအရုံး၏ ဥက္ကဋ္ဌဦးသာဇံလှမှာ ဗမာပြည်လွတ်လပ်မှု စိစစ်ရေးကော်မတီအစည်းအဝေးသို့တက်ရင်း ရောဂါကုရန် ရန်ကုန်သို့ ၁၉၄၃-ခု၊ မေလအတွင်း လိုက်လာသည်။ ဦးသာဇံလှမှာ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးတွင် ယင်းလ အတွင်းမှာ ကွယ်လွန်ပြန်သည်။ ယင်းပုဂ္ဂိုလ်နှစ်ဦး ဆုံးရှုံးရခြင်းမှာ ရခိုင်ပြည်အတွက် ကြီးမားသော ဆုံးရှုံးမှုတစ်ရပ် ဖြစ်သည်။

သို့သော် ရခိုင်တိုင်၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တော် လှန်ရေးသည် အရှိန်ကား လျော့မသွားချေ။ ယင်းလုပ်ငန်းကို ကျန်ရစ်သူ လူကြီးလူငယ်များက ကျရောက်ရာမှ တာဝန်ကိုသိရှိစွာ ထမ်းကြသည်။ တစ်ဖက်မှလည်း စစ်မီးဟုန်ပြင်းသထက် ပြင်းလာသည်။ စစ်တွေမြို့ပေါ်သို့လည်း အင်္ဂလိပ်လေယာဉ်များသည် နေ့စဉ်နှင့်အမျှ ဗုံးမိုးရွာနေသည်။ ဗုံးဒဏ်ကြောင့် အသေအပျောက် ပျက်စီးဆုံးရှုံးမှုမှာလည်း တွက်ချက်၍မရနိုင်တော့ပါ။ ယင်းကြောင့် စစ်တွေမြို့နေ လူထုမှာ အိုးအိမ်များကိုစွန့်ပစ်ပြီး တောလက်ကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ကြရသည်။ ပြောင်းရွှေ့ရာအရပ်သည် ရခိုင်လူငယ်များ၏ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေး စခန်းများအဖြစ်သို့ အသွင်ပြောင်းသွားကြသည်။ ဖက်ဆစ် ဂျပန်များအား လက်နက်ကိုင်တော်လှန်ရေးကို ရခိုင်လူငယ်များသည် ပြည်မရှိတော်လှန်ရေး အင်အားစုများနှင့်လက်တွဲကာ တော်လှန်ခဲ့ကြသည်။

ယင်းလူငယ်များ အင်အားစုများကို ဆရာတော်ဦးစိန္တာ(ပျံလွန်)၊ ဆရာတော် ဦးပညာသီဟတို့က ဦးဆောင်သည်။ ဦးညိုထွန်း (ယခုသြစတြေးလျ သံအမတ်ကြီး)၊ ဗိုလ်ကြာလှအောင်၊ ဗိုလ်စံသာကျော်၊ ဗိုလ်မောင်ကလေး၊ ဗိုလ်သာထွန်းအောင်စသည်တို့လည်း တစ်တပ်တစ်အား ပါဝင်ကြသည်။ ယင်း ပုဂ္ဂိုလ်များ၏ ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းသည် မြန်မာပြည်မှာထက် အချိန် စောစီးစွာကပင် လုပ်ကိုင်နေကြပြီး ဖြစ်သည်။



**ကျောင်းအုပ်ဆရာကြီး ဦးထွန်းအောင်၊ မစ္စတာ ဇော်နဒင် (ဒုတိယကျောင်းအုပ်) ဆရာဦးအောင်ထွန်းဦး (ယာအစွန်ဆုံးထိုင်ခုံဖြင့် ထိုင်နေသူ)နှင့် ၁၉၂၆ ခုနှစ်၊ စစ်တွေအမျိုးသားကျောင်း ဘောလုံးအသင်းဝင်များပုံ**

ဖက်ဆစ်ဂျပန်များ၏ ရက်စက်မှုများသည် ရခိုင်လူငယ်များ၏ အမျိုးသား လွတ်မြောက်ရေးအတွက် စိတ်ဓာတ်ကို တက်ကြွစေသည်။ နိုးကြားစေသည်။ ယင်းကြောင့်လည်း ဖက်ဆစ်ဂျပန်များကို တော်လှန်ရာမှာ ရခိုင်လူငယ်များသည် ပြောင်မြောက်သော အခန်းကပါဝင်ခဲ့ကြသည် မဟုတ်ပါလော။

## မဟာမိတ်များ၏ တန်ပြန်ထိုးစစ်

တစ်ဘက်မှလည်း နယ်ချဲ့အင်္ဂလိပ်များသည် ၁၉၄၃-ခု လောက်ကပင် ဖက်ဆစ်ဂျပန်များအား မဟာမိတ်တပ်များအသွင်နှင့် တန်ပြန်ထိုးစစ်ဆင်လာသည်။ ၁၉၄၄-ခု၊ နိုဝင်ဘာလ (၈)ရက်နေ့တွင် ရေတပ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်သည် သက်ဆိုင်ရာ စစ်သေနာပတိများထံသို့ ရခိုင်တိုင်းမှ ဂျပန်များကို ရှင်းလင်းသုတ် သင်ရန်နှင့် ဇန်နဝါရီလမကုန်မီ စစ်တွေမြို့ကို ရေတစ်ပိုင်း ကုန်းတစ်ပိုင်း စစ်ဆင် တိုက်ခိုက်ရန် ညွှန်ကြားလိုက်လေသည်။ ယင်းညွှန် ကြားချက်အတိုင်း ဖက်ဆစ်

ဂျပန်များကို ထိုးစစ်ဆင်လာရာ ၁၉၄၅-ခု၊ ဇန်နဝါရီလ(၅)ရက်နေ့တွင် စစ်တွေမြို့ကို မဟာမိတ်တပ်များခြေချနိုင်သည်။ စစ်တွေမြို့ကို သိမ်းမိလျှင်သိမ်းမိချင်း လေယာဉ်ကွင်းကို အရေးတကြီး ပြုလုပ်သည်။ ယင်းသို့ အရေးတကြီးပြုလုပ်ရခြင်းမှာ စစ်တွေကျောက်ဖြူမြို့များတွင် လေယာဉ်ကွင်းများရှိခြင်းဖြင့် ရန်ကုန်သို့ ထိုးစစ်ဆင်ရာမှာ လေကြောင်းအကူအညီ များစွာပေးနိုင်ရေးအတွက် ဖြစ်လေသည်။ သို့နှင့်စစ်တွေကျောက်ဖြူမြို့များတွင်(၁၂)ရာသီသုံး လေယာဉ်ကွင်းအဖြစ် အသုံးပြုနိုင်ရန် ပြုလုပ်ခြင်းဖြစ်သည်။

ဤသို့ဖြင့် စစ်တွေမြို့သည် ဂျပန်များစစ်ကြောင်းဆင်ရာ လမ်းနှင့် မဟာမိတ်တပ်များ၏ ထိုးစစ်ဆင်ရာတွင် လမ်းကြောင်းကျနေသည့် စစ်လမ်းကြောင်းမှာရှိသဖြင့် တိုက်တာအိုးအိမ် အဆောက်အအုံများမှာ မြေပြင်သို့ဝပ်ခဲ့ရသည်။ အိမ်တိုင်နွယ်ရစ်၍ တစ်မြို့လုံးမှာ ဗုံးဒဏ်ကြောင့် ချောက်များ ချိုင့်များနှင့် ပြွမ်းလျက်ရှိသည်။ စစ်ကြောင့်သေကြေဆုံးရှုံးရသည့် ကလေးသူငယ် လူကြီးမည်ရွေ့မည်မျှ ရှိခဲ့သည်ကိုကား တစ်ဦးတစ်ယောက်မျှ ပြောနိုင်မည် မဟုတ်ပါချေ။ ရေတပ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန် အစီရင်ခံစာတွင်---

> "စစ်တွေမြို့တစ်မြို့လုံးသည် ကျွန်ုပ်တို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့်တစ်ကြောင်း၊ ရန်သူများ ဖျက်ဆီးသွားသောကြောင့်တစ်ကြောင်း ပျက်စီးနေသည်ကို တွေ့ကြရ၏။ ဂျပန်များဆောက်လုပ်သွားသော စစ်တွေသင်္ဘောဆိပ်ကမ်းမှာလည်း ဗုံးကြဲတိုက်ခိုက်မှုများကြောင့် အကြီးအကျယ် ပျက်စီးရလေသည်"။

ဟူ၍ စစ်သားတစ်ယောက်၏ အမြင်နှင့် တင်ပြအစီရင်ခံ ခဲ့လေသည်။ မောင့်ဘက်တန်၏ အစီရင်ခံစာသည် သာမန်မျက်စိနှင့် မြင်လောက်ရုံကိုသာ ရေးထားခြင်းဖြစ်သည်။ စစ်တွေမြို့လူထုမှာ အသက်စည်းစိမ်အိုးအိမ် မိမိတို့မြတ်နိုးသော တွယ်တာသော မိဘသားသမီး ဇနီးခင်ပွန်း ညီအစ်ကိုမောင်နှမများစသည့် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ယင်းတို့ကို စစ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်ကား ကရုဏာသက်မိလေမည် မထင်ပါ။ အရေးတယူ တွေးနေမည်လည်း မဟုတ်ပါချေ။ စစ်သွေး စစ်မာန်ဝင်ပြီး အောင်မြင်မှုရရှိနေချိန်မှာ ရေးထားသော အစီရင်ခံစာ ဖြစ်သောကြောင့်ဟု ထင်မြင်မိသည်။

မဟာမိတ်တပ်များသည် စစ်တွေမြို့ သိမ်းပြီးနောက် စစ်တွေမြို့လူထုကို မြို့ထဲသို့ နေထိုင်ခွင့်ကား မပြုသေးချေ။ စစ်မြို့အဖြစ်သုံးထားလေသည်။ စစ်တွေ၏ ဆင်ခြေပုန်းဖြစ်သော ကြက်ကိုင်းတန်၊ နာရီတန်၊ ကျားမသောက်သိန်းတန်စသော ရွာများတွင် စစ်တွေလူထု နေထိုင်ခွင့်ရကြသည်။ မဟာမိတ်များ၏ မြို့ပြအုပ်ချုပ်ရေးကို နာရီတန်မှာထားသည်။ ကိုလိုနီစက်ယန္တယားပုံစံကို ချမှတ်ပြီး သွေးစုတ်

ချယ်လှယ်နိုင်ရေးကို လုံးပန်းလာပြန်သည်။ ထိုသို့ လုံးပန်းလာမှုကြောင့် အမှုထမ်းပေါင်းစုံ သပိတ်သည် နာရီတန်မှာ ပေါ်ပေါက်လာရသည်။

ယင်းအမှုထမ်းပေါင်းစုံသပိတ်မှာ မြန်မာပြည်တစ်ပြည်လုံး၏ အထွေထွေအလုပ်သမားသပိတ်၏ ကွင်းဆက်ဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်မှုအောက်တွင် လွတ်လပ်ရေးအောင်လံ လွှင့်ထူနိုင်ရန် ကြိုးပမ်းနေသောအချိန်အခါလည်း ဖြစ်သည်။ ပြည်ထောင်စုတစ်ခုလုံး၏ စည်းရုံးမှုအင်အားသည် တစ်ကြိမ်တစ်ခါမျှ မရှိဖူး မဖြစ်ဖူးသော စည်းရုံးမှုကို ရရှိနေသောအခါလည်း ဖြစ်နေသည်။ သို့ဖြင့် နယ်ချဲ့အင်္ဂလိပ်များသည် မြန်မာပြည်မှာ ကြာရှည်စွာ မနေနိုင်ဘဲ ဆုတ်ခွာရန် စီစဉ်ရလေသည်။ စစ်တွေ မြို့တွင် တပ်ချနေသောမဟာမိတ်တပ်များသည်လည်း ၁၉၄၆-ခုအကုန် ၁၉၄၇ခုအဆန်းလောက်မှာ တပ်များကို ရုပ်သွားကြလေသည်။ စစ်တပ်များ ရုပ်သိမ်းသွားပြီးမှသာ စစ်တွေမြို့လူထုကို စစ်တွေမြို့ထဲသို့ ပြောင်းရွှေ့နေထိုင်ခွင့် ပြုလိုက်ပါသည်။

**မြထွန်းအောင်**
**၂၁-၁၂-၆၇**

## <u>ကိုးကားသည့်စာတမ်းများ</u>


၁။ Arakan Past Present Future by John Ogilvy Hay 1892.

၂။ Burma Gazetteer Akyab District Volume A by Mr.R.B. Smart.

၃။ Census of India 1991-Vol-IX. Burma Part II Table, by C. Morgan Weeb. M.A, I.C.S.

၄။ Series A Union of Burma 1953. Census of Population.

၅။ လွတ်လပ်ရေးခေါင်းဆောင် နာယကဆရာတော် ဦးစိန္တာ၏ ထေရုပ္ပတ္တိအကျဉ်း။

၆။ နွယ်ချိုဖိုးခေါင် ရိုးမတောင် 'ညေစံ' ၁၉၅၈-၅၉ ထုတ် ရခိုင့်တန်ဆောင်မဂ္ဂဇင်း။

၇။ မင်းလောင်းမောင်ဖော်အောင် 'ညေစံ' ရခိုင့်ဇာနည် ဂျာနယ်၊ ၁၉၆၁ခု၊ မတ်လထုတ်။

၈။ ရခိုင်မျိုးချစ်များ တော်လှန်ခဲ့စဉ်က 'စစ်တွေမောင်' ၁၉၆၀-ခုထုတ် ရခိုင်တန်ဆောင်မဂ္ဂဇင်း။

၉။ မောင့်ဘက်တန် အစီရင်ခံစာ ဘာသာပြန်။ ရခိုင်ညွန့်ဖူး ယဉ်ကျေးမှုဆောင်းပါးများ ၁၉၆၈-ခု၊ ဇူလိုင်မှ

# နှစ်ရှစ်ဆယ်ကျော်က ပညာရည်ချွန် ထောက်ပံ့ကြေးကော်မတီ

မြဲထွန်းအောင်

စစ်တွေမြို့ အထက်တန်းကျောင်းတွင် ၁၉၀၁-ခု၊ မတ်လ (၆)ရက်နေ့တွင် လူထုအစည်းအဝေးတစ်ရပ်ကို ကျင်းပပါသည်။ ကာလကတ္တားရှိ ဝိတိုရိယဘုရင်မ အထိမ်းအမှတ် ရန်ပုံငွေအဖွဲ့ အတွင်းရေးမှူးထံမှ ပေးပို့လိုက်သည့်စာတွင် ဖော်ပြ ထုတ်နုတ်ထားသည့် အိန္ဒိယဘုရင်ခံချုပ်၏ မိန့်ခွန်းကို ယင်းအစည်းအဝေးတွင် တင်ပြကြပါသည်။

ယင်းအစည်းအဝေးမှာ နေမဝင်အင်ပါယာ၏ အရှင်သခင်မအတွက် အထိမ်းအမှတ်တစ်ခု ပြုလုပ်ရန်ကျင်းပသည့် အစည်းအဝေးဖြစ်သည်။ အိန္ဒိယ ဘုရင်ခံချုပ်၏ မိန့်ခွန်းကို ယင်းအထိမ်းအမှတ် ကျင်းပနိုင်ရန်အတွက် အခြေခံ လမ်းညွှန်မှုထားမည်ဟု ခန့်မှန်းရသည်။ ယင်းအစည်းအဝေး မှတ်တမ်းတွင် ယာယီ ရခိုင်တိုင်းမင်းကြီး အေတီအေရှောက လက်မှတ်ရေးထိုးထားသည်ကို တွေ့ရ ပါသည်။

အဆိုပါ လူထုအစည်းအဝေးတွင် ရခိုင်တိုင်း၏ ရာထူး အဆင့်မြင့်ဆုံး တိုင်းမင်းကြီး ကိုယ်တိုင်တက်ရောက်သည့် အစည်းအဝေးဖြစ်သည့်အပြင် စစ်တွေမြို့ရှိ အရေးပါသည့် မျက်နှာကြီး ရခိုင်၊ တရုတ်၊ ကုလားနှင့် အင်္ဂလိပ်လူမျိုး များပါ တက်ရောက်ကြမည်ဟု မျှော်လင့်ရပါသည်။ ယင်းကြောင့် အဆိုပါ လူထု အစည်းအဝေးမှာ ယင်းအချိန်အခါကဆိုလျှင် အလွန်အရေးပါသည့် အစည်းအဝေး တစ်ရပ် ဖြစ်ပါသည်။

ယင်းအစည်းအဝေးတွင် ဝိတိုရိယဘုရင်မအတွက် အထိမ်း အမှတ်ပြုလုပ် ရေးအတွက် ဆုံးဖြတ်ချက် (၃)ရပ်နှင့် အကြံပေးချက် ပြုချက်(၂)ရပ်ကို ချမှတ် ကြပါသည်။

## ပညာသင်ရည်ချွန်ထောက်ပံ့ကြေး

ဆုံးဖြတ်ချက်များမှာ ဝိတိုရိယဘုရင်မအထိမ်းအမှတ်အတွက် ကောက်ခံငွေများကို အောက်ပါအတိုင်း---

**(က) အိန္ဒိယအမျိုးသားများ၏ အထိမ်းအမှတ်**

**(ခ ) ဗမာအမျိုးသားများ၏ အထိမ်းအမှတ်**

**(ဂ ) ရခိုင်အမျိုးသားများ၏ အထိမ်းအမှတ်**

ခေါင်းစဉ်များဖြင့် ငွေများကောက်ခံရန်နှင့် ရခိုင်အမျိုးသား၏ အထိမ်းအမှတ်အတွက် ကျောက်ဖြူ၊ သံတွဲနှင့်မြောက်ပိုင်းရခိုင်ခရိုင် (နောင် ပလက်ဝခရိုင်) များတွင်လည်း ရန်ပုံငွေကောက်ခံရန် ဖြစ်ပါသည်။

ယင်းအပြင် ရခိုင်အမျိုးသားများ၏ အထိမ်းအမှတ် ရန်ပုံငွေအတွက် အကြံပေးတင်ပြချက်များကို တင်ပြကြပါသည်။

(က) ရခိုင်တစ်တိုင်းလုံး၏ သက်ဆိုင်သည့် ပညာရည်ချွန် ထောက်ပံ့ကြေးအတွက် ပုံမှန်ဝင်ငွေရရှိရေးဆောင်ရွက်ရန် မစ္စတာချန်ထွန်းအောင်က အကြံပေးတင်ပြပါသည်။

(ခ ) ဝိတိုရိယဘုရင်မရုပ်တု စိုက်ထူထားသည့် ဝိတိုရိယဘုရင်မ ဥယျာဉ်ဟု ခေါ်တွင်မည့် အများနှင့်သက်ဆိုင်သည့် ဥယျာဉ်တစ်ခုကို တည်ဆောက်ရန် မစ္စတာ အာအေစကော့က အကြံပေးတင်ပြပါသည်။

တစ်ဆက်တည်းမှာ မစ္စတာဝီကင်ဆင်က ပြင်ဆင်ချက်အဆို တစ်ရပ်ကို တင်သွင်းပြန်ပါသည်။ ယင်းအဆိုမှာ ပညာရည်ချွန် ထောက်ပံ့ကြေးအတွက်လား (သို့မဟုတ်)အများပြည်သူဆိုင်ရာ ဥယျာဉ် တည်ဆောက်ရေးအတွက်လားဆိုသည့် ပြဿနာကို စဉ်းစားဆုံးဖြတ်ရန်ဖြစ်ကြောင်း ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီး ယင်းကိစ္စကို အသေးစိတ်ဆွေးနွေးရန်အတွက် အဆိုကိုတင်သွင်းပါသည်။ ယင်းပြင်ဆင်ချက်ကို ဆွေးနွေးကြပါသည်။ ယင်းနောက် ရခိုင်အမျိုးသားများ၏ ရန်ပုံငွေကို ပညာရည်ချွန် ထောက်ပံ့ကြေးပုံစံဖြင့် အသုံးပြုကြရန် ဆုံးဖြတ်ကြပါသည်။

ယင်းနောက် ပညာရည်ချွန်ထောက်ပံ့ကြေးကို အသုံးချရန် စဉ်းစားနိုင်ဖို့ ကော်မတီတစ်ရပ်ကို ဖွဲ့စည်းကြပါသည်။ ယင်းကော်မတီတွင် မစ္စတာချန်ထွန်းအောင်၊ မစ္စတာ ဝီကင်ဆင်၊ ဦးမြဦး၊ မစ္စတာ မာရကန်၊ မစ္စတာ ထွန်းချန်၊ ဒေါက်တာသာနိုးနှင့် မစ္စတာ စံဦးခိုင်တို့ ပါဝင်သည်။ ယင်းကော်မတီတွင် လိုအပ်လျှင် ကော်မတီဝင်များကို တိုးချဲ့ခွင့်ကိုလည်း ပေးအပ်ကြပါသည်။

ယင်းကော်မတီ၏ ရန်ပုံငွေများကို ဘဂ်လားဘဏ်တွင် အပ်နှံ ထားရန်အတွက် မေးမြန်းရန်၊ ယင်းဘဏ်မှ မဆောင်ရွက်နိုင်လျှင် ဦးဖသက်နှံအား ငွေထိန်းအဖြစ် တာဝန်ပေးအပ်ရန်လည်း ဆုံးဖြတ် ကြပါသည်။ ယင်းအစည်းအဝေးမှတ်တမ်းကို ယာယီရခိုင်တိုင်းမင်းကြီး အေတီအေရှောက လက်မှတ်ရေးထိုးထားပါသည်။

## ကော်မတီအစည်းအဝေး

ဝိတိုရိယ အထိမ်းအမှတ် ရန်ပုံငွေကော်မတီ၊ စစ်တွေ The Victoria Mamorial Fund Commrttee Akyab ကို ဖွဲ့စည်းပြီး ယင်းရန်ပုံငွေများဖြင့် ပညာရည်ချွန် ထောက်ပံ့ကြေးများကိုသုံးစွဲရန် အစည်းအဝေးတစ်ရပ်ကို စစ်တွေမြို့တွင် ၁၉၀၁-ခု၊ မေလ(၉)ရက်နေ့မှာ ထပ်မံ၍ ကျင်းပပါသည်။

ယင်းအစည်းအဝေးတွင် ဦးမြဦး-ချယ်ယာမင်၊ အဖွဲ့ဝင်များအဖြစ် မောင်ချန်ထွန်းအောင်၊ မောင်ထွန်းချန်၊ မောင်စံဦးခိုင်၊ မောင်သာနိုးနှင့် မစ္စတာ အီးအက်စ်မာရကန်တို့ တက်ရောက်ကြပါသည်။

**ယင်းကော်မတီ အစည်းအဝေးတွင် -**

(၁) ၁၉၀၁-ခု၊ မတ်လ (၆)ရက်နေ့တွင် ပြုလုပ်ခဲ့သည့် လူထုအစည်းအဝေးမှ ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်အရ ပညာထောက်ပံ့ကြေးကို မည်သည့်ပုံစံဖြင့် ချီးမြှင့်ရန်ကိစ္စကို ဆွေးနွေးကြပါသည်။

(၂) မောင်ချန်ထွန်းအောင်ကအဆိုပြုပြီး မောင်စံဦးခိုင်က ထောက်ခံကာ ဦးမြဦးအား ဥက္ကဋ္ဌအဖြစ်တင်မြှောက် အတည်ပြုကြပါသည်။

(၃) ဝိတိုရိယပညာရည်ချွန်ထောက်ပံ့ကြေး (Victoria scholarship)ဟုခေါ်တွင်စေပြီး ပညာရည်ချွန်ထောက်ပံ့ ကြေး(၂၉)ဆု ချီးမြှင့်ရန် ဖြစ်သည်။ ဆုစာရင်းဇယားနှင့်တကွတင်ပြပြီး ရူပီးငွေနှစ်သိန်းခွဲကို အစိုးရအာမခံအဖြစ် ရင်းနှီးမတည်ရန်နှင့် ယင်းမှတစ်နှစ်လျှင် အတိုး ရူပီ (၈၇၅၀)ကို ပညာရည်ချွန်ဆုအဖြစ် ချီးမြှင့်ရန်အကြံပြုချက်ကို မောင်စံဦးခိုင်က တင်ပြပါသည်။

ယင်းအကြံပြုချက်ကို မောင်ချန်ထွန်းအောင်က ဆွေးနွေးထောက်ခံပြီး အတည်ပြုကြပါသည်။ လိုအပ်သော ရန်ပုံငွေကိုလည်း အလျင်အမြန် မတည်ထူထောင်ရန်နှင့် ရန်ပုံငွေမှ ခွင့်ပြုသည့် အတိုးအတာအထိ ဇယားတွင် ဖော်ပြထားသောပညာရည်ချွန်ဆုများကို သတ်မှတ်လျာထားရန် ဆွေးနွေးကြပါသည်။ ယင်းပညာ ရည်ချွန်ထောက်ပံ့ကြေးဆုများကိုလည်း ရခိုင်ဇာတိများအားချီးမြှင့်ရန် ဖြစ်ကြောင်း ယင်းနေ့အစည်းအဝေးမှတ်တမ်းတွင် ဖော်ပြထားသည်ကို တွေ့ရပါသည်။

ယင်းမှတ်တမ်းတွင် ရခိုင်ဇာတိဆိုသည်မှာ ရခိုင်မှာ မှီတင်းနေထိုင်သော မိဘများမှ မွေးဖွားသည့် လူမျိုးစုများ၏ ကလေးများကို ဆိုလိုသည်ဟု အဓိပ္ပါယ် ဖွင့်ဆိုချက်ကိုလည်း ယင်းကော်မတီ အစည်းအဝေးတွင် ဖွင့်ဆိုကြသည်ကို တွေ့ရ ပါသည်။

ယင်းကော်မတီသည် ကျောက်ဖြူ သံတွဲနှင့် ရခိုင်မြောက်ပိုင်း ခရိုင်များမှ ပညာရည်ချွန်ထောက်ပံ့ကြေးဆုများကို ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးချီးမြှင့် သွားခွင့်ကိုလည်း သဘောတူအတည်ပြု ကြသည်ကို တွေ့ရပါသည်။

## ထောက်ပံ့ကြေးဆုစာရင်းဇယား

ပညာရည်ချွန် ထောက်ပံ့ကြေးဆုစာရင်းကို ၁၉၀၁ခု၊ မေလ (၁၉)ရက်နေ့ တွင် ကျင်းပသည့် ဝိတိုရိယပညာချွန်ထောက်ပံ့ကြေး ကော်မတီအစည်းအဝေးမှာ မောင်စံဦးခိုင်တင်ပြသည့် စာရင်းဇယားတွင်တွေ့ရပါသည် ယင်းစာရင်းဇယားတွင်-

၁။ ဆုအမျိုးအစား

၂။ ဆုအမျိုးအစား တစ်မျိုးလျှင် ချီးမြှင့်သည့်အရေအတွက်

၃။ လစဉ် ပညာရည်ချွန်တစ်ဆုလျှင် ချီးမြှင့်သည့်ငွေ

၄။ နှစ်ကာလ

၅။ သင်ကြားရမည့်ကျောင်း

၆။ မည်သူတို့အား ချီးမြှင့်သည်စသည်ဖြင့် စာတိုင်(၆)မျိုးကို ဖော်ပြထား ပါသည်။ ယင်းစာတိုင်များအောက်တွင် ဆုအမျိုးအစားပေါင်း (၁၂)မျိုးကို တွေ့ရပါ သည်။ ဆုပေါင်း (၂၉)ကို ချီးမြှင့်ရန် ယင်းစာရင်းအရ သိရှိရပါသည်။

## မူလတန်း (အောက်တန်း) ပညာရည်ချွန်ဆု

မူလတန်း (အောက်တန်း) ပညာရည်ချွန်ကို ကျောင်းသား(၈)ဦးအား ချီးမြှင့်ရန် လျာထားသည်။ ကျောင်းသားတစ်ဦးကို ငွေ(၃)ရူပီး လစဉ်ထောက်ပံ့ ချီးမြှင့်ပြီး ချီးမြှင့်သည့်ကာလမှာ(၂)နှစ် ဖြစ်ပါသည်။ စစ်တွေခရိုင်အတွင်းရှိ မူလတန်း၊ အထက်တန်း ကျောင်းများမှ ကျောင်းသားများ ဖြစ်ရပါမည်။ ယင်း ကျောင်းသားများသည် ရခိုင်ဇာတိဖြစ်ပြီးလျှင် စစ်တွေခရိုင်အတွင်း မည်သည့် မူလတန်း(အောက်တန်း)ကျောင်းမှမဆို ဒုတိယတန်းစာမေးပွဲကို အောင်မြင်ပြီးသူ များဖြစ်ရန် လိုအပ်ပါသည်။ ယင်းဆု(၈)ဆုကို နတ်မြို့နယ်(မောင်တော) ရသေ့တောင်မြို့နယ်၊ ကုလားတန်မြို့ နယ် (ကျောက်တော်) ဥရာဇ်တောင်မြို့နယ် (ပုဏ္ဏားကျွန်း)၊ မြို့ဟောင်းမြို့နယ်၊ မင်းပြားမြို့နယ်၊ ပေါက်တောမြို့နယ်နှင့် စစ်တွေ မြို့နယ်တို့မှ ကျောင်းသားတစ်ဦးစီ ချီးမြှင့်ရန် လျာထားသည်ကို ယင်းဇယားတွင် တွေ့ရပါသည်။

## မူလတန်း (အထက်တန်း) ပညာရည်ချွန်ဆု

မူလတန်း(အထက်တန်း) ပညာရည်ချွန်ဆုကို ကျောင်းသား (၈)ဦးအား ချီးမြှင့်ရန် လျာထားသည်။ ကျောင်းသားတစ်ဦးလျှင် ငွေ(၁၂)ရူပီလစဉ်ထောက်ပံ့ပြီး ဆုချီးမြှင့်မည့်ကာလမှာ(၃)နှစ် ဖြစ်ပါသည်။ စစ်တွေခရိုင်အတွင်းရှိ အင်္ဂလိပ်-မြန်မာ ကျောင်းများမှ ကျောင်းသားများ ဖြစ်ရပါမည်။ ယင်းကျောင်းသားများသည် ရခိုင် ဇာတိဖြစ်ပြီးလျှင် စစ်တွေခရိုင်အတွင်းရှိ မူလတန်း(အထက်တန်း)ကျောင်းမှ စတုတ္ထတန်းစာမေးပွဲကို အောင်မြင်သူများဖြစ်ရန် လိုအပ်ပါသည်။ ယင်းပညာ ရည်ချွန်ဆု(၈)ဆုကိုလည်း မူလတန်း(အောက်တန်း)တွင် ဆုချီးမြှင့်သည့် စစ်တွေ ခရိုင်အတွင်းရှိ မြို့နယ်(၈)မြို့နယ်မှ တစ်မြို့နယ်လျှင် တစ်ဦးကျဆုချီးမြှင့်ရန် လျာထားပါသည်။

## အလယ်တန်းကျောင်း ပညာရည်ချွန်ဆု

အလယ်တန်းကျောင်း ပညာရည်ချွန်ဆုကို ကျောင်းသား(၂)ဦးအား ချီးမြှင့် ရန် လျာထားပါသည်။ ကျောင်းသားတစ်ဦးလျှင် ငွေ(၁၅)ရူပီထောက်ပံ့ပြီး ဆုချီးမြှင့် မည့်ကာလမှာ (၂)နှစ်ဖြစ်ပါ သည်။ စစ်တွေခရိုင်အတွင်းရှိ မည်သည့်အထက်တန်း ကျောင်းမှမဆို ဆုချီးမြှင့်မည် ဖြစ်ပါသည်။ ယင်းကျောင်းသားများသည် ရခိုင်ဇာတိ ဖြစ်ပြီး စစ်တွေခရိုင်အတွင်းရှိ မည်သည့်အလယ်တန်း ကျောင်းများမှမဆို သတ္တမ တန်းစာမေးပွဲကို အောင်မြင်သူများဖြစ် ရန်လိုကြောင်း ဇယားအရ သိရပါသည်။

## အငယ်တန်း တက္ကသိုလ်ပညာရည်ချွန်ဆု

အငယ်တန်းတက္ကသိုလ် ပညာရည်ချွန်ဆုကို ကျောင်းသား(၂) ဦးအား ချီးမြှင့်ရန် လျာထားပါသည်။ ကျောင်းသားတစ်ဦးလျှင် ငွေ (၂၅)ရူပီ ချီးမြှင့်ပြီး ဆုချီးမြှင့်မည့်ကာလမှာ(၂)နှစ် ဖြစ်ပါသည်။ ယင်းကျောင်းသားများသည် မြန်မာပြည်(သို့မဟုတ်)အိန္ဒိယနိုင်ငံများရှိ တက္ကသိုလ်နှင့် ဆက်ထားသော မည်သည့် ကောလိပ် များတွင်မဆို First Arts အတန်းမှာ သင်ကြားရမည်။ ရခိုင်ဇာတိဖြစ်ပြီး မြန်မာပြည်(သို့မဟုတ်)အိန္ဒိယနိုင်ငံများရှိ တက္ကသိုလ်ဝင် စာမေးပွဲ(သို့မဟုတ်) အလားတူစာမေးပွဲ အောင်မြင်သူဖြစ်ရန် လိုအပ်ပါသည်။

## ဆေးပညာရည်ချွန်ဆု

ဆေးပညာရည်ချွန်ဆုမှာတစ်ခု ဖြစ်ပါသည်။ ယင်းပညာ ရည်ချွန်ဆုရ ကျောင်းသားအားတစ်လလျှင်ငွေ(၅၀)ရူပီချီးမြှင့်ပြီး သင်တန်းကာလမှာ (၅)နှစ်အထိ ဖြစ်ပါသည်။ ကာလကတ္တား၊ ဘုံဘေနှင့် မဒရပ်မြို့များရှိ ဆေးကောလိပ်တစ်ခုခုတွင် ပညာသင်ကြားရမည် ဖြစ်ပါသည်။ ယင်းကျောင်းသားသည် ရခိုင်ဇာတိဖြစ် ပြီး မြန်မာပြည်(သို့) အိန္ဒိယနိုင်ငံများတွင် ပညာသင်ကြားခဲ့ပြီး First Arts စာမေးပွဲကို တက္ကသိုလ်တစ်ခုခုမှ အောင်မြင်ပြီး သူဖြစ်ရန် လိုအပ်ကြောင်းဇယားအရ သိရပါသည်။

## မြို့ပြအင်ဂျင်နီယာ ပညာရည်ချွန်ဆု

ယင်းပညာရည်ချွန်ဆုမှာ တစ်ဆုဖြစ်ပါသည်။ ပညာရည်ချွန်ဆု ထောက်ပံ့ ချီးမြှင့်ငွေမှာ တစ်လလျှင် (၅၀)ရူပီဖြစ်ပြီး သင်တန်းကာလမှာ ငါးနှစ်အတွက် ဖြစ်ပါသည်။ ဆိ(ဘ်)ပါ (Sibpur) သို့မဟုတ် ရိုးအာကီ (Roorki)ရှိ အင်ဂျင်နီယာ ကောလိပ်များတွင် သင်ကြားရမည် ဖြစ်ပါသည်။ ရခိုင်ဇာတိဖြစ်ပြီး မြန်မာပြည် (သို့မဟုတ်) အိန္ဒိယနိုင်ငံများတွင် ပညာသင်ကြားခဲ့ပြီး First Arts စာမေးပွဲကို တက္ကသိုလ်တစ်ခုခုမှ အောင်မြင်ပြီးသဖြစ်ရန် လိုအပ်ကြောင်း သိရပါသည်။

## သစ်တောကျောင်း ပညာရည်ချွန်ဆု

ယင်းပညာရည်ချွန်ဆုမှာတစ်ဆုဖြစ်ပြီး ပညာရည်ချွန်ဆု ထောက်ပံ့ချီးမြှင့် ငွေမှာ တစ်လလျှင်ငွေ(၂၅)ရူပီ ဖြစ်ပါသည်။ သင်တန်းကာလမှာ (၂)နှစ် ဖြစ်ပါ သည်။ ဒေ့ချ်ရာဒင် (Dehra Dun) သစ်တောကျောင်းမှာ သင်ကြားရမည် ဖြစ်ပါ သည်။ ရခိုင်ဇာတိဖြစ်ပြီး မြန်မာပြည် (သို့မဟုတ်) အိန္ဒိယနိုင်ငံတွင် ပညာသင် ကြားခဲ့ပြီး တက္ကသိုလ်စာမေးပွဲ (သို့မဟုတ်) First Arts စာမေးပွဲ တစ်ခုခုကို မည်သည့်တက္ကသိုလ်တစ်ခုခုမှ အောင်မြင်သူသော်လည်းကောင်း အလားတူ စာမေးပွဲများကို အောင်မြင်သူတစ်ဦးဦးဖြစ်ရန် လိုပါသည်။

## ဆရာပညာရည်ချွန်ဆု

ဆရာပညာရည်ချွန်ဆုမှာ နှစ်ဆုဖြစ်ပါသည်။ ကျောင်းသားတစ်ဦးကို တစ်လလျှင် ငွေ(၂၅)ရူပီး ထောက်ပံ့ချီးမြှင့်မည်ဖြစ်ပြီး သင်တန်းကာလမှာ(၂)နှစ် ဖြစ်ပါသည်။ မြန်မာပြည် (သို့မဟုတ်) အိန္ဒိယနိုင်ငံရှိ မည်သည့်နော်မန်ကျောင်း

တစ်ကျောင်းတွင်မဆို ပညာသင်ကြားရမည် ဖြစ်ပါသည်။ ရခိုင်ဇာတိဖြစ်ပြီး မြန်မာပြည်(သို့မဟုတ်) အိန္ဒိယနိုင်ငံတွင် ပညာသင်ကြားခဲ့ပြီး တက္ကသိုလ်ဝင် စာမေးပွဲ(သို့မဟုတ်) First Arts စာမေးပွဲကို အောင်မြင်သူသော်လည်းကောင်း အလားတူစာမေးပွဲကို အောင်မြင်သူတစ်ဦးဦးဖြစ်ရန် လိုပါသည်။

## စိုက်ပျိုးရေး ပညာရည်ချွန်ဆု

ယင်းပညာရည်ချွန်ဆုမှာ(၁)ဆု ဖြစ်သည်။ ပညာရည်ချွန်ဆု ထောက်ပံ့ ချီးမြှင့်ငွေမှာ တစ်လလျှင် (၅၀)ရူပီးဖြစ်သည်။ သင်တန်းကာလမှာ (၄)နှစ်ဖြစ်သည်။ အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးကောလိပ်တစ်ခုခုတွင် ပညာသင်ကြားရမည် ဖြစ်ပါသည်။ ရခိုင်ဇာတိဖြစ်ပြီး (သို့မဟုတ်) အိန္ဒိယနိုင်ငံတွင် ပညာသင်ကြားခဲ့သူ ဖြစ်ရပါမည်။ တက္ကသိုလ်ဝင်တန်း First Arts စာမေးပွဲ (သို့မဟုတ်) အလားတူ စာမေးပွဲတစ်ခုခုကို အောင်မြင်သူ ဖြစ်ရပါမည်။

## စက်မှုအင်ဂျင်နီယာ ပညာရည်ချွန်ဆု

ယင်းပညာရည်ချွန်ဆုမှာ (၁)ဆု ဖြစ်ပါသည်။ ပညာရည်ချွန်ဆု ထောက်ပံ့ ချီးမြှင့်ငွေမှာ တစ်လလျှင် (၂၅)ရူပီး ဖြစ်ပါသည်။ ပညာသင်ကာလမှာ (၅)နှစ် ဖြစ်ပါသည်။ မြန်မာပြည် (သို့မဟုတ်) အိန္ဒိယနိုင်ငံရှိ ကျောင်းတစ်ကျောင်းတွင် ပညာသင်ကြားခဲ့သူ ဖြစ်ရပါမည်။ သတ္တမတန်း (သို့မဟုတ်) အဋ္ဌမတန်း စာမေးပွဲကို အောင်မြင်သူ (သို့မဟုတ်) အလားတူစာမေးပွဲကို အောင်မြင့်ခဲ့သူ ဖြစ်ရပါမည်။

## အကျွဲဈေးသည် ပညာရည်ချွန်ဆု

ယင်းပညာရည်ချွန်ဆုမှာ (၁)ဆု ဖြစ်ပါသည်။ ပညာရည်ချွန် ထောက်ပံ့ ချီးမြှင့်ငွေမှာ တစ်လလျှင် ရူပီး(၂၅)ဖြစ်ပါသည်။ ပညာသင်ကာလမှာ (၃)နှစ် ဖြစ်ပါ သည်။ မြန်မာပြည် (သို့မဟုတ်) အိန္ဒိယနိုင်ငံတွင် ပညာသင်ကြားခဲ့ရသူ ဖြစ်ရမည်။ ယင်းပညာ ရည်ချွန်ဆုရှင်သည် သတ္တမတန်း (သို့မဟုတ်) အဋ္ဌမတန်း စာမေးပွဲ (သို့မဟုတ်) အလားတူစာမေးပွဲကို အောင်မြင်ခဲ့ရသူ ဖြစ်ရပါမည်။

## သူနာပြုနှင့် သားဖွားဆရာမ ပညာရည်ချွန်ဆု

ယင်းပညာရည်ချွန်ဆုမှာ (၁)ဆု ဖြစ်ပါသည်။ ပညာရည်ချွန်ဆု ထောက်ပံ့ ချီးမြှင့်ငွေမှာ တစ်လလျှင် ရူပီ(၂၅)ဖြစ်ပြီး ပညာသင် ကာလမှာ (၂)နှစ် ဖြစ်ပါသည်။ မြန်မာပြည်(သို့မဟုတ်) အိန္ဒိယ နိုင်ငံရှိ သားဖွားဆေးရုံ တစ်ရုံရုံတွင် ပညာသင်ကြား

ရမည် ဖြစ်ပါသည်။ ရခိုင်ဇာတိ အမျိုးသမီးငယ်များသည် ယင်းဆုကို အတန်းစား ခွဲခြားထားခြင်းမရှိဘဲ လွတ်လပ်စွာ လျှောက်ထားနိုင်ကြောင်း ယင်းမှတ်တမ်းများ အရ သိရှိရပါသည်။

## အတွင်းရေးမှူးများ

ဝိတိုရိယအထိမ်းအမှတ် ရန်ပုံငွေ ကော်မတီ စစ်တွေတွင် ဂုဏ်ထူးဆောင် အတွင်းရေးမှူးများအဖြစ် မောင်စံဦးခိုင်နှင့် မောင်ထွန်းချန်တို့အား ၁၉၀၁-ခု မေလ (၁၉)ရက်နေ့တွင် ကျင်းပသည့် ကော်မတီအစည်းအဝေးမှ အတည်ပြုတာဝန် ပေးအပ်ကြပါသည်။ ယင်းအပြင် ဘင်္ဂလားဘဏ်ကို ကော်မတီ၏ကိုယ်စားလှယ် အဖြစ် ကော်မတီ၏ငွေများကို ထိန်းသိမ်းရန်အတွက် မေးမြန်းစုံးစမ်းရန်ကိုလည်း အစည်းအဝေးမှ ဆုံးဖြတ်ကြပါသည်။

## ကော်မတီဝင်များ တိုးချဲ့ခြင်း

၁၉၀၁-ခု၊ မတ်လ(၆)ရက်နေ့တွင် ကျင်းပသည့် လူထုအစည်းအဝေးမှ 'ဝိတိုရိယ အထိမ်းအမှတ် ရန်ပုံငွေကော်မတီ၊ စစ်တွေ'ကို ဖွဲ့စည်းပေးခဲ့သည်။ ယင်းကော်မတီသည် ၁၉၀၁-ခု မေလ(၁၉)ရက်နေ့တွင် အမှုဆောင်အဖွဲ့ အစည်း အဝေးကို ပြုလုပ်သည်။ ယင်းအစည်းအဝေးမှ ကော်မတီ၏ဥက္ကဋ္ဌ/အတွင်းရေးမှူး များကို တာဝန်ပေးအပ်ခြင်း၊ ပညာရည်ချွန်ထောက်ပံ့ကြေးဆုများကို သတ်မှတ် ခြင်း၊ ငွေထိန်းသိမ်းရန် ဘင်္ဂလားဘဏ်ကို ရွေးချယ်ခြင်းများကို ဆုံးဖြတ်ကြပါသည်။ ယင်းအပြင် အင်္ဂလိပ်၊ ကုလား(မူစလင်နှင့် ဟိန္ဒူအပါအဝင်)တရုတ်၊ ရခိုင်စသည့် ထင်ရှားသော ပုဂ္ဂိုလ်များနှင့် ရခိုင်အမျိုးသားအစိုးရဝန်ထမ်းများ (၅၅)ဦးကို ကော်မတီတွင် ပါဝင်ရန် မေတ္တာရပ်ခံကြောင်း ဆုံးဖြတ်ကြပါသည်။ ယင်းပုဂ္ဂိုလ် (၅၅)ဦးကို ကော်မတီတွင် ပါဝင်ရန်မေတ္တာရပ်ခံကြောင်း ဆုံးဖြတ်ကြပါသည်။ ယင်းပုဂ္ဂိုလ် (၅၅)ဦးတို့၏ အမည်များကို နှောင်းလူများသိရှိစေရန် အပြည့်အစုံ တင်ပြလိုက်ပါသည်။ ယင်းပုဂ္ဂိုလ်တို့မှာ-

၁။ မစ္စတာ အာဘီလေး
၂။ ဦးရဲကျော်သူ
၃။ ဦးစံလှဘော်
၄။ ဦးသာဒိုးဝေ
၅။ ဦးပေါ်ထွန်းအောင်
၆။ ဦးကျော်ဇံဦး

၇။ ဦးဖသက်နှံ
၈။ ဦးအောင်ရှိ
၉။ ဦးလူဘု
၁၀။ မောင်ရဲဖော်
၁၁။ မောင်အဒိုး
၁၂။ မောင်ကျော်ဦး
၁၃။ မောင်ရွှေသာ
၁၄။ မောင်ခွေးထီးအောင်
၁၅။ ဒေါက်တာသာဒိုးအောင်
၁၆။ ဦးမောင်ထွန်း
၁၇။ မောင်ထွန်းအောင် (ကနုတန်းရွာ)
၁၈။ မောင်သာဒင်
၁၉။ ဆရာစံလှအောင်
၂၀။ ဦးချင်းလွှာ
၂၁။ မောင်သာဒိုးဖြူ
၂၂။ မောင်ခွက်ပေါက်ကေ
၂၃။ မိဟ်အဒူအာမက်
၂၄။ မိဟ်အီးဒတ်ဟူစိန်
၂၅။ မစ္စတာအမ်အာမတ်
၂၆။ မိဟ်အနော်ဒင်
၂၇။ ဘာဘူးဘွိုင်ရမ်ပေါလ်
၂၈။ ဘာဘူးရမ်ဂူးတီဒါး
၂၉။ ဘာဘူးအိုဘွိုင်နောချင်ချောင်ဒရီ
၃၀။ ဘာဘူးဒါဂါရမ်းဂူး(စ)
၃၁။ ဘာဘူးနီတိုနင်ဒါရှိုင်
၃၂။ ဘာဘူးနန်စီဒီ(ဖ)ရ(ချ်)
၃၃။ ဘာဘူးမာရီရမ်း
၃၄။ ဘာဘူးပါရန်ဆူး (လ်)
၃၅။ အဖုတ်လင်း
၃၆။ အညောင်း
၃၇။ မစ္စတာဂျေအိပ်(ချ)ဝီဆလင်
၃၈။ မောင်လှဖော်ဦး

၃၉။ မောင်ရွှေသာအောင်
၄၀။ မောင်ဖထော်ဦး (နတ်-မြို့အုပ်)
၄၁။ မောင်အောင်ကျော်ဇံ
၄၂။ မောင်အောင်ဘန်း (ခရိုင်ခွဲအရာရှိ-ရသေ့တောင်)
၄၃။ မောင်သာကျော် (ဦးရာဇ်တောင်မြို့အုပ်)
၄၄။ မောင်ရွှေမြ (ကုလားတန်မြို့အုပ်)
၄၅။ မောင်ရွှေဘန်း (မြို့ဟောင်းမြို့အုပ်)
၄၆။ မောင်လှဖော်ဇံ (ခရိုင်ခွဲအရာရှိ-ကျောက်တော်)
၄၇။ မောင်ရွှေပန်း (မင်းပြားမြို့အုပ်)
၄၈။ မောင်တွေးစံ (ပေါက်တော်မြို့အုပ်)
၄၉။ မောင်မြသာ (စစ်တွေမြို့အုပ်)
၅၀။ ဦးတောလူ (လက်ထောက်ရဲအရာရှိ)
၅၁။ ဦးရွှေသာ (လက်ထောက်ရဲအရာရှိ)
၅၂။ ဦးမြသာထွန်း (ကျောက်တော်)
၅၃။ ဦးထွန်းအောင် (မြို့ဟောင်း)
၅၄။ ဦးငမောင်
၅၅။ ဦးနီထွန်းတို့ ဖြစ်ကြပါသည်။

၁၉၀၁-ခု၊ မေလ (၁၉)ရက်နေ့တွင် ကျင်းပသည့်ကော်မတီ အစည်းအဝေး မှတ်တမ်းကို ဥက္ကဋ္ဌ မြဦး၊ ဂုဏ်ထူးဆောင် အတွင်းရေးမှူး စံဦးခိုင်နှင့် ထွန်းချန်တို့က လက်မှတ်ရေးထိုးထားသည်ကို တွေ့ရပါသည်။

**မှတ်ချက်**။ ။ လူပုဂ္ဂိုလ်များ၏ အမည်ရှေ့တွင် မစ္စတာ၊ ဦး၊ မောင်၊ မိဟ်၊ ဘာဘူးစသည်ဖြင့် မူရင်းတွင် ဖော်ပြထားသည့်အတိုင်း ပြန်လည်တင်ပြထားပါသည်။

ဝိတိုရိယအထိမ်းအမှတ်ရန်ပုံငွေ ကော်မတီ(စစ်တွေ)သည် ဝိတိုရိယ ဘုရင်မကိုရည်ရွယ်ပြီး တည်ထောင်သောကော်မတီတစ်ရပ် ဖြစ်ပါသည်။ သို့ရာတွင် ဦးမြဦး၊ ဦးချန်းထွန်းအောင်၊ ဦးစံဦး ခိုင်နှင့် ဦးထွန်းချန်စသည် ရခိုင်အမျိုးသားများ၏ အမြော်အမြင်ကျယ်မှုကြောင့် ပညာရည်ချွန်ထောက်ပံ့ကြေးပေးရန် ဆုံးဖြတ်နိုင် ခဲ့ခြင်းဖြစ်ပါသည်။ ယင်းသို့မဟုတ်မူဘဲ မစ္စတာအာအေစကော့ အကြံပေးတင်ပြ သည့်အဆိုသာ အောင်မြင်ခဲ့လျှင် စစ်တွေမြို့တွင် ဝိတိုရိယဘုရင်မကျောက်ရုပ် စိုက်ထူထားသည့် အများနှင့်သက်ဆိုင်သည့်ပန်းခြံတစ်ခု တည်ရှိနေသည်ကို တွေ့မြင်ရပေမည်။

ဦးမြဦး၊ ဦးချန်ထွန်းအောင်၊ ဦးစံဦးခိုင်နှင့် ဦးထွန်းချန်တို့ ဦးဆောင်ဦးရွက်ပြုခဲ့သည့် ပညာရည်ချွန်ဆု ထောက်ပံ့ကြေးဆုပေါင်း(၂၉)ဆုရှိသည့်အနက် ဆုပေါင်းမည်မျှကို မည်ရွေ့မည်မျှ အထိ ပေးခဲ့သည်ကိုကား မသိရပါ။ သို့ရာတွင် နှစ်ပေါင်း(၈၅)ကျော်ကာလက ပညာရည်ချွန်ထောက်ပံ့ကြေး ဆုပေးပုံ ပေးနည်းများမှ ယခုခေတ် အခြေအနေထိအောင် နည်းယူဖွယ်များကို တွေ့ရပါမည်။ ရခိုင်ပြည်၏ ပညာရေး၊ လူမှုရေးနှင့်စီးပွားရေး အခြေအနေကို ယင်းပညာရည်ချွန် ထောက်ပံ့ကြေးလုပ်ငန်း အောင်မြင်သည်နှင့်အမျှ အထောက်အကူပေးနိုင်မည်မှာ သေချာလှပါသည်။

**မြထွန်းအောင်**
**၂၃-၁၀-၁၉၈၆**

(ဤစာတမ်းကို Education in Burma by Maung San Oo Khine, of the Burma Subordinate Judicial and Exeecitive Service, Printed at the Akyab Press. APPENDIX A, Page. 35 to 41 ကို ကိုးကားရေးသားပါသည်)

**"ရခိုင်သဟာယအသင်း"**
**ငွေရတုအထိမ်းအမှတ်စာစောင် ၁၉၆၁-၁၉၈၆ မှ**

# ရခိုင်ပြည်ထုတ် သတင်းစာများ

## မြထွန်းအောင်

၁၈၂၆-ခုနှစ်တွင် ရခိုင်ပြည်ကို နယ်ချဲ့အင်္ဂလိပ်များ သိမ်းယူသည်။ ယင်းနောက် နိုင်ငံခြားသားအရင်းရှင်များသည် သူတို့အကျိုးစီးပွားအတွက် အရင်းအနှီးများမြှုပ်နှံကြသည်။ ကူးသန်းရောင်းဝယ်မှုမှာ ယခင်အခါထက် တိုးတက်လာသည်။

အိန္ဒိယနိုင်ငံအပါအဝင် အနောက်နိုင်ငံများနှင့် ကူးလူးဆက်သွယ်မှုများပြားလာသည်။ ကိုလိုနီအုပ်ချုပ်ရေး၊ ယန္တရားလည်ပတ် နိုင်ရေးအတွက် ရခိုင်တိုင်းရင်းသားအချို့အား အင်္ဂလိပ်စာကို သင်ကြားနိုင်ရန် အခွင့်အလမ်းများဖွင့်ပေးထားသည်။ အချို့သော ရခိုင်အမျိုးသားများသည် အိန္ဒိယနိုင်ငံရှိ မြို့ကြီးများသို့ သွားရောက်ပြီး ခေတ်ပညာများကို သင်ကြားလာကြသည်။

ကူးသန်းရောင်းဝယ်ရေး အချက်အချာကျသော စစ်တွေမြို့မှာလည်း တစ်နေ့ထက်တစ်နေ့ တိုးတက်လာသည်။ တိုက်တာအဆောက်အအုံများ တိုးပွားလာသည်။ စစ်တကောင်း၊ ကာလကတ္တားစသည့်မြို့များနှင့် အပတ်စဉ်မှန်မှန် သင်္ဘောကြီးများ ခုတ်မောင်းသွားလာနေကြပြီဖြစ်သည်။

ယင်းသို့ စီးပွားရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့မှာ တစ်စုံတစ်ရာသော အတိုင်းအတာထိ တိုးတက်နေခဲ့ပြီဖြစ်သော်လည်း ၁၈၅၃-ခု မတိုင်မီအချိန်ထိ ရခိုင်ပြည်တွင် ပုံနှိပ်စက်နှင့် သတင်းစာထုတ်ဝေရေးမှာရှိခဲ့ဟန်မတူသေးချေ။ နိုင်ငံခြားသတင်းများ၊ စီးပွားရေးအတွက် ဈေးနှုန်းသတင်းများ၊ ကြော်ငြာများတို့အတွက် ကာလကတ္တားထုတ် သတင်းစာများကိုသာ အားကိုးနေရသေးသည်။

ရခိုင်ပြည် သတင်းစာလုပ်ငန်းကို နယ်ချဲ့အင်္ဂလိပ်များအုပ်စိုးပြီး အနှစ်(၂၀)ကျော် (၃၀)နီးပါးမှသာ သတင်းစာတစ်စောင် ထုတ်ဝေသည်ကို တွေ့ရသည်။ ယင်းသတင်းစာမှာ (Akyab Commercial) ဖြစ်သည်။

ယင်းနောက် ရခိုင်ပြည်တွင် သတင်းစာများ ထုတ်ဝေလာသည်။ သို့ရာတွင် ထုတ်ဝေခဲ့သော သတင်းစာများ၏ အထောက်အထားများမှာ ရှာဖွေ၍မရနိုင်လောက်အောင်ပင် ဖြစ်နေပေသည်။ များမကြာမီနှစ်များက ထုတ်ဝေခဲ့သော သတင်းစာများပင်လျှင် ရာသီဥတုဒဏ်၊ ပိုးမွှားများ ဖျက်ဆီးခြင်းနှင့် စနစ်တကျ မထိန်းသိမ်း ခြင်းများကြောင့် အချို့သတင်းစာများပင် မတွေ့ရှိနိုင်တော့ပါ။

သို့ရာတွင် ရခိုင်ပြည်ထုတ် သတင်းစာများနှင့်ပတ်သက်၍ကား အထောက်အထားလုံးဝမရှိတော့သည့် အခြေအနေမှာ မရှိသေးပါ။ တချို့သော ပုဂ္ဂိုလ်များထံတွင် မှတ်တမ်းများ၊ သတင်းစာဟောင်းများကို ယခုထက်တိုင် သိမ်းဆည်းထားသူများ ရှိပါသေးသည်။ ယင်းသိမ်းဆည်းထားသော မှတ်တမ်းများ၊ သတင်းစာဟောင်းများကို နှောင်းလူများ သိရှိနိုင်ရန်အတွက် ဖော်ထုတ်တင်ပြရန် လိုအပ်နေပါသည်။

မှတ်တမ်းတင်ရှိထားသော သတင်းစာများနှင့် သတင်းစာ ဟောင်းများကို အတတ်နိုင်ဆုံး စုစည်းပြီး တင်ပြပါမည်။ ပြည့်စုံလောက်သော အချက်အလက်များဟူ၍ မမှတ်ယူသေးပါ။ လိုအပ်ချက်များ၊ ဖြည့်စွက်ရမည့်အချက်များနှင့် ပြင်ဆင်ရမည့်အချက်များ ရှိနေဦးမည်မှာ အမှန်ပင်ဖြစ်ပါသည်။

## ARAKAN NEWS သတင်းစာ

၁၈၅၃ ခုနှစ် ထုတ်ဝေစဉ်အခါကဖြစ် Akyab Commercial News ဖြစ်သည်။ နောက်နှစ်အတော်ကြာမှာ မစ္စတာ ဂျေအိုဟေး Mr. J.O, Hay က ဝယ်ယူသည်။ ပုံနှိပ်တိုက်အမည်နှင့် သတင်းစာကို Arakan News ဟု ပြောင်းလိုက်သည်။ ယင်းသတင်းစာကို မစ္စတာဟေးကတစ်ဆင့် ရခိုင်အမျိုးသားတစ်ဦးဖြစ်သော ဦးလှဖော်သူအား ၁၈၆၈ခုမှာ ရောင်းလိုက်သည်။ ဦးလှဖော်သူ၏ လက်ဝယ်တွင် ၁၈၉၂-၉၃-ခု အထိရှိနေပါသည်။ ၁၈၉၆-၉၇ခုမှာ ဦးကောင်းစံရွှီက ပိုင်ဆိုင်သည်။ ယင်းသတင်းစာသည် မည်သည့်ခုနှစ်လောက်မှာ ရပ်စဲသွားသည်ကို အတိအကျ မသိရပါ။ သို့ရာတွင် ၁၉၁၆-ခုမှာ ဦးချန်ထွန်း၏ မိန့်ခွန်းတစ်ခုကို အဆိုပါ သတင်းစာတိုက်တွင် ရိုက်နှိပ်ကြောင်း တွေ့ရသည်။ ယင်းကြောင့် ၁၉၁၆-ခု တိုင်အောင် ရှိနေသေးသည်မှာ ထင်ရှားပါသည်။

(Arakan News)သတင်းစာကို မတွေ့ဖူး မဖတ်ဖူးသော်လည်း ယင်းသတင်းစာပါ ဆောင်းပါးများကိုစုစည်းပြီး စာအုပ်အဖြစ်နှင့် ပြန်လည် ရိုက်နှိပ်ထားသော စာအုပ်(၂)အုပ်ကို တွေ့ဖူးပါသည်။ (Old Arakan) အမည်ခံ မစ္စတာဟေးရေးသားသည့် ဆောင်းပါးများကို စုစည်းထားသည့်စာအုပ်ဖြစ်သည်။ ၁၈၉၂-မှာ (William Blackwood & Sons, London) စာအုပ်တိုက်က ရိုက်နှိပ်

ထုတ်ဝေခဲ့ပါသည်။ စာအုပ်အမည်မှာ (Arakan Past Present Future) ဖြစ်ပါသည်။ မစ္စတာဟေးဆောင်းပါးများ၏ အဓိကအချက်မှာ ရခိုင်ပြည်အတွက် လမ်းပန်းအဆက်အသွယ်များ ဖောက်လုပ်ပေးရန် ဖြစ်သည်။ စစ်တွေမြို့မှ မန္တလေး၊ မန္တလေးမှ တရုတ်ပြည်အထိ မီးရထားလမ်းဖောက်လုပ်ရေးကိစ္စကို အထူးအလေးပေးရေးသားထားသည်ကို တွေ့ရပါသည်။ သတင်းစာမှာသာ ယင်းကိစ္စနှင့် ရေးသားခဲ့သည် မဟုတ်၊ ဗြိတိသျှပါလီမန်အထိ ပေါက်အောင်ကြိုးစားခဲ့သူဖြစ်သည်။ စစ်တွေမြို့တွင် တရားသူကြီးတာဝန်ကို ထမ်းဆောင်ခဲ့သူ မစ္စတာဟေးသည် သတင်းစာသမား တစ်ယောက်အနေနှင့် ရခိုင်ပြည်ကောင်းစားရေးအတွက် ကြိုးပမ်းခဲ့သူဖြစ်ကြောင်းကို သူ၏လက်ရာများက သက်သေခံခဲ့ပါသည်။

ရခိုင်ပြည်၏ လမ်းပန်းဆက်သွယ်ရေးကိစ္စကို မစ္စတာဟေး ရေးသားခဲ့သကဲ့သို့ ဦးစံဦးခိုင်ဆိုသည့် ပုဂ္ဂိုလ်မှာလည်း ဗြိတိသျှပညာရေးစနစ်ကို ပြောင်းလဲရေးအတွက် အဆိုပါသတင်းစာကနေ ပြီး ရေးသားခဲ့ပါသည်။ သူ၏ဆောင်းပါးများကို ပြန်လည်စုစည်းပြီး ၁၉၀၁ခုနှစ်မှာ (Akyab Press)က ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ယင်း စာအုပ်မှာ (Education in Burma) ဖြစ်သည်။ အဆိုပါစာအုပ်တွင် မြန်မာနိုင်ငံပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် တက္ကသိုလ်များ၊ စာသင်ကျောင်းများဖွင့်လှစ်ပေးရေးကိစ္စများကို အလေးပေးရေးသားထားပါသည်။ ယင်းစာအုပ်၏ နောက်ဆက်တွဲမှာ ဝိတိုရိယဘုရင်မ အထိမ်းအမှတ်အတွက် ၁၉၀၁-ခု၊ မတ်လ(၆)ရက်နေ့တွင် ပြုလုပ်သည့် အစည်းအဝေးမှတ်တမ်း အပြည့်အစုံကို တွေ့ရသည်။ ယင်းမှတ်တမ်းအရ ပညာသင်ထောက်ပံ့ကြေး(၁၂) မျိုးပေးရန် ဆုံးဖြတ်ကြသည်။ မူလတန်းမှသည် အင်ဂျင်နီယာ၊ သစ်တော၊ လယ်ယာစိုက်ပျိုးရေး၊ ရေကြောင်းသွားလာရေး စသည့် ပညာသင်ထောက်ပံ့ကြေးများပေးရန် ဆုံးဖြတ်ချက်များကို တွေ့ကြရသည်။

ယင်းတို့ကို ကြည့်ခြင်းဖြင့် ထိုပုဂ္ဂိုလ်တို့၏ အနာဂတ်ရခိုင်ပြည် မျှော်မှန်းချက်ကို ခန့်မှန်းနိုင်သည်။

(Arakan News) ထုတ်ဝေစက စောင်ရေမည်မျှရိုက်နှိပ်ခဲ့သည်ကို မသိရပါ။ ဦးကောင်းစံဦး ဦးစီးလုပ်ကိုင်သည့်အချိန်မှာ စောင်ရေ(၁၅၀)ရိုက်ရသည်။ သတင်းစာမှာ တစ်ပတ်လျှင် နှစ်ကြိမ်ကျ ထုတ်ဝေသည်။ သတင်းစာလုပ်ငန်းအပြင် စစ်တွေမြူနီစီပယ် နှစ်ပတ်လည် အစီရင်ခံစာများကိုလည်း ရိုက်နှိပ်ကြောင်း သိရပါသည်။

## ဦးရဲဖေဖော်ဦးပိုင် သတင်းစာများ

၁၈၉၂-၉၃ခု မှတ်တမ်းများအရ ဦးရဲဖော်ဦးပိုင် (The Orphan) ပုံနှိပ်တိုက်မှ သတင်းစာ(၃)စောင် ထုတ်ဝေကြောင်း သိရသည်။

**ယင်းသတင်းစာများမှာ-**

1. The Arakan Advocate,
2. The Arakan Echo.
3. The Daily Advertiser တို့ဖြစ်သည်။

ယင်းပုဂ္ဂိုလ်သည် သတင်းစာ(၃)စောင်ကို တစ်ပြိုင်တည်း ထုတ်ဝေခဲ့သော်လည်း ၁၈၉၂-၉၃ခု မှတ်တမ်းမှာသာ အဆိုပါသတင်းစာများကို တွေ့ရသည်။ ၁၈၉၇-၉၈ခု မှတ်တမ်းတွင် ဦးရဲဖော်ဦးပိုင် ပုံနှိပ်တိုက်ကို (The Akyab Orphan Press)ဟု အမည်ပြောင်းထားသည်ကို တွေ့ရသည်။ ပထမသတင်းစာ (၃)စောင် အစား (The Arakan Times)ဟု အမည်သစ်ဖြင့် ထုတ်ဝေသည်ကို တွေ့ရသည်။

(The Arakan Advocate) နှင့် (The Arakan Echo) သတင်းစာ (၂)စောင်မှာ တစ်ပတ်လျှင်(၃)ကြိမ် ရိုက်နှိပ်ထုတ်ဝေသည်။ (The Daily Advertiser) သတင်းစာမှာ နေ့စဉ်သတင်းစာ ဖြစ်သည်။ ပထမသတင်းစာ စောင်ရေ(၁၀၀)အထိ ထုတ်ဝေရသည်။ ဒုတိယသတင်းစာမှာ တစ်ကြိမ်လျှင် (၁၂၅)စောင်အထိ ထုတ်ဝေရပြီး နေ့စဉ်သတင်းစာ တစ်နေ့လျှင်စောင်ရေ(၁၀၀) ထုတ်ဝေရသည်။ သို့ရာတွင် နေ့စဉ်သတင်းစာသာ အချိန်မှန်ထုတ်ဝေရသော်လည်း ကျန်(၂)စောင်မှာ နှစ်ကုန်အောင် ထုတ်ဝေနိုင်ခြင်းရှိခဲ့ဟန် မတူချေ။

(The Arakan Times)အမည်ဖြင့် ၁၈၉၆-၉၇-ခုနှစ်မှာ ထုတ်ဝေသည့် သတင်းစာမှာ နေ့စဉ်သတင်းစာမဟုတ်ဘဲ တစ်ပတ်လျှင်(၃)ကြိမ်ထုတ်ဝေသည့် စောင်ရေ(၁၅၀)ထိ ထုတ်ဝေရသည်။ အဆိုပါ သတင်းစာအားလုံးမှာ စစ်တွေမြို့တွင် ရိုက်နှိပ်ထုတ်ဝေသည်။ မည်သည့်ခုနှစ်မှာ ရပ်စဲသွားခဲ့သည်ကို မသိရပါ။

## ပြည်ကြီးမဏ္ဍိုင် သတင်းစာ

ဦးမောင်စောဖော်ပိုင် (Arakan Press) ပုံနှိပ်တိုက်မှာ ပြည်ကြီးမဏ္ဍိုင် သတင်းစာကို ၁၈၉၂-၉၃-ခုတွင် ရိုက်နှိပ်သည်။ တစ်ပတ်လျှင်(၂)ကြိမ်ကျ ထုတ်ဝေသည်။ စောင်ရေ(၁၀၀)ထုတ်ဝေသည်။ ယင်းပြည်ကြီးမဏ္ဍိုင်သတင်းစာကို ရခိုင်စာနှင့် ထုတ်ဝေသည် သို့မဟုတ် အင်္ဂလိပ်စာနှင့် ထုတ်ဝေသည်ကိုကား အတိအကျ မသိရပါ။ ၁၈၉၆-၉၇-ခုမှာ သတင်းစာထုတ်ဝေသည်ကို မတွေ့ရပါ။ သို့ရာတွင် ပုံနှိပ်လုပ်ငန်းမှာ ရပ်တည်လျက်ရှိပါသေးသည်။ ပုံနှိပ်တိုက်အမည်ကို

(Arakan Press) မှ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက် ဟူ၍ သတင်းစာ၏ အမည်ကို ခံယူထားသည်ကို တွေ့ရပါသည်။ ပုံနှိပ်လုပ်ငန်းနှင့် သတင်းစာထုတ်ဝေရေး လုပ်ငန်းမှာ စစ်တွေမြို့တွင် ဖြစ်သည်။

## ကျောက်ဖြူမြို့ထုတ် သတင်းစာ

ဦးအောင်ဖြူနှင့် ဦးစိန်ဖော်ပိုင် (The Arakan Industrial Press)မှာ ကျောက်ဖြူမြို့မှ ရိုက်နှိပ်ထုတ်ဝေသည်။ အမည်မှာ (Kyauk Pyu Adverisine and Friend of Arakan) ဖြစ်ပြီး ၁၈၉၆-၉၇-ခုမှာ ထုတ်ဝေသည်ကို တွေ့ရသည်။ အပတ်စဉ် သတင်းစာဖြစ်သည်။ မည်သည့်အရေးအသားနှင့် ထုတ်ဝေသည်ကို မသိရပါ။ စောင်ရေ (၆၀)သာထုတ်ဝေခဲ့သည်။ သို့ရာတွင် ၁၈၉၆-၉၇ ခု တွင်သာ မှတ်တမ်းတွေ့ရပြီး ကျန်နှစ်များတွင် မတွေ့ရတော့ပါ။

## ရခိုင်ပြည်ရာဇဝင်အသင်း သတင်းစာ

"ရခိုင်ပြည်ရာဇဝင်ဟောင်းများကို ရှာဖွေစုဆောင်းရေးအသင်း"ကို ၁၉၂၉ ခုမှာ ဖွဲ့စည်းခဲ့ပါသည်။ လူကြီးလူငယ်များ စုပေါင်းပြီး တည်ထောင်သော အသင်း ဖြစ်သည်။ ရွှေစေတီဆရာတော်၊ ဦးရွှေသာ၊ ဦးရွှေဇံအောင်၊ ဦးဖထော်၊ ဦးထွန်းအောင်စသည့်ပုဂ္ဂိုလ်များကို နာယကထားကြသည်။ ဥက္ကဋ္ဌဦးမောင်သာနို့ ဖြစ်ပြီး အတွင်းရေးမှူးမှာ ဦးမောင်ဘဖြစ်သည်။ ယင်းအသင်းက သတင်းစာ တစ်စောင်ကို ထုတ်ဝေသည်။ "ရခိုင်ပြည်ရာဇဝင်အသင်းသတင်းစာ" ဖြစ်သည်။

ယင်းသတင်းစာမှာ သတင်းစာသဘောထက် မဂ္ဂဇင်းသဘော ဆန်နေ သည်ကို တွေ့ရသည်။ ပထမဆုံးနှင့် နောက်ဆုံးအဖြစ် တစ်ကြိမ်သာ ထုတ်ဝေနိုင်ခဲ့ သည်။ အမျိုးသားပညာဝန် ဦးဖိုးကျားပိုင် မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက် ရန်ကုန်မြို့တွင် ရိုက်နှိပ်ပြီး ရခိုင်တွင် ဖြန့်ချိခဲ့သည်။

## စစ်ကြိုခေတ် သတင်းစာများ

ရခိုင်ပြည် နိုင်ငံရေးလှုပ်ရှားမှုသည် စစ်ကြိုခေတ်တွင် မြန်မာ ပြည်မမှာ ကဲ့သို့ အရှိန်အဟုန် ပြင်းထန်လျက်ရှိသည်။ အထူးသဖြင့် "ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး"မှာ ထင်ရှားသည်။ ယင်းအစည်းအရုံး လှုပ်ရှားမှုများနှင့် အတူ ရခိုင်ပြည်မှာလည်း သတင်းစာ(၂)စောင် ပြန်လည်၍ ထွက်ပေါ်လာပါသည်။ "ရခိုင်ပြည်သတင်းစာ"နှင့် "တို့လက်ရုံးသတင်းစာ"များ ဖြစ်သည်။

## ရခိုင်ပြည်သတင်းစာ

"ရခိုင်ပြည်သတင်းစာ"ကို ၁၉၃၅-ခုနှစ်မှာ ထုတ်ဝေသည်ဟု သိရသည်။ တနင်္ဂနွေနေ့ထုတ် သတင်းစာဖြစ်သည်။ တစ်စောင်ကို(၅)ပြားပေးရသည်။ ထုတ်ဝေသူမှာ ဦးရွှေဘော်ဖြစ်ပြီး တာဝန်ခံ အယ်ဒီတာမှာ ဦးစံဖော်ဦး ဖြစ်သည်။ တွဲဖက်အယ်ဒီတာမှာ ဆရာဦးသတိုးလှ ဖြစ်သည်။ ၁၉၃၈-ခု၊ ဇူလိုင်လ နောက်ပိုင်းမှာ ဆရာသတိုးလှက တာဝန်ခံအယ်ဒီတာ ဖြစ်လာသည်။ ဦးစံရွှေ (ယခုတောတွင်း) က လက်ထောက်အယ်ဒီတာ ဖြစ်လာသည်။ ယင်းသတင်းစာကို ၁၉၃၉-ခုမှာ ပိတ်လိုက်ရသည်။

## တို့လက်ရုံး သတင်းစာ

"တို့လက်ရုံး သတင်းစာ"ကို တို့လက်ရုံး ဦးစံရွှေက ဦးစီးထုတ်ဝေသည်။ ပထမလက်ရေးမူများနှင့် ၁၉၃၅-၃၆ခုလောက်မှာ ထုတ်ဝေသည်။ နောက်ပိုင်းတွင် ပုံနှိပ်ပြီးသတင်းစားအဖြစ် ရောက်ရှိလာသည်။ ယင်းသတင်းစာမှာလည်း ၁၉၃၈-၃၉လောက်မှာ ရင်ဆိုင်သွားပါသည်။

အဆိုပါ သတင်းစာ(၂)စောင်မှာ နယ်ချဲ့ဆန့်ကျင်ရေးအတွက် အရေးပါခဲ့သည့်သတင်းစာများ ဖြစ်သည်။ အမျိုးသားရေးအတွက် အင်အားတစ်ရပ်အနေနှင့် ရှိခဲ့သည်။ ယင်းသတင်းစာများ၏ အာဘော်များ၊ ဆောင်းပါးများမှာ ယခုအခါ ရှာ၍မတွေ့နိုင်လောက်အောင် ရှားပါးနေသည်။ ယင်းတို့မှာ ရခိုင်ပြည်နိုင်ငံရေးသမိုင်းအတွက်အရေးပါသည့် ဆောင်းပါးများ၊ အာဘော်များ ဖြစ်သည်။

၁၉၄၂-ခု နောက်ပိုင်းမှာ မြန်မာနိုင်ငံသည် ဂျပန်များလက်အောက်သို့ ကျရောက်ခဲ့သည်။ ဂျပန်ခေတ်နှင့် အင်္ဂလိပ်များ ပြန်လည်၍ မြန်မာပြည်ကို သိမ်းပစ်သည့်အချိန်ထိ ရခိုင်ပြည်တွင် သတင်းစာလုပ်ငန်းများကို မစတင်နိုင်သေးချေ။ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးအသင်းအဖွဲ့များ၏ အသံအဖြစ် သတင်းစာများကို ရခိုင်ပြည်တွင် ထုတ်ဝေလာကြသည်။

## ရခိုင်တိုင်း သတင်းစာ

စစ်တွေမြို့တွင် ၁၉၄၉-ခုလောက်တွင် အဆိုပါသတင်းစာကို ရိုက်နှိပ်ထုတ်ဝေပါသည်။ အယ်ဒီတာမှာ ဦးဘသိန်းအောင် ဖြစ်သည်။ တာဝန်ခံထုတ်လုပ်သူမှာ ဦးထွန်းလှိုင်ဖြစ်သည်။ ရူပရွာရှိ ပြည်ကြီးတံခွန် ပုံနှိပ်တိုက်မှာ ရိုက်နှိပ်သည်။ ရခိုင်ပြည် ဖဆပလအဖွဲ့ ထုတ်ဝေသော သတင်းစာ ဖြစ်သည်။ ယင်းသတင်းစာမှာ တစ်နှစ်လောက်သာခံပြီး နောက်ပိုင်း ပိတ်လိုက်ရသည်။

## လမ်းမှန်သတင်းစာ

ရခိုင်တိုင်း သတင်းစာကို ပိတ်လိုက်ပြီးနောက် ၁၉၅၅-၅၆ လောက်တွင် လမ်းမှန်သတင်းစာကို ဖဆပလအဖွဲ့မှ ပြန်လည်ထုတ်ဝေပါသည်။ အယ်ဒီတာမှာ ဆရာဦးသတိုးလှ ဖြစ်သည်။ စစ်တွေမြို့ မိဇံရပ် လမ်းမှန်ပုံနှိပ်တွင် ရိုက်နှိပ်ထုတ်ဝေသည်။ စောင်ရေမည်မျှထုတ်ဝေသည်ကို မသိရပါ။ တစ်ပတ်တစ်ကြိမ်သာ ထုတ်ဝေခဲ့သည်။ ယင်းသတင်းစာမှာလည်း (၁)နှစ်၊ (၂)နှစ်ခန့်သာ တည်တံ့ခဲ့သည်။

## ရခိုင်အသံသတင်းစာ

ဒီမိုသစ်ပါတီမှ ထုတ်ဝေသည်ဟု သိရသည်။ အယ်ဒီတာမှာ ဦးအိုးလောင် (ဦးအုန်းမောင်)ဖြစ်သည်။ ရန်ကုန်မြို့တွင်ရိုက်နှိပ်ပြီး ရခိုင်တွင် ဖြန့်ချိသည်။ စောင်ရေ မည်မျှထုတ်ဝေခဲ့သည်ကို မသိရပါ။ တစ်ပတ်တစ်ကြိမ် ထုတ်ဝေသည်။ ၁၉၅၅-၅၆လောက်မှာ ထုတ်ဝေပြီး ၁၉၅၈-ခုလောက်မှာ ရပ်ဆိုင်းသွားပါသည်။

## ရခိုင်အလင်းသတင်းစာ

ရတညအဖွဲ့မှ ထုတ်ဝေသည့်သတင်းစာ ဖြစ်သည်။ ၁၉၅၅-၅၆-ခု လောက်မှာ ထုတ်ဝေသည်။ ယင်းသတင်းစာကို ရန်ကုန်မြို့ (၃၁၆)၊ ဘားလမ်းရှိ ပြည်သူ့စာပုံနှိပ်တိုက်မှာ ရိုက်နှိပ်သည်။ ပထမတွင် အယ်ဒီတာနှင့် ထုတ်ဝေသူမှာ ဦးလှထွန်းဖြူ ဖြစ်သည်။ နောက်ပိုင်းတွင် အယ်ဒီတာနှင့် ထုတ်ဝေသူမှာ ဦးလှကျော် (မောင်ဝဏ္ဏ) ဖြစ်သည်။ ပုံနှိပ်တိုက်မှာလည်း အမှတ်-၂၀၀၊ ၂၇-လမ်း၊ ရန်ကုန်ရှိ ဇာတိဂုဏ်ရောင်ပုံနှိပ်တိုက်မှာ ရိုက်နှိပ်သည်။ တစ်ပတ်တစ်ကြိမ် ထုတ်ဝေသည်။ စောင်ရေ မည်မျှထုတ်ဝေခဲ့သည်ကို မသိရပါ။ ၁၉၅၈-ခုလောက်မှာ ရပ်ဆိုင်းသွားပါသည်။

## ရခိုင်ပြည်သူ့စာစောင်

၁၉၅၈-၅၉လောက်မှာ ထုတ်ဝေသည်။ ဗုဒ္ဓဟူးနေ့တိုင်း ဖြစ်သည်။ ဒီမိုသစ်ပါတီ၏ သတင်းစာဖြစ်သည်။ ယင်းသတင်းစာကို အယ်ဒီတာအဖြစ် ဦးအောင်ထွန်းမြက ပုံနှိပ်ထုတ်ဝေသည်။ စစ်တွေမြို့ရှိ ပြည်သူ့ပုံနှိပ်တိုက်မှာ ရိုက်နှိပ်သည်။ ၁၉၆၀-ခုလောက်မှာ ရပ်ဆိုင်းသွားပါသည်။

# ရခိုင်ဇာနည် ဂျာနယ်

သတင်းစာသဘောဆန်နေသဖြင့် ရခိုင်ဇာနည်ဂျာနယ်ကိုလည်း ဖော်ပြလိုက်ပါသည်။ ယင်းဂျာနယ်အတွဲ(၁) အမှတ်(၁)ကို ၁၉၆၀-ခု၊ မတ်လမှာ စတင်ထုတ်ဝေခဲ့သည်။ (၃)ကြိမ်သာထုတ်ဝေနိုင်ခဲ့ပြီး ရပ်ဆိုင်းခဲ့သည်။ စာတည်းအဖွဲ့မှာ စောမောင်မောင်၊ နောင်လတ်နှင့် မောင်တင်သိန်းတို့ ပါဝင်သည်။ အမှတ်(၉၁)၊ လှည်းတန်း၊ ရန်ကုန်ရှိ မျိုးညွန့်ပုံနှိပ်တိုက်မှာ ရိုက်နှိပ်သည်။ မောင်စောမောင် အမှတ်(၅၁)၊ ကျွန်းတောလမ်း၊ စမ်းချောင်း၊ ရခိုင်က တာဝန်ခံ ထုတ်ဝေခဲ့သည်။

ရခိုင်ပြည် သတင်းစာလုပ်ငန်းမှာ နှစ်ပေါင်းတစ်ရာကျော်ခဲ့ ပြီ ဖြစ်သည်။ ထုတ်ဝေခဲ့သည့် သတင်းစာများမှာလည်း ငုပ်တစ်ခါ ပေါ်တစ်လှည့် ရှိခဲ့သည်။

သတင်းစာများမှာ သက်တမ်းမရှည်ခဲ့ချေ။ ထုတ်ဝေခဲ့သည့် စောင်ရေမှာလည်း ယခုခေတ်အနေနှင့်ကြည့်လျှင် နည်းပါးသည်။ သို့ရာတွင် ယင်းခေတ်အခြေအနေအရ ဖြစ်နိုင်သည့် အနေအထားနှင့် ထုတ်ဝေခဲ့သည်မှာ ထင်ရှားသည်။ စီးပွားရေးအရကြည့်လျှင် ယင်းဖြန့်ချိသောစောင်ရေမှာ ယင်းခေတ်အတိုင်းအတာအရပင် အလွန်အားနည်းနေပါသည်။ သတင်းစာရပ်တည်နိုင်ရေးအတွက် ဖြန့်ဝေသည့်စောင်ရေမှာ အရေးကြီးကြောင်း သိသာပါသည်။ သတင်းစာများသည် အကြောင်းအချို့ကြောင့် ရပ်ဆိုင်းခဲ့ရမည် ဖြစ်သော်လည်း အဓိကအချက်မှာ စောင်ရေနည်းပါးမှုသည် အရင်းခံဖြစ်မည်ဟု ထင်မိပါသည်။

တင်ပြခဲ့သော သတင်းစာများနှင့်ပတ်သက်၍ မဖော်ပြနိုင် သောအချက်အလက်များ ရှိနေသည်။ ယင်းတို့မှာ ထုတ်ဝေခဲ့သည့် ခုနှစ်အတိအကျ၊ စောင်ရေမည်မျှထုတ်ဝေခဲ့သည်။ အယ်ဒီတာများ၊ မည်သည့်အတွက် ရပ်ဆိုင်းခဲ့ရသည်။ မည်သည့်ခုနှစ်တွင် ရပ်ဆိုင်းခဲ့သည့်အကြောင်းအရာများ ဖြစ်သည်။ လက်လှမ်းဝေးခဲ့ပြီဖြစ်သော သတင်းစာများထက် ယခုမျက်မှောက်ခေတ်ထုတ် သတင်းစာများကိုပင် အတိအကျ ဖော်မပြနိုင်ခြင်းမှာ ဤစာတမ်း၏ အဓိကအား နည်းချက်တစ်ရပ် ဖြစ်သည်။ ယင်းအချက်အလက်များကို မိမိတို့ ကိုယ်တိုင်ပါဝင်လုပ်ကိုင်ခဲ့သူများက ဖော်ထုတ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ဖြည့်စွက်ပေးလိမ့်မည်ဟုလည်း ထင်မိပါသည်။ ယင်းသို့ ဖော်ထုတ်ပေးခြင်းဖြင့် ရခိုင်ပြည်၏ သမိုင်းစဉ်တစ်ရပ်၏ ဟာကွက်ပျောက်ကွက်များကို ဖျောက်ဖျက်နိုင်မည် ဖြစ်ပါသည်။

**မြထွန်းအောင်**

## ကိုးကားသည့်စာအုပ်များ

၁။ Report on the Administration of Burma during 1892-93

၂။ Report on the Administration of Burma during 1896-97

၃။ Arakan Past Present Future by John Ogilvyhay,
William Black Wood & Son, London 1892.

၄။ Education in Burma, by Maung San Oo Khine,
Puinted at the Akyab Press, 1901

၅။ Early News Papers in Burma by C.A Cuttins,
Burma Research Society, Fiftieth Anniversary Publications
No. 2, 1960

၆။ ရခိုင်တိုင်း သတင်းစာ၊ ရခိုင်အလင်း၊ ရခိုင်အသံနှင့် အခြား ရခိုင်ပြည် ထုတ် သတင်းစာများ၊ ဂျာနယ်များ။

**ရခိုင်မဂ္ဂဇင်း အတွဲ(၁) အမှတ်(၁)၊ ၁၃၃၅-ခု၊ နတ်တော်လဆန်း(၁)ရက် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေသည်။**

# ဟေး၏ ရခိုင်တရုတ် မီးရထားလမ်း ဖောက်လုပ်ရေး ကြိုးပမ်းမှု

မြထွန်းအောင်

ဘင်္ဂလားပင်လယ်အော် အရှေ့ဘက်နှင့် ရိုးမတောင်အကြားရှိ ဒေသမှာ ရခိုင်ကမ်းမြောင်ဒေသ ဖြစ်သည်။ ယင်းဒေသသည် မြောက်ဘက်တွင် ကျယ်ပြန့်ပြီး တောင်ဘက်သို့ ကျဉ်းမြောင်းသွားသည်။ မြောက်မှတောင်သို့ သွယ်တန်းနေသည့် ကမ်းမြောင်ဒေသ ဖြစ်သည်။ မိုးများပြီး သစ်တောထူထပ်သည်။ မြစ်ချောင်း ပွားများပြီး ရေစီးသန်သည်။ ကမ်းရိုးတန်းတစ်လျှောက် ကျောက်ဆောင်များသည်။ တောင်ကုန်းတောင်တန်းများသည် ခရီးသွားလာရေးကို ခက်ခဲစေသည်။

ယင်းတို့မှာ ရခိုင်ကမ်းမြောင်ဒေသ၏ သဘာဝအခက်အခဲများ ဖြစ်သည်။ ရခိုင်ဒေသ လမ်းပန်းဆက်သွယ်ရေးမှာ သဘာဝအခက်အခဲများကြောင့် မဖြစ်ထွန်းနိုင်ကြောင်း အစဉ်တစိုက် ပြောဆိုခဲ့ကြသည်။ ယင်းတို့မှာ အုပ်ချုပ်သူ လူတန်းစားများ၏လက်သုံးစကား ဖြစ်ခဲ့သည်။ နှောင်းလူများကလည်း သံယောင်လိုက်၍ စကားဆိုကြသည်။

သို့ရာတွင် Old Arakan အမည်ခံ သတင်းစာဆရာဟေးသည် စစ်တွေမှ မန္တလေးကိုဖြတ်ပြီး တရုတ်ပြည်အထိ မီးရထားလမ်း ဖောက်လုပ်ရေးကိစ္စကို သတင်းစာမှလည်းကောင်း၊ သက်ဆိုင်ရာ အာဏာပိုင်များထံတင်ပြ၍လည်းကောင်း အထူးအလေးပေးပြီး ကြိုးပမ်းခဲ့သူတစ်ဦး ဖြစ်သည်။

### ဟေးအသွင်

ဟေးအမည်၏အပြည့်အစုံမှာ John Ogilvy Hay, F.R.G.S ဖြစ်သည်။ ဟေးသည် ၁၈၇၀-ခု မတိုင်မီ သို့မဟုတ် ယင်းဝန်းကျင် လောက်တွင် ရခိုင်သို့ ရောက်ရှိလာသူ ဖြစ်သည်။ စစ်တွေမြို့တွင်(၇)နှစ်ကျော် (၈)နှစ်နီးပါးခန့် နေထိုင်

ခဲ့သူ ဖြစ်သည်။ စစ်တွေမြို့ တွင်နေစဉ် ၁၈၅၃-ခုနှစ်ထုတ် Akyab Commercial News သတင်းစာတိုက်ကို ဝယ်ယူပြီး Arakan News သတင်းစာအဖြစ် အမည်ပြောင်းပြီး ဦးစီးထုတ်ဝေခဲ့သူ ဖြစ်သည်။ ယင်းသတင်းစာတွင် "ရခိုင်ဝါကြီး" Old Arakan အမည်ဖြင့် ဆောင်းပါးများကို ရေးသားသည်။ ယင်း Old Arakan အမည်ဖြင့် အင်္ဂလိပ်သို့ရောက်ရှိ ပြီး နောက်မှာလည်း သတင်းစာများတွင် ရေးသားသည်ကို တွေ့ရသည်။

စစ်တွေမြို့တွင် နေထိုင်စဉ် ဂုဏ်ထူးဆောင် တရားမတရားသူကြီး Honarary Megistrate of the Town of Akyab အဖြစ် ထမ်းဆောင်ခဲ့သည်။

ဟေးသည် ရခိုင်တွင်(၇)နှစ် (၈)နှစ်ခန့် နေထိုင်စဉ်အတွင်း ရခိုင်ဒေသတွင် လမ်းပန်းဆက်သွယ်ရေး အထူးညံ့ဖျင်းနေသည်ကို မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရသူဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးအတွက် သတင်းစာသမားတစ်ဦးပီပီ မိမိပိုင်သည့် Arakan News သတင်းစာမှ ဆောင်းပါးများကို အလေးပေးရေးသားခဲ့သူဖြစ်သည်။ အထူးသဖြင့် စစ်တွေမြို့သည် ဆိပ်ကမ်းကောင်းတစ်ခုဖြစ်ကြောင်း ရခိုင်မှမန္တလေးကိုဖြတ်ပြီး တရုတ်ပြည်အထိ မီးရထားလမ်း (Indo Burma China Railway Connections) ဖောက်လုပ်ရေး ဆောင်းပါးများကို ရေးသားသည်။

ဟေးသည် ၁၈၈၈-ခုလောက်တွင် အင်္ဂလန်ပြည်သို့ ပြန်လည် ရောက်ရှိသည်။ အင်္ဂလန်မှာလည်း စစ်တွေမှ မန္တလေးကိုဖြတ်ပြီး တရုတ်ပြည်သို့ မီးရထားလမ်းဖောက်လုပ်ရေးကိစ္စအတွက် သက်ဆိုင်ရာအာဏာပိုင်များထံသို့ စာအားဖြင့်လည်းကောင်း၊ သတင်းစာမှ လည်းကောင်း၊ လူကိုယ်တိုင် ချဉ်းကပ်၍လည်းကောင်း ကြိုးပမ်းဆောင်ရွက်ခဲ့သူ ဖြစ်သည်။

ဟေးသည် ရခိုင်မှတရုတ်ပြည်အထိ မီးရထားလမ်းဖောက်လုပ်ရေးအတွက် ကြိုးပမ်းရာတွင် ရခိုင်တိုင်းမင်းကြီးအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံကို အင်္ဂလိပ်များ တတိယအကြိမ် သိမ်းပိုက်ရာတွင် နိုင်ငံရေးအရာရှိချုပ်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သူ စလေဒင် (Sir E.B, Sladon Knight Codonel) နှင့် အင်ဂျင်နီယာချုပ်နှင့် မြန်မာနိုင်ငံ၏ မဟာဝန်ရှင်တော်မင်းကြီး၏ ပြည်သူ့လုပ်ငန်းဌာန အတွင်းဝန်အဖြစ် လည်းကောင်း၊ အိန္ဒိယနိုင်ငံအစိုးရ၏ ပြည်သူ့လုပ်ငန်းဌာန၏ အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သူ ဗိုလ်ချုပ်ကြီး အလက်ဇန္ဒား ဖရေဇာ (General Alexander Fraser)စသည့် ပုဂ္ဂိုလ်များ၏ အားတက်သရော ကူညီမှုကို ရခဲ့သူဖြစ်သည်။ ယင်းပုဂ္ဂိုလ်တို့မှာ ဟေးနှင့်ပုဂ္ဂိုလ်ရေးအရေလည်း ရင်းနှီးသူများ ဖြစ်ကြသည်။

ဟေး၏ဆောင်းပါးများနှင့် သူ၏ဆောင်ရွက်ချက်များကို လေ့လာပါက "ယူနီယံဂျက် အလံအောက်တွင် ရခိုင်ပြည်ကို တိုးတက်စေလိုသူတစ်ဦး"

ဖြစ်ကြောင်း တွေ့ရသည်။ သူ၏စွမ်းဆောင် ချက်များသည် အုပ်စိုးသူဗြိတိသျှလူမျိုး တစ်ဦး၏အမြင်ဖြင့် တင်ပြချက်များဖြစ်သည်။ အုပ်စိုးသူဗြိတိသျှလူမျိုးတစ်ဦး အဖြစ်ဖြင့် ကြိုးပမ်းချက်များ ဖြစ်သည်။

သို့ရာတွင် သူ၏တင်ပြချက်၊ ကြိုးပမ်းချက်များသည် ရခိုင်သမိုင်းတွင် မှတ်တမ်းတင်ထားရမည့် ကိစ္စတစ်ရပ် ဖြစ်ပေသည်။

## ရခိုင် အတိတ်– ပစ္စုပ္ပန်– အနာဂတ်

ဟေးသည် ရခိုင်တရုတ် မီးရထားလမ်း ဖောက်လုပ်ရေးအတွက် အုပ်ချုပ်ရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ရေကြောင်း လမ်းအခြေအနေ၊ စစ်တကောင်းနှင့် ရခိုင်ဒေသရှိ လူဦးရေ အခြေအနေများကို စေ့စုံစွာ လေ့လာသည်။ သက်ဆိုင်ရာ အုပ်ချုပ်ရေး အာဏာပိုင်များ၊ စစ်ရေးအာဏာပိုင်များ ငွေကြေးအတွက် ကုမ္ပဏီပိုင်ရှင်များ၊ ရေကြောင်းကျွမ်းကျင်သူများကိုလည်း တရုတ်မီးရထားလမ်း ဖောက်လုပ်ရေးအတွက် စာအားဖြင့်လည်းကောင်း၊ လူကိုယ်တိုင် သွားရောက်၍လည်းကောင်း လူတွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ဟေးသည် သူ့ကိုယ်ပိုင် Arakan News သတင်းစာမှ ၁၈၇၆-ခု၊ နိုဝင်ဘာလ(၄)ရက်မှ ၁၈၇၇-ခု၊ နိုဝင်ဘာလ(၂၄)ရက်အတွင်း ရခိုင်တရုတ် မီးရထားလမ်းဖောက်လုပ်ရေးအတွက် ဆောင်းပါး (၁၂)စောင်ကို ရေးသားဖော်ပြခဲ့သည်။

ယင်းအပြင် အခြားသတင်းစာများဖြစ်သော Times, Indian Stateman, The Pioneer Mail, The Spector, Saturday Review သတင်းစာများ၏ သတင်းများကို ကိုးကား၍လည်းကောင်း၊ အယ်ဒီတာထံ ပေးစာများဖြင့် လည်းကောင်း ရေးသားခဲ့သည်။

ဗြိတိသျှဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ အိန္ဒိယနိုင်ငံ၏ အတွင်းဝန်အဖြစ် လည်းကောင်း ဆောင် ရွက်ခဲ့သူ The Marquis of Salisbury K.G ထံသို့လည်းကောင်း၊ အိန္ဒိယနိုင်ငံ အတွင်းဝန် Viscount Cross G.C.B ထံသို့လည်းကောင်း၊ အိန္ဒိယနိုင်ငံဘုရင်ခံချုပ် The Marquis of Lansdowne G.C.S.L ထံသို့လည်းကောင်း စာအတန်တန် ဆက်သွယ်၍ ရခိုင်တရုတ် မီးရထားလမ်း ဖောက်လုပ်ရေး အခြေအနေများကို တင်ပြအစီရင်ခံခဲ့သည်။ လူကိုယ်တိုင်လည်း တွေ့ဆုံတင်ပြနိုင်ရေးအတွက် လန်ဒန်မြို့တွင် ၁၈၈၇-ခု၊ စက်တင်ဘာလ (၁၇)ရက်နေ့က စာရေးသားပြီး တွေ့ဆုံခွင့် တောင်းခံခဲ့သည်။ ယင်းပုဂ္ဂိုလ်များထံမှ စာရရှိကြောင်း ပြန်ကြားစာရရှိသော်လည်း တွေ့ဆုံခွင့် မရရှိပါ။

ယင်းအပြင် အင်္ဂလန်နိုင်ငံ မြို့ကြီးများဖြစ်သော လီဘာပူး၊ ဟူးလ်၊ မန်ချက်စတာမြို့များရှိ ကုန်သည်များအသင်းတို့ထံသို့လည်း ရခိုင်တရုတ် မီးရထား လမ်းဖောက်လုပ်ရေးကိစ္စ စာရေးသား ဆက်သွယ်၍ သဘောထားများကို မေးမြန်းခဲ့သည်။

ယင်းအပြင် ဟေးသည် အင်္ဂလန်ရှိ ရေတပ်ဦးစီးချုပ်နှင့် ပါလီမန်အမတ်ဖြစ်သူ Lord George Hamilton M.P Ist. Iord of Admiralty ထံ အဆိုပါကိစ္စနှင့် လူကိုယ်တိုင်တွေ့ဆုံခွင့်ကို ၁၈၉၀-ခု၊ ဇန်နဝါရီလ (၂၅)ရက်နေ့က တောင်းခံခဲ့သည်။ သို့ရာတွင် ယင်းပုဂ္ဂိုလ် ကိုယ်တိုင် မတွေ့ဆုံနိုင်ခဲ့သော်လည်း သူ့ကိုယ်စား ဗိုလ်ကြီး ဘရေး(ဒ်) Captain Bridge R,N. The Director of Nawal Intelligeace ဆိုသူနှင့် တွေ့ဆုံခွင့် ရရှိခဲ့သည်။ ယင်းအပြင် ဟေးသည် သူ၏ သဘောထားများကို စာအားဖြင့် ၁၈၉၀-ခု၊ ဖေဖော် ဝါရီ (၄)ရက်နေ့တွင် အဆိုပါ ဗိုလ်ကြီးထံသို့ ရေးသားပေးပို့ခဲ့သည်။

ယင်းအပြင် ၁၈၆၇-ခု၊ မေလ (၁)ရက်မှ ၁၈၇၄-ခု၊ ဩဂုတ်လ (၄)ရက်နေ့ အထိ ဘင်္ဂလားပင်လယ်အော်အတွင်း အထူးသဖြင့် စစ်တကောင်းနှင့် စစ်တွေမြို့ များတွင် ပင်လယ်ကူးသင်္ဘော မာလိန်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ (Capatin James Ewert, for mary years commarder of a Britigh India Company, Steomer in the Bay of Bengal) ထံမှ စစ်တွေသင်္ဘောဆိပ်သည် စစ်တကောင်း ထက် ကောင်းမွန်သော သင်္ဘောဆိပ်ကောင်းတစ်ခုဖြစ်ကြောင်း သဘောထား မှတ်ချက်ကို ရယူခဲ့သည်။

အင်္ဂလန်ပါလီမန်အမတ်များထံသို့လည်း ၁၈၉၁-ခု၊ ဩဂုတ်လအတွင်းက ဟေးသည် ရခိုင်-တရုတ် မီးရထားလမ်း ဖောက်လုပ်ရေးကိစ္စအတွက် ပါလီမန်တွင် တင်ပြဆွေးနွေးနိုင်ရန်စာများကို ဖြန့်ဝေခဲ့သည်။

ယင်းအပြင် ထင်ရှားသည့် လော့ဒ်ဒါဖရင့် (Lord Dufferin) စလေဒင်၊ ဖရေဇာ စသည်တို့အပြင် စီးပွားရေးဘက်မှ ပုဂ္ဂိုလ်များ၊ အတတ်ပညာရှင်များထံမှ သဘောထားများကို ရယူနိုင်ခဲ့သည်။

ဟေးသည် ရခိုင်-တရုတ် မီးရထားလမ်း ဖောက်လုပ်ရေးအတွက် ရခိုင်တွင် ရှိစဉ်ကလည်းကောင်း၊ အင်္ဂလန်သို့ ပြန်ရောက်စဉ်ကလည်းကောင်း သူ၏ ဆောင်ရွက်ချက်များကို စုပေါင်းပြီး စာအုပ်တစ်အုပ် ထုတ်ဝေရန် စီစဉ်ခဲ့သည်။

၁၈၉၂-ခု၊ မတ်လ(၉)ရက်နေ့စွဲဖြင့် လန်ဒန်ရှိ အိန္ဒိယနိုင်ငံ အတွင်းဝန်ရုံးသို့ ရခိုင်တရုတ် မီးရထားလမ်း ဖောက်လုပ်ရေးကိစ္စနှင့်ပတ်သက်သည့် ဆောင်ရွက်ချက် များကို စာအုပ်ထုတ်ဝေလို ကြောင်း ခွင့်ပြုချက်ကို ဟေးက တောင်းခံသည်။ ၁၈၉၂-ခု၊ မတ်လ(၂၃)ရက်နေ့စွဲဖြင့် ယင်းရုံးမှ သဘောတူညီချက်ကို ရရှိခဲ့သည်။

ယင်းကြောင့် ၁၈၉၂-ခု၊ မေလတွင် William Blackwood and Sons, Edinburgh and London) ပုံနှိပ်တိုက်မှ ရခိုင်အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် (Arakan Past Present Future) စာအုပ်ကို ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ယင်းစာအုပ်တွင် ရခိုင်ဒေသသို့ ဟေးမရောက်မီက အခြေအနေ၊ ရောက်ရှိပြီး အခြေအနေနှင့် အနာဂတ်ကာလ ဟေး မျှော်မှန်းခဲ့သော ရခိုင်ပြည်အခြေအနေများကို စေ့စုံစွာ တင်ပြထားသည်။

## ဆိပ်ကမ်းကောင်းမြို့ စစ်တွေ

စစ်တွေမြို့သည် ပထမအင်္ဂလိပ်မြန်မာစစ်ပွဲ ပြီးသည့်နောက် တည်ထောင်သော မြို့ဖြစ်သည်။ ၁၈၇၀-ခု၊ ဇူလိုင်လ (၇)ရက်နေ့ ထုတ် Arakan News တွင် Old Arakan အမည်ခံ ဟေးက ရခိုင်တိုင်းမင်းကြီးဟောင်း Sir Archibald Bogle ၏ မလျော့သောဇွဲလုံ့လကြောင့် ရခိုင်ဒေသ၏ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းမှာ တိုးတက်လာကြောင်းဖြင့် ယင်းပုဂ္ဂိုလ်အား ချီးကျူးရေးသားထားသည်။ ဆန်စပါးလုပ်ငန်းနှစ်စဉ်တစ်ဟုန်ထိုး တိုးတက်လာသဖြင့် စစ်တွေမြို့သည် ဆန်စပါးလုပ်ငန်း၏ အချက်အချာကျသော မြို့တစ်မြို့ဖြစ်လာသည်။ အနှစ်နှစ်ဆယ်တိုင် အသုံးပြုသွားလာရသဖြင့် စစ်တွေမြို့သည် လီဘာပူးသင်္ဘောပိုင်ရှင်များ၏ သိရှိမှုများလာသည်ဟု ဟေးက လီဘာပူး ကုန်သည်များအသင်းသို့ ၁၈၇၄-ခု၊ ဇူလိုင်လ (၂၇)ရက် ရက်စွဲဖြင့် ပေးပို့သည့် စာတွင်ဖော်ပြထားသည်။

ရှေးက သင်္ဘောမာလိန်မှူးများ၊ ရေကြောင်းအာမခံလုပ်ငန်း ရှင်များသည် စစ်တွေသို့ သွားလမ်းတွင်ရှိသော အွိုင့်စတာ Oyster Reef ကျောက်တန်းမှာ တွေးကြောက်စရာ ဖြစ်ခဲ့သည်။ ဆာအာသာဖယ်သာ၏ စီစဉ်ညွှန်ကြားမှုကြောင့် အွိုင်စတာကျောက်ဆောင်ပေါ်တွင် အလှမ်းဝေးသည့်နေရာများမှပင် မီးရောင်ကို မြင်နိုင်သော မီးပြတိုက်ကို နှစ်အတန်ကြာကပင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သည်။ ယင်းမီးပြကြောင့် စစ်တွေသို့သွားလာနေကျ သင်္ဘောများသာမက ကာလကတ္တားမြို့နှင့် ဘင်္ဂလားပင်လယ်အော်အတွင်း သွားလာနေသည့် သင်္ဘောများအတွက်လည်း မခန့်မှန်းနိုင်သော အကျိုးအမြတ်များကို ဖြစ်ထွန်းစေနိုင်ကြောင်းဖြင့် ယင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

စစ်တွေမြို့သည် ရခိုင်မြစ်ဝမှ ငါးမိုင်အကွာတွင် တည်ရှိသည်။ ရန်ကုန်မြို့သည် မုတ္တမပင်လယ်ကွေ့ထိပ်တွင်ရှိသည့် ရှည်ညောင်းသော ပင်လယ်ခရီးသွားလာမှု ဖြစ်သည်။ မိုင် (၃၀)ခန့် မြစ်ကြောင်းအတိုင်း ဆန်တက်ရသည်။ သင်္ဘောများ သွားလာရာမှာ ဘေးအန္တရာယ်များသော အကျိုးဆက်များသည် ရန်ကုန်သို့ သွားရာမှာ ဖြစ်ထွန်းနိုင်ကြောင်းများကိုလည်း အဆိုပါစာတွင် ဖော်ပြထားသည်။

စစ်တွေမှ မန္တလေးမှာ မိုင်(၁၀၀)ပင်မဝေး။ တရုတ်ပြည်နှင့် မြန်မာပြည်တို့မှ ထွက်သောထွက်ကုန်များ၏ ထွက်ပေါက် ဖြစ်သည်။ အင်္ဂလိပ်ပစ္စည်းထုတ်လုပ်သူများ၏ ပင်လယ်ရေလက်ကြားမှာ စစ်တွေ ဖြစ်သည်။ အစ,ပထမဆောက်လုပ်ရေးအတွက် ကုန်ကျစရိတ်များမည်။ သို့ရာတွင် တိုတောင်းသောသွားလာရေးခရီးနှင့် ကူးသန်းရောင်းဝယ်မှုများ ဖြစ်ထွန်းလာမှုကြောင့် ယင်းကုန်ကျစရိတ်များမှာ မကြာမီ ထေမိမည်ဖြစ်သည်ဟု ဟေးက စစ်တွေဆိပ်ကမ်းမှ မန္တလေးတရုတ်ပြည်အထိ မီးရထားလမ်း ဖောက်လုပ်ခြင်း အကျိုးအမြတ်ကို ဖော်ပြထားသည်။

ဘင်္ဂလားပင်လယ်အော်ရှိ စစ်တွေမြို့ကိုဖြတ်ပြီးဖောက်လုပ်သော မီးရထားလမ်းသည် မဟာဗျူဟာအရ လည်းကောင်း၊ အုပ်ချုပ်ရေးအရ လည်းကောင်း ကျွန်ုပ်တို့အတွက် သန်းပေါင်းများစွာ အကျိုးရှိမည် ဖြစ်သည်။ ငြိမ်းချမ်းမှုကို အထောက်အကူပြုမည် ဖြစ်သည်။ နယ်စွန်နယ်ဖျားဒေသများရှိ လူများ၏ ဝင်ရောက်စွက် ဖက်မှုများလည်း မရှိနိုင်တော့ပါဟု ဟေး၏မိတ်ဆွေစလေဒင်က စစ်တွေကိုဖြတ်ပြီး ရခိုင်တရုတ် မီးရထားလမ်းဖောက်လုပ်ရေးကိစ္စကို အလေးပေးထောက်ခံထားသည်။

ယင်းအပြင် ဟေးသည် ဗြိတိသျှ-အိန္ဒိယ သင်္ဘောကုမ္ပဏီတွင် မာလိန်မှူးအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သူ ဂျီအီးဝတ်၏ စစ်တွေဆိပ်ကမ်းသည် ဘင်္ဂလားပင်လယ်အော်ရှိ ဆိပ်ကမ်းမြို့များအနက် ကောင်းမွန်သောဆိပ်ကမ်းကောင်းတစ်ခုဖြစ်ကြောင်း သဘောထားမှတ်ချက်ကို ရယူပြီး သက်ဆိုင်ရာများသို့ တင်ပြခဲ့သည်။

## အပယ်ခံ ရခိုင်ပြည်

ဟေးသည် ရခိုင်တွင်လကျူးနှစ်ရှည် နေခဲ့သူ ဖြစ်သည်။ ရခိုင်ဒေသနှင့် ဆက်ဆံခဲ့ရသည်မှာ အနှစ်နှစ်ဆယ်ခန့် ရှိသည်။ ရခိုင်ကို သံယောဇဉ်ကြီးသူ မျက်နှာဖြူ လူမျိုးတစ်ဦးဖြစ်သည်။ ယူနီယံဂျက် အလံအောက်တွင် ရခိုင်ကို တိုးတက်စေလိုသူတစ်ဦး ဖြစ်သည်။ ရခိုင်ဒေသကို အုပ်စိုးသူများ၏ ပစ်ပယ်ထားသည့် ဒေသအဖြစ် ဟေးကမြင်သည်။ အုပ်စိုးသူများ၏ ဝန်ခံချက်၊ ထင်မြင်ချက်များကို ဟေးသည် ရခိုင်-တရုတ် မီးရထားလမ်း ဖောက်လုပ်ရေးကြိုးပမ်း ချက်များတွင် အလျဉ်းသင့်သလို ဖော်ပြထားသည်။ သူ၏ရခိုင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် စာအုပ်မှာလည်း ယင်းတို့ကို ဖော်ပြထားသည်ကို တွေ့ရသည်။

၁၈၆၇-ခုမှ ၁၈၇၁-ခုအထိ မဟာဝန်ရှင်တော်မင်းကြီးအဖြစ် ဆောင်ရွက်ခဲ့သူ ဗိုလ်ချုပ်ကြီးဖိုက် (General Fytche) က သူအငြိမ်းစားယူပြီးနောက်

ရေးသားခဲ့သည့်စာတွင် ကျွန်ုပ်တို့ခေတ်တွင် လမ်းပန်းဆက်သွယ်ရေး ခေတ်နောက်ကျနေမှုမှာ ကျွန်ုပ်တို့အတွက် ဝမ်းနည်းဖွယ်ဖြစ်ရပ်တစ်ရပ် ဖြစ်သည်။ တိုင်းနှစ်တိုင်းဖြစ်သော ရခိုင်နှင့်တနင်္သာရီတို့ကို သိမ်းယူခဲ့သည်မှာ နှစ်ပေါင်း(၄၅)နှစ်ရှိပြီး ပဲခူးတိုင်းမှာ (၁၈)နှစ်ရှိပြီး ဖြစ်သည်။ ရခိုင်မှာ လမ်းတစ်လမ်းမျှ မရှိသေးပေ။ မပြီးပြတ်သေးသည့် ဒက္ကားစစ်တကောင်းလမ်းကို ခြင်းချက်ထားရမည်ဖြစ်သည်ဟု ဖော်ပြထားသည်။ ယင်းဝန်ခံချက်ကို ဟေးကကောက်နုတ်ဖော်ပြထားသည်။

ဒက္ကားစစ်တကောင်းမှ စစ်တွေသို့ ဆက်သွယ်မည့်လမ်းမှာ စစ်တကောင်းမှ ဒက္ကားအထိ မိုင်(၆၀)ခန့် ပြီးခဲ့သည်။ ယင်းလမ်းမှာ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် လော့ဒါလဟိုဇီ အမိန့်အရ ဖောက်လုပ်ခဲ့သည့်လမ်း ဖြစ်သည်။ သိန်းပေါင်းမြောက်မြားစွာ ကုန်ကျခဲ့သော အဆိုပါလမ်းမှာ ယခုအခါတောကြီးမျက်မည်း ဖြစ်နေသည်။ ယင်းကိစ္စကို ဟေးကထောက်ပြထားသည်။

"စစ်တွေခရိုင်၏ လမ်းပန်းဆက်သွယ်ရေးမှာ မပြီးမပြည့်စုံမှုနှင့် အလွန် မကျေနပ်မှုရှိသော အခြေအနေဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု ချွတ်ယွင်းသော်ငြားလည်း မိုင်အနည်းငယ်မျှသာ ဝေးသော တိုက်နယ်များသို့ ခရိုင် အရာရှိများကြည့်ရှုစစ်ဆေးရန် မလာရောက်သည်ကို ကျွန်ုပ်အနေဖြင့် နားမလည်နိုင်အောင် ဖြစ်မိသည်။ စစ်တွေမြို့သည် ကျွန်ုပ်တို့ထံတွင် နှစ်ပေါင်း(၆၀)ရှိပြီ ဖြစ်သည်။ ယင်းကာလအတွင်း ကျွန်ုပ်တို့သည် အခွန်ကောက်များကို မြန်မာပြည်ရှိ အခြားဒေသများထက် ပိုမိုကောက်ခံခဲ့သည်။ သို့ရာတွင် တစ်စုံတစ်ဦးသည် ယင်းဒေသအနှံ့သွားရောက်ပါက ထိုဒေသရှိ ပြည်သူလူထုတိုးတက်မှုအတွက် တစ်ပြားတစ်ချပ်မျှ သုံးစွဲထားသည့် အနေအထားကို တွေ့ရမည် မဟုတ်ပေ"ဟု Adamson's Settlement Reoprt on Akyab District for ၁၈၈၅-၈၆ကို ကိုးကားဖော်ပြထားပြီး အပယ်ခံရခိုင်ပြည်အဖြစ် ဟေးက သက်သေထူခဲ့သည်။

ယင်းအပြင် ၁၈၉၁-ခု၊ ဖေဖော်ဝါရီလ (၂)ရက်နေ့ထုတ် Times သတင်းစာတွင်လည်း ယင်း(စစ်တွေခရိုင်)တွင် လမ်းမှာမိုင်(၄၀)မျှပင် မရှိသေးကြောင်း ဖော်ပြထားသည့် စာပိုဒ်ဖြင့် ဟေး၏ အပယ်ခံရခိုင်ပြည်အကြောင်းကို ထပ်မံထောက်ခံထားသည်။

"ရခိုင်ဒေသသည် ဗြိတိသျှအလံတော်အောက်တွင် နှစ်ပေါင်း(၅၀)ရှိပြီဖြစ်သည်။ သို့ရာတွင် သာမန်လမ်းမှာ မိုင်(၅၀)မရှိသေး၊ တစ်နှစ်လျှင် အကောက်ခွန်မှ ပိုရရှိငွေမှာ သိန်း(၂၀)ကျော်ရှိသည်။ နိုင်ငံအနှံ့ မီးရထားလမ်းများ ဖောက်လုပ်ရမည် ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့်

အစိုးရအတွက် ကြီးမားသောအကျိုးအမြတ် ရရှိမည်ဖြစ်သည်" စသည်ဖြင့် ဟေးသည် (Arakan News) သတင်းစာတွင် ၁၈၇၆-ခု၊ နိုဝင်ဘာ (၄)ရက် နေ့က ရေးသားဖော်ပြခဲ့သည်။ ယင်းစာသားများအတိုင်း ၁၈၇၄-ခုနှစ်က အိန္ဒိယနိုင်ငံ အတွင်းဝန်ဖြစ်သူ Marquis of Salisbury ထံ စာပေးပို့ခဲ့သည်။ အိန္ဒိယ အတွင်းဝန်ထံသို့ ဖော်ပြပါ စာကိုပေးပြီး(၁၈)နှစ်အကြာ ၁၈၉၂-ခု၊ မေလတွင် ရေးသည့် အတိတ်ကရခိုင်ပြည်အကြောင်းအရာကို ဖော်ရာမှာ ဖော်ပြပါစာကို ထပ်မံတိုးတက်မှုမရှိသေး ကြောင်းကို ဟေးက ထပ်ဆင့်၍ ဖော်ပြထားသည်။

ရခိုင်အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အကြောင်းများကို အမှာစာ သဘော ဖြင့် စာအုပ်တွင် ဖော်ပြရာတွင်--

> "ရခိုင်သည် ဘုရင်နိုင်ငံအဖြစ် ပြန်လည်ထူထောင်နိုင်တော့မည် မဟုတ်ချေ။ သိသာထင်ရှားသည့် အနေအထားသို့ ပြာပုံမှ ထူထောင်နိုင်ပြီး စစ်တွေဆိပ်ကမ်းသည် အိန္ဒိယနိုင်ငံတွင် အကောင်းဆုံး ဆိပ်ကမ်းတစ်ခုနှင့် ကြီးကျယ်သော ရေတပ်စခန်းတစ်ခု ဖြစ်လာမည်။ ယင်း၏စွမ်းရည်နှင့် တည်ရှိနေပုံတို့မှာ ထူးထူးကဲကဲအခြေအနေများကြောင့် အတည်ပြုဖော်ပြ ရခြင်း ဖြစ်ပေသည်"ဟု ဟေးက ၁၈၉၂၊ မေလရက်စွဲဖြင့် အပစ်ပယ်ခံ ရခိုင် ပြည်၏ အနာဂတ်ကို ဟေးက မျှော်မှန်းခဲ့သည်။

## ဟေး၏ ရည်ရွယ်ချက်

ဟေးသည် ရခိုင်၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်စာအုပ်ကို ၁၈၉၂-တွင် စီစဉ်ရိုက်နှိပ်ထုတ်ဝေသည်။ ယင်းစာအုပ်တွင် သူ၏ရည်ညွှန်းလိုသည့် အကြောင်း အရာနှင့် ပုဂ္ဂိုလ်များကို ရှေ့ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။ သူ၏ရည်ညွှန်း ချက်သည် ဖြစ်စေချင်သော ဆန္ဒနှင့် ခံယူချက်များကို အတိုချုံးပြီး ဖော်ပြထားခြင်း ဖြစ်သည်။

ဟေးသည် ရခိုင်တရုတ် မီးရထားလမ်း ဖောက်လုပ်ရေး ကြိုးပမ်းမှုမှာ အမြင့်ဆုံးအဆင့်အထိရောက်အောင် တင်ပြခဲ့သည်။ တိုက်တွန်း လှုံ့ဆော်ခဲ့သည်။ သက်ဆိုင်ရာ ပုဂ္ဂိုလ်များကလည်း ယင်းကိစ္စကို အလေးပေး စဉ်းစားခဲ့သည်။ ယင်းကြောင့် သူ၏ရည်ညွှန်းဖော်ပြရာတွင် အလေးနက်ဆုံးအဆင့်ဖြင့် စဉ်းစား ခဲ့ကြသော်လည်း ခွင့်ပြုချက်မရရှိပေဟု ဟေး၏ဆောင်ရွက်ချက်ကို အတိုချုံး၍ မှတ်တမ်းတင်ခဲ့လေသည်။ ပထမကြိုးပမ်းမှုအချိန် ၁၈၇၄-ခု ကာလအတွင်းက တာဝန်ရှိသူ ဝန်ကြီးချုပ်နိုင်ငံခြားရေး တာဝန်ခံအဖြစ်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သူ Marquis of Salisbury K.C ဒုတိယအကြိမ် ကြိုးပမ်းမှုကာလ အတွက် အိန္ဒိယနိုင်ငံအတွင်းဝန် Viscount Cross G.C.B နှင့်

အိန္ဒိယဘုရင်ခံချုပ် The Marquis of Lansdowne, G.C.S.Lတို့အား လည်းကောင်း ရည်ညွှန်းထားသည်ကိုလည်းတွေ့ရသည်။

ယင်းနှင့် တစ်ဆက်တည်းမှာ အရှင်သခင်များ၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် တိုးတက်မှုနှေးကွေးသော အခြေအနေရှိသည့် ရခိုင်ပြည်သည် အကျိုးစီးပွားဖြစ်ထွန်း တိုးတက်လာမည်။ အိန္ဒိယနှင့် မြန်မာ-တရုတ်လမ်းမကြီး ဖောက်လုပ်ခြင်းဖြင့် ယင်းဒေသ၏ အစိတ်အပိုင်းဖြစ်သော စစ်တွေမြို့သည် ကြီးကျယ်သောဈေးကွက်နှင့် အိန္ဒိယအင်ပါယာ၏ တတိယအကြီးဆုံး ဆိပ်ကမ်းမြို့တစ်မြို့ ဖြစ်လာမည်ဟု မျှော်လင့်ပါသည်ဟု ဟေးက ရည်ညွှန်းဖော်ပြထားသည်။

> "ရခိုင်ပြည်ရှိ စစ်တွေမြို့သည် အရှေ့ဘင်္ဂလားနှင့် မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးအတွက် ဆိပ်ကမ်းကြီးတစ်ခုဖြစ်သည်ကို အစိုးရကသော်လည်းကောင်း၊ ပြည်သူလူထုကသော်လည်းကောင်း အလေးအနက်သတိပြုခြင်း မရှိသေးပေ။ လွန်ခဲ့သည့် နှစ်(၃၀)ကျော်က ပေးစာများနှင့် ဂျာနယ်များတွင် ဖော်ပြထားသည့် ကျွန်ုပ်၏ စဉ်းစားရန် ထောက်ခံတောင်းဆိုခဲ့သော သိသာထင်ရှားသည့် အချက်အလက်များကို ကျွန်ုပ်၏ ဆောင်ရွက်ချက်များ မပြီးဆုံးမီ ပြန်လည်ပုံနှိပ်ထုတ်ဝေခြင်းဖြင့် ထပ်မံပြီးအလေးထားသတိပြုလာစေရန်မှာ ကျွန်ုပ်၏ ဆန္ဒပင်ဖြစ်ပါသည်။ ယခုအချိန်အထိ ဆိပ်ကမ်းကို အသုံးရှိအောင် မဆောင်ရွက်ကြသေးပါ"ဟု သူ၏ ဆောင်ရွက်ချက်များကို ပုံနှိပ်ထုတ်ဝေခွင့်ပြုရေးအတွက် အိန္ဒိယနိုင်ငံအတွင်း ဝန်ရုံးသို့ ၁၈၉၂-ခု၊ မတ်လ ၁၉ရက်စွဲဖြင့် ပေးပို့သည့် စာတွင် ဖော်ပြထားသည်။

ယင်းဖော်ပြချက်များမှာ ဟေး၏ဆန္ဒနှင့် ရပ်တည်ချက်များကို ဖော်ညွှန်းထားခြင်းပင်ဖြစ်ပေသည်။

ဟေး၏ရခိုင်တရုတ် မီးရထားလမ်း ဖောက်လုပ်ရေးကြိုးပမ်းမှုမှာ ကာလရှည်လျာခဲ့သည်။ ဟေးနှင့်အပြိုင် အိန္ဒိယနိုင်ငံအာသံမှ မြန်မာပြည်ကို ဖြတ်ပြီး တရုတ်ပြည်အထိ မီးရထားလမ်း ဖောက်လုပ်ရေးကို Captain Sprye ဆိုသူကလည်း အဆိုပြုခဲ့သည်။ အလားတူ မီးရထားလမ်း ဖောက်လုပ်ရေးအတွက် အဆိုပြုချက်များလည်း ယင်းအချိန် ရရှိခဲ့သည်။

ဟေး၏ ကြိုးပမ်းမှုကာလအတွင်း မြန်မာနိုင်ငံ၏ ပထမဆုံး မီးရထားလမ်းဖြစ်သော ရန်ကုန်-ပြည်မီးရထားလမ်းကို ၁၈၇၇-ခုတွင် ဖောက်လုပ်ခဲ့သည်။ ရန်ကုန်-မန္တလေးမီးရထားလမ်းကို ၁၈၈၉-ခုတွင် ဖောက်လုပ်ခဲ့သည်။ ယင်းမီးရထားလမ်းများ ဖောက်လုပ်ပြီးစီးမှုသည် ဟေး၏ကြိုးပမ်းချက်များကို အဟန့်အတားဖြစ်ခဲ့ဟန်ရှိသည်။ သို့ရာတွင် သူ၏လုပ်ငန်းများတွင် ယင်းကိစ္စများအား ပြဿနာတစ်ရပ်အနေနှင့် ဟေးက အလေးအနက်ပြုပြီး တင်ပြထားသည်ကိုကား မတွေ့ရပေ။

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတွင် အခြားမီးရထားလမ်းများ ဖောက်လုပ်ခဲ့ကြသော်လည်း ဟေး၏ အဆိုပြုခဲ့သော ရခိုင်-တရုတ် မီးရထားလမ်းကား အကောင်အထည် မပေါ်ခဲ့ချေ။

မည်သို့ပင် ဆိုစေကာမူ အုပ်စိုးသူ မျက်နှာဖြူလူမျိုး ဟေး၏ ကြိုးပမ်းချက်များကိုကား မှတ်တမ်းတင်ထားရမည် ဖြစ်သည်။ ယင်းအပြင် ဗြိတိသျှလက်အောက် (၆၆)နှစ်ကျော် ကာလအတွင်း ရခိုင်ပြည်၏ အခြေအနေတစ်စိတ်တစ်ဒေသကို သမိုင်းထင်ဟပ်မှု တစ်ရပ်အနေဖြင့် အလေးထားလေ့လာရမည့်ကိစ္စတစ်ရပ်ပင် ဖြစ်ပါသည်။

**မြထွန်းအောင်**

## ကိုးကားသည့်စာတမ်း


၁။ Arakan Past Present Future, by John Ogilvy Hay.
Willian Blackwood and Sons, Edinburgh and London
1892- May.

၂။ "ရခိုင်ပြည်ထုတ် သတင်းစာများ"
မြထွန်းအောင် ရခိုင်မဂ္ဂဇင်း အမှတ်-၁ (၁၉၇၃-ခု)

၃။ "ရခိုင်ရေးရာ စာအုပ်စာတမ်း (မျက်နှာဖုံး) ပြပွဲအညွှန်း"
(ရန်ကုန်)မှ ထုတ်ဝေသည်။


**ရခိုင်တန်ဆောင်မဂ္ဂဇင်း အမှတ်(၁၇၊ အတွဲ-၁) ၁၉၈၈-ခု၊ ဇွန်လ။**

# ရခိုင်စာစောင် မဂ္ဂဇင်းများ

## မြထွန်းအောင်

၁၈၅၃-ခု မတိုင်မီ ရခိုင်တွင် ပုံနှိပ်တိုက်လုပ်ငန်း မရှိသေးဟု ဆိုနိုင်ပါသည်။ သတင်းစာတစ်စောင်ကို ၁၈၅၃-ခုတွင် စစ်တွေမြို့ မှ ထုတ်ဝေပါသည်။ ယင်းသတင်းစာ ထုတ်ဝေသည့်နှစ်မှာ ရခိုင်သို့ ပုံနှိပ်လုပ်ငန်း စာပုံနှိပ်စက်များ ရောက်ရှိလာသည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ပုံနှိပ်လုပ်ငန်းရခိုင်တွင် စတင်သည့် ကာလဟု မှတ်ယူရမည် ဖြစ်ပါသည်။

ပြည်ကြီးမဏ္ဍိုင် သတင်းစာကို ၁၈၉၂-၉၃တွင် ထုတ်ဝေပါသည်။ ယင်းသတင်းစာကို ရခိုင်မြန်မာ အရေးအသားနှင့် ထုတ်ဝေခဲ့ကြောင်း သိနိုင်ပါလျှင် ယင်းအထောက်အထားအရ ရခိုင်-မြန်မာ အရေးအသားနှင့် ထုတ်ဝေသည့်စာအုပ်စာတမ်းများရှိနေပြီဟု ဆိုနိုင်မည် ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ရခိုင်တွင် ရခိုင်မြန်မာ အရေးအသား နှင့်ထုတ်ဝေခဲ့သည့် စာအုပ်များမှာ ၁၉၂၀-ခုနှင့် ယင်းပတ်ဝန်း ကျင်လောက်တွင်ရှိနေပြီ ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ် မစတင်မီ စစ်ကြိုခေတ်တွင် စာအုပ်စာတမ်းများကို ရခိုင်မှာ ရိုက်နှိပ်ထုတ်ဝေမှုများ ဖြည်းဖြည်းမှန်မှန် ထုတ်ဝေနေပြီ ဖြစ်ပါသည်။ ယင်းစာအုပ်စာတမ်းများ ရိုက်နှိပ်ထုတ်ဝေသည့်လုပ်ငန်းမှာ ဒုတိယကမ္ဘာ စစ်ဒဏ်ကြောင့် ရခိုင်မှာ လုံးဝနီးပါး ပျက်စီးခဲ့ရပါသည်။ စစ်ပြီးစနှင့် လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း ကာလမှာ ရခိုင်တွင် ပုံနှိပ် လုပ်ငန်းရှိသည်ဟု ဆိုရမည်ဖြစ်သော်လည်း အလွန်ပင် အားနည်း နေပါသေးသည်။ ယခုအချိန်ထိပင် ပုံနှိပ်လုပ်ငန်းမှာ ဖိတ်စာ၊ လက်ကမ်းစာ အဆင့်မှသာ ရှိနေပါသေးသည်။ စာအုပ်များပုံနှိပ်ရေးနှင့် အကြောင်းကိစ္စများ ပေါ်ပေါက်ခဲ့လျှင် ရန်ကုန်သို့လာရောက် ပြီး ပုံနှိပ်နေရသည်ကို တွေ့မြင်နိုင်ပါသည်

ရခိုင်လူငယ်များ၏ စာပေလှုပ်ရှားမှုသည် ဒုတိယကမ္ဘာစစ် မတိုင်မီကာလထက် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း ကာလမှာ အရှိန်အဟုန် ရရှိလာပြီ ဖြစ်ပါသည်။ စာပေလှုပ်ရှားမှု၏ အသီးအပွင့်များဖြစ်သော စာစောင်

မဂ္ဂဇင်းများကို ရန်ကုန်တွင်ရိုက်နှိပ်ပြီး ရခိုင်ပြည်နယ်မြို့ရွာအနှံ့ ဖြန့်ဝေခဲ့ကြသည်။ စစ်တွေ မြို့တွင် တချို့စာစောင်များကို ရိုက်နှိပ်ခဲ့ကြပါသည်။ ယင်းစာအုပ်များကို ဖြန့်ချိရာမှာ လူငယ်အသင်းအဖွဲ့များ တာဝန်ယူဖြန့်ချိခဲ့ ခြင်းက များသည်။ ယင်းသို့ ဖြန့်ချိရာမှာ တာဝန်ယူဖြန့်ချိသော အသင်းအဖွဲ့များ၏ လှုပ်ရှားမှုအပေါ် မူတည်ပြီး ရခိုင်နှင့်ပတ်သက်သည့် စာစောင်မဂ္ဂဇင်းများ တည်တံ့ခဲ့မှုများ၊ သက်တမ်းရှည်ကြာမှု များကို တွေ့ရှိရပါသည်။

## ရန်ကုန်တက္ကသိုလ်၊ ရခိုင်ကျောင်းသား–ကျောင်းသူများ မဂ္ဂဇင်း လွတ်လပ်ရေးစာစောင် ၁၉၅၀

"ရန်ကုန်တက္ကသိုလ် ရခိုင်ကျောင်းသား-ကျောင်းသူများ အသင်း"၏ နှစ်ပတ်လည် အစည်းအဝေးကို ၁၉၄၉-ခု၊ စက်တင်ဘာလ (၁၅)ရက်နေ့ ညနေ (၄)နာရီတွင် ယူနီဘာစီတီ စာသင်တန်း အမှတ် (၂)မှာ ပြုလုပ်သည်။ ယင်းအစည်း အဝေးမှ ဥက္ကဋ္ဌ ကိုဖော်ဇံနှင့် အတွင်းရေးမှူး ကိုကျော်ထွန်းတို့ ပါဝင်သည့် ၁၉၄၉-၅၀ခုနှစ်အတွက် အမှုဆောင်အဖွဲ့ကို တင်မြှောက်ကြပါသည်။ ယင်း အမှုဆောင် အဖွဲ့နှင့် စာတည်းအဖွဲ့ဝင်များ ကြိုးစားမှုကြောင့် ကျွန်တော်တို့၏ နောင်တော်များ လက်ထက်၌ စာစောင်ကလေးများ ထုတ်ဝေခဲ့သည်။ သို့သော် ယခုနှစ်အဖို့တွင်ကား နောင်တော်များ၏ မြေတောင်မြှောက်ပေးမှုကို အကြောင်းပြု၍ စာမျက်နှာ(၈၀) ကျော်မျှ ပါဝင်သောလွတ်လပ်ရေး စာစောင်တစ်ခု ဖြစ်ပေါ်နိုင်စွမ်း ရှိခဲ့လေသည်" ဟု ၁၉၄၉-၅၀ခု၊ ရန်ကုန်တက္ကသိုလ် ရခိုင်ကျောင်းသား ကျောင်းသူများအသင်း အတွင်းရေးမှူး၏ အစီရင်ခံစာတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ယင်းစာစောင်သည် ရခိုင်လူငယ်များ၏ စာပေလှုပ်ရှားမှုများအနက် အစောဆုံးထွက်ပေါ်လာသည့် စာစောင်မဂ္ဂဇင်းတစ်ခု ဖြစ်ပါသည်။ အင်္ဂလိပ် မြန်မာ(၂)ဘာသာဖြင့် ထုတ်ဝေရန်ဖြစ်သော်လည်း လွတ်လပ်ရေးအမီ ထုတ်ဝေရန် အတွက် အချိန်လု၍ အလုပ်လုပ်နေရသဖြင့် အင်္ဂလိပ်ကဏ္ဍကို ချန်လှပ်ခဲ့သည်ဟု လည်း ယင်းစာစောင်တွင် ဖော်ပြထားသည်ကို တွေ့ရပါသည်။

ယင်းစာစောင်တွင် အတိုင်ပင်ခံ စာတည်းအဖြစ် ဦးကျော်ရင်(ဘီအေ) တာဝန်ခံစာတည်း မောင်တင်အောင်(ဒု-ဝိဇ္ဇာတန်း) တက္ကသိုလ် နန္ဒမိတ်၊ တွဲဖက် စာတည်း၊ မောင်ထွန်းမြိုင် (ဒု-ဥပဒေ တန်း)၊ ချစ်ဒါလီ အထွေထွေအလုပ်တာဝန်ခံ ကိုစံရွှေလှ(ပ-ဝိဇ္ဇာ) ရဲသီဟ တွဲဖက်အလုပ်တာဝန်ခံ မတင်နွှောင်း (ပ-ဝိဇ္ဇာ) ရှင်နွှောင်းတို့ဖြစ်ပါသည်။

## ရခိုင်တန်ဆောင်မဂ္ဂဇင်းများ

၁၉၅၀-ခုတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသား-ကျောင်းသူများအသင်း မဂ္ဂဇင်းလွတ်လပ်ရေးစာစောင်ကို ထုတ်ဝေခဲ့သည်။ ယင်းလွတ်လပ်ရေးစာစောင်သည် "ရခိုင်တန်ဆောင်မဂ္ဂဇင်း"ထွက်ပေါ်လာရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ယင်းသို့ လွတ်လပ်ရေးစာစောင်ထုတ်ဝေခဲ့ပြီး ၁၉၅၁-ခုတွင် ရန်ကုန်တက္ကသိုလ် ကျောင်းသား-ကျောင်းသူများအသင်း ကြိုးပမ်းမှုကြောင့် ပထမဆုံးသော "ရခိုင်တန်ဆောင်"ကို ထွန်းညှိပေးလိုက် ပါသည်။ မဂ္ဂဇင်းတွင် မြန်မာ-အင်္ဂလိပ်ကဏ္ဍနှစ်ရပ်ဖြင့် ဖော်ပြထားပါသည်။

၁၉၅၂-ခုနှစ် "ရခိုင်တန်ဆောင် အမှတ်-၂"ကို မြန်မာ-အင်္ဂလိပ်နှစ်ကဏ္ဍဖြင့် ထုတ်ဝေခဲ့ပါသည်။ ၁၉၅၃-ခုတွင်မူ ရှုန်းကန်တွန်းဖယ်၍ မရသောအခက်အခဲအမျိုးမျိုးကြောင့် မထွက်နိုင် ခဲ့ပေ။ "ကျွန်ုပ်တို့သည် ရခိုင်တန်ဆောင်၏အလင်းရိပ်နှင့် ကင်းကွာ၍မရသဖြင့် လွန်ခဲ့သည့်နှစ်နှင့် ယခုနှစ် (၂)နှစ်ပေါင်းအတွက် ဤလေးနှစ်မြောက် ရခိုင်တန်ဆောင် ဖွားမြင်လာရပေသည်"ဟု တွေ့ရပါသည်။ ယင်းကြောင့် ၁၉၅၄-၅၅ခု ရခိုင်တန်ဆောင်မှာ (၂)နှစ်ပေါင်း အမှတ်(၃)နှင့် အမှတ်(၄)အဖြစ် ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ရခိုင်တန်ဆောင်အမှတ်(၅)ကို ၁၉၅၅-၅၆တွင် ထုတ်ဝေခဲ့ သည်။ ၁၉၅၇-၅၈တွင် ရခိုင်တန်ဆောင် အမှတ်(၆)ကို ထုတ်ဝေခဲ့ပါသည်။ ရခိုင်တန်ဆောင် အမှတ်(၁)မှ အမှတ်(၅)အထိတွင် မြန်မာ၊ အင်္ဂလိပ် ကဏ္ဍနှစ်ရပ်ကို ဖော်ပြထားပါသည်။ အမှတ်(၆)တွင် ရှေးဟောင်းဝေသာလီရက္ခဝဏ္ဏတစ်စိတ်တဒေသကို တင်ပြခဲ့သည်။ ၁၉၅၈-၅၉ခုတွင် ရခိုင်တန်ဆောင်အမှတ်(၇)ကို ထုတ်ဝေခဲ့ပါသည်။ ယင်းမဂ္ဂဇင်းတွင် ရခိုင်စာပေကဏ္ဍကိုလည်း တိုးချဲ့ထားသည်ကို တွေ့ရပါသည်။ ၁၉၅၉-၆၀တွင် ရခိုင်တန်ဆောင် အမှတ် (၈)ကို ဖြန့်ချိသည်ကို တွေ့ရပါသည်။ ၁၉၆၀-၆၁တွင် ရခိုင်တန်ဆောင် အမှတ်(၉)ကိုလည်းကောင်း၊ ၁၉၆၁-၆၂ တွင် ရခိုင်တန်ဆောင် အမှတ်(၁၁)ကို လည်းကောင်း ရခိုင်၊ မြန်မာ၊ အင်္ဂလိပ်ကဏ္ဍများဖြင့် ထုတ်ဝေခဲ့ကြပါသည်။

၁၉၆၂-၆၃ ရခိုင်တန်ဆောင် အမှတ်(၁၁)ကို ထုတ်ဝေခဲ့ပြီးနောက် ရခိုင်တန်ဆောင်မဂ္ဂဇင်းမှာ အကြောင်းအမျိုးမျိုးကြောင့် (၈)နှစ်ခန့် ထုတ်ဝေခြင်းကို မတွေ့ရပါ။ ယင်းနောက် ၁၉၇၁-၇၂တွင် ရခိုင်တန်ဆောင်အမှတ် (၁၂)ကို ထုတ်ဝေခဲ့ပါသည်။ သို့ရာတွင် ရခိုင်စာပေကဏ္ဍနှင့် အင်္ဂလိပ်ကဏ္ဍကို ဖော်ပြထားခြင်း မရှိပါ။ ယင်းအပြင် စာစောင်အမှတ်ကိုလည်း ဖော်ပြထားခြင်း မရှိပါ။

ယင်းနောက် ရခိုင်တန်ဆောင် ၁၉၇၃-၇၄ စာစောင်အမှတ်(၁၃)ကို ၁၉၇၄-ခုတွင် ထုတ်ဝေခဲ့ပါသည်။ ၁၉၇၅-၇၆တွင် ရခိုင်တန်ဆောင်အမှတ် (၁၄)ကို

လည်းကောင်း၊ ၁၉၇၇-၇၈တွင် ရခိုင် တန်ဆောင်အမှတ်(၁၅)ကို လည်းကောင်း ထုတ်ဝေခဲ့ပါသည်။ ယင်းမဂ္ဂဇင်းများတွင်လည်း ရခိုင်စာပေကဏ္ဍနှင့် အင်္ဂလိပ်ကဏ္ဍ တို့ကို ဖော်ပြထားခြင်း မရှိပါ။

ရခိုင်တန်ဆောင်အမှတ် (၁၆)ကို ၁၉၈၀-ခုတွင် ထုတ်ဝေခဲ့ပါသည်။ ယင်းမဂ္ဂဇင်းတွင် မြန်မာ-အင်္ဂလိပ်နှစ်ခုကို ပြန်လည်ပြီး ဖော်ပြထားသည်။ ယင်းရခိုင်တန်ဆောင်အမှတ်(၁၆)ကို ၁၉၈၀-ခုတွင် ထုတ်ဝေခဲ့ပြီးသည်မှ ယနေ့ထက်တိုင် ရခိုင်တန်ဆောင်ကား ပေါ်ထွက်လာခြင်း မရှိတော့ပါ။

ရခိုင်တန်ဆောင် မဂ္ဂဇင်းသည် ရန်ကုန်တက္ကသိုလ်ရှိ ရခိုင်ကျောင်းသူ၊ ကျောင်းသားတို့၏ ကြိုးပမ်းမှုကြောင့် ထွန်းလင်းလာသည့် မီးရှူးတန်ဆောင်တစ်ရပ် ဖြစ်သည်။ နောင်တော်နောင်တော်များ ထွန်းညှိခဲ့သော မီးရှူးတန်ဆောင်တစ်ရပ် ဖြစ်သည့် ရခိုင်တန်ဆောင်ကို ထွန်းညှိပေးရန်မှာ ယနေ့တက္ကသိုလ်ပညာကို ဆည်းပူးနေကြသော တက္ကသိုလ်ရောက် ရခိုင်မောင်မယ်များ၏ တာဝန်တစ်ရပ်ပင် ဖြစ်ပေသည်။

## ဓညဝတီမဂ္ဂဇင်းများ

စစ်တွေခရိုင်မှလာရောက်ကြသည့် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများက ၁၉၅၁-ခု ဩဂုတ်လ (၁)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဓညဝတီကျောင်း သူ-ကျောင်းသားများအသင်းကို ဥက္ကဋ္ဌကိုဖော်ဇံ၊ အတွင်းရေးမှူး ကိုကျော်ခင်ပါဝင်သည့် အမှုဆောင်(၁၈)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ယင်းအသင်းမှ ကြီးမှူး၍ ဓညဝတီမဂ္ဂဇင်း (၁၉၅၁-၅၂) အတွဲ (၁)၊ အမှတ်(၁)ကို အတိုင်ပင်ခံစာတည်း ဦးကျော်ရင် (မဟာဝိဇ္ဇာ) စာတည်းစံရွှေလှ (ဒု-ဝိဇ္ဇာ)တို့က မြန်မာကဏ္ဍတွင် လည်းကောင်း၊ အတိုင်ပင်ခံစာတည်း ဦးကံကြီး (မဟာဝိဇ္ဇာ)စာတည်း စိန်ထွန်းအောင်၊ တွဲဖက်စာတည်း မမြသီတာတို့က အင်္ဂလိပ်ကဏ္ဍတွင်လည်းကောင်း ဆောင်ရွက်ကြသည်။ ယင်းမဂ္ဂဇင်းကို ၁၉၅၂-ခုနှစ် နှစ်ဦးပိုင်းတွင် ထုတ်ဝေခဲ့သည်။

ဓညဝတီမဂ္ဂဇင်း အတွဲ(၁) အမှတ်-၂မှာ အတိုင်ပင်ခံစာတည်း ဦးကျော်ရင် (မဟာဝိဇ္ဇာ)၊ စာတည်း မလှလှကြိုင် (ဝိဇ္ဇာ)၊ တွဲဖက်စံကျော်သာ (ပ-ဝိဇ္ဇာ) ပညာရေးတို့က မြန်မာစာကဏ္ဍတွင်လည်းကောင်း၊ အတိုင်ပင်ခံစာတည်း ဒေါ်မြစိန်၊ စာတည်း မမြသီတာ (ဝိဇ္ဇာ)၊ တွဲဖက်စာတည်း စောလှအောင် (သိပ္ပံ/ဝိဇ္ဇာ)တို့က အင်္ဂလိပ်စာကဏ္ဍတွင် တာဝန်ယူခဲ့ကြသည်။ ယင်းမဂ္ဂဇင်း အတွဲ (၁) အမှတ်-၂ကို ၁၉၅၃-ခုနှစ်ဦးပိုင်းမှာ ဖြန့်ချိခဲ့သည်။

ဓညဝတီမဂ္ဂဇင်းအတွဲ(၁)၊ အမှတ်(၁)နှင့် (၂)နှစ်စောင်သာ ထုတ်ဝေခဲ့ပါသည်။ နောက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဓညဝတီ ကျောင်းသူ/ကျောင်းသားများအသင်းသည် ရန်ကုန်တက္ကသိုလ် ရခိုင်ကျောင်းသူ/ကျောင်းသားများအသင်းနှင့် ပူးပေါင်းသွားပါသည်။ ယင်းကြောင့် ဓညဝတီမဂ္ဂဇင်းကို ထုတ်ဝခြင်းမပြုတော့ဘဲ ရခိုင်တန်ဆောင်မဂ္ဂဇင်းကို အားဖြည့်ပြီး ထုတ်ဝေသွားကြပါသည်။

## အရှက်ဦးမဂ္ဂဇင်း

၁၉၅၂-မတ်လတွင် ထုတ်ဝေခဲ့သည်။ အမှတ် ၁၆၃-ခု၊ ၃၄-လမ်း၊ ရန်ကုန်ရှိ ရခိုင်လူငယ်များအသင်း(ရန်ကုန်)မှ ထုတ်ဝေခြင်း ဖြစ်သည်။ ယင်းမဂ္ဂဇင်းမှာ ယခုအခါ ရှာဖွေမတွေ့တော့ပါ။ ယင်းကြောင့် ယင်းစာအုပ်တွင် ပါဝင်သည့် အကြောင်းအရာ၊ ကလောင်ရှင်များနှင့် စာတည်းအဖွဲ့ဝင်များကို မသိနိုင်တော့ပါ။ ယင်းမဂ္ဂဇင်းမှာ တစ်ကြိမ်သာ ထွက်ခဲ့ပါသည်။

## စစ်တွေကျောင်းသားများ နှစ်ပတ်လည်စာစောင်

နိုင်ငံတော် တန်းမြင့်ကျောင်း အမှတ်(၁)မှ ထုတ်ဝေသော စာစောင် ဖြစ်ပါသည်။ ပထမဆုံးအကြိမ် စစ်တွေကျောင်းသားများသမဂ္ဂမှ ထုတ်ဝေသော စာစောင်ဖြစ်သည်။ ၁၉၅၃-ခု၊ ဖေဖော်ဝါရီ(၂၂)ရက်နေ့တွင် ထုတ်ဝေမည်ဟု ကြေညာခဲ့သည်။ သို့ရာတွင် စာစောင်ရိုက်နှိပ်ပြီး ပြည်တော်သာသဘော်ဖြင့် ကိုသာဒိုးနှင့် ကိုကျော်လှဖြူတို့က ရန်ကုန်မှ ယူဆောင်လာကြပါသည်။ စစ်တွေဆိပ်ကမ်းအရောက်တွင် စာစောင်ထုတ်ဝေခွင့်လက်မှတ် မယူမှုကြောင့် ဖြန့်ဝေခွင့် ရပ်ဆိုင်းခြင်းခံရသည်။ တရားစွဲကာဒဏ်ငွေ(၁၀၀ိ) ဒဏ်တပ်ခြင်းခံရသည်။ စာအုပ်များကိုလည်း မီးရှို့ဖျက်ဆီးခံရသည်။ ယင်းကြောင့် စစ်တွေကျောင်းသားများနှစ်ပတ်လည် စာစောင်အမှတ်(၁)ကို လုံးဝထုတ်ဝေခြင်း မပြုလိုက်ရပါ။

'စစ်တွေကျောင်းသားများ နှစ်ပတ်လည် စာစောင် (၁၉၅၄-၅၅)' အတွဲ(၁) အမှတ်(၂)စာစောင်ကို ၁၉၅၆-ခု၊ ဇန်နဝါရီလတွင် ရိုက်နှိပ်ဖြန့်ဝေခဲ့ပါသည်။ ယင်းစာစောင်တွင် အတိုင်ပင်ခံစာတည်း ဦးသာဒင်၊ တာဝန်ခံစာတည်း ကိုမောင်မောင်လှနှင့် မဖြူမေတို့ ဖြစ်ကြပါသည်။ ယင်းအမှတ်(၂) စာစောင်ထွက်ပြီးနောက် 'စစ်တွေကျောင်းသားများ နှစ်ပတ်လည်စာစောင်'ထွက် ပေါ်ခြင်း မရှိတော့ပါ။

## ညေစာစောင်

ယင်းစာစောင်အတွဲ(၁) အမှတ်(၁)ကို ၁၉၅၈-ခု၊ မေလမှာ ထုတ်ဝေပါသည်။ အတိုင်ပင်ခံစာတည်းအဖြစ် ညေဝတီဦးဘအုန်း၊ တာဝန်ခံစာတည်း သတိုးနွယ်၊ စာတည်း ရက္ခသူရိန်၊ ဒု-စာတည်း ညေစိုးနှင့် ညေမင်းကျော်တို့ ဖြစ်ကြသည်။ ညေစာစောင် ကလောင်ရှင်အဖွဲ့ကို (၆-၇-၁၉၅၈)နေ့တွင် စစ်တွေမြို့ ရွှေပြားရပ် အတိုင်ပင်ခံစာတည်း ဦးဘအုန်း အိမ်မှာဖွဲ့စည်းကြသည်။ ဥက္ကဋ္ဌ ကိုအေးထွန်း၊ အတွင်းရေးမှူး ကိုအောင်မြအပါအဝင် အဖွဲ့ဝင်(၁၅)ဦး ပါရှိသည်။ ညေစာစောင်ကို စစ်တွေမြို့ မိဖုရပ်၊ လမ်းမှန်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ပြီး ကိုတင်ဦးက တာဝန်ခံ ထုတ်ဝေခဲ့သည်။ ယင်းစာစောင်မှာ အမှတ်မည်မျှထိ ထုတ်ဝေခဲ့ကြောင်း မသိရပါ။

## တက်နေသစ် စာစောင်

၁၉၅၈-ခုလောက်မှာ စတင်ထုတ်ဝေခဲ့သည်။ ယင်းစာစောင် တာဝန်ခံစာတည်းအဖြစ် ကိုမောင်ကျော်၊ စာတည်းအဖွဲ့ဝင်များမှာ စစ်တွေ နောင်လတ်၊ မြတံဇဉ်၊ စမ်းနွယ်၊ လှဲလှဲမာ၊ ခင်လေးသူဇာတို့က ဆောင်ရွက်သည်။ အတွဲ(၂) အမှတ်(၇)စာစောင်ကို (၁၆-၁၀-၁၉၅၉)ရက်စွဲဖြင့် ထုတ်ဝေသည်ကို တွေ့ရပါသည်။ ယင်းစာစောင်ကို စစ်တွေမြို့ကျောင်းတက်လမ်း ပြည်သူ့စာပုံနှိပ်တိုက်တွင် ရိုက်နှိပ်ပြီး ကိုကျော်မောင်က ထုတ်ဝေပါသည်။ စာစောင်အမှတ် မည်မျှအထိ ထုတ်ဝေခဲ့ကြောင်း၊ မည်သည့်ခုနှစ်လောက်တွင် ထုတ်ဝေမှု ရပ်ဆိုင်းခဲ့ကြောင်းများကိုကား မသိရှိရပါ။

## စေတ်ရှေ့ဆောင် စာစောင်

စာစောင် အတွဲ(၁) အမှတ်(၁)ကို ၁၉၆၁-ခု၊ ဧပြီလမှာ ထုတ်ဝေသည်။ စာတည်းအဖွဲ့ဝင် ဦးသတိုးလှ၊ ဦးကျော်မြ၊ ကိုဦးရွှေဇံ၊ ကိုစံလှအောင်၊ ကိုအောင်ရွှေထွန်းနှင့် ကိုကျော်စိုးတို့က ဆောင်ရွက်သည်။ စစ်တွေမြို့ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။ အတွဲ မည်မျှထွက်ခဲ့ကြောင်း၊ မည်သည့် ခုနှစ်တွင် ထုတ်ဝေမှု ရပ်ဆိုင်းခဲ့ရကြောင်းများကို မသိရှိရပါ။

## ရခိုင်ပြည်သူ့စာစောင်

ယင်းစာစောင်ကို ပြည်သူ့ပုံနှိပ်တိုက် ဦးအောင်ထွန်းဦးလမ်း၊ စစ်တွေတွင် ရိုက်နှိပ်ပြီး အယ်ဒီတာ ဦးအောင်ထွန်းမြက ပုံနှိပ်ထုတ်ဝေသည်။ ၁၉၅၉-ခုနှစ် ဦးပိုင်းတွင် ဖြန့်ဝေခဲ့သည်။ စာစောင်သဘောထက် အရွယ်အစား သတင်းဖော်ပြ ထားပုံများမှာ သတင်းစာသဘော ဆောင်နေပါသည်။ မည်သည့်ခုနှစ်တွင် ရပ်ဆိုင်း ခဲ့ကြောင်း မသိရပါ။

# ရခိုင်ညွန့်ဖူး

## ရခိုင်ယဉ်ကျေးမှု ဆောင်ပါးများ

ဆောင်းပါးများကိုစုပေါင်းပြီး ရိုက်နှိပ်ထားသည့် စာစောင်ဖြစ်သည်။ ဆောင်းပါးအများစုမှာ ရခိုင်ယဉ်ကျေးမှုကို လေ့လာလိုက်စားသူ လူငယ်တို့၏ တင်ပြချက်များ ဖြစ်ကြပါသည်။ ယင်းကြောင့် စာအုပ်ကိုလည်း လူငယ်ဘဝနှင့် ကိုက်ညီအောင် 'ရခိုင်ညွန့်ဖူး"ဟူ၍ အမည်ပေးလိုက်ပါသည်ဟု မိတ်ဆက်စကား တွင် ဖော်ပြထားပါသည်။ ယင်းဆောင်းပါးများ စာစောင်တွင် ရခိုင်စာပေကဏ္ဍ၊ ဂီတ၊ ရာသီဘွဲ့၊ သမိုင်းသုတေသန စာပေဟူ၍ ကဏ္ဍများခွဲထားသည်ကို တွေ့ရ သည်။

ရခိုင်လူငယ်များ၏ စာပေလှုပ်ရှားမှုတစ်ရပ် ဖြစ်သည်။ ၁၉၆၈ခု၊ ဇူလိုင်လ မှာ ရန်ကုန်မြို့တွင် ရိုက်နှိပ်ဖြန့်ဝေပါသည်။ နောက်တွင် 'ရခိုင်ညွန့်ဖူးကဗျာများ' ဟူ၍ ကဗျာစာအုပ်တစ်အုပ်ကို ရိုက်နှိပ်ထုတ်ဝေပြီး နောက်ထပ် 'ရခိုင်ညွန့်ဖူး' စာစောင်များ မထွက်တော့ပါ။

## ရခိုင်ယဉ်ကျေးမှု မဂ္ဂဇင်း

ရခိုင်ယဉ်ကျေးမှု အနုပညာအဖွဲ့(ရန်ကုန်)မှ ထုတ်ဝေသော မဂ္ဂဇင်း ဖြစ်သည်။ ၁၉၇၁-ခု ဖေဖော်ဝါရီလတွင် အတွဲ(၁)ကို ထုတ်ဝေခဲ့ပါသည်။ ရခိုင်ယဉ်ကျေးမှု အနုပညာအဖွဲ့(ရန်ကုန်)၏ ဥက္ကဋ္ဌမှာ ဦးမောင်မောင်ခင်ဖြစ်ပြီး အတွင်းရေးမှူးမှာ ဦးခင်မောင်ထွေး၊ တွဲဖက်အတွင်းရေးမှူးမှာ ဦးအောင်ကျော် တို့ဖြစ်ပြီး မဂ္ဂဇင်းတာဝန်ခံစာတည်းမှာ ဦးအောင်သာဦး၊ ဦးကြိုင်သာအောင်၊ ဦးသန်းမောင်တို့ ဖြစ်ကြပါသည်။ စာတည်းများမှာ ဦးသာညွန့်၊ ဦးသိန်းလွင်၊ ဦးအောင်ကျော်စိန်၊ ဦးမောင်ထွန်းဝေ၊ ဦးတင်မောင်နှင့် ဦးကျော်တင်တို့ ဖြစ်ကြ ပါသည်။

ရခိုင်ယဉ်ကျေးမှု မဂ္ဂဇင်းမှာ တစ်ကြိမ်သာ ထုတ်ဝေနိုင်ခဲ့ပြီး နောက်ထပ် မထွက်တော့ပါ။

## ရခိုင်မဂ္ဂဇင်း

ရခိုင်မဂ္ဂဇင်းအတွဲ(၁)ကို ၁၃၃၅-ခု၊ နတ်တော်လဆန်း(၁)ရက်နေ့တွင် စာဆိုတော် အထိမ်းအမှတ်အဖြစ် ထုတ်ဝေပါသည်။ ရခိုင်ယဉ်ကျေးမှု ကော်မတီ အဖြစ် (စစ်တွေမြို့နယ်)စာပေကော်မတီတွင် ဥက္ကဋ္ဌဦးကျော်ဦး (အနောက်သား) အတွင်းရေးမှူး ဦးဦးကျော်သိန်း(အားသစ်)နှင့် အဖွဲ့ဝင်(၁၁)ဦး ပါဝင်သည်။ ယင်းမဂ္ဂဇင်းတွင် အတိုင်ပင်ခံစာတည်း ဦးသာကျော်၊ တာဝန်ခံစာတည်း အနောက်သား(စစ်တွေ) စာတည်းအဖွဲ့ဝင် အားသစ်၊ ကိုလေးငယ်(စစ်တွေ)၊ မောင်စောသူ(စစ်တွေ)၊ စစ်တွေ သိန်းနောင်တို့က ဆောင်ရွက်ကြပါသည်။

ရခိုင်မဂ္ဂဇင်း အမှတ်(၂)ကို ၁၉၇၅-ခု၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသည်။ ယင်းမဂ္ဂဇင်းတွင် အတိုင်ပင်ခံ အယ်ဒီတာအဖွဲ့ဝင်များအဖြစ် အားသစ် (စစ်တွေ) စစ်တွေ သိန်းနောင်တို့က ဆောင်ရွက်ပါသည်။

ရခိုင်မဂ္ဂဇင်း အမှတ်(၃)ကို ၁၉၇၆-ခု၊ စက်တင်ဘာလတွင် ထုတ်ဝေပါ သည်။ တာဝန်ခံစာတည်း စောသိန်းမောင် (ခွပ်ဒေါင်းနီ-စစ်တွေ) စာတည်းအဖွဲ့ဝင် များအဖြစ် စစ်တွေပွင့်လွှာ၊ အားသစ်၊ ဒေါ်မေသိန်း၊ မောင်မမင်းမာ၊ (မြောက်ဦး) ဗဂျီးကျော်(စစ်တွေ) စစ်တွေ သိန်းနောင်နှင့် စစ်တွေညိုသန့်တို့က ဆောင်ရွက်ကြ ပါသည်။

ရခိုင်မဂ္ဂဇင်း အမှတ်(၄)ကို ၁၉၇၇-ခု၊ စက်တင်ဘာလတွင် ထုတ်ဝေ သည်။ ယင်းမဂ္ဂဇင်း၏ အတိုင်ပင်ခံ စာတည်းမှာ ဦးကျော် ဦး၊ တာဝန်ခံစာတည်းမှာ ဦးဦးဘသိန်း (စစ်တွေ သိန်းနောင်) စာတည်းအဖွဲ့ဝင်များအဖြစ် စစ်တွေ ပွင့်လွှာ၊ စစ်တွေ ညိုသန့်၊ ဒေါ်မေသိန်း၊ မောင်မင်းမာ (မြောက်ဦး)နှင့် စစ်တွေ ထွန်းယဉ်တို့ က ဆောင်ရွက်ကြပါသည်။

ရခိုင်မဂ္ဂဇင်းအမှတ်(၅)ကို ၁၉၇၇-ခု၊ ဒီဇင်ဘာလတွင် ထုတ်ဝေပါသည်။ အတိုင်ပင်ခံစာတည်း ဦးကျော်ဦး၊ တာဝန်ခံစာတည်း စစ်တွေ သိန်းနောင်၊ စာတည်း အဖွဲ့ဝင်များအဖြစ် စစ်တွေပွင့်လွှာ၊ စစ်တွေ ညိုသန့်၊ ဒေါ်မေသိန်း၊ စစ်တွေ ထွန်းယဉ်နှင့် ဗဂျီးကျော်(စစ်တွေ)တို့က ဆောင်ရွက်ကြပါသည်။

ရခိုင်မဂ္ဂဇင်းအမှတ်(၆)ကို ၁၉၈၀-ခု၊ ဖေဖော်ဝါရီလတွင် ဆရာတော် ဦးဥတ္တမ ရာပြည့်အထိမ်းအမှတ်အဖြစ် ထုတ်ဝခြင်းဖြစ်သည်။ ယင်းမဂ္ဂဇင်းတွင် အတိုင်ပင်ခံစာတည်း ဦးကျော်ဦး၊ တာဝန်ခံစာတည်း စစ်တွေ သိန်းနောင်၊ စာတည်း အဖွဲ့ဝင်များအဖြစ် စစ်တွေ ညိုသန့်၊ ဗဂျီးကျော်(စစ်တွေ)၊ မြင့်ကျော်လှိုင် (စစ်တွေ)၊

မောင်သိန်းခိုင်(စစ်တွေ)၊ စစ်တွေ ပွင့်လွှာ၊ ရက္ခ နှင်းမြဖံနှင့် ဒေါ်ဦးမြမေတို့က ဆောင်ရွက်ကြပါသည်။

ရခိုင်မဂ္ဂဇင်း အမှတ်(၇)ကို ၁၉၈၁-ခုတွင် ထုတ်ဝေပါသည်။ ရခိုင်မဂ္ဂဇင်း ကော်မတီတွင် နာယကများအဖြစ် သျှင်အုန်း၊ အနောက်သား(စစ်တွေ) ပန်းချီ မင်းညိုတို့က ဆောင်ရွက်ပြီး စာတည်းအဖွဲ့ဝင်များအဖြစ် စစ်တွေသိန်းနောင်၊ အောင်လှသိန်း၊ စစ်တွေပွင့်လွှာနှင့် စစ်တွေညိုသန့်တို့က ဆောင်ရွက်ကြပါသည်။

"ဆောင်းပါးပေါင်း(၄၈)ပုဒ်၊ ဝတ္ထုတို(၃၀)ပုဒ်၊ ဝတ္ထုရှည်(၁၅)ပုဒ်၊ ကဗျာပုဒ်ရေ (၂၀၀) နှင့် ကာတွန်းများ လက်ခံရရှိသည်။ ယင်းတို့အနက် အသင့်တော်ဆုံး ယူဆသော ဆောင်းပါး(၁၂)ပုဒ်၊ ဝတ္ထုတို(၄)ပုဒ်၊ ဝတ္ထုရှည်(၂)ပုဒ်၊ ကဗျာ(၁၈)ပုဒ်နှင့် ကာတွန်းအချို့ကို ရခိုင်မဂ္ဂဇင်း အမှတ်(၇)တွင် ထည့်သွင်းရန် ရွေးချယ်ခဲ့ကြပါသည်"ဟု မဂ္ဂဇင်းကော်မတီ၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ရခိုင်မဂ္ဂဇင်း အမှတ်(၈)ကို ၁၉၈၄-ခု၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသည်။ ရခိုင်၊ မြန်မာနှင့် အင်္ဂလိပ်ကဏ္ဍများ ပါဝင်သည်။ အတိုင်ပင်ခံစာတည်းအဖြစ် ဦးကျော်ဦး၊ တာဝန်ခံစာတည်း စစ်တွေ သိန်းနောင်၊ စာတည်းအဖွဲ့ဝင်များအဖြစ် စစ်တွေညိုသန့်၊ ဗဂျီးကျော်(စစ်တွေ)၊ မောင်ကောက်စံ (စစ်တွေ)နှင့် စစ်တွေ ပွင့်လွှာတို့ က ဆောင်ရွက်ကြပါသည်။

ရခိုင်မဂ္ဂဇင်း အမှတ်(၉)ကို ၁၉၈၄-ခု၊ ဒီဇင်ဘာလတွင် ထုတ်ဝေသည်။ ယင်းမဂ္ဂဇင်းတွင် အတိုင်ပင်ခံစာတည်း ဦးကျော် ဦး၊ ဦးဘအုန်း၊ တာဝန်ခံစာတည်း စစ်တွေ သိန်းနောင်၊ စာတည်းအဖွဲ့ဝင် စစ်တွေညိုသန့်၊ စစ်တွေပွင့်လွှာ၊ ဗဂျီးကျော် (စစ်တွေ)၊ မောင်ကောက်စံ (ရခိုင်ပြည်)နှင့် အောင်လှသိန်းတို့ ပါဝင်ဆောင်ရွက်ကြပါသည်။

ရခိုင်မဂ္ဂဇင်းကို ၁၉၇၃-ခုလောက်ကပင်စတင်ပြီး မြို့နယ် ရခိုင်ယဉ်ကျေးမှု အဖွဲ့ (စစ်တွေ)မှ ထုတ်ဝေလာရာ ၁၉၈၄-ခု၊ ဒီဇင်ဘာလအထိ မဂ္ဂဇင်းကိုးစောင် ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ အမှတ် (၁၀)ကို ထုတ်ဝေနိုင်ရန် စိုင်းပြင်းလျက်ရှိကြောင်း သိရပါသည်။ ယင်းမဂ္ဂဇင်းသည် တစ်နှစ်လျှင် တစ်ကြိမ်ကျ ထွက်နေသည်ကို တွေ့ရပါသည်။

## ရခိုင်ပြည်နယ်စာစောင်

ရခိုင်ပြည်နယ်စာစောင် အတွဲ(၁)၊ အမှတ်(၁)ကို ၁၉၇၅-ခု၊ နိုဝင်ဘာလတွင် ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့အတွက် ဦးမြိုးလှအောင် (ရွှေဝ)က တာဝန်ခံထုတ်ဝေသည်။ ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီ ကြီးကြပ်မှုဖြင့်ထုတ်ဝေခဲ့ရာ အမှတ်စဉ်(၁၃)အထိ ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

၁၉၈၄-ခု၊ ဒီဇင်ဘာလတွင် ရခိုင်ပြည်နယ် (၁၀)နှစ်မြောက် အထိမ်းအမှတ် အဖြစ် 'ရခိုင်ပြည်နယ် မဂ္ဂင်း'ကို ထုတ်ဝေခဲ့ပါသည်။ ယင်းမဂ္ဂဇင်း တွင် ရခိုင်ပြည်နယ်၏ (၁၀)နှစ်ခရီးမှတ်တိုင်များအဖြစ် တရားစီရင်ရေး၊ လုပ်ငန်းစစ်ဆေးရေး၊ နိုင်ငံရေး၊ တရားစီရင်ရေး၊ စပါးသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ရခိုင်မြေမှာ စက်မှုလယ်ယာ၊ ဂုဏ်ယူဖွယ်ရာ ဆန်စပါးတင်ပို့မှု၊ ဆိပ်ကမ်းမြို့များ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ဆယ်နှစ်အတွင်း ရခိုင်ပြည်နယ်ရေးရာ ဆောင်းပါးများနှင့် အခြားစီးပွားရေး၊ နိုင်ငံရေး၊ ပို့ဆောင်ရေး၊ ကျန်းမာရေးနှင့် ပတ်သက်သည့် ဆောင်းပါးများ ဝတ္ထုကဗျာများ အပြင် အင်္ဂလိပ်ကဏ္ဍကိုပါ ထည့်သွင်းထားသည်ကို တွေ့ရပါသည်။ ဤမဂ္ဂဇင်းမှာ ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီမှ သီးခြားကော်မတီ ဖွဲ့စည်း၍ ထုတ်ဝေသော စာအုပ် ဖြစ်ပါသည်။

## စစ်တွေကောလိပ်မဂ္ဂဇင်း

စစ်တွေကောလိပ်မဂ္ဂဇင်းကို ၁၉၇၈-ခုနှစ်ကပင် ထုတ်ဝေခဲ့သည်ဟု သိရသည်။ ၁၉၈၃-၈၄ခု စာသင်နှစ်တွင် စစ်တွေကောလိပ် မဂ္ဂဇင်းအမှတ်(၆)ကို ၁၉၈၄-ခု၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သည်။ ယင်းမဂ္ဂဇင်းတွင် တက္ကသိုလ်ကောလိပ်များမှ စာပေဝါသနာရှင်များသာမက ပြင်ပမှစာပေဝါသနာရှင်များ ပါဝင်ရေးသားကြသည်။ ဆရာ-ဆရာမက ကြတ်မတ်ပြီး ကျောင်းသူ-ကျောင်း သားများက တာဝန်ယူထုတ်ဝေသောမဂ္ဂဇင်း ဖြစ်သည်။ ယင်းကြောင့် မဂ္ဂဇင်းများဆက်တိုက် ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

## မိသားစုဝိုင်းမဂ္ဂဇင်း

မိသားစုဝိုင်း အခြေခံဒေသမှာ တောင်ကုတ်၊ သံတွဲ၊ ဂွဖြစ်ပြီး ၁၉၇၀-၇၁မှ ပညာသင် ထောက်ပံ့ရေးကို စတင်ပေးခဲ့သည်။ မိသားစုဝိုင်းမဂ္ဂဇင်းကို ၁၉၇၈-ခု၊ ဇူလိုင်လတွင် ထုတ်ဝေခဲ့သည်။ စစ်တွေဒေသကောလိပ်နှင့် တက္ကသိုလ်များ ရန်ကုန်မှ တောင်ကုတ်၊ သံတွဲ၊ ဂွမြို့နယ်များမှ ကျောင်းသားများ၏ ကြိုးပမ်းမှုဖြစ်သည်။ ယင်းမဂ္ဂဇင်း၏ တာဝန်ခံစာတည်းမှာ ကိုမောင်မောင်မြင့်ဖြစ်ပြီး လက်ထောက်စာတည်းများမှာ ကိုလှမြင့်၊ ကိုထွန်းသောင်း၊ ကိုမြင့်လှိုင်နှင့် ကိုခင်သိန်းတို့ ဖြစ်ကြသည်။ မိသားစုဝိုင်းမဂ္ဂဇင်းမှာ တစ်ကြိမ်သာ ထုတ်ဝေခဲ့ပါသည်။

## ဒွါရဝတီမဂ္ဂဇင်း

သံတွဲအသင်းရန်ကုန်မှ ထုတ်ဝေသော မဂ္ဂဇင်းဖြစ်သည်။ မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ ဦးတင်အောင်၊ အတွင်းရေးမှူး ဦးခင်မောင်ဖြစ်ပြီး စာတည်း ဦးတင်အောင်၊ တွဲဖက်စာတည်း တင့်ခိုင်တို့ဖြစ်သည်။ ၁၉၇၉-ခု၊ မေလတွင် ထုတ်ဝေပါသည်။ ယင်းဒွါရဝတီမဂ္ဂဇင်းမှာ တစ်ကြိမ်တည်း ထုတ်ဝေခဲ့ပါသည်။ နောက်ထပ် ထုတ်ဝေခြင်း မရှိတော့ပါ။

## မေဃဝတီမဂ္ဂဇင်း

(၅)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုသောအားဖြင့် မာန်အောင်မြို့နယ်ပြည်သူ့ကောင်စီမဂ္ဂဇင်း ဖြစ်မြောက်ရေးကော်မတီ၏ ကြိုးပမ်းမှု၏ အသီးအပွင့်များဖြစ်သည်။ ယင်းမဂ္ဂဇင်းတွင် တာဝန်ခံစာတည်းအဖြစ် မာန်အောင်မြအေးဖြစ်ပြီး စာတည်းအဖွဲ့ဝင်များအဖြစ် အောင်သူမြတ်၊ အောင်ဖေ၊ သိန်းတင်လတ်၊ စောခွန်နိုင်နှင့် မောင်ခင်တွယ်တို့ ပါဝင်ကြပါသည်။ မေဃဝတီမဂ္ဂဇင်း အမှတ်(၂)အတွက် စာမူပိတ်ရက်ကို ၁၉၈၀-ခု၊ မေလ(၃၁)ရက်နေ့ကို သတ်မှတ်ထားသော်လည်း ယင်းမဂ္ဂဇင်းအမှတ်(၂)မှာ ယနေ့တိုင် ထွက်ပေါ်လာခြင်းကို မတွေ့ရပါ။

## ရခိုင်ကြေးမုံမဂ္ဂဇင်း

ရခိုင်ယဉ်ကျေးမှု စာကြည့်တိုက်၊ အုတ်ကျင်း ရန်ကုန်၏(၁၆) နှစ်ပြည့်အဖြစ် ၁၉၇၉-ခု၊ ဒီဇင်ဘာလတွင် ထုတ်ဝေခဲ့သည်။ ရခိုင်ယဉ်ကျေးမှု စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌမှာ ဦးအောင်ကျော်ဖြစ်ပြီး အထွေထွေ အတွင်းရေးမှူးမှာ ဦးသိန်းကျော် ဖြစ်ပါသည်။ ယင်းမဂ္ဂဇင်း၏ အတိုင်ပင်ခံစာတည်းမှာ မြတ်ကျော်သူနှင့် နွယ်(စစ်တွေ)တို့ဖြစ်ပြီး တာဝန်ခံစာတည်းမှာ မောင်ဗညို ဖြစ်သည်။ ရခိုင်ကြေးမုံမဂ္ဂဇင်းမှာ တစ်ကြိမ်သာ ထုတ်ဝေခဲ့ပြီးနောက် ဆက်လက် ထွက်ပေါ်လာခြင်း မရှိတော့ပါ။

## ရိုးမမဂ္ဂဇင်း

စစ်တွေမြို့နယ် စာပေလုပ်သားအဖွဲ့မှ ထုတ်ဝေသော မဂ္ဂဇင်း ဖြစ်သည်။ စစ်တွေမြို့နယ် စာပေလုပ်သားအဖွဲ့ဥက္ကဋ္ဌမှာ ဦးကျော်ကျော်ဖြစ်ပြီး အတွင်းရေးမှူးမှာ ဦးမောင်ကြီးစိန် ဖြစ်ပါသည်။ ရိုးမမဂ္ဂဇင်းကို ၁၉၈၄-ခု၊ မတ်လတွင် အမှတ်(၁)

ကို ထုတ်ဝေခဲ့ပါသည်။ ရိုးမမဂ္ဂဇင်း အမှတ်(၂)စာမူများကို ၃၁-၅-၈၄နေ့ကို နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း စာမူများဖိတ်ခေါ်ထားသော်လည်း ရိုးမ မဂ္ဂဇင်းအမှတ်(၂)ကို ယနေ့အထိ မမြင်မတွေ့ရသေးပါ။

## ဦးရာဇ်မြေ မဂ္ဂဇင်း

ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့ကောင်စီ စာပေဆပ်ကော်မတီမှ ကြီးမှူး၍ ဦးရာဇ်မြေမဂ္ဂဇင်းကို ၁၉၈၄-ခု၊ နိုဝင်ဘာလတွင် ထုတ်ဝေခဲ့ပါသည်။ ယင်းမဂ္ဂဇင်း ကော်မတီဥက္ကဋ္ဌမှာ ဦးရွှေဘော်သာဖြစ်ပြီး အတွင်းရေးမှူးမှာ ဦးစောတင်မောင် ဖြစ်ပြီး ကော်မတီတွင် အဖွဲ့ဝင်(၁၀)ဦး ပါဝင်ပါသည်။ စာတည်းအဖွဲ့တွင် မင်းရွှေ (ပုဏ္ဏားကျွန်း)က အတိုင်ပင်ခံစာတည်းအဖြစ် လည်းကောင်း၊ အဖွဲ့ဝင် ဦးဦးလှမောင်နှင့် ဦးစောအောင်တို့က ဆောင်ရွက်ကြပါသည်။ ဦးရာဇ်မြေမဂ္ဂဇင်း အမှတ်(၂)အတွက် စာမူများပေးပို့ရန် ကြော်ငြာထားသည်ကို တွေ့ရပါသည်။

## စာစောင်မဂ္ဂဇင်းများ၏ စရိုးလမ်း

ရခိုင်သို့ စာပုံနှိပ်လုပ်ငန်း ရောက်ရှိလာသည်မှာ နှစ်ပေါင်း(၁၃၀)ကျော် ရှိပြီဟု ဆိုရမည်ဖြစ်ပါသည်။ သို့ရာတွင် ရခိုင်တွင် စာစောင်မဂ္ဂဇင်းများ ထုတ်ဝေ ဖြန့်ချိခဲ့သည်မှာ ဆယ်စုနှစ် သုံးစုကျော် လေးစုပင် မပြည့်သေးပါ။ ယင်းဆယ်စုနှစ် များအတွင်း ထုတ်ဝေခဲ့သည့် စာစောင်မဂ္ဂဇင်းပေါင်း(၂၁)စောင် ရှိခဲ့ပါသည်။ ယင်း စာစောင်မဂ္ဂဇင်းများ၏ အများစုကို ရန်ကုန်တွင်ရိုက်နှိပ်ပြီး ရခိုင်ရှိ မြို့ရွာအနှံ့နှင့် ရန်ကုန်ရှိ ရခိုင်အမျိုးသားများကို ဖြန့်ဝေခဲ့ကြသည်။ ယင်းစာစောင်မဂ္ဂဇင်းများကို ဦးစီးဦးဆောင် ထုတ်ဝေဖြန့်ချိခဲ့သူများမှာ ကျောင်းသားများနှင့် စာပေကို လေ့လာ လိုက်စားကြသော လူငယ်များ ဖြစ်ကြပါသည်။ ယင်းကျောင်းသားလူငယ်များသည် ရခိုင်စာပေယဉ်ကျေးမှု၊ ရခိုင်အမျိုးသားများ၏ လက်ရှိဖြစ်ပျက်နေသည့် အခြေ အနေများကို ရခိုင်အမျိုးသားများအား သိရှိသဘောပေါက်စေရန် စေတနာ အရင်းခံပြီး စာစောင်မဂ္ဂဇင်းများကို ထုတ်ဝေခဲ့ကြသည်ကို တွေ့ရပါသည်။

ရခိုင်စာစောင် မဂ္ဂဇင်းများသည် တစ်နှစ်တစ်ကြိမ်၊ နှစ်နှစ် တစ်ကြိမ် လောက်သာ ပေါ်ထွက်လာသော စာစောင်မဂ္ဂဇင်းများဖြစ်ပါသည်။ ယင်းသို့ ထွက်ပေါ်လာသော စာစောင်မဂ္ဂဇင်းများကို မိမိတို့စာပေယဉ်ကျေးမှု၊ ရခိုင်လူမှု ရေး၊ စီးပွားရေးနှင့် အခြားကိစ္စများကိုရရှိသော စာမျက်နှာအပေါ် မူတည်ပြီး တင်ပြ ခွင့် ရရှိကြပါသည်။ ရရှိသောအခြေအနေအခွင့်အခါကြုံတိုင်း ရခိုင်အမျိုးသားတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ရခိုင်လူမှုရေး၊ စီးပွားရေးနှင့် အခြားကိစ္စများကို ရခိုင် အမျိုးသားများနှင့် အခြားတိုင်းရင်းသားများအားတင်ပြရန် အထူးလိုအပ်နေ ပါသည်။

(ဤစာတမ်းအတွက် ၁၉၈၅-ခု၊ ဇန်နဝါရီလ ၂၅ရက်နေ့တွင် ရခိုင်သဟာယအသင်း ရန်ကုန်မှထုတ်ဝေသည့် "ရခိုင်ရေးရာ စာ အုပ်စာတမ်း (မျက်နှာဖုံး)ပြပွဲအညွှန်း"စာအုပ်ကို မှီငြမ်းကိုးကားပါ သည်။)

**မြထွန်းအောင်**
**၁၉၈၅-ခု၊ ဧပြီလ ၃၀ရက်။**

**ရခိုင်မဂ္ဂဇင်း အမှတ်(၁၀)၊ ၁၉၈၆-ခု၊ မတ်လ**